The Hot News weekly
Vol- 4, No-178, Feb 7 - 13, 2014
E-mail - admin@hotnewsweekly.com



## NLD မှာလည်း သာကူးတွေရှိတယ် သူခိုးတွေလည်း ရှိမှာပေါ့

“NLD ထဲမှာစုတ်ပြတ်သတ်နေတာလည်းရှိတယ်။ အချောင်သမားတွေဝင်လာတယ်။ ကြံ့ဖွံ့ထဲကလည်းဝင်လာတယ်။ ဘယ်လောက်ပဲရှိရှိပါ။ သူတို့လိုအပိုင်စီးပြီးတော့ဒီရှာကကြံ့ဖွံ့ရှာတို့၊ ကြံ့ဖွံ့လမ်းတို့ဆိုတာမျိုး ပြောတာ မရှိဘူး. . .”

စာ - ၁၅ သို့



# ပြည်သူ့မျက်ရည် ဘယ်သူတွေခြေဆေးနေသလဲ

“ပြည်သူ့ဘဝလုံခြုံရေးအတွက် စိတ်မချရတဲ့ အစိုးရဖြစ်နေပြီ၊ တစ်ခါလာလည်းတပ်မြေ တစ်ခါလာလည်းတပ်ပိုင်မြေ. . .”

## အိမ်လည်းပျက်

## မင်္ဂလာပွဲလည်းပျက်

## ဘဝလည်းပျက်

“၃၅နှစ်ကျော်မှ ဖူးစာဆုံရသူများဖြစ်ပြီး ယခုလိုမင်္ဂလာဆောင်တွင် ကျွေးမွေးဧည့်ခံရန် ဝက်နှစ်ကောင်ဝယ်ထားခြင်းနှင့် အလှဆင်ပစ္စည်းများ အလကားဖြစ်သွားရသလို အိမ်ခြေမရှိတော့သည့် ၎င်းတို့ဘဝမှာ. . .”

စာ - ၈ သို့

## လွှတ်လပ်ရေးမော်ကွန်းဝင်များအားချီးမြှင့်သည့် ဘွဲ့တံဆိပ်များရွှေရည်စိမ်များသာဖြစ်နေဟုဆို

စာ - ၃ သို့

## အကြမ်းဖက်တယ်ဆိုတာ ကိုယ်ကျင့်တရားအနိမ့်ကျဆုံးလူတွေရဲ့လုပ်ရပ်ပါ

စာ - ၂၆သို့

## မြေပွေးဆိုတာဘယ်နှခါ အရေခွံလဲလဲ ရေမြွေဖြစ်မလာနိုင်ဘူး

စာ - ၃၀သို့

## နယ်ကျွံခဲ့တဲ့ တရုတ်နိုင်ငံသား အဖမ်းခံရတာဟာ သစ်ကြောင့်လား၊ စစ်ကြောင့်လား

စာ - ၇



# Local

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

## ပညာသင်ကြားမှုပုံစံ ပြောင်းလဲရမလား ဆရာ/ဆရာမတွေရဲ့အရည်အသွေးကိုပဲ မြှင့်တင်ရမလား



တက္ကသိုလ်ကျောင်းသူ/သားများအနေဖြင့် ပညာရေးကို စိတ်ဝင်တစားဖြင့် သင်ယူလိုစိတ်ဖြစ်ပေါ်လာရန်အတွက်လက်ရှိပညာသင်ကြားမှုပုံစံကို ပြောင်းလဲခြင်းနှင့် ဆရာ/ဆရာမများ၏အရည်အသွေးမြှင့်တင်ခြင်းကို ပြုလုပ်သင့်ကြောင်း သိရသည်။

"အဓိကကတော့ ကျောင်းသားတွေအနေနဲ့ သူတို့ရဲ့ဝါသနာနဲ့ ရတဲ့မေဂျာကိုက်ညီမှုမရှိတာက တစ်ကြောင်း၊ သူတို့လုပ်ချင်တဲ့အလုပ်ကို ဖန်တီးပုံဖော်နိုင်တဲ့ဘွဲ့ တစ်ခုမဟုတ်တော့ ဒီပညာရပ်တွေကို လေ့လာတဲ့နေရာမှာ စိတ်ပါဝင်စားမှု မရှိတော့တဲ့အတွက် စာသင်ခန်းထဲမှာ ကျောင်းသားမရှိတော့ဘူး။ ဒါကို တကယ်တမ်းလုပ်ဖို့ဆိုရင် ၇၅ ရာခိုင်နှုန်းဆိုတာနဲ့ ထိန်းချုပ်လို့မရဘူး။ ပညာသင်ကြားမှုကိုပဲပြောင်းလဲရမလား၊ ဆရာ/ဆရာမတွေရဲ့ အရည်အသွေးကိုပဲ မြှင့်တင်ရမလားဆိုတာကို တာဝန်ရှိသူတွေအနေနဲ့ စဉ်းစားပြီး ဆုံးဖြတ်ရမှာပါ။ ဒါမှသာ ပြောင်းလဲနိုင်မယ်လို့ ထင်ပါတယ်" ဟု ဒဂုံတက္ကသိုလ်ဆရာ/ဆရာမများအသင်း ယာယီဥက္ကဋ္ဌ ဒေါက်တာအာကာမိုးသူက ပြောကြားခဲ့သည်။

ကျောင်းသူကျောင်းသားများအနေဖြင့် ဝါသနာနှင့် သင်ကြားရသည့် မေဂျာကိုက်ညီမှုမရှိသော်လည်း သင်ထောက်ကူပစ္စည်း လုံလုံလောက်လောက်ဖြင့်ဆွဲဆောင်နိုင်မှု မရှိခြင်းကြောင့် ပညာသင်ကြားမှုကို စိတ်ပါဝင်စားမှုနည်းပါးခြင်းက ပိုများကြောင်း၊ လက်တွေ့ Practical ပြုလုပ်ရာတွင်လည်း သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် မသင်ကြားနိုင်ဘဲ ကျောက်သင်ပုန်းပေါ်က စာများကိုသာ စာအုပ်ထဲသို့ ကူးချပြီး ကူးထားသည့်စာအုပ်များကို ဆရာကယူလက်မှတ်ထိုးသည့် သင်ကြားမှုမျိုးကို ပြောင်းလဲသင့်ကြောင်း ကျောင်းသားကျောင်းသူအချို့က ဆိုသည်။

နိုင်ငံတကာ၏ ပညာရေးစနစ်တွင် ၇၅ ရာခိုင်နှုန်းရှိသော်လည်း ၎င်းနိုင်ငံများ၏ ၇၅ ရာခိုင်နှုန်းသည် အတန်းထဲ၌ လူရှိမရှိ စစ်ခြင်းမဟုတ်ဘဲ ပညာသင်ကြားမှုအပေါ် ကျောင်းသားများအနေဖြင့် မည်မျှ နားလည်သည်ဟူသော Understanding Power ကိုသာ စစ်ဆေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာ၏ ၇၅ ရာခိုင်နှုန်းကဲ့သို့သာဖြစ်စေလိုကြောင်း၊ ၇၅ ရာခိုင်နှုန်းပြည့်ရန်အတွက် စာသင်ခန်းထဲ၌ ကျောင်းသားများ ထိုင်နေသော်လည်း စိတ်ဝင်စားမှု မရှိသဖြင့် မည်သို့မျှ အကျိုးမရှိနိုင်ကြောင်း၊ မည်သို့မျှမပြောင်းလဲပါက အနာဂတ်ပညာရေးအတွက် ရင်လေးစရာ ကိစ္စများပေါ်ပေါက်လာနိုင်ကြောင်း လေ့လာသူများကဆိုသည်။

**ညီညီအောင်၊ အာကာမိုလ်**

## နိုင်ငံတကာနှင့်ချိတ်ဆက်နိုင်ရေး အစိုးရအကူအညီမျှော်လင့်နေကြသည့် အရပ်ဘက်အဖွဲ့အစည်းများ

နိုင်ငံတော်အစိုးရအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းတွေ များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အလုပ်လုပ်ကိုင်နိုင်ရေး အကူအညီပေးစေလိုသည်ဟု အရပ်ဘက်အဖွဲ့ အစည်းများကဆိုသည်။

"ကျွန်မအနေနဲ့ပြောချင်တာကတော့ အစိုးရဆီကနေ တိုက်ရိုက်အကူအညီ တောင်းတယ်ဆိုတာမျိုးထက် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ aids တွေ ပိုပြီးတော့ ကောင်းကောင်း မွန်မွန်ပေးနိုင်ဖို့အတွက်ကို ပေါ် လစီအားဖြင့် Support လုပ်ပေးတာ ခုနကပြောတဲ့ Engagement အားဖြင့် Civil Society တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ ပိုပြီးချိတ်ဆက်ပြီး အလုပ်လုပ်လို့ရအောင် လုပ်ပေးတာမျိုးကတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေ လိမ့်မယ်လို့ ကျွန်မကတော့ ထင်ပါတယ်" ဟု မြန်မာအီးဂရုတ်စ်မှ Chief Engineer ဒေါ်ခင်မိုးစန်းက ပြောသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၌ အစိုးရအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းတွေအပေါ် စိတ်ချယုံကြည်ရန်နှင့် ပိုမိုအလုပ်လုပ်ကိုင်လာနိုင်ရန် စီစဉ်ပေးဖို့လိုအပ်ကြောင်း မင်္ဂလာမြန်မာအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ယခုကဲ့သို့ ဆိုသည်။

"အရပ်ဘက် အဖွဲ့အစည်း အားကောင်းဖို့ကတော့ အရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီစနစ်ခိုင်မြဲတယ်၊ မခိုင်မြဲဘူးဆိုတာ အရပ်ဘက်အဖွဲ့အစည်းတွေ အားကောင်းလား မကောင်းလားဆိုတာနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်ပေ့ါ။ အစိုးရ အနေနဲ့ ကိစ္စတစ်ခုကြုံလာပြီဆိုရင် သူတို့ကိုယ်တိုင်လုပ်လိုက် တာထက်စာလို့ရှိရင် ဒီအရပ်ဘက် အဖွဲ့အစည်းတွေကိုပေးပြီးတော့လုပ်တာ။ ဒါမှမဟုတ်ရင် အရပ်ဘက်အဖွဲ့အစည်းတွေကိုခေါ်ပြီးတော့ပေ့ါနော်။ ညှိနှိုင်းပေးတာ အဲဒီလိုဟာမျိုးလုပ်ပေးပြီးတော့ အရပ်ဘက်အဖွဲ့အစည်းတွေတဖြည်းဖြည်းပေ့ါ။ ပိုပိုပြီးတော့ နေရာယူလာအောင် ယူနိုင်လာအောင်ပေ့ါလေ။ ပိုပိုပြီး အလုပ်လုပ်နိုင်လာအောင်လို့စီစဉ်ပေးရမယ်"ဟု မင်္ဂလာမြန်မာအဖွဲ့အစည်းမှ ဒါရိုက်တာ ဒေါက်တာဖုန်းဝင်းက ပြောသည်။

အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ အကူအညီပေးခြင်းကို အပြည့်အဝမ ယုံကြည်သင့်ဘဲ နိုင်ငံတော်အစိုးရထံမှ အနှောင့်အယှက်ကင်းပြီး လွတ်လပ်စွာ လုပ်ကိုင်နိုင်သည့်အခွင့်အရေး ကိုသာ ပိုမိုတောင်းခံသင့်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောသည်။

"ကျွန်တော့်အနေနဲ့အန္တရာယ်လို့ မြင်တာကတော့ အရပ်ဘက်အဖွဲ့အစည်းတွေမှာ ပညာရေး၊ ကျန်းမာရေးပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကိုယ်ယုံ ကြည်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပဲဖြစ်ဖြစ် စတာပေ့ါလေ၊ တစ်ခုခုကိုယ်ယုံ ကြည်ရာကိုလုပ်နေသလို တချို့အရပ်ဘက်လူ့အဖွဲ့အစည်းကြ ပြန်တော့လည်းငွေရေးကြေးရေး အရသော်လည်းကောင်း ဒါမှမဟုတ် တခြားသြဇာတိက္ကမကြောင့် သော်လည်းကောင်း နိုင်ငံခြားရဲ့ သြဇာလွှမ်းမိုးမှုအတွက်ကို အရှေ့ ကနေ ပြရုပ်တစ်ခုအနေနဲ့ လုပ် လာတာမျိုးကိုတော့ ဒါကတော့ အမျိုးသားရေး အန္တရာယ်တစ်ခုရှိတယ်လို့ ကျွန်တော်မြင်ပါတယ်"ဟု နိုင်ငံရေး လေ့လာသူတစ်ဦးက ဆိုသည်။

ဖေဖော်ဝါရီလ (၃) ရက် နေ့လယ် ၁နာရီအချိန်က စစ် တွေမြို့မှ ရခိုင်ဒေသခံအင်အား ၃၀၀၀ ကျော်က ဆန္ဒထုတ်ဖော်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး ဒေသတွင်း အိုင်အန်ဂျီအိုများမှာ ဘက်လိုက် မှုရှိနေသည်ဟုဆိုကာ ဆန္ဒထုတ်ဖော်သူအချို့ကအိုင်အန်ဂျီအိုများအလိုမရှိဘင်္ဂါလီဘက်လိုက်နိုင်ငံ များလက်မခံ၊ ဘင်္ဂါလီဘက်လိုက် UN အလိုမရှိ၊ AZG(MSF) ၇ ရက်အတွင်း ထွက်ပေးရန်စသည့် အချက်များကိုလည်း ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြောင်း သိရသည်။

**ကျော်ခင်မန်း(မြစ်မခ)**

## ကျောင်းသူကျောင်းသားများ ရေသန့်ရရှိရန် Bayer က ရေသန့်ဆေးပြားခြောက်သောင်း လှူမည်




ကျောင်းသားကျောင်းသူများ ရေသန့်ရရှိသုံးစွဲနိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ Bayer (ဘေယာ) က ရေသန့်ဆေးပြားပေါင်း ၆၀၀၀၀ လှူဒါန်းမည်ဖြစ်ရာအဆိုပါ ဆေးပြားများဖြင့် စာသင်ကျောင်းများရှိရေလီတာပေါင်း ၂၂ သန်းခန့်ကိုသန့်စင်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဝါးသုတေသနဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ယခုလို တိုင်းပြည်ရဲ့ ကျောင်းသားကျောင်းသူများအတွက် အဓိကအရေးတကြီးလိုအပ်ချက်ဖြစ်တဲ့ ရေသန့် ရရှိစေရေးကို Bayer (ဘေယာ)က ဖြည့်ဆည်းပေးတဲ့အတွက် ဝမ်းသာမိကြောင်း၊ ရေသန့်ဆေးပြားပေါင်း ၆၀၀၀၀ ကို Bayer (ဘေယာ)က လှူဒါန်းသည့်အတွက် အလေးအနက် ကျေးဇူး တင်ရှိပါကြောင်းပြောကြားခဲ့သည်။

ဝမ်းပျက် ဝမ်းလျှောခြင်းကြောင့် ကျောင်းသားလူငယ်များ ကျောင်းပျက်ခြင်းအပြင် ဘဝ၏ အနှစ်သာရများ လျော့ပါးစေနိုင်သည်အထိဖြစ်စေနိုင်ပြီး ရေ၏ အရည်အသွေးကြောင့် ဖြစ်တတ်သည့် ဝမ်းပျက် စေတတ်သော အန္တရာယ်ကို ရေသန့်ဆေးပြားများက ပိုးမွှားများကိုပယ်သတ်ခြင်းဖြင့် ယင်းအန္တရာယ်မှ လျော့ကျစေပြီး ကျောင်းသားလူငယ်များ၏ ပညာရေးကိုအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

'မြန်မာပြည်သူပြည်သားများရဲ့ ဘဝများတိုးတက်စေရန်အတွက် အတူတကွလက်တွဲလုပ်ဆောင်ကြဖို့ Bayer (ဘေယာ)က စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ပါတယ်။ မြန်မာပြည်မှာ ရုံးခွဲသစ်ဖွင့်လှစ်ခြင်းနဲ့ အတူ ယခုလိုလှူဒါန်းခြင်းဟာ Bayer (ဘေယာ)ရဲ့ ခြေလှမ်းအစပါ။ မြန်မာနိုင်ငံလိုဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှာ ကြုံတွေ့ရနိုင်တဲ့ အခက်အခဲတွေကို မြန်မာနိုင်ငံအစိုးရအပါအဝင်ကျန်းမာရေး ပညာရှင်တွေနဲ့ လက်တွဲဖြေရှင်းသွားပါမယ်။ ခိုင်မာတဲ့ မိတ်ဖက်တွေနဲ့ကျွန်မတို့လုပ်ငန်းဟာမြန်မာနိုင်ငံအတွင်းမှာ ပိုမိုဖွံ့ဖြိုးလာမယ်လို့ မျှော်လင့်ပါတယ်။ကျွန်မတို့ရဲ့ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းကို အထောက်အပံ့ဖြစ်စေဖို့ ဌာနေ ပညာရှင်တွေကိုလည်း ခန့်အပ်သွားပါမယ်'ဟု Bayer (ဘေယာ)၊ အာဆီယံ မြောက်ပိုင်း ဌာနကြီးမှူး Ms. Celina Chew ကပြောကြားသည်။

**ခြေမြန်တော်**

## ကြော်ငြာဆိုင်းဘုတ်များ နယ်မြို့ ၌နေရာဝင်ယူ



နွားထိုးကြီးမြို့ထဲ မြင်းခြံ-မန္တလေး ကားလမ်းတွင် ကျူးကျော်နေအိမ်၊ ဆိုင်၊ အဆောက်အအုံ (၁၃၀)ကျော် ရှင်းလင်းနေစဉ် မြို့စည်ပင်၏ခွင့်ပြုချက်နှင့် ဗီနိုင်းကြော်ငြာဆိုင်းဘုတ်အဆင့်မြင့် (၄)ဘုတ်ကို ဇန်နဝါရီ (၂၅) (၂၆) ရက်က လမ်းလယ်မှ ပေ(၅၀)အတွင်း စိုက်ထူနေကြောင်းတွေ့ရ သည်။

မြို့စည်ပင်အစီအစဉ်နှင့် ကုမ္ပဏီဝန်ထမ်းများက စိုက်ထူလိုက်၍ မြို့ခံတို့က ဆိုင်းဘုတ်များကျူးကျော်မှုကို ဝေဖန်ပြောဆိုနေသည်။ မြို့ကြီးများတွင် ကြော်ငြာဆိုင်းဘုတ် များဖြုတ်သိမ်းနေရစဉ်နယ်မြို့များ ၌ဆိုင်းဘုတ်များတိုးမြှင့်စိုက်ထူနေရာ နွားထိုးကြီးမြို့ပေါ်တွင်ကြော်ငြာ ဆိုင်းဘုတ်(၂၀)ခန့်ရောက်နေသည်။ လမ်းနယ်မြေတွင် ကျူးကျော် ဆိုင်းဘုတ်များနေရာယူလာ၍ နယ်မြို့များ၏ ရှုခင်းအလှကို ဆိုင်းဘုတ်များကဖျက်ဆီးနေပြီဟု မြို့ခံတို့ကပြောနေကြသည်။

**ငွေးမြင့်**

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014





# ဒေါနနယ်မှာ ဘောလုံးပွဲကျင်းပ၍ မပြေလည်သေးတဲ့ပြဿနာများအားဖြေလျှော့

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ မြို့နယ်ဘောလုံးအားကစားကွင်း၌ အစိုးရနှင့် ကရင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား မပြေလည်သေးသော ပြဿနာများကိုဖြေလျှော့၍ ဘောလုံးအားကစားပွဲကျင်းပခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ(၂)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဘောလုံးအားကစားပွဲနှင့်ပတ်သက်၍ ဦးဆောင်လုပ်ခဲ့သူ KNU/KNLA (PC) ဗျူဟာမှူး တိုက်ဂါးအားမေးမြန်းကြည့်ရာ "ဒေါနနယ်မှာ ကရင်အဖွဲ့အစည်းတွေအနေနဲ့ အစိုးရအပေါ်မှာရော၊ အစိုးရဘက်က တာဝန်ပေးခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေ အပေါ်မှာရော ယုံကြည်မှုကယနေ့ထက်ထိ အားနည်းနေသေးတယ်ဗျ။ ဒီပြဿနာတွေ ဖြေလျှော့နိုင်အောင် ဘယ်လိုနည်းနဲ့မဆို ကျွန်တော်တို့အနေနဲ့ ပြေလည်အောင်လုပ်ဖို့လိုပြီ။ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း မယုံကြည်မှု တွေဘဲဆက်ဖြစ်နေရင် ကရင့် အရေးကပြီးမှာ မဟုတ်ဘူး။ အဲဒီတော့ ကျွန်တော့်လိုပဲ ကရင့်ခေါင်းဆောင်တွေကိုပါဒီပွဲမှာပါဝင်ပြီး ဘောလုံးကန်ချင်ကန်မယ်၊ စကားပြောချင်လည်းပြောမယ် ရတယ်။ ပြောမယ့်လူတွေကအစိုးရဘက်က တာဝန်ရှိပုဂ္ဂိုလ်တွေ သူတို့နဲ့စကားပြောဖြစ်တယ်။ သူတို့နဲ့အတူပဲ ဘောလုံးကန်ဖြစ်တယ်။ ဒေါနနယ်မှာ အဓိကကရင်ပြည်နယ် ကရင့်အမျိုးသားရေးအကြောင်းပြောတယ်။ ကရင်ပြည်သူတွေကို တက်ရောက်လာတဲ့ လူကြီးတွေနဲ့အစိုး ရဘက်က တာဝန်ရှိသူတွေအနေနဲ့ လိုအပ်ချက်ရှိပါကအကူအညီပေးကြဖို့ ဟိုအရင်ကလိုလူရိုင်းတွေ သူပုန်တွေအဖြစ်နဲ့ မသတ်မှတ်ဖို့ ချစ်ကြည်ရင်းနှီးမှု တွေကိုပါရယူတာပါ။ ဒီလိုမှမဟုတ်ဘဲ ခံစားချက် အတိုင်းဆက်ဖြစ်နေမယ်။ လုပ်နေမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင်က ခံစားချက်ရှိတဲ့အတွက် လက်တွဲမှာမဟုတ်ဘူး။ ကျွန်တော့်အခြေ အနေကို စောင့်ကြည့်နေတဲ့တစ်ခြားခေါင်းဆောင်တွေကလည်း နောက်ဆုတ်ကြမှာဗျ။ ဒါကြောင့် အစိုးရလုပ်နေတဲ့ စည်းလုံးညီညွတ်ရေးကိုလုပ်နေတာခေါင်းစဉ်တပ်တာတော့မဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော်တို့ ခေါင်းစဉ်နဲ့ကရင့်နည်းကရင့်ဟန် ပေါ့ဗျာ လုပ်ဖြစ်ခဲ့တာပါ" ဟု ပြော သည်။



အဆိုပါပွဲအား ခရိုင်ရဲ တပ်ဖွဲ့မှ အကြီးအကဲများ၊ ပြည်နယ် ဝန်ကြီးများနှင့် နာမည်ကြီးအနုပညာရှင်များ တက်ရောက်ကာ ပျော်ရွှင်စွာ ဘောလုံးကန်ခဲ့ကြကြောင်း၊ အဆိုပါပွဲသို့ နယ်အသီးသီးမှ ပြည်သူတစ်ထောင်ကျော်တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်းနိုင်**

# မိခင်ဘာသာစကား
## အခြေပြုပညာရေးဖြစ်စေရန်ကြိုးပမ်းမည်

မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံ ပညာရေး ဆွေးနွေးပွဲကို ရန်ကုန်မျက်မမြင် ကျောင်း (ခဝဲခြံ) ၌ ပညာရေး စနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) က စီစဉ်ကျင်းပခဲ့ပြီး ၎င်းဆွေးနွေးပွဲသို့ စိတ်ဝင်စားသူများ စုစုပေါင်း လူဦးရေ ၅၀၀ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင်မိခင် ဘာသာစကားအခြေပြုပညာရေး ဆိုင်ရာ ပညာရှင်များဖြစ်သော Profi-Joseph Lo Bianco, Dr.Kimmo Kosonenတို့နှင့်အတူ မြန်မာနိုင်ငံသား၊ တိုင်းရင်းသား ပညာရှင် ၁၂ ဦးတို့က ဦးဆောင် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစနစ်တွင် မိခင် ဘာသာစကား မဟုတ်သော မြန်မာစကားဖြင့် ပညာသင်ယူနေရသော ကလေးများ ရင်ဆိုင်နေရသည့် သင်ယူမှုဆိုင်ရာ အခက်အခဲများ၊ တိုင်းရင်းသားဘာသာစကားများ သင်ကြားရေးဆိုင်ရာ အတိတ်ဖြစ်ရပ်များနှင့်မျက်မှောက် အခြေအနေများ၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးဆိုင်ရာ ဘာသာတရားများ၊ ဘာသာစကားဆိုင်ရာအခွင့်အရေး၊ လူမှုရေး၊ ပညာရေးနှင့် အပြန်အလှန်ဆက်စပ်နေသော အကြောင်းအရာများ၊ အာရှနိုင်ငံများတွင် ဘာသာစကားစုံ ပညာရေးဆိုင်ရာ မူဝါဒနှင့် ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားဘာသာစကားသင်ကြားရေးဆိုင်ရာ မျှော်မှန်းချက်များ ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် တိုင်းရင်းသားကလေးများပညာသင်ယူမှုတွင်ထိရောက်မှုရှိစေရန်နှင့် ဘဝနေထိုင်မှု တိုးတက် မြင့်မားစေရန်အတွက် ကလေးများ၏ မိခင်ဘာသာစကားကို သင်ကြားရေးမဏ္ဍိုင်အဖြစ် ထားရှိပြီး နိုင်ငံဘာသာစကားနှင့်နိုင်ငံတကာသုံးဘာသာစကားကိုလည်း ကျွမ်းကျင်တတ်မြောက်စေရန်အတွက် နားလည်မှုများရှိလာမည်ဖြစ်ကြောင်း၊မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးဆိုင်ရာသုတေသနလုပ်ငန်းများ၊ မူဝါဒနှင့်ဥပဒေဆိုင်ရာကိစ္စများ၊ သင်ရိုးညွှန်းတမ်းနှင့်သင်ကြားရေးဆိုင်ရာကိစ္စများ၊ ဘာသာစကားများ၊ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ အစိုးရ၊ လွှတ်တော်နှင့်တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင်ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ကိစ္စများကို တက်ရောက်လာသူများက ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံရေးဆိုင်ရာ ကွန်ရက် (NNER) အနေဖြင့် မြန်မာနိုင်ငံ ပညာရေးစနစ်တွင် မိခင် ဘာသာစကား အခြေပြု ဘာသာစကားစုံ ပညာရေးပေါ်ပေါက်လာစေရန်အတွက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ယဉ်ပပထွန်း**

အူလမ်းကြောင်းတစ်လျှောက် အစာဟောင်းများကို ပို့ဆောင်ရွေ့လျားစေခြင်း၊ ခြေမှုခြင်း၊ ဖြိုခွဲခြင်း၊ ချောမွေ့စွာစွန့်ထုတ်စေခြင်း၊ အောက်သို့စုန်သည့် (လေအား) ကို ကောင်းစေခြင်းစသည့် လုပ်ဆောင်ချက်များကို မပြင်းလွန်း မပျော့လွန်းစေဘဲ ဝမ်းမှန်စေရန် စီမံဖော်စပ်ထားသော –

**စုစုအေးအောင်** ဝမ်းမှန်အကြောပြေဆေး
Ph: 01 667093 TMR - 011758 (1215)

ကိုသုံးစွဲခြင်းဖြင့် ဝမ်းသွားအားမရဖြစ်ခြင်း၊ ဝမ်းသွားရာတွင်ခက်ခဲပြီး ညှစ်အားသုံးရခြင်း၊ ဗိုက်ရစ် ဗိုက်နာ မအီမသာ ခံစားရခြင်းတို့ မဖြစ်ပေါ်စေဘဲ အားရလွယ်ကူချောမွေ့စေပါသည်။ ထို့ပြင် ဝမ်းချုပ်ပြီး အညစ်အကြေးဟောင်း (အပူအပုပ်များ) ရှိနေခြင်းကြောင့် ဝမ်းမီးညှံ့ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ မစားချင်မသောက်ချင်ဖြစ်ခြင်း၊ လေထိုးလေအောင့်ဖြစ်ခြင်း၊ လေမသက်ခြင်း၊ စမြင်းခံခြင်း၊ လိပ်ခေါင်းဖြစ်ခြင်း၊ လိပ်ခေါင်းဖြစ်ချင်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးသွားအားမရခြင်း၊ ဆီးခိုးရိုက်၍ မျက်စိဝေခြင်း၊ ခေါင်းအုံ ခေါင်းကိုက်၊ခါးကိုက်၊ ဇက်ကြောထိုးခြင်း၊ အကြောတက်၊ ညောင်းညာလေးလံထိုင်းမှိုင်းခြင်း၊ အနာများဖြစ်ခြင်း–မပျောက်ခြင်း၊ ချွေးနံ့ ကိုယ်နံ့ ခံတွင်းနံ့နံခြင်းတို့ကို အညွှန်းအတိုင်းသုံးစွဲပါက ထူးထူးခြားခြားသက်သာ ပျောက်ကင်းစေနိုင်ပါသည်။

# မိကျောင်းငါးသားပေါက်များ ဘယ်ကရောက်လာတာလဲ



မိကျောင်းပါးစပ်နှင့် ငါးခန္ဓာကိုယ်ရှိ မိကျောင်းငါးကဲ့သို့သော ငါးသားပေါက်များဘယ်ကရောက်လာမှန်း မသိရသော်လည်း ရန်ကုန်မြို့တွင်းရှိ အလှမွေးငါးဆိုင်တချို့တွင်ရောင်းချလျက်ရှိကြောင်း သိရသည်။

မိကျောင်း ငါးသားပေါက်များ၏ အရွယ်အစားမှာ (၆) လက်မခန့်ရှိပြီး ၎င်းမိကျောင်းငါးသားပေါက်များနှင့် တခြားငါးမျိုးစိတ်များကို ရောထား၍ မရကြောင်း၊ အဆိုပါ မိကျောင်းငါးသားပေါက်အား တစ်ကောင်တည်းထားရပြီး ကျန်ငါးမျိုးစိတ်များနှင့် ရောထားပါက ၎င်းက တခြားငါး မျိုးစိတ်များကို စားကြောင်း သိရသည်။

အဆိုပါငါးမျိုးစိတ်မှာ မြန်မာပြည်တွင်းရှိငါးမျိုးစိတ်ထဲတွင်မရှိကြောင်း၊ ပြည်ပငါးမျိုးစိတ်သာဖြစ်ကြောင်း၊ ပြည်တွင်းရှိငါးသာမက လူများကိုပါအန္တရာယ်ပေးနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ဆိုသည်။

ပြည်ပမှငါးတင်သွင်းပါက လိုင်စင်ယူရကြောင်း၊ ပြည်ပနိုင်ငံမှ ငါးမျိုးသွင်းပြီး လူသားအတွက် ရိက္ခာလည်းရ စီးပွားလည်းဖြစ် ပတ်ဝန်းကျင်ကိုမထိခိုက်လျှင် မွေးမြူ၍ရကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ငါးမျိုးစိတ်ပေါင်း (၁၀၀၀)ခန့်နှင့် ဆန့်ကျင်ဘက်ငါးများကိုမွေးမြူရာတွင်ဆင်ခြင်သင့်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းနှင့်ပတ်သက်၍ ဥပဒေများထုတ်ပြန်ထားပြီး ပြစ်ဒဏ်များလည်းသတ်မှတ်ထားကြောင်း၊ နိုင်ငံတော်အစိုးရက မြန်မာ့ရေမြေနှင့်ကိုက်ညီသည့် ငါးမျိုးစိတ်များကိုဥပဒေနှင့်အညီ ပြည်ပမှတင်သွင်းခွင့်ပြုထားကြောင်း ၎င်းကထပ်လောင်းဆိုသည်။

**ညီညီအောင်၊ အာကာစိုလ်**

HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# ထိုင်းနိုင်ငံ၌ ဒုက္ခရောက်နေသည့် တောင်ကလေးရွာသား(၅၀)ကျော်

ဧရာဝတီတိုင်း ဒေသကြီး၊ သာပေါင်းမြို့နယ်၊တောင်ကလေး ကျေးရွာအုပ်စုမှ ရွာသူရွာသား (၅၀)ကျော်မှာ ထိုင်းနိုင်ငံ၊ လယ်ရောင်မြို့သို့ တရားမဝင်ပို့ဆောင်သူများနှင့် လိုက်ပါခဲ့ရာ လက်ရှိတွင် ဒုက္ခရောက်ရှိနေကြသည်ဟု ပြန်လည်လွတ်မြောက်လာသူ နှစ်ဦးကဆိုသည်။

၂၀၁၃ခုနှစ်မတ်လအတွင်းက ၄င်းတို့ကိုတောင်ကလေးကျေးရွာအုပ်ချုပ်ရေးမှူးက ထိုင်းနိုင်ငံ စက်ရုံတစ်ခုတွင် အလုပ်ရမည်၊ တစ်နေ့လျှင် ထိုင်းငွေဘတ် ၃၀၀ ကျပ် (မြန်မာငွေကျပ်တစ်သောင်းခန့်) ရရှိမည်ဟု ပြောဆိုစည်းရုံးမှုကြောင့် လိုက်ပါသွားသူများမှာ လယ်ရောင်မြို့သို့ ရောက်ရှိခဲ့သည်ဟု သိရသည်။

လယ်ရောင်မြို့သို့ ရောက်သွားသည့်အခါ မူလက အုပ်ချုပ်ရေးမှူးပြောထားသည့် အလုပ်မဟုတ်ဘဲ တစ်နေကုန် အလုပ်ကြမ်းများ လုပ်ကိုင်ရကြောင်း၊ တစ်နေ့လျှင် ထိုင်းငွေ ဘတ် ၁၈၀ ကျပ် (မြန်မာငွေ ငါးထောင်ကျပ်ခန့်) သာရရှိကြောင်း၊ နေရပ်ပြန်ချင်သူများကိုလည်း ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်နေကြောင်း ပြန်လည်လွတ်မြောက်လာသူတို့က ဆိုသည်။

"တစ်နေ့ကို မနက်ရှစ်နာရီကနေ ညရှစ်နာရီထိ အလုပ်ကြမ်းတွေ လုပ်ရတာတောင်တစ်နေ့ကို ဘတ် ၁၈၀ ကျပ်လောက်ပဲရတယ်။ လုပ်ရတဲ့ အလုပ်တွေကတော့ရေခဲရုံမှာဆိုရင် ၁၃ ပိဿာရှိတဲ့ရေခဲအိတ်တွေကို တစ်နေကုန် သယ်ပို့ရတယ်။ အစာပို့တဲ့ အလုပ်ဆိုလည်း ၁၃ ပိဿာ ငါးခြောက်၊ ပုစွန်ခြောက် အိတ်နှစ်အိတ်စီ ၂၆ ပိဿာကို ထမ်းပြီး တစ်နေရာက တစ်နေရာကို ပို့ရတယ်။ တစ်နေကုန်ပဲ။ တခြားအလုပ်ကြမ်း မှန်သမျှ မြန်မာတွေကိုပဲ ခိုင်းတယ်" ဟုထိုင်းနိုင်ငံ လယ်ရောင်မြို့ အအေးခန်း ငါးစက်ရုံမှ ပြန်လည်လွတ်မြောက်လာသူတစ်ဦးက ပြောသည်။

၄င်းတို့ကို လယ်ရောင်မြို့သို့ ပို့စဉ်က တစ်ဦးလျှင်ခရီးစရိတ်ကျပ်ငွေ(၆)သိန်းကို အတိုးမှတ်ပြီး တောင်ကလေး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အခြားသူတစ်ဦးက သာပေါင်းမြို့မှ ရန်ကုန်ထိုမှတစ်ဆင့် ထားဝယ်သို့ ၇ ယောက်ပါကားနှစ်စီးစီဖြင့် သုံးသုတ် လိုက်ပါ ပို့ဆောင်ပေးခဲ့ကြောင်းထိုမှတစ်ဆင့် ကိုဝင်းလွင်ဆိုသူက တောင်များကိုခြေလျင်ကျော်ကာ လမ်းလျှောက် ခေါ်ဆောင်ခဲ့ကြောင်း၊ ထိုမှတဆင့်ကားဖြင့် အအေးခန်းငါးစက်ရုံ၊ သစ်သီးခြံများသို့ အသီးသီးပို့ဆောင်ပေးခဲ့ကြောင်း၊ ပိုင်ရှင်ထံမှ တစ်ဦးလျှင်ဘတ်ငွေ ၄၀၀၀ ကျပ်ကို ပို့ဆောင်ခအဖြစ် ထုတ်ယူသွားကြောင်း အဆိုပါ လွတ်မြောက်လာသူကဆက်ပြောသည်။

သစ်သီးခြံတွင်လုပ်ကိုင်နေသူများထဲမှ ကိုကျော်ဦးဆိုသူသည် ပြီးခဲ့သည့် ဇွန်လ ၈ ရက်က ၄င်းတို့အဖွဲ့ ပိတ်မိနေကြောင်း၊ သစ်သီးခြံအတွင်းရှိ ချုံပုတ်တစ်ခုထဲမှ မိသားစုထံ ဖုန်းခိုးဆက်သည်ကို မိသွားသဖြင့် ၇ ရက်ခန့်အကြာတွင် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်းကို ထိုင်းအလုပ်သမားများနှင့် ခိုက်ရန်ဖြစ်ပွားသောကြောင့် အသတ်ခံရသည်ဟုသာ ခြံပိုင်ရှင်ဖြစ်သူက အကြောင်းကြားခဲ့သည်ဟု လိုက်ပါကူညီဆောင်ရွက်ပေးနေသူတို့ထံမှ သိရသည်။

"အခုက အလုပ်လက်မဲ့ရွာသားတွေကို မက်လုံးပေးပြီး စည်းရုံးတယ်။ အဆင့်ဆင့်လည်း အခကြေး ငွေယူပြီး ပို့ဆောင်ပေးတယ်။ ဟိုရောက်တော့လည်း လုပ်အားခကို ခေါင်းပုံဖြတ်တာလည်းခံရ၊ ပြန်ချင်လို့ကလည်း ပို့ပေးတဲ့လမ်းစရိတ်တွေ အကုန်လုံးကိုအကြွေးနဲ့ချည်နှောင်ပြီး ပြန်လို့မရအောင် လုပ်ထားတယ်။ ရတဲ့လုပ်အားခ ငါးထောင်လောက်ကလည်း အကြွေးဖြတ်နေလို့ တစ်ပြားမှ မရဘူး။ အဲဒါတွေဖြစ်နေလို့လူကုန်မှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဆီအကြောင်းကြားတာတောင် လူကုန်ကူးမှု အထမမြောက်ဘူးလို့ ပြောနေကြတယ်" ဟုအဆိုပါ လုပ်သားများ ပြန်လည် လွတ်မြောက်ရေးအတွက် လိုက်ပါ ဆောင်ရွက်ပေးနေသူ (လူ့အခွင့်အရေးစောင့်ကြည့် ကာကွယ်ရေးကွန်ရက် (HRWDN) မှ ကိုမြင့်နိုင်ကပြောသည်။

**မျိုးမင်းထွန်း–ဧရာဝတီတိုင်း(မြစ်မခ)**

# ပြင်သစ်သူကိုယ်တိုင် အင်္ဂလိပ်စာသင်ကြားပေးသည့် MDCF အဖွဲ့၏ အခမဲ့ပညာသင်ကျောင်း လူငယ်များစိတ်ဝင်စား



ဒီမိုကရေစီရေးစဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ (MDCF) က တည်ထောင်ထားသည့် Development Program For Youth (DPY) အခမဲ့ပညာသင် ကျောင်းတွင် အပတ်စဉ် (၃) အဖြစ် ကွန်ပျူတာနှင့် အင်္ဂလိပ် စာသင်တန်းများ သင်ကြားလျက်ရှိရာ ဗြိတိသျှကောင်စီ၏ အကူအညီဖြင့် ပြင်သစ်သူတစ်ဦး က အင်္ဂလိပ်စာသင်ကြားပေးနေကြောင်းသိရသည်။ အဆိုပါကျောင်းမှာ ၂၀၁၃ခုနှစ် ၆ လပိုင်းက စတင်ဖွင့်လှစ်၍ ကွန်ပျူတာ အခြေခံနှင့်အင်တာနက်၊ အင်္ဂလိပ်စာ၊ ဂျပန်စာတို့ကို ဗြိတိသျှကောင်စီ အချိန်ပိုင်းနည်းပြဆရာကိုဇာနည်ဦးဆောင်ကာ အခမဲ့သင်ကြားပေးနေခြင်းဖြစ်ပြီး ယခုအပတ်စဉ် (၃) သင်တန်းတွင်လူငယ် သင်တန်းသား ၄၀သင်ကြားလျက်ရှိသည်။

'ကျွန်တော်တို့တိုင်းပြည်ဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ယှဉ်ရင်အများကြီး နောက်ကျကျန်ခဲ့ပြီဖြစ်လို့ မျိုးဆက်သစ်လူငယ်တွေ အပြင်းအထန် ကြိုးစားရပါလိမ့်မယ်။ ဒီနေ့ခေတ်က ပညာမျက်စိနဲ့ကြည့်ရမယ့်ခေတ် ဖြစ်နေပါတယ်။ အစိုးရရဲ့ပညာရေးစနစ်က အားကိုးစရာမကောင်းတော့ ပရဟိတကျောင်းတွေကို လူငယ်တွေက စိတ်ဝင်စားလာကြပါ ပြီ။ ပရဟိတဆရာတွေကတော့ တပည့်မရှားတစ်ပြားမရှိပေမဲ့ ပီတိကိုစားပြီး အားရှိရပါတယ်' ဟု သင်တန်းဆရာ ကိုဇာနည်က ဆိုသည်။ ယခုသင်ကြားနေသည့်အပတ်စဉ်တွင် နိုင်ငံခြားသူတစ်ဦး ပါဝင်သင်ကြားပေးနေသဖြင့် လူငယ်များ ပိုမိုစိတ်ဝင်စားလာကြောင်း သိရသည်။

**ဇော်မြင့်**



# ည ၁၀ နာရီကျော်လျှင် ရွာအတွင်းဝင်ထွက်ခြင်းမပြုရန် ရွာခွဲတာဝန်ခံအမိန့်ထုတ်သဖြင့် တိုင်ကြားခံရ

မကွေးတိုင်းဒေသကြီး မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပန်းတောငယ်အုပ်စုကြီးအင်းကုန်းကျေးရွာရွာခွဲတာဝန်ခံ၏တစ်မြို့နယ်လုံးတွင် တစ်ရွာတည်းထုတ်ပြန်သော အမိန့်ကြောင့် အရေးယူပေးရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့ သို့တိုင်ကြားထားကြောင်း သတင်း ရရှိသည်။

အဆိုပါ ကြီးအင်းကုန်းကျေးရွာရှိ ရွာခွဲတာဝန်ခံ ဦးအောင်ရှိန်သည်ကျေးရွာအတွင်းရှိအိမ်ထောင် ဦးစီးအပေါင်းကို အထွေထွေကိစ္စရပ်များ တိုင်ပင်ဆွေးနွေးရန်အတွက် (၂၉. ၁. ၂၀၁၄) ရက်နေ့ နေ့လယ်(၂) နာရီအချိန်တွင်ခေါ်ယူခဲ့ပြီး ၎င်းအစည်းအဝေးတွင် ည(၁၀း၀၀) နာရီကျော်လွန်ပါက ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ကျေးရွာအတွင်းသို့ ဝင်ထွက်ခြင်းမပြုလုပ်ရဟု အမိန့်ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ယင်းထုတ်ပြန်ခဲ့မှုအပေါ် ကျေးရွာရှိဒေသခံများမှ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များနှင့် သက်ဆိုင်နေပါသဖြင့် ဆွေးနွေးတိုင်ပင်ရာရွာခွဲတာဝန်ခံမှ မည်သူကမျှ စောဒကမတက်ရ။ အချိန်အခါမဟုတ်လျှင် ရောက်တဲ့နေရာဝင်အိပ်နေဟု ကျေးရွာလူထုကိုပြောကြားခဲ့ကြောင်း၊ ၎င်းရွာခွဲတာဝန်ခံပြောဆိုသည့်အမိန့်သည်လူ့အခွင့်အရေးကို ထိခိုက်နစ်နာစေသည်ဟုယူဆသဖြင့် တိုင်ကြားခြင်းဖြစ်ကြောင်း တိုင်ကြားသူများထဲမှ ပါဝင်သူ ဒေသခံ ဦးသောင်းမြင့် (၈/တတကနိုင် ၁၁၂၃၈၃) သတင်းမီဒီယာသို့ ပြောသည်။ အလားတူဒေသခံ ကိုရဲသူ (၈/တတက နိုင် ၁၅၆၈၂၈) ကလည်း ရွာခွဲတာဝန်ခံ၏ ထုတ်ပြန် ပြောဆိုမှုအပေါ် 'ကျွန်တော်တို့ က တစ်နေ့လုပ်တစ်နေ့စားဖြစ်တယ်။ ရွာစဉ် ရွာဆက်နွားဝယ်ပြီး ပြန်ရောင်းစားတဲ့ နွားပွဲစားလုပ်ကိုင်ပြီးဝမ်းစာရှာနေတာပါ။ အကယ်လို့အကြောင်းအမျိုးမျိုးကြောင့် တခြားရွာတွေမှာ စုံစမ်း၊ နွားဝယ်ယူရင်းနောက်ကျတဲ့အခါလည်းရှိမယ်။ အဲဒီလိုဆိုလျှင် လုပ်ငန်းပိုင်းတွေမှာ အခက်အခဲတွေဖြစ်ပေါ်လာနိုင်တယ်။ အဲဒီ လိုဖြစ်ပေါ်လာရင် ကျွန်တော်တို့ရဲ့ စားဝတ်နေရေးကိုပါ ထိခိုက်လာမှာ။ ဒါကြောင့် ယခုလို တိုင်ကြားရခြင်းဖြစ်တယ်'ဟု ကိုရဲသူက သတင်းမီဒီယာသို့ ဆက်လက်တင်ပြပါသည်။

အဆိုပါဖြစ်ပွားမှုကိုမြို့နယ်အုပ်ချုပ်ရေးမှူး ၃၀. ၁. ၂၀၁၄ ရက်နေ့ကတွေ့ဆုံမေးမြန်းရာ ၎င်းအနေဖြင့်တစ်စုံတစ်ရာညွှန်ကြားထားခြင်းမရှိကြောင်း၊ ရွာခွဲတာဝန်ခံအနေဖြင့်လည်း မိမိ သဘောဖြင့်ဆောင်ရွက်ခွင့်လည်း မရှိကြောင်း၊ ဒေသခံများ၏ တိုင်ကြားမှုကိုလည်း စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်က မြို့နယ်မီဒီယာသို့ ပြန်လည်ဖြေကြားခဲ့သည်။

**ဟသ်ာ(တောင်တွင်းကြီး)**

FACES Media Group
E-mail. admin@hotnewsweekly.com

**အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်**
မမ
**အတိုင်ပင်ခံ**
မောင်ခိုင်ခန့်(အမျိုးသားစာပေဆု)
**အုပ်ချုပ်ရေးမှူး**
အာရုဏ
**အကြီးတန်း အယ်ဒီတာ**
ကျော်စိန်၊ ဝင်းဇော်(သုံးဆယ်)၊
ဆောင်းအေးချမ်း၊ အန်ထော်ဇော်၊
စွန်ရဲနက်(ရွှေမှော်ဝန်း)
သိုးထိန်း(မြန်မာပြည်သား)၊ ဂျော်လီထွန်း

**အယ်ဒီတာအဖွဲ့**
မိုးမြင့်ဆွေ၊ စိုးဝင်းနိုင်၊ အောင်မျိုးဝင်း
**လ/ထ အယ်ဒီတာ (စီမံ)**
ဇော်မြင့်၊ ဒိုးဇက်
**လ/ထ အယ်ဒီတာ (သတင်း)**
ညီထွေး၊
**အကြီးတန်းသတင်းထောက်**
ညီညီအောင်၊ ယဉ်ပပထွန်း၊
**သတင်းထောက်များ**
ဝင်းကိုကို၊ နောင်နောင်၊ ကျော်မာယ၊
အာကာဗိုလ်
**စာပြင်**
နောင်တင်စိုး

**နယ်သတင်းထောက်များ**
မြင့်အောင်(နေပြည်တော်)
ငြိမ်းချမ်းကို (ပန်းတနော်)
စိုးမိုးကျော်(ရွှေဘို)
ဟသ်ာတောင်တွင်းကြီး
စိုးမိုးထွန်း(မုံရွာ)
အရိန္ဒမာ(ဘိုကလေး)
ကျော်ကျော်ဦး(မြစ်ကြီးနား)
ဦးတင့်လွင်(အေးရဲ)
ဦးရွှေထူး(ပဲခူး)
ဦးဦးငြိမ်း(ပန်းမော်)
**လိုက်ဒိုင်း**
ဦးတင်ထွဏ်း

**ဘဏ္ဍာရေးနှင့် ငွေစာရင်း**
ဇင်နှင်းဝေ၊ စုစုဖြိုးအောင်
**ဒီဇိုင်းအဖွဲ့**
ကိုမျိုး၊ နေလင်း
**စာစီ စာပြု**
နီနီ၊ မြတ်သူ၊ မေမိုးလှိုင်၊
**Website**
သော်ဇင်၊ အောင်သူလင်း
**ပင်တိုင်ဓာတ်ပုံ**
ခင်မောင်ဝင်း(ရွှေအင်းသား)၊
**ဈေးကွက်နှင့် ကြော်ငြာ**
နှင်းနုနုရီ

**မြန့်ချိရေးတာဝန်ခံ**
ဟန်ဝေမျိုး၊ ဖြိုးမောင်မောင်
**ပြင်ပဆက်သွယ်ရေး**
ဘိုဘိုထွန်း၊ ကောင်းဆက်လင်း၊
အေးကြူ၊ ထက်ကျော်လင်း
**ထုတ်ဝေသူ**
ဦးဝေဖြိုးမင်း(မြ-၀၄၇၅၅)
၄၀၁(စီ)၊ဒဂုံစင်တာ၊ မြေနီကုန်း၊စမ်းချောင်း
**CTP** - ကမ္ဘာဦး
**ပုံနှိပ်** - မိဘအေးရိပ်
ဦးရှိန်ဝင်းအောင်(၁၀၃၆၆)
၁၅၀၊ ၄၇လမ်း၊ ဗိုလ်တထောင်
**စောင်ရေ - ၃၀၀၀**
**တန်ဖိုး - ၅၀၀**

The HOT NEWS

Vol - 4, No - 178, Feb 7 - 13, 2014

## မြေပြဿနာကွင်းဆင်းသတင်းယူသော သတင်းထောက်အချို့ပူဆိုးလှန်ပြဂုဏ်ပြုကြိုဆိုခံရ



မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့ ရွာမရပ်ကွက်အတွင်းရှိနှစ်ဖက်မြေပိုင်ဆိုင်မှုအငြင်းပွားခြင်းဖြစ်နေသော မြေယာပြဿနာနှင့် ပတ်သက်၍ ၁၉၉၇ မှစ၍ ယနေ့ထိလုပ်ကိုင်လာသော စိမ်းလဲ့ဦးစိုက်ပျိုးရေးကုမ္ပဏီက မီဒီယာများကို ရှင်းလင်းပြောဆိုပွဲသို့သို့တက်ရောက်သတင်းယူသော သတင်းထောက်အချို့ ကုမ္ပဏီနှင့် မေးမြန်းမှုများအပြီး အငြင်းပွားမှုဖြစ်နေသော မြေနေရာသို့ကွင်းဆင်းမှတ်တမ်းယူနိုင်ရန်သွားရာတွင် တစ်ဖက်မှ ကာယကံရှင်ဖြစ်သူဒေါ်သီတာလွင်ဆိုသူ၏ အစောင့်တာဝန်ပေးအပ်ခံရသူများ သတင်းထောက်များကို ပုဆိုးလှန်ပြ၍ရှက်ဖွယ်အပြုအမူများပြုလုပ်ခဲ့ကြောင်း သိရသည်။

'ဖြစ်တဲ့ပြဿနာအရ တစ်ဖက်ကုမ္ပဏီက ဒီအခင်းဖြစ်ရာနေရာကို သူတို့တရားဝင် ပိုင်ဆိုင်ထားတယ်။ ဒါကို တစ်ဖက်က လိုက် နှောင့်ယှက်နေတယ်ဆိုပြီး သတင်း စာရှင်းလင်းပွဲလုပ်တာ။ အဲဒါကို သူတို့ ရှင်းလင်းတာနဲ့ သူတို့ပြောတဲ့ မြေပြင်အခြေအနေကို ကွင်းဆင်းပြီးတော့ သူတို့ ကုမ္ပဏီဘက်ကပြောတာနဲ့ မြေပြင်အခြေအနေကိုက်ညီမှုရှိမရှိသွားတဲ့အခါ တစ်ဖက်ကပိုင်ဆိုင်တယ်ဆိုတဲ့ အမျိုးသမီး ဘက်ကနေတာဝန်ပေးထားတဲ့ ခြံစောင့်တွေက ကျွန်တော်တို့ကို အရင် အဝေးကနေလှမ်းဆဲတယ်။ နောက်ပြီး ပုဆိုးလှန်ပြီးတော့ ရှက်ဖွယ်အမူအရာတွေလုပ်ပြတယ်။ ကျွန်တော်တို့ကလည်း တစ်ဖက်တည်းရဲ့ စကားနဲ့ သတင်း မရေးဘူး။ ဒါကြောင့် သူတို့ကုမ္ပဏီဘက်က ပြောသလို မြေပြင်အခြေအနေရှိမရှိ ကျင့်ဝတ်အရသွားကြည့်တာပါ။ ဒီလို ရှက်ဖွယ်လုပ်ပြတယ်။ တစ်ဖက်ကုမ္ပဏီက လူတွေပြောပြချက်အရ ကျန်တဲ့သူတွေ သွားရင်လည်း ဒီလိုလုပ်ပြတယ်လို့ သိရတယ်။ ဒါတရားဥပဒေစိုးမိုးရေးဆိုတာဥပဒေဘောင်အတွင်းကနေပြီး ပြဿနာ မှန်သမျှကို ရှင်းရမှာ ရင်ဆိုင်ရမှာလေ။ ဒါမှပဲ ဥပဒေစိုးမိုးရေး ဆိုတာဖြစ်မှာ အမှန်တော့ ဒီလိုမျိုးရင့်သီးတာတွေလုပ်နေတာတွေကိုသက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ထိထိရောက်ရောက်အရေးယူစေချင်တယ်။ နှစ်ဖက်ကာယကံရှင်တွေဥပဒေနဲ့ အဆုံးအဖြတ်ခံယူရင်ဆိုင်ရမယ့် အချိန်မှာ ဒီလိုမျိုးခြံစောင့်တွေ လုပ်တာက အရမ်းရိုင်းတယ်'ဟု သွားရောက်သတင်းယူခဲ့သူသတင်းထောက်တစ်ဦးကဆိုသည်။

အဆိုပါ မြေယာအငြင်းပွားမှုပြဿနာမှာ၁၉၉၇ မှစ၍ ယင်းမြေများကို လုပ်ကိုင်လာသည်ဟုဆိုသော စိမ်းလဲ့ဦးစိုက်ပျိုးရေးကုမ္ပဏီနှင့် ဆွေမျိုးတစ်ဦးတို့ကြားဖြစ်ပွားသောပြဿနာဖြစ်ပြီး အခင်းဖြစ်ရာမြေမှာ ရွာမရပ်ကွက် ကွင်းအမှတ် ၅၂၇ (က) တွင်းအပါအဝင်ဖြစ်သော မြေဧက (၆၀) ကျော်တွင် အကျုံးဝင်ပါဝင်နေလျက်ရှိကြောင်း သိရသည်။

ယင်းသို့သတင်းသွားယူရင်း ရှက်ဖွယ်အမူအရာများပြုလုပ်ခံရသောသတင်းထောက်များထဲတွင် ပြည်တွင်းရုပ်သံတစ်ခုမှအမျိုးသမီးသတင်းထောက်အချို့လည်းပါဝင်ကြောင်း သိရသည်။

**ခန့်ခန့်(ဒဿနိက)**

## အိမ်လည်းပျက်၊ ဘဝလည်းပျက်၊ မင်္ဂလာပွဲလည်းပျက်

လှည်းကူးမြို့နယ် အပိုင် ဖောင်ကြီးမှ ညောင်အင်း-ပဲခူးသွားလမ်းပေါ်ရှိ သမီးကလေးကျေးရွာကို စစ်သင်တန်းကျောင်း ပိုင်မြေဟုဆိုကာ သက်ဆိုင်ရာက အင်အားသုံး စီးနင်း၍ အိမ်ခြေ ၄၀၀ ကို ဖျက်ဆီးဖယ်ရှားခဲ့ရာ ၎င်းနေ့မနက် ၁၀ နာရီတွင် မင်္ဂလာဆောင်ရန် စီစဉ်ထားသည့် ကို---နှင့် မ----တို့၏ မင်္ဂလာပွဲပါပျက်ခဲ့ရကြောင်း သိရသည်။

၎င်းတို့စုံတွဲမှာ အသက် ၃၅နှစ်ကျော်မှ ဖူးစာဆုံရသူများဖြစ်ပြီး ယခုလို မင်္ဂလာဆောင်တွင်ကျွေးမွေးဧည့်ခံရန်ဝက်နှစ်ကောင် ဝယ်ထားခြင်းနှင့်အလှဆင်ပစ္စည်းများ အလကား ဖြစ်သွားရသလို အိမ်ခြေမရှိတော့သည့် ၎င်းတို့ဘဝမှာ ပေါင်းဆုံရန် မဖြစ်နိုင်တော့ကြောင်း ဖျက်ဆီးခံရသည့် သွပ်မိုးပျဉ်ထောင် အိမ်ပိုင်ရှင် သတိုးသားလောင်းကို---- က ဆိုသည်။

"ကျွန်တော်တို့ ဒီမှာနေလာတာ ဆယ်နှစ်ကျော်ပြီ။ တောထဲတိုးနေရတဲ့ဘဝက ရပ်နဲ့ရွာနဲ့ ကျောင်းနဲ့လမ်းနဲ့ဖြစ်အောင် ရွာ သားတွေ ချွေးနဲ့သွေးနဲ့ ရင်းခဲ့ရ တာပါ။ ကျွန်တော်တို့ နိုင်ငံသား အစစ်တွေက ကိုယ့်နိုင်ငံထဲမှာနေပြီး ကျူးကျော်သူတွေလို့ အခေါ် ခံရတာကတော့ မိုက်ရိုင်းလွန်းတယ်။ ပိုပြီးဆိုးတာက ကျွန်တော့်ဘဝပါပဲ။ ချစ်သူကို မင်္ဂလာဆောင်ပြီး ယူနိုင်ဖို့တောတိုးမျှစ်ချိုး အလုပ်အမျိုးမျိုးနဲ့ ပိုက်ဆံစုခဲ့ရတာပါ။ မနေ့ကမနက်ပိုင်းအထိ မဏ္ဍပ်ဆောက်ရင်း သူငယ်ချင်းတွေကလည်း ပိုင်းစလို့ကျွန်တော် အရမ်းပျော်နေခဲ့တာ။ နေ့လယ်ပိုင်းရောက်တော့ ညသန်းခေါင်ကျော်ရင် စစ်တပ်ကလာပြီး ဘူဒိုဇာနဲ့ ထိုးမယ်ဆိုတာ အတိအကျလည်းသိရရော စဉ်းစားကြည့်ပါတော့ဗျာ"ဟု မျက်ရည်များသိမ်း ရင်း ၎င်းကပြောသည်။

အဆိုပါ သမီးကလေးကျေးရွာမှာ တိုက်ခံအိမ်များလည်း ရှိပြီး အုပ်ချုပ်ရေးအဖွဲ့ကိုလည်း စနစ်တကျရွေးချယ်တင်မြှောက်ထား သော်လည်းအသိအမှတ်အပြုမခံရဘဲ ဖျက်ဆီးဖယ်ရှားခံခဲ့ရခြင်း ဖြစ်ကြောင်း၊ ငါးရက်သားကလေးငယ်လေးနှင့် မီးနေသည် အမျိုးသမီးတစ်ဦးလည်း အိမ်ခြေမရှိတော့သဖြင့် တောတိုးနေရတော့မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်**

## လွှတ်တော်ကျင်းပရာသို့ လယ်သမားများသွားရောက်ကာ အကူညီတောင်းခံသည့်စာများ ကိုယ်စားလှယ်တစ်ဦးချင်းစီထံပေးအပ်

မြန်မာနိုင်ငံတွင် အသိမ်းဆည်းခံလယ်ယာမြေများပြန်လည်ရရှိရေးအတွက် လယ်သမားများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လယ်ယာမြေပြန်လည်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော လယ်သမား (၁၅)ဦးသည် ဖေဖော်ဝါရီ (၃)ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကျင်းပပြုလုပ်လျက်ရှိသော နေပြည်တော်သို့ သွားရောက်၍ လွှတ်တော်ကိုယ်စားလှယ်များထံအကူညီတောင်းခံသော စာများကို ကိုယ်စားလှယ် တစ်ဦးချင်းစီသို့ပေးအပ်ခဲ့ကြောင်းကို ကြားသိရသည်။

ထိုကဲ့သို့သွားရောက်ခဲ့သော လယ်သမား (၁၅)ဦးတွင် ဧရာဝတီ တိုင်းဒေသကြီး၊ ကန်ကြီးဒေါင့်မြို့ နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊တွံတေးမြို့ နယ်၊ နေပြည်တော်ကောင်စီနယ်မြေမှ လယ်သမားများပါဝင်ကြောင်း သိရှိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များတည်းခိုနေထိုင်သောနေရာများသို့သွားရောက်ပေး ပို့ရန်ကြိုးစားခဲ့သော်လည်းသွားခွင့်မရခဲ့ကြောင်း သိရသည်။

'ကျွန်တော်တို့လယ်တွေကို ဧရာရွှေဝါကုမ္ပဏီကသိမ်းထားတဲ့ လယ်ဧက ၅၀၀၀၀ကျော်ကို ကုမ္ပဏီက နိုင်ငံတော်ကို ပြန်ပေးထားသော်လည်း အဲဒီလယ်ယာမြေတွေကို မူလလက်ငုတ်လယ်သမားတွေကို ပြန်ပေးရမဲ့အစား ကျေးရွာအုပ်ချုပ်ရေးမှူးက လက်သင့်ရာစားတော်ခေါ်ပြီး ဝေခြမ်းလိုက်ကြပါတယ်။ ဒီလိုပြန်မရတဲ့အပြင် ကန်ကြီးဒေါင့် မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်က လယ်တွေကို သိမ်းယူပြီး မိသားစုတွေအပေါ် ကျူးလွန်ခဲ့တာတွေကို တိုင်ကြားခဲ့သော်လည်း အရေးမယူတဲ့ အကြောင်းအရာတွေကို လွှတ်တော်ကိုယ်စားလှယ်တွေထံ တင်ပြခဲ့ပါတယ်'ဟု လယ်သမားတစ်ဦးကပြောသည်။

အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ လယ်သမားအရေးဆောင်ရွက်နေသူဦးဝင်းချိုက 'ကျွန်တော်တို့ဒီလိုဆောင်ရွက်တာက နိုင်ငံရေးအသွေးရောင်မပါဘူး။ ဒါကြောင့် လွှတ်တော်ထဲရောက် နေတဲ့ ပါတီအားလုံးရဲ့ကိုယ်စား လှယ်တွေကိုပေးတယ်။ လယ်သမားတွေရဲ့ ဒုက္ခတွေသိရှိအောင် ဆောင်ရွက်ရခြင်းဖြစ်တယ်။ လယ်ယာမြေစုံစမ်းရေးကော်မရှင်နဲ့ အုပ်ချုပ်ရေးကြားထဲမှာ လယ်ယာမြေစုံစမ်း ရေးကော်မရှင်ကမှတ်ချက်ပြုတဲ့ လက်ယာမြေတွေကို အုပ်ချုပ်ရေးအပိုင်းက ထင်သလိုလုပ်နေတဲ့ကိစ္စရပ်တွေကို စည်ပင်ဧည့်ရိပ်သာ တည်းခိုသောသူအားလုံးကို ပေးနိုင်ခဲ့ပါတယ်'ဟု ပြောသည်။

'လယ်သမားတွေက ဒီလိုဆောင်ရွက်ခြင်းဖြင့် သူတို့ကိုအရေးယူခံရမှာကို အစပိုင်းမှာ ကြောက်ခဲ့ကြပေမဲ့ လက်တွေ့ပေးပြီးတဲ့အခါမှာ နောက်ဆိုရင်ဒီလို တက်ပြီးတော့ပေးလို့ရတာပဲလို့ ယုံကြည်သွားကြတယ်။ မြန်မာပြည် အနယ်နယ်အရပ်ရပ်မှာ ဒုက္ခရောက်နေကြတဲ့ လူတွေက သူတို့ရဲ့ မြို့ရွာတွေကို ဆင်းမတွေ့ပဲ ဆောင်ရွက်မှုမရှိတဲ့ ကိုယ်စားလှယ်တွေကို နေပြည်တော်အထိ လိုက်တွေ့သင့်ပါတယ်'ဟု ၎င်းကထပ်မံပြောသည်။



## ပြည်သူ့မျက်ရည်ဘယ်သူတွေ ခြေဆေးနေသလဲ

ရန်ကုန်တိုင်း ဒေသကြီး၊ လှည်းကူးမြို့နယ်၊ စာဘူးတောင်း ကျေးရွာအုပ်စု၊ သမီးကလေး ကျေးရွာမှနေအိမ်များကို ဖေဖော်ဝါရီလ ၄ ရက်နေ့ မနက် ၆နာရီကျော်တွင် စစ်သင်တန်းကျောင်း နယ်မြေ အပိုင်ဟုဆိုကာ ဘူဒိုဇာစက်ယန္တရားများဖြင့် အင်အားသုံး ဖျက်ဆီးပြီး ဖယ်ရှားခဲ့သဖြင့် အိမ်ခြေ ၄၀၀ကျော် ပျက်စီးဆုံးရှုံးကာ လူဦးရေ ၁၀၀၀ ခန့်အိမ်ခြေမဲ့ဖြစ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကျေးရွာမှာ ဖောင်ကြီးမှညောင်အင်း၊ ပဲခူးသွားလမ်းပေါ်တွင်တည်ရှိပြီး သက်ဆိုင်ရာ သစ်တောမြေပုံ၊လဝကမြေပုံများတွင်သမီးကလေးကျေးရွာအမည်ဖြင့် တရားဝင် ပါရှိသော်လည်း အိမ်ခြေဆောက်လုပ်နေထိုင်ခွင့်မရှိဟု လှည်းကူးမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကိုကဆိုကြောင်း၊ လွန်ခဲ့သည့် ၂လခန့်ကတည်းက ပြောင်းရွှေ့ပေးရန်နှုတ်ဖြင့်အကြိမ်ကြိမ်ပြောဆိုခဲ့ပြီး ဇန်နဝါရီလ ၂၈ ရက်နေ့က စာဖြင့်အမိန့်ထုတ်ကြေညာခဲ့ကြောင်း၊ စစ်သင်တန်းကျောင်းနယ်မြေဟုဆိုသော်လည်း စစ်သင်တန်းကျောင်းများနှင့် ၃မိုင်ခန့်ဝေးကွာကြောင်းအိမ်ဖျက်ခံရသူဦးတင်မြင့်ကပြောသည်။

'ကျွန်တော်အသက်ငါးဆယ်ရှိပါပြီ။ ဒီနေရာမှာ ငယ်ငယ်လေးကတည်းက နေလာတာပါ။ ကျွန်တော်တို့ရောက်စအချိန်ကတော့ ဝါးတောကြီးတွေထဲမှာ ဟိုတစ်စုဒီတစ်စုနေခဲ့ကြပြီး ရာဘာစိုက်ရှဉ့်ထောင် မျှစ်ချိုးထင်းရှာ လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြတာပါ။ အခုတော့ရွာဦးကျောင်းဆရာတော်နဲ့ရာဘာခြံရှင်ဦးကျော်ကျော်တို့ပံ့ပိုးကူညီခဲ့လို့ကိုယ်ထူ ကိုယ်ထကျောင်း၊ ကျေးရွာ ဆေးပေးခန်း၊ ဓမ္မာရုံနဲ့ရွာပိုင် မီးစက်နဲ့နေနိုင်ခဲ့ပါတယ်။ ဒီလိုလမ်းတွေဖောက်ခြံတွေခတ်ပြီး သပ်သပ်ရပ်ရပ်နဲ့ဖြစ်လာတော့မှ နေစရာအစားလည်း ပြန်မပေးဘဲ ဖယ်ရှားခံရတာကတော့ အစိုးရ သိပ်လွန်သွားပြီလို့ ထင်ပါတယ်" ဟု ၎င်းကဆိုသည်။

ပြည်သူများဘက်မှ ကူညီပေးရန်ရောက်ရှိနေသောMDCF အဖွဲ့ခေါင်းဆောင် ကိုထင်ကျော်ကိုလည်း ဝန်ကြီးက ဟန့်တားလိုသောအမူအရာဖြင့် "မင်းဘာလာလုပ်တာလဲ"ဟုမေးခဲ့ကြောင်း ကိုထင်ကျော်ကဆိုသည်။

'ဒီနေ့အစိုးရဟာ ပြည်သူ့ဘဝလုံခြုံရေးအတွက်စိတ်မချရတဲ့ အစိုးရဖြစ်နေပြီ၊ တစ်ခါလာလဲ တပ်မြေတစ်ခါလာလဲတပ်ပိုင်မြေဆိုပြီးသိမ်းလာခဲ့တာဧကပေါင်းသိန်းသောင်းချီနေပြီ၊ ပြည်သူ့မျက်ရည် ဘယ်သူတွေခြေဆေးနေသလဲဆိုတာတော့အားလုံးသိမြင်ပြီးလောက်ပါပြီ'ဟုကိုထင်ကျော်ကပြောကြားလိုက်သည်။

**ဇော်မြင့်**

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# သံရည်ကျိုစက်ပို့မည့် ဂျပန်ကားတစ်စီးနှင့် အရှုံးထဲကအပြေး

တက္ကသိုလ်စိန်တင်




၂၇. ၁. ၂၀၁၄ တနင်္လာနေ့က ဖြစ်သည်။ အားမာန်သစ် စာပေပိုင်ရှင် ဦးညီမှိုင်း၏သားသမက်ကိုစိုးဝင်း ရန်ကုန်မြို့ ကမ်းနားလမ်းရှိအကောက်ခွန်ရုံးကြီးသို့ သွားရန်ကိစ္စတစ်ခုရှိသဖြင့် ကူညီပြောဆိုပေးရန်ရှိပါက ပြောဆိုပေးရန် တက္ကသိုလ်စိန်တင်အဖော်လိုက်သွားခဲ့သည်။

"အဘ မှတ်ပုံတင်ကတ်ပြားပေးပါ"

ဗုဒ္ဓေါ၊ တက္ကသိုလ်စိန်တင်ထိတ်လန့်သွားသည်။ အကောက်ခွန်ရုံးလုံခြုံရေးဌာနက လက်မောင်းမှာ အရစ်သုံးရစ်တင်ထားသောအမှုထမ်းက တာဝန်အရ တက္ကသိုလ်စိန်တင်၏မှတ်ပုံတင်ကတ်ပြားကို တောင်းနေခြင်းဖြစ်သည်။

**တက္ကသိုလ်စိန်တင်။** "ညီလေးရယ် ခွင့်ပြုကွာ။ ကိုယ်က စာရေးဆရာတက္ကသိုလ်စိန်တင်ပါ။ မှတ်ပုံတင်ကတ်ပြားဆောင်ယူလေ့မရှိလို့ပါ"

တပ်ကြပ်ကြီး အဆင့်ရှိ ထိုပုဂ္ဂိုလ်သည် မှတ်ပုံတင်ကတ်ပြားဆောင်လေ့မရှိဘူးဆိုသော စာရေးဆရာကို အံ့ဩဟန်ဖြင့် ကြည့်နေသည်။

**ကိုစိုးဝင်း။** "ဘဘစိန်တင်၊ ယာဉ်မောင်းလိုင်စင်မပါဘူးလား"

**တက္ကသိုလ်စိန်တင်။** "အဲဒါမှ ဒုက္ခ။ တက္ကသိုလ်စိန်တင်က နမော်နမဲ့ ငနဲ။ ယာဉ်မောင်းလိုင်စင် တစ်ခါပျောက်ဖူးကတည်းက ယာဉ်မောင်း လိုင်စင်တို့၊ ဗိုးတက်ကတ်ပြားတို့ကို အိမ်မှာပဲ သိမ်းထားတာကွယ့်"

ထိုအချိန်၌ ကာကီရောင် ဝတ်တပ်ကြပ်ကြီး အရစ်နှင့် ဆရာသမားသည် တက္ကသိုလ်စိန်တင်ကို စားတော့၊ ဝါးတော့မည့်ပုံ ဒေါသရောင်စုံထွက်၍ ပြူးကြည့်နေ သည်။

**တက္ကသိုလ်စိန်တင်။** "ဒီလိုပါ ဆရာကြီးရယ်။ စာရေးဆရာမျက်နှာဓာတ်ပုံ ဟိုစာအုပ်ပါ၊ ဒီစာအုပ်ပါနဲ့ လူသိများနေတော့ မှတ်ပုံတင်ပြဖို့ မလိုတာနဲ့ မယူခဲ့တာပါ ခင်ဗျာ" ထိုအခါတွင်ပခုံး၌ သုံးရစ်တင်ထားသူသည် လည်ပင်း၌ ဆွဲရမည့် လုံခြုံရေးကတ်ပြားကို မပေးချင်ပေးချင် ထုတ်ပေးရှာသည်။

"ကျေးဇူးပါပဲ ဆရာကြီးရယ် ဟဲဟဲ"

ကိုစိန်တင်က ယခုမှရယ်ရယ်ပြုံးပြုံးဖြင့် ဒေါသအလုံးလိုက်ထနေသော သုံးရစ်တင်ဆရာကို နှုတ်ဆက်ကာရုံးထဲသို့ ဝင်လာသည်။ အိုဗျာ။ အကောက်ခွန်ရုံးထဲရောက်သော် အားလုံးမှာ ဆက်ဆံရေး အိုကေပါလားဗျို့။ တက္ကသိုလ်စိန်တင်ဆိုသော နာမည်ကို ပြောလိုက်သောအခါ ပခုံးပေါ်မှာရွှေဘားသုံးချောင်းတင်ထားသူ ဦးစီးအရာရှိရုပ်ရည်ချောမောတင့်တယ်သူ ဒေါ်ခင်ချိုအောင်က ပြုံးရွှင်စွာ စကားပြော၏။ စားပွဲရှေ့က ထိုင်ခုံမှာထိုင်ပါဟု ဆို၏။ တက္ကသိုလ်စိန်တင်က လာရင်းကိစ္စဖြစ်သော အတူပါလာသူ ကိုစိုးဝင်း၏ နိုင်ငံခြားကရောက်လာသောပစ္စည်းကိစ္စ စုံစမ်းကြည့်သောအခါ။

**ဦးစီးအရာရှိ ဒေါ်ခင်ချိုအောင်။** "ဆရာကြီး ဒီကိစ္စသမီးတို့နဲ့မပြီးနိုင်ပါဘူး။ ညွှန်ကြားရေးမှူးနဲ့တွေ့လိုက်ပါရှင့်"

ရွှေဘားနှစ်ချောင်း ပခုံးမှာ လှပစွာတင်ထားသောအခြားအရာရှိအမျိုးသမီးငယ်တစ်ဦးက ရုံးခန်းအကျယ်ကြီးမှာ ထိုင်နေသော ဖော်ရွေလှသူ ညွှန်ကြားရေးမှူး ဦးသန့်ဇင်ထံပို့ပေးသည်။

**ညွှန်ကြားရေးမှူးဦးသန့်ဇင်။** "ဆရာတက္ကသိုလ်စိန်တင်ကိုတွေ့ရတာဝမ်းသာလိုက်တာဗျာ။ ကျွန်တော်တို့က ဆရာ့စာတွေဖတ်ပြီး ကြီးပြင်းခဲ့ရတာခင်ဗျ"

တက္ကသိုလ်စိန်တင်မှာ ညွှန်မှူး ဦးသန့်ဇင်စကားကြားရသောအခါ၌ ဝမ်းသာလုံးဆို့မတတ်ပင်။ လာရင်းကိစ္စကိုတင်ပြပြောဆိုရသည်။

"ဒီလိုပါ ဦးသန့်ဇင်။ ဟောဒီက ကိုစိုးဝင်းရဲ့ကိစ္စပါ။ နေပြည်တော်ကအခွန်အယူခံအဖွဲ့က ဆုံးဖြတ်ပေးပြီးပါပြီ။ အဲဒီကိစ္စကလေးများ"

**ညွှန်မှူးဦးသန့်ဇင်။** "ဟုတ်တယ်ဆရာ။ အဲဒီအမှုတွဲက နေပြည်တော်က ပြန်ကျလာတာအမှန်ပါပဲ။ ဒါပေမဲ့ရှင်းစရာလင်းစရာကိစ္စကလေးတွေရှိနေလို့ ခဏတော့စောင့်ရဦးမှာ။ ကျွန်တော်ဆောင်ရွက်မပေးနိုင်သေးတာ စိတ်မရှိပါနဲ့ဆရာ"

ညွှန်ကြားရေးမှူး ဦးသန့်ဇင်ကား ပြုံးချိုလန်းရွှင်စွာဖြင့် စကားပြောရင်း အကောက်ခွန် မဂ္ဂဇင်း/၂၀၁၄ အသစ်တစ်အုပ်ပင် ကိုစိန်တင်ကိုလက်ဆောင်ပေးပါသေးသည်။

ကဲ ညွှန်ကြားရေးမှူးအဆင့်ရှိသော ပုဂ္ဂိုလ်ကတောင် ယခုလို နေပြည်တော်အခွန်အယူခံအဖွဲ့က ဆုံးဖြတ်ချမှတ်ပေးထားသည့် ကိစ္စကို မဆောင်ရွက်နိုင်ပါဆိုသောအခါ လုပ်ဆောင်ရန်တစ်လမ်းတည်းသာရှိတော့သည်။ **ညွှန်ကြားရေးမှူးချုပ်**နှင့် ဝင်တွေ့ရန်တည်း။

ဤတွင် အကောက်ခွန်ရုံးအကြီးဆုံးပုဂ္ဂိုလ်ညွှန်ကြားရေးမှူးချုပ်ဦးထွန်းသိန်းနှင့် တွေ့ရန်ကိုယ်ရေးအရာရှိဖြစ်သူ ဦးအောင်မြင့်မြတ်ထံ ဖုန်းခေါ်၍မေတ္တာရပ်ခံသောအခါ "လာခဲ့ပါ။ ညွှန်ချုပ်ထံ တင်ပြပြီး စီစဉ်ပေးပါမည် "တဲ့ ယဉ်ကျေးလှစွာပြောဆိုရှာသည်။ သို့သော် သို့သော် တက္ကသိုလ်စိန်တင်မှာ ဒူးနာရောဂါရှိသည်။ အပေါ်ထပ် **ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်း** အခန်းသို့တက်ရန် အကောက်ခွန်အရာရှိငယ်တစ်ဦးက လိုက်ပို့စဉ် မီးရောင်ထိန်ထိန်လင်းနေသော ဓာတ်လှေကားနှင့် တက်ရန် ခေါ်သွားမည်လားဟု အမျှော်ကြီး မျှော်ထားပါသည်။ သို့ပါသော် အကောက်ခွန်အရာရှိငယ်သည် ဓာတ်လှေကားကြီးအနီးကပြောင်လက်နေသော ကျွန်းသားလှေကားကြီးဆီသို့သာဆွဲခေါ်သွားရာ ဒူးနာ၍ခြေတစ်ပေါင်ကျိုးနင်းနေရရှာသော အဘိုးအိုမဖြစ်တဖြစ်စာရေးဆရာ ကျွန်းလှေကားကိုတအားတွယ်နင်း၍ တက်ရရှာသည်။ အများကောင်းကျိုးသယ်ပိုးချင်တဲ့စာရေးဆရာမှတ်ကွ။

မကြာမီညွှန်ကြားရေးမှူးချုပ်ဦးထွန်းသိန်း၏ အခန်းဝသို့ရောက်ပြီ။ အို ညွှန်ချုပ်၏ ကိုယ်ရေးအရာရှိ **ဦးအောင်မြင့်မြတ်ကား** အသက်အရွယ်(၃၀)ခန့်သာရှိသေး၍ ဖော်ရွေပြုံးရွှင်စွာ ဧည့်ခံ၏။ လက်ဖက်ရည်ကြမ်း တစ်ခွက်ပင် ဧည့်ခံသေး၏။ ညွှန်ချုပ်ထံဧည့်သည်တစ်ဦးဝင်နေသဖြင့် ခေတ္တစောင့်ရမည်တဲ့။ စောင့်မှာပေါ့။ မြန်မာစကားပုံရှိသားပဲလေ။ စောင့်နိုင်လျှင် အကျိုးရှိသတဲ့။ အကျိုးရှိပါသတဲ့။

ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်ရေးအရာရှိ ဦးအောင်မြင့်မြတ် ဧည့်ခံ၏။ လက်ဖက်ရည်ကြမ်းတစ်ခွက်မှာ နံနက်စာကိုမွန်းလွဲ (၁)နာရီအထိ မစားရသေးသဖြင့် ဆာနေသော စာရေးဆရာ၏ ဝမ်းဗိုက်အတွက် အဆာပြေ ဆေးပင်။ ထို့ပြင် ဓာတ်လှေကားလှလှကြီးကို အနီးကပ်ငေး၍ ဓာတ်လှေ ကားဘေးမှ လှေကားကြီးကိုဒူးထောက်၍ တက်ခဲ့ရသဖြင့် မောနေသော အဘိုးအိုနှလုံးသားအတွက် အမောပြေဆေးတစ်ခွက်ပင်။

မကြာမီ ဝင်ပါဆိုသဖြင့် တက္ကသိုလ်စိန်တင်နှင့် တူသားကလေး ကိုစိုးဝင်းတို့ ညွှန်ကြားရေးမှူးချုပ်အခန်းသို့ ဝင်ခွင့်ရပါပြီ။ ညွှန်ချုပ်၏ ကိုယ်ရေးအရာရှိက ကိုစိုးဝင်းနှင့် ပတ်သက်သော ဖိုင်တွဲကို ညွှန်ချုပ်ထိုင်သော ဆိုဖာကြီးပေါ်၌ လာတင်ပေးသည်။

**တက္ကသိုလ်စိန်တင်။** "ညွှန်ချုပ်ကြီး ကျန်းမာပါသလား ခင်ဗျား"

**ညွှန်ကြားရေးမှူးချုပ်။** "ကျန်းမာပါတယ် ဆရာ။ စောစောကတည်းက ကျွန်တော် ဒီမှာ ဆရာ့အကြောင်း ပြောနေတာ" ညွှန်ချုပ်ကြီးက ဆက်ပြောနေသည်။

"ဆရာက တွေ့ချင်ပါတယ်ဆိုတာနဲ့ ကျွန်တော့်ကိုယ်ရေးအရာရှိကိုမှာထားပါတယ်။ **တက္ကသိုလ်စိန်တင်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရေးတဲ့ စာရေးဆရာပဲလို့။** ဝင်ခွင့်ပေးပါလို့။ ဆိုပါဦးဆရာ ဘာအကြောင်းရှိပါသလဲ"

**တက္ကသိုလ်စိန်တင်။** "ဒီလိုပါ ညွှန်ချုပ်ကြီး ခင်ဗျား။ ကျွန်တော့်စာအုပ်ထုတ်ဝေသူ ဦးညီမှိုင်းရဲ့ သားသမက်ကိုစိုးဝင်း ဂျပန်နိုင်ငံကတင်သွင်းလာတဲ့ကားကလေးတစ်စီး ကိစ္စပါ။ နေပြည်တော်ကအခွန်အယူခံရုံးက ဒဏ်ကြေးနဲ့ထုတ်ယူခွင့်ပြုထားတယ်။ အဲဒါကျေးဇူးပြုပြီး အခွန်အခပေးဆောင်ပြီး ကားထုတ်ယူခွင့်ပြုဖို့ပါခင်ဗျာ"

ညွှန်ကြားရေးမှူးချုပ်ကြီးမှာ မျက်နှာထားချိုသည်။ သွက်သွက်လက်လက် ပျူပျူငှာငှာ၊ ချိုချိုသာသာ ရှိသဖြင့် တက္ကသိုလ်စိန်တင်ကပြောစရာရှိတာပြောလိုက်ရသည်။

**ညွှန်ကြားရေးမှူးချုပ်။** (ဘေးမှအမှုတွဲဖွင့်ကြည့်ရင်း) "အဲဒီကိစ္စကနေပြည်တော်က ပြန်ချပေးလိုက်ပေမဲ့ အမှုမပြီးသေးဘူးခင်ဗျ။ ဒီကားက ဒီကမြန်မာတွေ တာဝန်မဟုတ်ဘူး။ ဟိုက ဂျပန်တွေရဲ့ တာဝန်လည်း မဟုတ်ဘူး။ ဟိုက **ဂျပန်နိုင်ငံက မြန်မာတွေကညစ်ပြီးလုပ်ထည့်လိုက်ကြတာ။** အမှန်က ဒီကားတွေက အားလုံးအမှုတွဲ(၁၆)စီးရှိတယ်။ ဒါတွေကို ပထမတော့ **အားလုံး သံရည်ကျိုစက်ပို့ ကြိတ်ပစ်ရမှာခင်ဗျ။** ဒါပေမဲ့မနစ်နာစေချင်လို့ နေပြည်တော်အယူခံတင်ခွင့်ပေးခဲ့တာ"

**တက္ကသိုလ်စိန်တင်။** "ညွှန်ချုပ်ကြီးခင်ဗျား။ ကျွန်တော်တို့ **မြန်မာနိုင်ငံက ဘယ်လောက်ချမ်းသာတဲ့နိုင်ငံဖြစ်နေလို့ပါလဲ။ ၂၀၀၈ ခုနှစ်ထုတ် ဂျပန်လုပ်ကားတစ်ပတ်ရစ်ကို သံရည်ကျိုစက်ပို့ပြီး** ကြိတ်ရမယ်ဆိုတာ မသင့်တော်ပါဘူး ခင်ဗျ။ ဆောင်းပါးတစ်စောင်ရေးဖို့ ကောင်းနေပြီ"

**ညွှန်ချုပ်။** "ဟုတ်တယ်လေ။ ဒါကြောင့်လည်း နေပြည်တော်ကို အယူခံတင်ခွင့်ပြုခဲ့တာပါဆရာ"

**ညွှန်ကြားရေးမှူးချုပ်။** "ဒီလိုပါ။ ဒီကိစ္စတွေကို ခဏစောင့်ပေးပါ။ အမှုကမပြီးပြတ်သေးပါဘူး။ ဆရာဆောင်းပါးရေးချင်ရင် အမှုပြီးမှပဲရေးသင့်ပါတယ်။ ဒီမှာ ဆရာ့ Name Card ပါတာပဲ။ ကျွန်တော်ဖုန်းဆက်ပါ့မယ်"

ထိုနေ့က အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံဝင်တွေ့ဆုံခဲ့သောကိစ္စမအောင်မြင်ခဲ့။ ၂၀၀၈ ခုနှစ်ထုတ် ဂျပန်ကားသစ်ကိုသံရည်ကျိုစက်ပို့ကြိတ်ပစ်မည်ဆိုသောကြောင့် ထိတ်လန့်သွားသော တက္ကသိုလ်စိန်တင်ကိုညွှန်ချုပ်ကြီးက ပြုံး၍လက်ဆောင်တစ်ထုပ်ပင်ပေးလိုက်ပါသေးသည်။ တက္ကသိုလ်စိန်တင် အကြိုက်ဆုံး **အမေရိကန်လုပ်** Parker Ball Pen၊ **ဒိုင်ယာရီနှစ်အုပ်နှင့်အတူ အကောက်ခွန်မဂ္ဂဇင်းတစ်အုပ်ပင်ပါသေးသည်။ ကျေးဇူးပါဗျာ။**

ဩော်ထိုနေ့က ဒူးနာနာထမင်းဆာဆာနှင့် အကောက်ခွန်ရုံးအပေါ်ထပ်လှေကားကိုကုန်း၍ တက်ခဲ့သောအဘိုးကြီးအို စာရေးဆရာတက္ကသိုလ်စိန်တင် ကိစ္စမအောင်မြင်၍ ရှုံးနိမ့်ခဲ့ပေမဲ့ ထိပ်တန်းအရာရှိကြီး ဦးထွန်းသိန်း လက်ဆောင်ထုပ်နှင့် ပေးလိုက်သော **သူ့အပြုံးမှာ ကျပ်သိန်းပေါင်းများစွာ တန်ပါပေသည်။** သာဓု သာဓု သာဓုပါ ခင်ဗျား။

## ဆရာမင်းသုန္ဒြ (မန်းတက္ကသိုလ်)

အဆင့်မြင့်လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

ဘဝတစ်သက်တာ၊ ဘယ်အချိန်၊ ရွှေထီးဆောင်းရမလဲ ?

တစ်သက်တာမှာ ကံအထူးတက်ချိန်ခါသုံးကြိမ်မှာဘယ်နှစ်၊ လ၊ ရက်တွေလဲ သိလိုသလား ? ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး များဆောင်ရွက်ပေးသည်။

သင့်-အိမ်ထောင်ဖက်၏ စာရိတ္တ၊ ဇွဲလုံ့လ၊ အတွေးအခေါ် နှင့် အရည်အသွေးကို ဖော်ထုတ်ပေးသည်။

အခန်း (၂) မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်ကြီး၊ (တံတားထိပ်) ရန်ကုန်။

ဖုန်း-၀၉၇၃၂၃၄၆၂၄

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် တိုင်းရင်းသားမျိုးနွယ်စုတစ်ရာကျော်တို့သည် အတူတကွမှီတင်းနေထိုင်လျက်ရှိကြသည်။

ရှမ်းပြည်နယ်ပင်လုံဒေသ၌ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည့် ပင်လုံစာချုပ်သည် မြန်မာနိုင်ငံဗြိတိသျှလက်အောက်မှ ပြန်လည်လွတ်မြောက်ရေးအတွက် အခရာကျသည့်အခြေခံအုတ်မြစ်ဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံကိုပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် ဖွဲ့စည်းထူထောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးစနစ်များပြောင်းလဲခဲ့သော်လည်း ပြည်ထောင်စုစနစ်မှာမူ တစ်စုံတစ်ရာပြောင်းလဲမှုမရှိခဲ့ပေ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ပုဒ်မ ၂တွင် **နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်စေရမည်**ဟူ၍လည်းကောင်း၊ ပုဒ်မ ၈တွင် **နိုင်ငံတော်ကိုပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်**ဟူ၍လည်းကောင်း ပြဋ္ဌာန်းပါရှိပေသည်။ပြည်ထောင်စုဟူသည် တိုင်းရင်းသား လူမျိုးများအနေဖြင့် သုခ၊ ဒုက္ခအတူခံစား ကြ၍ နီးနီးစပ်စပ် အကျိုးခြင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာတစ်မျိုးတစ်စား တည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတစ်စည်းတည်းပေါင်း၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ ပြည်ထောင်စုအတွင်းမှီ တင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကားတို့ကို အလေးထားရမည်ဖြစ်သော်လည်းစင်စစ် အေးအတူ၊ ပူအမျှ၊ ကောင်းတူဆိုးဘက် ပူးပေါင်းလျက်နေလိုသော ဝံသာနုရက္ခိတတရားကိုအခြေခံသည့် စိတ်ဓာတ်ပင်ဖြစ်သည် ဟူ၍လည်းကောင်းအသီးသီးဖွင့်ဆိုထားကြပေသည်။

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများသည် နေထိုင်ရာအရပ်ဒေသ၊ ရေမြေတောတောင်သဘာဝအနေအထားနှင့် ရာသီဥတုတို့အပေါ်မူတည်၍ အသားရောင်၊ ပြောဆိုသည့်ဘာသာစကား၊ နေထိုင်စားသောက်မှု၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာဓလေ့စရိုက်များအထိုက်အလျောက်ကွဲပြားခြားနားနေကြသော်လည်းအမှန်စင်စစ် အာရှတိုက်အလယ်ပိုင်းကုန်းမြေမြင့်ရှိ မွန်ဂိုလူမျိုးများမှဆင်းသက်ပေါက်ဖွားလာကြသည့် သွေးသားရင်းချာတစ်အူထုံ့ဆင်းညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်ကြသည်။ ရေကြည်ရာမြက်နုရာကိုရှာဖွေရင်း တောင်ဘက်သို့ဆင်းသက်လာကြရာမှ မြန်မာနိုင်ငံအတွင်းရောက်ရှိလာကြခြင်းဖြစ်ပေသည်။

မည်သည့်အကြောင်းခြင်းရာများကို အခြေခံ၍ **ပင်လုံစာချုပ်ကြီး**ဖြစ်ပေါ်လာသနည်း။ ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံအားရေရှည်ကျွန်ပြုအုပ်စိုးနိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် ဖြိုခွဲခဲ့ကြပြီး တောင်ပေါ်မြေပြန့်ခွဲခြားအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးခဲ့သည်။ တိုင်းရင်းသားအချင်းချင်းအနေဝေးအောင် လုပ်ဆောင်ခဲ့ကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားစေရန် နိုင်ငံရေးအရဖိနှိပ်မှု၊ စီးပွားရေးအရခြယ်လှယ်မှု၊ စစ်ရေးအရအနိုင်ကျင့်မှုတို့ဖြင့် ဆောင်ရွက်ခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့က မည်ကဲ့သို့ပင်သတ်လျှိုသွေးခွဲခဲ့ကြစေကာမူ၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးရယူလိုစိတ်များကိုပြိုကွဲအောင်ဖြိုခွဲနိုင်ခြင်းမရှိခဲ့ပေ။ သို့တိုင်အောင်နယ်ချဲ့တို့က မြန်မာနိုင်ငံအားလွတ်လပ်ရေးပေးရာတွင် တောင်တန်းဒေသများအားချန်လှပ်ခဲ့ရန် ကြိုးပမ်းခဲ့ကြပြန်သည်။ သို့ရာတွင် မျိုးချစ်အမျိုးသားခေါင်းဆောင်ကြီးများက နယ်ချဲ့တို့၏ အကြံအစည်ကို မနာခံ၊ နိုင်ငံ့လွတ်လပ်ရေးကိုတစ်လုံးတစ်စည်းတည်းရယူရန် ကြိုးပမ်းခဲ့ကြသည်။

**တစ်နှစ်အတွင်းလွတ်လပ်ရေးရစေရမည်**ဟူသော ကြွေးကြော်သံဖြင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့်အဖွဲ့ဘိလပ်သို့သွားရောက်ကာ လွတ်လပ်ရေးအတွက် အရေးဆိုရာတွင် ပဒေသရာဇ်စော်ဘွားအချို့၏ပယောဂကြောင့်ပင်လုံကဲ့သို့သော ညီလာခံတစ်ရပ်ကျင်းပ၍ လွတ်လပ်ရေးကိုတစ်လုံးတစ်စည်းတည်းရယူမည့်ဆုံးဖြတ်ချက်များရယူပေးရန် ဗြိတိသျှတို့ကအကျပ်ကိုင်ခဲ့ကြသည်။

ထို့ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများသည် ပြည်နယ်/ပြည်မအားလုံးပါဝင်သည့် နိုင်ငံလွတ်လပ်ရေးကြီးကို ရယူနိုင်ရန် မြန်မာနိုင်ငံအနှံ့ခရီးဆန့်၍ မနားမနေကြိုးစားခဲ့ကြသည်။ နယ်ချဲ့အင်အားစုများက မည်ကဲ့သို့ပင်သတ်လျှိုသွေးခွဲခဲ့ကြစေကာမူ အမျိုးသားခေါင်းဆောင်ကြီးများ၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ကြိုးပမ်းမှု၊ တိုင်းရင်းသားပြည်သူများ၏ အမျိုးဘာသာ၊ သာသနာ၊ ပညာတည်းဟူသော ဝံသာနုစိတ်ဓာတ်များထွန်းကားလာမှု ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ သဘောထားစေတနာမှန်ကန်မှုတို့ကြောင့် **ပင်လုံစာချုပ်ကြီး**ကို ချုပ်ဆိုကာနိုင်ငံလွတ်လပ်ရေးကို တစ်လုံးတစ်စည်းတည်းရယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

မျက်မှောက်ကာလတွင် **ပင်လုံ**အမွေ၊ **ပင်လုံစိတ်ဓာတ်**ဟူသော အသုံးအနှုန်းကို တွင်ကျယ်စွာပြောဆိုနေကြသည်။ တချို့က အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ပင်လုံကဲ့သို့သောညီလာခံတစ်ရပ်ကျင်းပရန် တင်ပြတောင်းဆိုမှုများပြုနေကြသည်။

**ထွန်းလင်းလတ်**

ပင်လုံစာချုပ်ကြီး၏ အနှစ်သာရကို မှန်ကန်စွာနားလည်သဘောပေါက်လက်ခံကြရန်လွန်စွာအရေးကြီးပေသည်။ အမှန်စင်စစ်ပင်လုံစာချုပ်၏အနှစ်သာရမှာပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်အခြေခံဖြင့်ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကာနိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်နိုင်ငံလွတ်လပ်ရေးကိုပြည်နယ်၊ပြည်မတောင်ပေါ်၊မြေပြန့်မခွဲခြားဘဲတစ်လုံးတစ်စည်းတည်း ရယူကြရန်အဓိဋ္ဌာန်ပြုခဲ့ကြခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့်ဆိုရပါမူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအပေါင်းတို့သည် မကွဲမကွာ၊ မခွဲမခွာထာဝရလက်တွဲနေထိုင်ကြမည်ဟူသော ကောင်းမြတ်သည့် ညွှန်းဆိုချက်တစ်ရပ်သာဖြစ်ပေသည်။ သို့ဖြစ်ရာ **ပင်လုံစိတ်ဓာတ်သို့မဟုတ် ပင်လုံသက်သေဟူသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်သို့မဟုတ် စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်သာဖြစ်ပေသည်။**

ကမ္ဘာ့နိုင်ငံများ၏ ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာကြည့်ပါကလည်းစည်းလုံးညီညွတ်မှု၏ အရေးပါအရာရောက်ပုံကို အထင်အရှားတွေ့ကြရမည်ဖြစ်ပေသည်။ တစ်ချိန်ကဆို ဗီယက်ပြည်ထောင်စုသည် မဟာအင်အားကြီးနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်ခံ့ညားထည်ဝါစွာရပ်တည်နိုင်ခဲ့သည်။ နိုင်ငံတကာ၏ လေးစားမှုအသိအမှတ်ပြုမှုကို ခံယူခဲ့ရသည်။ ကမ္ဘာ့အင်အားချိန်ခွင်လျှာထိန်းညှိရာတွင်အရေးပါသည့်ကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သည်။

သို့ရာတွင် ပြည်ထောင်စုကြီးအတွင်းမှ နိုင်ငံငယ်လေးများအသီးသီးခွဲထွက်ကြပြီးနောက် ယခင်ကရရှိခဲ့သည့်အခွင့်အလမ်းနှင့်အဆင့်အတန်းမှာလျော့ကျခဲ့ရသည်။ ခွဲထွက်သည့်နိုင်ငံများရောအခွဲထွက်ခံဆိုဗီယက်ပြည်ထောင်စုကြီးပါ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ယခင်အခါများကကဲ့သို့ ထိရောက်စွာသယ်ပိုးပေးနိုင်စွမ်းအားမရှိတော့သည့် အနေအထားသို့ရောက်ရှိခဲ့ရသည်။ ယူဂိုဆလားဗီးယားပြည်ထောင်စုသည်လည်း အလားတူဖြစ်ရပ်မျိုးဖြင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။

မြန်မာနိုင်ငံသည်လူဦးရေအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ စစ်အင်အားအရလည်းကောင်းကြီးမားသည့်နိုင်ငံများအလယ်၌ ရပ်တည်နေရသည်ကို သတိချပ်သင့်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀တွင် **နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှမည်သည့်အခါမျှ ခွဲမထွက်ရ**ဟူ၍ ပြဋ္ဌာန်းပါရှိသဖြင့် စိတ်သက်သာရာရမိပေသည်။ ပြည်ထောင်စုကြီး အခိုင်အမာရပ်တည်နိုင်ငံရေးအတွက် အာမခံတစ်ရပ်အဖြစ် ဝမ်းပမ်းတသာကြိုဆိုရမည်သာဖြစ်ပေသည်။ အခြေခံဥပဒေပါ အာမခံချက်များခိုင်မာရေးအတွက် ငြိမ်းချမ်းမှုတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ တိုင်းရင်းသားအားလုံးခိုင်ခိုင်မာမာလက်တွဲဆောင်ရွက်ကြရန် လိုအပ်လှပေသည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့် နယ်ပယ်အသီးသီးတွင် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို ဖော်ဆောင်ကာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးကို ဦးတည်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ယင်းသို့ဖော်ဆောင်ရာတွင် အောင်မြင်ဖြစ်ထွန်းမှုများကို အတိုင်းအတာတစ်ခုအထိ ရရှိနေသော်လည်း စိန်ခေါ်မှုများနှင့်လည်း တွေ့ကြုံရင်ဆိုင်နေကြရသည်။

အချို့က ဒီမိုကရေစီစနစ်၏ သဘောသဘာဝအရလွတ်လပ်စွာ သဘောကွဲလွဲပိုင်ခွင့်ရှိကြောင်းနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် ပွတ်တိုက်မှုများရှိသည်မှာ သဘာဝကျသည်ဟုပြောဆိုကြသည်။ ထိပ်တိုက်ရင်ဆိုင်မှုနှင့် ပွတ်တိုက်မှုများလွန်ကဲပါက အန္တရာယ်ဇုန်သို့ ရောက်ရှိသွားနိုင်သည်ကိုလည်း သတိမူသင့်ပေသည်။ ဒီမိုကရေစီ၏အနှစ်သာရနှင့် အညီအများစုသည်အနည်းစု၏ သဘောထားနှင့်ဆန္ဒများကို လေးစားတန်ဖိုးထားပြီး အနည်းစုသည်အများစု၏ ဆန္ဒနှင့်အညီ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက သဘောထားကွဲလွဲမှုနှင့်ပွတ်တိုက်မှုများ လျော့နည်းသွားလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိသည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာများရယူကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို မှန်ကန်ထိရောက်စွာဖော်ဆောင်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများဖြင့်ပါဝင်ဖွဲ့စည်းထားသည့် **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး**တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် အစဉ်ထာဝရလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။



The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# ပြည်သူတွေလက်လှမ်းမီတဲ့ သယံဇာတဆိုသည်မှာ

**ဒေါက်တာထွန်းဝင်း**



ဒီမိုကရေစီခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်းရှေ့သို့လှမ်းနိုင်အောင်ကြိုးစားနေရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှာ ဒီမိုကရေစီအရေးကြီးပမ်းသူခေါင်းဆောင်တစ်ဦးက ပြောတာကတော့ မိမိနိုင်ငံကထွက်တဲ့ သယံဇာတတွေနဲ့ပတ်သက်ပြီး နိုင်ငံသားတွေအကျိုးခံစားရအောင်အချိန်ယူရှုန်းကန်ရဦးမယ်လို့ပြောဆိုကြောင်း သိရပါတယ်။

အချိန်ယူရှုန်းကန်ကြိုးစားပြီးတော့ သယံဇာတရဲ့ရလဒ်တွေကို နိုင်ငံသားတွေ အပြည့်အဝခံစားရအောင်ကြိုးစားရမယ်ဆိုတဲ့စကားကိုတော့ ဒီလိုမလုပ်သင့်ဘူးလို့ ငြင်းကြမယ့်လူသိပ်ပြီးရှိမှာမဟုတ်ဘူးလို့ထင်ပါတယ်။ တကယ်လို့ငြင်းမယ်ဆိုရင် မိမိနိုင်ငံကထွက်တဲ့ပစ္စည်းကိုတိုင်းတစ်ပါးကိုအကျိုးခံစားပါစေလို့ပြောသလိုဖြစ်တော့မှာပါ။

သို့သော်ဒီလိုဖြစ်လာဖို့ အချိန်ယူရဦးမယ်ဆိုတဲ့ကိစ္စကလည်း ရှိနေပါသေးတယ်။ ဒီတော့အဲဒီလိုအချိန်ယူနေရင်းနဲ့ အသက်ကြီးပြီးလူကြီးရောဂါနဲ့အနိစ္စရောက်ကုန်ကြမယ့် နိုင်ငံသားတွေလည်းရှိမှာပါ။

ဒီတော့သူတို့မသေခင်သယံဇာတအကျိုးခံစားသင့်သလောက်ခံစားနိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ဤဆောင်းပါးကို ရေးသားတင်ဆက်လိုက်ရပါတော့တယ်။

ဤဆောင်းပါးရဲ့ခေါင်းစဉ်က ပြည်သူတွေလက်လှမ်းမီတဲ့ သယံဇာတရယ်လို့ နာမည်ပေးထားတဲ့အတွက် ပြည်သူတွေလက်လှမ်းမမီတဲ့သယံဇာတဆိုတာကလည်း ရှိချင်ရှိနေဦးမှာပါ။ ဥပမာပေးရရင် မြန်မာဘုရင်လက်ထက်က ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီက မြန်မာနိုင်ငံကကျွန်းသစ်တွေအများကြီးကို စည်းကမ်းသတ်မှတ်ချက်ထက်ကျော်လွန်ကာ ခုတ်ယူသွားခဲ့တယ်။ ဒီတော့မြန်မာကနစ်နာပြီးဗြိတိသျှလက်အောက်ခံသစ်ကုမ္ပဏီက အကျိုးရှိခဲ့ပါတယ်။ အဲဒါတွေကို ပြန်ရအောင် မြန်မာတွေရုန်းကန်ရဖို့ဆိုတာလည်း တော်တော်ခက်တဲ့ကိစ္စဖြစ်နေပါတယ်။

ဒီတော့ခက်တဲ့ကိစ္စကို အသာခဏထားပြီး လွယ်တဲ့ကိစ္စကိုအရင်လုပ်ကြည့်လို့ရနိုင်ပါတယ်။ အဲဒါကတော့ ပြည်သူတွေရယူလို့ရတဲ့ သယံဇာတဟာ ပြည်သူတွေ လက်လှမ်းမှီတဲ့သယံဇာတပဲဖြစ်ပါတော့တယ်။ သယံဇာတဆိုတာကို ယေဘူယျအားဖြင့် (၂)မျိုးခွဲခြားလိုပါတယ်။ သယံဇာတဆိုတာအရင်းအမြစ်ပါ။ လူသားအရင်းအမြစ်သယံဇာတနဲ့သဘာဝသယံဇာတတို့ပဲဖြစ်ပါတယ်။ လူသားအရင်းအမြစ်သယံဇာတဆိုတာကတော့ နိုင်ငံသားတွေပဲဖြစ်ပြီး သဘာဝသယံဇာတဆိုတာကတော့ ကျွန်းသစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ စတာတွေပဲဖြစ်ပါတယ်။

ပြည်သူတွေလက်လှမ်းမီတဲ့ သယံဇာတတစ်ခုကို ဥပမာပေးရရင်တော့ ကျွန်တော့်ကိုယ်ကျွန်တော်ပဲဥပမာပေးရတော့မှာပါ။ ဥပမာကျွန်တော်ဒေါက်တာထွန်းဝင်းဟာ ဆရာဝန်တစ်ယောက်ပါ။ ကျေးလက်ဒေသတွေမှာအထွေထွေရောဂါကုဆေးခန်းဖွင့်ခဲ့ဖူးပါတယ်။ ဒီတော့ ရွာသားတွေက ဆရာဝန်ဆီကိုလာရတာလွယ်ပါတယ်။ လူသားအရင်းအမြစ်သယံဇာတကိုလက်လှမ်းမီတယ်လို့ခေါ်တာပေါ့။ ဒါပေမဲ့တချို့က ဆရာဝန်ကို မသုံးဘူး။ ဒေါက်တာရမ်းကုနဲ့ကုကြပါတယ်။ ဒီတော့မသေသင့်တဲ့လူနာတွေ သေကုန်ပါတယ်။ တချို့ဆိုရင်မြွေကိုက်တာကိုတောင် ဆရာဝန်ဆီချက်ချင်းမလာဘဲ ဗေဒင်ဆရာဆီအရင်သွားပြီးဆရာဝန်ဆီ သွားရန်သင့်မသင့်တိုင်ပင်ကြပါသေးတယ်။ တကယ်လို့ကျေးလက်ဒေသလူနာနဲ့ လူနာရှင်တွေကဒေါက်တာရမ်းကုတွေနဲ့ အဆက်ပြတ်ပြီး ဆရာဝန်တွေဆီကိုလာရင် သယံဇာတကိုလက်လှမ်းမီပါပြီ။ ကျွန်းသစ်တွေ၊ နိုင်ငံခြားရောက်သွားတာနဲ့စာရင် လူတွေဒေါက်တာရမ်းကုကြောင့် ဘဝတစ်ပါးရောက်သွားတာပိုပြီး နှမြောစရာမကောင်းဘူးလားရယ်လို့တွေးတောဆင်ခြင်သင့်လှပါတယ်။

နောက်တစ်ခုအသိဉာဏ်အရင်းအမြစ်တွေပါ။ အသိတရားတွေကို ရေးသားထားတဲ့အရာကတော့ စာအုပ်၊ စာပေတွေပဲဖြစ်ပါတယ်။ ဒါကြောင့်စာအုပ်၊ စာပေလှူမိတ်ဆွေရယ်လို့တောင်စာဖွဲ့ရပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ စာဖတ်နှုန်းကနည်းတယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လုံးချင်းစာအုပ်တစ်အုပ်ထုတ်ရင် အရေအတွက်က အုပ်ရေတစ်ထောင်လောက်ထုတ်လေ့ရှိကြတာဆိုတော့ အုပ်ရေသန်းချီပြီးထုတ်ရတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေနဲ့စာရင် စာဖတ်အားနည်းပါတယ်။ တကယ်လို့စာဖတ်ကြမယ်ဆိုရင် အသိဉာဏ်အရင်းအမြစ်တွေကိုလက်လှမ်းမီပါပြီ။

နောက်တစ်ခုတင်ပြစရာရှိတာက လက်လှမ်းမီတဲ့သယံဇာတကို သုံးပြန်ရင်လည်း ထိရောက်မှုရှိအောင်သယံဇာတပြုန်းတီးမှုမရှိအောင်စည်းကမ်းတကျနဲ့ သုံးရန်လိုအပ်လှပါတယ်။ ဥပမာရန်ကုန်မြို့က တိုက်ကြီးတွေမှာမြေအောက်ရေအရင်းအမြစ်ကိုလက်လှမ်းမီလွန်းလှပါတယ်။ ကျေးလက်ဒေသအချို့မှာရေအရင်းအမြစ်ကိုလက်လှမ်းမီချင်ရင် မိန်းကလေးတွေက ရေအိုးကိုယ်စီရွက်ပြီးတော့ တစ်မိုင်လောက်ဝေးတဲ့ ချောင်းရေကိုသွားခပ်ရတာမျိုးရှိပါတယ်။ မြို့ကြီးတွေမှာတော့ မြေအောက်အဝီစိတွင်းထဲကရေကို လျှပ်စစ်မော်တာနဲ့စုပ်တင်ရန်ကိစ္စအတွက် မော်တာခလုတ်ကို လက်ညှိုးလေးနဲ့ချောက်လို့အသံမြည်အောင် ခလုတ်ဖွင့်ရုံပါပဲ။ လုံးဝမပင်ပန်းပါဘူး။ မြေအောက်ရေကမော်တာပန့်ရဲ့ပင့်တင်အားကြောင့် ရေလှောင်ကန်ရေပြည့်သွားတဲ့အခါ လက်ညှိုးကလေးနဲ့ပင်ပင်ပန်းပန်းမဟုတ်ဘဲ မော်တာခလုတ်ကို ချောက်လို့အသံမြည်အောင် ပြန်ပိတ်ရပါတယ်။

ကျွန်တော်မြင်ဖူးတဲ့အဖြစ်အပျက်တစ်ခုကတော့ အဲဒီလိုပိတ်ဖို့မေ့နေလို့လား။ ပင်ပန်းလို့လားမသိပါဘူး။ ခလုတ်မပိတ်တော့ အဖိုးတန်တဲ့အဝီစိတွင်းရေတွေဟာ လျှံပြီးလမ်းမပေါ်တို့၊ တိုက်ရဲ့နောက်ဖေးလမ်းကြားတို့ကို ရေလှောင်ကန်ရဲ့ရေလျှံပေါက်ကနေတစ်ဆင့် လျှံကျကုန်ပြီး အဟောသိကံဖြစ်ကုန်ကြပါတော့တယ်။ ဒီတော့ အဝီစိတွင်းရေတွေ မလိုအပ်ဘဲပြုန်းတီးကုန်ပါတော့တယ်။ အဲဒါသယံဇာတပြုန်းတီးတာပါပဲ။

အဲဒီလိုရေအရင်းအမြစ်ကိုမပြုန်းတီးအောင်မပင်ပန်းဘဲလက်ညှိုးလေးနဲ့မော်တာခလုတ်ကိုပိတ်ဖို့ခက်ခဲနေရင်တရားမဝင် ခုတ်လှဲထားတဲ့သစ်လုံးတစ်လုံးတိုင်းတစ် ပါးကိုရောက်မသွားဖို့ဘယ်လိုကာကွယ် မလဲဆိုတာမေးခွန်းထုတ်စရာပါ။

**တိုင်းတစ်ပါးကလာရောက်ယူငင်လို့ရတဲ့သယံဇာတအမျိုးအစားများ**

ရာဇဝင်မှာပြန်ကြည့်မယ်ဆိုရင်ရှေ့အခါကအင်အားကြီးတဲ့နိုင်ငံကအင်အားသေးငယ်တဲ့ နိုင်ငံကိုစစ်မက်ဖြစ်ပွားအနိုင်ယူပြီးရင်စစ်ရှုံးနိုင်ငံကသယံဇာတတွေကို ယူငင်လေ့ရှိပါတယ်။ ဥပမာအင်္ဂလိပ်ခေတ်က အင်္ဂလိပ်ကမြန်မာနိုင်ငံကသယံဇာတတွေကိုယူဆောင်ဖူးသလို အိန္ဒိယနိုင်ငံကနိုအီနောအမည်ရှိ အလွန်ကြီးမားတဲ့ စိန်တုံးကြီးကိုသယ်သွားဖူးပါတယ်။ မြန်မာနိုင်ငံကပတ္တမြားမော်ကိုလည်း အင်္ဂလိပ်ကယူသွားခဲ့ပါသေးတယ်။ ဒါတွေကိုမလုပ်ပါနဲ့လို့ဘယ်လိုသွားတားမလဲ။ အဲဒီခေတ်တုန်းက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဆိုတာမပေါ်သေးပါဘူး။ ကုလသမဂ္ဂပေါ်ပေါက်နေပြီဆိုရင်ရော အဲဒီအဖွဲ့ကြီးကတားဆီးနိုင်မှာတဲ့လားဆိုတာ မေးခွန်းထုတ်စရာပါ။

**တိုင်းတစ်ပါးကလာရောက်ယူငင်လို့မရတဲ့သယံဇာတအမျိုးအစား**

အကယ်၍စင်ကာပူလိုနိုင်ငံငယ်လေးမျိုးထံကအင်အားကြီးနိုင်ငံတစ်ခုခုက သယံဇာတတွေလိုချင်တယ်။ စင်္ကာပူမှာ ရေနံ၊ကျွန်းသစ်၊သဘာဝဓာတ်ငွေ့တွေ လိုက်ရှာမယ်ဆိုရင်တော့ ဘာမှရမှာမဟုတ်ပါဘူး။ စင်ကာပူမှာသဘာဝသယံဇာတဘာမှမရှိဘဲ လူသားသယံဇာတပဲရှိပါတယ်။ ဒါပေမဲ့အဲဒီလူသားတွေမှာနည်းပညာ၊ ဉာဏ်ပညာတွေရှိလို့ သူတို့ချမ်းသာကြပါတယ်။ စင်ကာပူနိုင်ငံသားတို့ရဲ့ ဉာဏ်ပညာကိုတိုင်းတစ်ပါးကလာယူလို့မရပါဘူး။ ပညာရှေ့အိုးလူမခိုးဆိုတဲ့စကားပုံဟာ ဒီနေရာမျိုးမှာအသုံးပြုဖို့ရန်ဆီလျော်တယ်လို့ထင်မိပါတယ်။

မိမိတို့ရဲ့ဉာဏ်ပညာကိုနိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အသုံးတည့်ဝင်ရန်စနစ်တကျအသုံးချရမှာဖြစ်ပါတယ်။သဘာဝသယံဇာတတွေမှာလည်း စဉ်းစားကြည့်မယ်ဆိုရင်တိုင်းတစ်ပါးက လာပြီးယူလို့မရတဲ့သယံဇာတတွေ အများကြီးရှိပါတယ်။ ဥပမာနေရောင်ခြည်ရဲ့စွမ်းအင်ဆိုပါစို့။ နေရောင်ခြည်ကနေပြီးတော့လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပါတယ်။

နိုင်ငံတစ်ခုပေါ်ကိုကျရောက်တဲ့နေရောင်ခြည်ကိုတခြားနိုင်ငံကဘယ်လိုလုပ်ပြီးလာယူလို့ရမှာလဲ။ လုံးဝလာမယူကြပါဘူး။ မိမိတို့ကမိမိတို့အပေါ်ကျရောက်တဲ့နေရောင်ခြည်ကိုစနစ်တကျအသုံးချရန်လိုပါတယ်။

တစ်ဖန်တချို့ပညာရှင်တွေကအကြံပေးပြီးလက်တွေ့သရုပ်ဖော်ပြသဖူးတာကတော့ ကျေးလက်ဒေသတွေမှာနောက်ချေးကနေဓာတ်ငွေ့ထုတ်ပြီး ဒီဓာတ်ငွေ့နဲ့ အလင်းရောင်ပေးလို့ရတယ်။ မီးဖိုချောင်မှာအဲဒီဓာတ်ငွေ့ကိုမီးရှို့ပြီး ဟင်း၊ ထမင်းချက်လို့ရတယ်။ သို့သော် တချို့လူသားတွေကနွားချေးကနေထုတ်တဲ့အပူစွမ်းအင်နဲ့ထမင်းချက်ရမယ်ဆိုတော့ ရှိတယ်၊ မချက်ဘူး၊ ထင်းနဲ့ပဲချက်မယ်လို့ပြောပါတယ်။ တကယ်လို့မီးဖိုချောင်မှာဒီနည်းကိုသုံးရင် နွားချေးသယံဇာတကိုလက်လှမ်းမီပါပြီ။ သို့သော်ဒါကိုလက်မခံတော့လက်လှမ်းမီလျက်သားနဲ့မမီသလိုဖြစ်သွားပါတော့တယ်။ ဒါပေမဲ့စဉ်းစားသင့်တာက နွားချေးမြေသြဇာနဲ့စပါးစိုက်ပြီးအဲဒီစပါးကထမင်းဖြစ်လာတော့၊ ဩော်နွားချေးကနေဖြစ်လာတဲ့ဆန်ပါလားလို့မတွေးတော့ဘဲစားကြပြန်ပါတယ်။

တကယ်တော့ သေသေချာချာလေ့လာမယ်ဆိုရင် ပြည်သူတွေနဲ့လက်တစ်ကမ်းအရာမှာရှိတဲ့ သယံဇာတတွေအများကြီးရှိပါတယ်။ နိုင်ငံတစ်နိုင်မှာရှိတဲ့အဖိုးအတန်ဆုံးသယံဇာတဟာဘာလဲဆိုရင်နိုင်ငံသားတို့ရဲ့ဉာဏ်ပညာပဲဖြစ်ပါတော့တယ်။


နာမည်ကျော် ရှမ်းဆရာထိပ်ခေါင်ခံ
ကောင်းကင်ဂြိုလ်၊ လက္ခဏာသမထအာရုံမနောစွမ်းအားပညာ
စိတ်တိုက်၊ မနောတိုက် မဟာဗိန္ဒုဗေဒင်
စီးပွားစိတ်ညစ်နေလား၊ (အိမ်ထောင်ရေး၊ အချစ်ရေးအထူး) ဇနီး၊ ခင်ပွန်းအချစ်ရေးကြောင့်အစက်ကြုံနေလား၊ ခင်ပွန်းအချစ် မြဲနေစေဖို့ ဇနီး–ခင်ပွန်း အချစ်များစွာ စိုင်မြဲရအောင် လင်သားမိမိအပေါ် အလိုလိုက် ချစ်နေစေရန်၊ ဇနီး၊ ခင်ပွန်း၊ ချစ်သူများ စိုင်မြဲသောမေတ္တာတည်ဆောက်ကြရန်၊ ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနည်မည်ပေးခြင်း၊ တိုက်စမ်း၊ အိမ်စမ်း၊ မြေ၊ ကား အမြန်ရောင်းထွက်ဖို့ ဓာတ်စွဲ၊ နတ်စွဲ၊ သိုက်စွဲကြောင့် အစက်အခဲကြုံနေသလား။ ထိပေါက်ကိန်း ရှိ/မရှိ။ 09-73120453, 09-73072366
ကောင်းဆိုးအဖြစ်မှန်ကို ပွင့်လင်းစွာဟောမည်။ (လျှို့ဝှက်နက်နဲသော ပညာများစွာဖြင့်)
တိုက်အမှတ် (21) ခု–ထပ်၊ ထီးတန်း(၃)လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ နေ့စဉ် နံနက် ၉ နာရီမှ ၄နာရီအတွင်း
လမ်းညွှန်– ရန်ကုန်–ဟံသာဝတီသွားကား၊ (၃၃၊ ၃၄၊ ၉၄၊ ၂၁၃၊ ၂၁၀)စီးပြီး ကျောင်းရှေ့မှတ်တိုင်ဆင်း၊ တော်ဝင်လမ်းမှ ဆိုက်ကားဖြင့်လာပါ။

၂၀၁၀ ရွေးကောက်ပွဲအလွန်ကာလ နှင့် ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီမြန်မာ နိုင်ငံရေးအခင်းအကျင်းများ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ အသစ်ရေး ဆွဲခြင်းကိစ္စရပ်များနှင့် ပတ်သက်၍ ဟံသာဝတီဦးဝင်းတင်အားတွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

# NLD မှာလည်း သာကူးတွေရှိတယ် သူခိုးတွေလည်း ရှိမှာပေါ့

ညီညီအောင်၊အာကာပိုလ်



**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဘယ်လိုမြင်ပါသလဲ။**

စစ်တပ်ကဆွဲသွားတဲ့ဥပဒေဖြစ်တယ်။ စစ်တပ်က ဖန်တီးတာပေါ့။ စစ်တပ်ရဲ့ အစီအမံတွေပဲ။ ဒါမှ သူတို့ရဲ့ အာဏာ မြဲနိုင်မယ်။ သူတို့ရဲ့ အကျိုးစီးပွားတွေကို ကာကွယ်နိုင်မယ်။ သူတို့ရဲ့ ရာဇဝတ်မှုတွေကို ကာကွယ်နိုင်မယ်။ ၂၀၁၀ ရွေးကောက်ပွဲဟာလည်း စစ်တပ်ရဲ့ နိုင်ငံ ရေးအလှည့်အပြောင်း တစ်ခုပဲ။ ဒီနိုင်ငံရေးအလှည့်အပြောင်းတွေဟာလည်းစစ်တပ်ရဲ့ အစီအမံတွေဖြစ်တယ်။

**၂၀၁၀ရွေးကောက်ပွဲအလွန်တပ်မတော်ရဲ့ နိုင်ငံရေးပါဝင်မှု အခန်းကဏ္ဍအပေါ် ဘယ်လိုမြင်ပါသလဲ။**

၂၀၁၀ ရွေးကောက်ပွဲကနေ ၂၀၁၅ ခုနှစ်အထိကိုပြောရမယ်ဆိုရင်တက်လာတဲ့ အစိုးရကို စစ်အစိုးရလို့ပဲ မြင်တယ်။ ဦးသိန်းစိန်ဆိုတဲ့ လူဟာ အရင်တုန်းက စစ်ကောင်စီရဲ့ အတွင်းရေးမှူး(၁) လုပ်ခဲ့တယ်။ အခြေခံဥပဒေကို ရေးဆွဲတဲ့ အမျိုးသားညီလာခံမှာလည်း သူကဥက္ကဋ္ဌ လုပ်ခဲ့တာ။ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရဆိုတာဟာ ရှင်းရှင်းပြောရရင် ရပ်သား အစိုးရလို့ပဲခေါ်ခေါ် ကျုပ်တို့ကတော့ စစ်တစ်ပိုင်းအစိုးရလို့ပဲ ယူဆတယ်။ စစ်တပ်ကနေ ယူနီဖောင်းလဲပြီး ခေါင်းပေါင်း ပေါင်းတာပဲ ကွာတယ်။ အုပ်ချုပ်ရေးပိုင်းနှင့် လွှတ်တော်ပိုင်းမှာလည်း စစ်ဗိုလ်တွေချည်းပဲ။ လွှတ်တော်ထဲမှာကြီးစိုးနေတဲ့ ဦးရွှေမန်းဟာစစ်တပ်ကလာတာပဲ။ ဦးခင်အောင်မြင့်ဟာလည်း စစ်တပ်က လာတာပဲ။ ရွေးကောက်ပွဲ လုပ်ပြီး အမတ်တွေဖြစ်လာတဲ့ ဒီလူတွေဟာလည်း ကြံ့ဖွံ့အကုန်လုံးလိုလိုဟာ စစ်ဗိုလ်ဟောင်းတွေပဲ။ သူတို့ပဲ ကြီးစိုးနေတာ။ တိုင်းပြည်အုပ်ချုပ်နေတဲ့ အုပ်ချုပ်ရေးယန္တရားဟာ အရပ်သားအစိုးရလို့ပဲ ခေါ်ချင်ရာခေါ်လုံးဝမဟုတ်ဘူး။ ပြည်ထဲရေး၊ကာကွယ်ရေးနဲ့နယ်စပ်ဒေသအုပ်ချုပ်ရေး ဝန်ကြီးသုံးပါးကို အပိုင်ကိုင်ထားတယ်။ ၂၀၁၀ ရွေးကောက်ပွဲကနေ ၂၀၁၅ ရောက်တော့မယ်။ ဒီကာလတစ်လျှောက်လုံးမှာ အရပ်သားအစိုးရဆိုပြီး ခေါ်လို့ရတဲ့ လက္ခဏာတစ်ခုမှ မရှိဘူး။ လက်ရှိအချိန်ထိ စစ်တပ်က အုပ်စိုးနေတုန်းပဲ။ ယူနီဖောင်းချိန်းတာက အိုနာကျိုးကန်းတွေပဲ ချိန်းတာ။

**အခြေခံဥပဒေအသစ်ရေးဆွဲခြင်းနဲ့ ပြင်ဆင်ခြင်းအပေါ်ဘယ်လိုမြင်ပါသလဲ။**

အခြေခံဥပဒေနဲ့ပတ်သက်လို့ကတော့ စစ်တပ်ကစိတ်ကြိုက်ဆွဲထားတာဖြစ်တယ်။ အာဏာကို ကာကွယ်ဖို့ ဒီအခြေခံဥပဒေကို ရေးဆွဲထားတာလေ။ ကျုပ်ထောင်က ထွက်လာတဲ့နေ့မှာပဲပြောခဲ့တယ်။ မြန်မာတစ်ပြည်လုံး ထောင်ကျနေတယ်။ နိုင်ငံရေးအကျဉ်းသားတွေလည်း ထောင်ထဲမှာ ရှိသေးတယ်။ ဘာကြောင့်မြန်မာပြည်တစ်ပြည်လုံးထောင်ကျနေလဲဆိုတော့ ဒီအခြေခံဥပဒေကြောင့်ပဲ။ ဗိုလ်စိန်မှုန်အားကစားကွင်းအခြေခံဥပဒေပွဲမှာလည်း အသစ်ရေးဆွဲရေးကို ကျုပ်ထောက်ခံခဲ့တယ်။ ပြင်ဆင်ရေးပိုင်းမှာလည်း ဘယ်လိုပြင်ဆင်မှာလဲ။ နည်းနည်းလေးပဲ ပြင်မှာလား။ ပြင်တဲ့နေရာမှာလည်း အနု၊ အရင့်ရှိသေးတယ်။ အရေးကြီးတဲ့အချက်တွေမပြင်ဘဲ ပါးပါးလေးတွေပြင်နေရင် ဘာလုပ်မှာလဲ။ ကျုပ်ကတော့ အသစ်ရေးဆွဲတာကို သဘောတူတယ်။ ဒီအခြေခံဥပဒေဟာ တရားမျှတမှုလုံးဝမရှိဘူး။ ၂၀၁၅ ရွေးကောက်ပွဲမှာ တရားမျှတမှု ရှိမလား။ လွတ်လပ်မှု ရှိမလား စဉ်းစားရမယ်။ လွတ်လပ်မှုတော့ရှိကောင်းရှိမယ်။ တရားမျှတမှုတော့ ရှိချင်မှရှိမယ်။ အခြေခံဥပဒေရဲ့ အကျိုးသက်ရောက်မှုဟာ ပြည်သူတွေရဲ့ ဘဝတွေနဲ့ သက်ဆိုင်တယ်။

**အရပ်သားအစိုးရအဖြစ် ဦးသိန်းစိန် တက်လာတဲ့ အချိန်ကစပြီး ယခုအချိန်ထိနိုင်ငံရေးလွတ်လပ်ခွင့်ပီပီပြင်ပြင်ရလာပြီလို့မြင်ပါသလား။**

နိုင်ငံရေးအခြေအနေဆိုတာ စီးပွားရေး၊ မီဒီယာ၊ နိုင်ငံရေးပီပီပြင်ပြင်ဘာလွတ်လပ်ခွင့်မှ မရှိသေးဘူး။ တစ်ခုမှ မရသေးဘူး။ မီဒီယာရော၊ စီးပွားရေးရော၊ နိုင်ငံရေးရောအားလုံးဘာမှပီပီပြင်ပြင်မရသေးဘူး။

**သမ္မတဦးသိန်းစိန် အစိုးရနဲ့ လွှတ်တော်နှစ်ရပ်အပေါ်ဘယ်လိုမြင်ပါသလဲ။**

နှစ်ယောက်စလုံးကစစ်ဗိုလ်ကလာတယ်။ ဒီမှာကကွန်ဖလစ်ရှိတယ်။ ပါတီကို ကြည့်တဲ့အခါမှာလည်း သိန်းစိန်ကပထမဥက္ကဋ္ဌ။ ဥပဒေအရ ရွှေမန်းကတက်လာပြီ။ ပါတီထဲမှာ လာမယ့်ရွေးကောက်ပွဲလုပ်ရင် ပါတီကပဲ ရွေးမယ်ဆိုတဲ့စကားက ပေါ်လာတယ်။ တပ်နဲ့လည်း ကွန်ဖလစ်ရှိတယ်။ ပါတီမှာလည်းရှိတယ်။ ပုဂ္ဂိုလ်ရေးလည်းရှိမှာပေါ့။

**၂၀၁၅ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သမ္မတဖြစ်လာမယ်လို့ မြင်ပါသလား။**

မဖြစ်ပါဘူး။ ဖြစ်မှာမဟုတ်ပါဘူး။ အခုကရှင်းနေပြီလေ။ ၅၉ (စ) တို့ဘာတို့ မပြင်နိုင်ဘူးဆိုကတည်းက ရှင်းနေပြီလေ။ NLD က ရွေးကောက်ပွဲအနေအထားအရ ကြည့်မယ်ဆိုရင်အောက်လွှတ်တော်မှာနိုင်နိုင်တယ်။ ပြည်သူ့လွှတ်တော်မှာ မဲရနိုင်တယ်။ သူတို့လိုလူ ၁၀၀၊ ၂၀၀ နဲ့လုပ်ပြီး ဗဟိုကော်မတီဖွဲ့တာမဟုတ်ဘူး။ NLD ကညီလာခံတွေလုပ်ထားတဲ့ပါတီ။ NLD မှာ ရပ်/ ကျေးပေါင်း ၆ သောင်းနီးပါးရှိတယ်။ ရပ်/ ကျေးတွေမှာအကျန်လည်းရှိတယ်။ NLD ထဲမှာစုတ်ပြတ်သတ်နေတာလည်းရှိတယ်။ အချောင်သမားတွေဝင်လာတယ်။ ကြံ့ဖွံ့ထဲကလည်းဝင်လာတယ်။ ဘယ်လောက်ပဲရှိရှိပါ။ သူတို့လိုအပိုင်စီးပြီးတော့ ဒီရွာကကြံ့ဖွံ့ရွာတို့၊ ကြံ့ဖွံ့လမ်းတို့ဆိုတာ မျိုးပြောတာ မရှိဘူး။ NLD မှာလည်း သာကူးတွေရှိတယ်။ သူခိုးတွေလည်း ရှိမှာပေါ့။ ဘာပဲ ပြောပြော NLD က အောက်ခြေကတက်လာတဲ့လူတွေနဲ့ ဖွဲ့စည်းထားတာလေ။ ဒေါ်အောင်ဆန်းစုကြည်ကိုတော့ ဒုတိယသမ္မတလောင်း တင်နိုင်မယ်။ အထက်လွှတ်တော်ကတော့ သိပ်မသေချာဘူး။ သို့သော် ဒုတိယသမ္မတလောင်း အရည်အချင်းနဲ့ သမ္မတအရည်အချင်းအတူတူပဲ။ ဒီတော့ဒုတိယသမ္မတလောင်းတောင်မဖြစ်နိုင်ဘူး။ ၅၉(စ)ကို မပြင်ပေးရင်ပေါ့။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေး မဖြစ်ရေး အရေးမကြီးဘူး။ အရေးကြီးတာက တိုင်းပြည်ကြီးကို ပြင်ဖို့ပြောင်းဖို့။ အုပ်ချုပ်ရေးကတော့ NLD အာဏာရှိတဲ့ အုပ်ချုပ်ရေးကို ထူထောင်နိုင်မလားပေါ့။

**၂၀၁၅ ရွေးကောက်ပွဲမှာလွှတ်တော်ထဲသွားအိပ်နေတဲ့လွှတ်တော်ကိုယ်စားလှယ်တွေမဟုတ်ဘဲ တိုင်းပြည်အကျိုးကိုတကယ်သယ်ပိုးနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပေါ်ပေါက်လာဖို့ကိုရောအဘအနေနဲ့ ဘာများပြောချင်ပါသလဲ။**

လွှတ်တော်ကလည်းဘာမှလုပ်စရာမှမရှိတာစကားကြီးပဲထိုင်ပြောနေတော့ အိပ်ငိုက်ရင်လည်း ငိုက်မှာပေါ့။ လူငယ်တွေကိုဖြစ်စေချင်တယ်။ တကယ်လုပ်ချင်ကိုင်ချင်တဲ့လူပေါ့။ ဖိမ်ခံနေတဲ့လူတွေအသက်ကြီးတဲ့ကောင်ကြီးတွေလွှတ်တော်ထဲသွားနေရင်တော့ငိုက်မှာပဲ။

**ဖွဲ့စည်းပုံပြင်ဆင်တဲ့နေရာမှာထိရောက်တဲ့ ပြင်ဆင်မှုမျိုးမရှိရင် NLD အနေနဲ့ ရွေးကောက်ပွဲဝင်မှာပါလား။**

NLD က ၂၀၁၀ မှာလည်းသပိတ်မှောက်ခဲ့ပြီးပြီ။ ဦးသိန်းစိန်အစိုးရတက်လာပြီးညှိနှိုင်းတော့မှကြားဖြတ်ရွေးကောက်ပွဲကိုဝင်ခဲ့တာ။ ၂၀၀၉ ခုနှစ် ရွှေဂုံတိုင်ကြေညာစာတမ်းထုတ်တဲ့ဗဟိုကော်မတီအစည်းအဝေးနဲ့ ၂၀၁၀ မတ်လ ၂၉ ရက်နေ့မှာလုပ်တဲ့ရွေးကောက်ပွဲဥပဒေအရ မှတ်ပုံတင်ရေးမတင်ရေးဒီပြဿနာ ၂ ခုရှိခဲ့တယ်။ အဲဒီတုန်းကအခြေခံဥပဒေပြင်ပေးရင်ရွေးကောက်ပွဲဝင်မယ်လို့ဆုံးဖြတ်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှာ လွတ်လာတယ်။ ဦးသိန်းစိန်တို့နဲ့တွေ့တယ်။ NLD လိုပါတီကြီးပြင်ပရောက်နေရင် တစ်နေ့သူပုန်ထရင်လည်း ထမယ်ဆိုပြီး သိမ်းသွင်းတယ်။ ဒေါ်အောင်ဆန်းစုကြည်ကနိုင်ငံရေးကိုနိုင်ငံနည်းနဲ့ပဲဖြေရှင်းမယ်ပေါ့။ ရွေးကောက်ပွဲကို NLD က နိုင်ခဲ့ဖူးတယ်လေ။ နိုင်ပြီးအာဏာမရတာလည်းကြုံဖူးတယ်။ အခြေခံဥပဒေမပြင်ရင်ရွေးကောက်ပွဲမဝင်ဘူးဆိုတဲ့သဘောထားပါတီထဲမှာ ၂၀၁၀ တုန်းကရှိတယ်။ ၅၉ (စ)တို့ကိုတစည်းကလက်မခံဘူး။ အဲဒီလိုဆိုရင် သပိတ်မှောက်ဖို့ပဲရှိတယ်။ ဒီလိုလည်းလုပ်လို့မရပြန်ဘူး။ NLD က လွှတ်တော်ထဲကိုနည်းနည်းလေးနဲ့ဝင်သွားတာတောင်မှတိုင်းသူပြည်သားအတွက်အားကိုးရသင့်သလောက်ရခဲ့တယ်။ တဖြည်းဖြည်းနဲ့တော့ရွှေ့လာပြီ။ ဒေါ်အောင်ဆန်းစုကြည်ကအခုဆိုအသံတွေခပ်မာမာပြောလာပြီ။ မပြောလို့လည်း မရဘူး။ ဒေါ်စုကပြည်သူ့ထောက်ခံမှုတို့၊ ကမ္ဘာ့ထောက်ခံမှုတို့ရထားတာပဲ။ ပါတီထဲမှာလည်းအသံကြားမှာပေါ့။ ဦးဉာဏ်ဝင်းတို့ ပြောတာပြင်ပြင်မ ပြင်ပြင်ရွေးကောက်ပွဲဝင်ကိုဝင်မယ်ပေါ့။ ဒါကိုမကြိုက်တဲ့လူကလည်းမကြိုက်ဘူး။ ဒေါ်အောင်ဆန်းစုကြည်က ဖွဲ့စည်းပုံအခြေခံဥပဒေမပြင်ရင် အခြားနည်းသုံးမယ်ပေါ့။

**အခြေခံဥပဒေကိုလွှတ်တော်ထဲကပြင်ဆင်တဲ့အပိုင်းနှင့်လွှတ်တော်ပြင်ပပြင်တဲ့အပိုင်းအပေါ် ဘယ်လိုသုံးသပ်ပါသလဲ။**

နဂိုတည်းကလွှတ်တော်ပြင်ပလှိုင်းကိုသဘောတူတာ။ လွှတ်တော်ထဲဘာမှလုပ်လို့မှမရတာ။ ဦးသိန်းစိန်ရဲ့ပထမဆုံးမိန့်ခွန်းထဲမှာ တရားဝင်ပါတီဖွဲ့စည်းပါ။ မှတ်ပုံတင်ပါ။ ရွေးကောက်ပွဲဝင်ပြီးလွှတ်တော်ထဲလာပါ။ လွှတ်တော်ထဲမှာနိုင်ငံရေးပြဿနာတွေဖြေရှင်းကြပါ။ ပြီးရင်သူတို့နားမထောင်ဘူး။သူတို့လုပ်ချင်တာလုပ်တာပါ။ နိုင်ငံရေးနားမလည်ဘဲနဲ့ပါတီတွေကဒီမိုကရေစီမုဒ်ဦးကြီးကိုဖွင့်လှစ်ပြီတို့၊လွှတ်တော်ကဒီမိုကရေစီစင်မြင့်ကြီးဖြစ်တယ်တို့ပြောကြသေးတယ်။ တစ်ခုမှမဟုတ်ဘူး။ လွှတ်တော်ထဲမှာပြင်ဆင်မှုမဖြစ်နိုင်ဘူး။ ပြင်လည်းအသေးအဖွဲ့လေးတွေပဲပြင်မှာ။ ဘာလုပ်မှာလဲ။အဲဒီလိုဆိုလွှတ်တော်ထဲမှာဖွဲ့စည်းပုံနဲ့ပတ်သက်ပြီးကော်မရှင်ဖွဲ့တယ်။ ပြီးတော့ ပူးပေါင်းကော်မတီဖွဲ့တယ်။ ဒီလိုဖွဲ့လည်း အခြေခံဥပဒေ ဘာပြင်လို့ရမှာလဲ။ ဘာမှပြင်လို့မရဘူး။ ပြင်လည်း အပရိကပဲပြင်မှာပေါ့။ ဗိုလ်ချုပ်အောင်ဆန်းကဆွဲတယ်နဲ့ပြောသေးတယ်။ ကော်မရှင်ကို ပါတီတွေနဲ့ဖွဲ့တဲ့အခါကျတော့ အားကိုယူပြီးသားဖြစ်နေတယ်။ ဒါကိုမဲခွဲတော့ဘာမှလုပ်လို့မရဘူး။အလိုလိုရှုံးနေပြီ။ လွှတ်တော်ထဲမှာပြင်တာကတော့ ဘာမှထူးခြားလာမှာမဟုတ်ဘူး။

တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု ဂျီနီဗာ- ၂၀၁၀ ရွှေတံဆိပ်ဒိုင်းဆု၊ Certificate နှင့်
အပြည်ပြည်ဆိုင်ရာ အရည်အသွေးပြည့် ထိပ်သီးဆု USA-2012 နှင့် Certificate ရ
ဖျံ-၅-ကောင် (အမှတ်တံဆိပ်) သွေးချို-ဆီးချိုကျဆေးကို
ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဆက(စာနယ်ဇင်း)၀၂၂/၃၃၃
- ပင်ရင်း -
သမားတော် စာရေးဆရာ ဝါးခယ်မစိုးမြင့်အောင်(USA-၂၀၁၂)
ဖျံ-၅-ကောင် ဆေးတိုက်၊ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၀၁ ၃၉၂၉၉၄။
GENEVA GOLD STAR FOR QUALITY
INTERNATIONAL STAR FOR QUALITY

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# သားပေးသမီးယူနဲ့ ခရိုနီတွေ တစ်ခေတ်ပေါ်ခဲ့ပြီးပါပြီ



ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ၅၉(စ)နှင့် ၅၉(ယ)တို့ကိုပြင်ဆင်ရေးအတွက် ပြည်တွင်းရှိအတိုက်ခံအင်အားစုနှင့် ပြည်ပနိုင်ငံများကဝေဖန်ထောက်ပြပြောဆိုနေကြချိန်တွင် ၅၉(စ)နှင့် ၅၉(ယ) တို့ကို မပြင်ရေးအတွက် ဖေဖော်ဝါရီ (၂) ရက်နေ့တွင် ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ကွင်း၌ မြန်မာ့အမျိုးသားရေး ကွန်ရက်က ဦးဆောင်၍ ဟောပြောပွဲကို ကျင်းပခဲ့သည်။

အဆိုပါပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သိန်းလင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးပါတီဝင်များ၊ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဆရာတော်၊သံဃာတော်များတက်ရောက်ခဲ့ပြီးလူအင်အား (၅၀၀) ကျော်ခန့်ရှိသည်။

မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးနေမျိုးဝေက "၅၉ (စ) နဲ့ပတ်သက်ပြီးနည်းနည်းလေးမှမပြင်နိုင်ပါဘူး။ ပိုမိုတိုးချဲ့ဖို့သာ သင့်တော်မှာဖြစ်ပါတယ်။ သားပေးသမီးယူနဲ့ ခရိုနီတွေတစ်ခေတ် ပေါ်ခဲ့ပြီးပါပြီ၊ နိုင်ငံခြားသားနဲ့အမျိုးတော်ပြီး ဆွေမျိုးစပ်ပြီး လူတွေကိုနိုင်ငံရဲ့အရေးကြီးဆုံးနေရာတွေကိုဘယ်လိုနည်းနဲ့မှ မအပ်နိုင်ပါဘူး။ မယားပြောရင် တစ်ညဆိုသလိုဆွေမျိုးတွေပူဆာလို့ နိုင်ငံတော်ဘက်က၊ ကျုပ်တို့အမျိုးတိုင်းရင်းသားတွေဘက်က အခွင့်အရေးတွေဆုံးရှုံးနိုင်စရာရှိပါတယ်။ နိုင်ငံတော်သမ္မတနေရာကိုသာမကလွှတ်တော်နေရာကိုပါ အခုလိုသမ္မတအရည်အချင်းကို ကန့်သတ်သင့်ပါတယ်"ဟုထည့်သွင်းပြောဆိုသွားသည်။ တပ်မတော်သား ၂၅ ရာခိုင်နှုန်းကိစ္စများနှင့်ပတ်သက်၍ ပြင်ဆင်ပြီး ရွေးကောက်ပွဲသက်တမ်းတစ်ခုတွင် (၅)ရာခိုင်နှုန်းလျှော့ချသင့်ကြောင်း ၎င်းက ထပ်မံပြောဆိုခဲ့သည်။

၅၉(စ)နှင့် ၅၉(ယ)တို့ကိုမပြင်ဆင်ရေးအတွက်ဟောပြောပွဲပြုလုပ်နေစဉ်တွင် ၅၉(စ)ကိုပြင်ဆင်သင့်ကြောင်းရေးသားထားသော စာရွက်များကို လူအချို့က ဖြန့်ဝေခြင်းလည်းပြုလုပ်ခဲ့ကြသည်။

အဆိုပါစာရွက်များတွင် လူတိုင်းတန်းတူအခွင့်အရေးရရှိဖို့ ပုဒ်မ(၅၉)ကိုပြင်ကြစို့၊ ပုဒ်မ(၅၉)ကိုမပြင်သူတို့ရန်သူ၊ ပုဒ်မ (၅၉)ကိုမပြင်ချင်သောစစ်အာဏာရှင်ခေတ်သစ်ကိုလိုနီများကျရှုံးပါစေဟုရေးသားထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်အချို့လည်း ဟောပြောပွဲကို တက်ရောက်ခဲ့ရာ "ကျွန်တော်တို့ဒီပွဲကိုတက်ရောက်ခဲ့တာက သူတို့တွေဘာတွေဟောပြောကြမလဲဆိုတာသိချင်လို့ပါ။ ကျွန်တော်တို့က ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ တောင်းဆိုနေတယ်။ သဘောထားမတူတာတွေကိုလက်ခံနိုင်ရမယ်ဆိုတာ ရှိတယ်လေ။ ကိုယ်ယုံကြည်ရာကိုလွတ်လပ်စွာဆောင်ရွက်ခွင့် ရှိပါတယ်" ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တစ်ဦးက ဆိုသည်။

ဟောပြောပွဲကိုနေ့လယ် (၁) နာရီမှ ညနေ(၄) နာရီထိကျင်းပခဲ့ပြီး အမျိုးသားရေး လှုံ့ဆော်သော သီချင်းအခွေများကိုလည်း ဖြန့်ဝေခဲ့သည်။

**မျိုးကျော်**

## မြန်မာပြည်ကြီးကိုရင်ခွဲပြီး တရုတ်ကိုအပ်သလိုဖြစ်နေ



နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ တရုတ်နှင့် စီမံကိန်းလုပ်ငန်းများ ပြုလုပ်နေခြင်းသည် မြန်မာပြည်ကြီးကို ရင်ခွဲပြီး တရုတ်ကို အပ်သလို ဖြစ်နေကြောင်းဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဦးဝင်းတင်က ပြောသည်။

'လက်ပံတောင်းတောင်ကိစ္စတွေ၊ မြစ်ဆုံကိစ္စတွေ၊ ရေနံပိုက်လိုင်းဖြတ်သွယ်မယ်ဆိုတဲ့ကိစ္စတွေကို အစိုးရကတရုတ်နဲ့ လုပ်တာထင်သာမြင်သာလုံးဝမရှိဘူး။ စာချုပ်ထဲမှာ ဘာပါတယ်ဆိုတာလဲ မသိရဘူး။ မြန်မာပြည်ကြီးကို ရင်ခွဲပြီး တရုတ်ကိုအပ်သလို ဖြစ်နေတယ်။ နိုင်ငံခြားကလာတဲ့ ရေနံတွေကို တရုတ်ကိုတင်ပို့တဲ့နေရာမှာလည်း မြန်မာပြည်ကိုဖြတ်ပြီးတင်မှာလေ။ တခြားဘက်ကဆိုရင်တစ်လျှောက်ကြီးပတ်ရမှာ။ အခုကျတော့ တရုတ်ကမိုင်ပေါင်းတော်တော်များ သက်သာသွားတယ်။ တရုတ်ကို ပေးရတာအများကြီးပဲ'ဟု ဟံသာဝတီဦးဝင်းတင်ကဆိုသည်။

မြစ်ဆုံကိစ္စတွင် လူထုကအုံကြွ ဆန့်ကျင်သည့်အတွက်လက်ရှိအစိုးရလက်ထက်တွင် ရပ်ဆိုင်းထားခြင်းသည်နောင်အစိုးရပခုံးပေါ်သို့တာဝန်ကြီးကိုချပေးခြင်းဖြစ် ကြောင်း၊ အစိုးရသက်တမ်းတစ်ဝက်သာရှိသေးသော်လည်း တရုတ်က မြစ်ဆုံစီမံကိန်းကို ပြန်စဖို့လုပ်နေကြောင်း၊ လူထုက မြစ်ဆုံစီမံကိန်းကိစ္စနှင့် ရေနံပိုက်လိုင်းသွယ်ခြင်းကိစ္စကိုလည်း လက်မခံနိုင်ကြောင်း၊ အိန္ဒိယသမုဒ္ဒရာကြီးပွင့်သွားခြင်းကိုလည်း လက်မခံနိုင်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါကိစ္စများတွင် ပြတ်ပြတ်သားသား မပြောဘူးဆိုသည့်ပုံစံဖြင့် အစိုးရက ဒေါ်အောင်ဆန်းစုကြည်အပေါ်သို့တာဝန်ပုံချလိုကြောင်း၊ အစိုးရနှင့် တရုတ်ချုပ်ဆိုသော စာချုပ်ထဲ၌ပါသောအကြောင်းအရာများကို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မသိနိုင်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။ **ညီညီအောင်၊ အာကာဗိုလ်**

## ရခိုင်တွင် နယ်ခြားစောင့်တပ်ထားရှိနိုင်ရန် ကြိုးပမ်းသွားမည်ဟုဆို

ရခိုင်ပြည်နယ်၊ မောင်းတော မြို့နယ်၊ ဒုချီးရားကျေးရွာ၌ ဖြစ်ပွားခဲ့သည့်ရဲတပ်ဖွဲ့ဝင်များတိုက်ခိုက်ခံရ၍ အင်္ဂါလီများပျောက်ဆုံးနေသည့်ဖြစ်စဉ်ကို နိုင်ငံတကာ မီဒီယာအချို့က ဘင်္ဂါလီ(၄၀)ခန့်သတ်ဖြတ်ခံရသည်ဟု မှားယွင်းစွာထုတ်ပြန်ခဲ့မှုသည် ရခိုင်ပြည်နယ်တွင် ပဋိပက္ခထပ်မံဖြစ်ပွားနိုင်စေသောကြောင့် ထုတ်ပြန် ချက်များကို ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ် ချင်းထိစပ်နေသော ရခိုင်ဒေသများတွင် ရခိုင်တပ် (AA) နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)တို့ကို နယ်ခြားစောင့်တပ်အဖြစ်ထားရှိနိုင်ရန် ကြိုးပမ်းသွားမည်ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအေးသာအောင်ကပြောသည်။

အဆိုပါတပ်များဖွဲ့စည်းနိုင်ရန်အတွက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ (AA)နှင့် (ALP) တို့ ယခုလအကုန်တွင် ဆွေးနွေးသွားမည်ပြီး ယင်းကိစ္စကို ငြိမ်းချမ်းမှုဖော်ဆောင်ရေးကော်မတီထံတင်ပြသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ 'နယ်ခြားစောင့်တပ်တွေထားလိုက်ရင် အစိုးရတပ်တွေတိုးချဲ့စရာမလိုတော့ဘူး။ နယ်ခြားစောင့်တပ်တွေရှိတဲ့အတွက် ရခိုင်ပြည်နယ်ရဲ့လုံခြုံရေးကောင်းမွန်လာမှာပါ။ အရင်ကတော့ နာမည်မဖော်လိုတဲ့အရာရှိကို ရခိုင်ပြည်နယ်အတွက် လုံခြုံရေးကိုတိုးမြှင့်ပြီးချ ပေးဖို့ပြောခဲ့ပါတယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်ရဲ့လုံခြုံရေးအတွက်မဟုတ်ပါဘူး။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွက် အရေးကြီးပါတယ်။ ကျွန်တော်တို့ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်ဒေသဖြစ်နေတဲ့အတွက်ကြောင့် နယ်ခြားစောင့်တပ်တွေကိုထားသွားမှာပါ'ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအေးသာအောင်ကထပ်မံပြောသည်။ လက်ရှိတွင်ရခိုင်ပြည်နယ်ပဋိပက္ခဒေသများတွင်ပြည်သူ့စစ်များအဖြစ်သင်တန်းပေးပြီးလက်နက်တပ်ဆင်နိုင်ရန်ကြိုးပမ်း သွားမည်ဖြစ်ကြောင်း သိရသည်။

HN-012



## တပ်မတော်ကို ခုတုံးလုပ်ပြီးသိမ်းတဲ့အတွက် နစ်နာသူတွေ သပိတ်စခန်းဖွင့်

၁၉၉၄ ခုနှစ်တပ်မတော်အစိုးရလက်ထက်တွင် ဝါဝါဝင်းကုမ္ပဏီနှင့် မြို့နယ်၊ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့မှတာမွေမြို့နယ် မြန်မာ့ဂုဏ်ရောင်ရပ်ကွက်ကို တပ်မတော် (ရေ)ကစစ်တန်းလျားဆောက်ရန် အကြောင်းပြဖျက်သိမ်းစေခဲ့ပြီး၊ ရန်ကုန်မြို့နှင့်အလွန်ဝေးကွာပြီးလူနေထိုင်မှုပုံစံမရှိသေးသည့် ဒဂုံဆိပ်ကမ်းမြို့နယ် (၈၈) ရပ်ကွက်သို့အိမ်ခြေ (၇၇၁) လုံးနှင့် လုပ်ငန်းရှင်နှစ်ဦးကို ရွှေ့ပြောင်းပြီး နောက်၊အဆိုပါမြေကွက်ပေါ်၌ ဝါဝါဝင်းကုမ္ပဏီက မြေကွက်ရိုက်ရောင်းစားခြင်း၊ ကွန်ဒိုကြီးများဆောက်လုပ်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့သဖြင့်ဖျက်သိမ်းခြင်းခံရသော နစ်နာသူပြည်သူများက တတိယအကြိမ်သပိတ်စခန်းဖွင့်၍ နစ်နာကြေးများ ပြန်လည်ရရှိရန် ဆန္ဒထုတ်ဖော်ပွဲ တစ်ရပ်ကို ဇန်နဝါရီ (၃၀) ရက်မှစတင်၍ လူအင်အား (၆၀၀)ကျော်ဖြင့်ပြုလုပ်လျက်ရှိသည်။

အဆိုပါဆန္ဒထုတ်ဖော်ပွဲနှင့်ပတ်သက်၍ "ကျွန်မတို့ကိုဖျက်သိမ်းစဉ်ကတပ်မတော်ကသိမ်းတာမဟုတ်ပါဘူး။ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်နဲ့ ရပ်ကွက်ဥက္ကဋ္ဌဦးညွန့်ခင်တို့က ၁၉၉၄ ခုနှစ် (၁၀)လပိုင်းနောက်ဆုံးဖယ်ရှားဖို့နဲ့မြေကွက်ဖိုးနဲ့ပြောင်းရွှေ့စရိတ် ၆၃၀၀ သွင်းဖို့ ဥက္ကဋ္ဌဦးညွန့်ခင်လက်မှတ်ရေးထိုးစာထုတ်ခဲ့ပါတယ်။

ရေတပ်က စစ်တန်းလျားဆောက်ဖို့နဲ့မဖျက်ရင်တပ်မတော်က ဘူဒိုဇာနဲ့ထိုးပြီးဖျက်မယ်လို့လည်းခြိမ်းခြောက်ခဲ့ပါတယ်။ ကျွန်မတို့လည်း တပ်မတော်ကိုကြောက်ပြီး ပြောင်းရွှေ့ခဲ့ရပါတယ်။ ပြောင်းရွှေ့ပြီးမကြာခင်မှာပဲ ဝါဝါဝင်းကရပ်ကွက်ကိုခြံခတ်၊မြေဖို့ပြီးအကွက်ဖော်ရောင်းစားမှတပ်မတော်ကသိမ်းတာမဟုတ်ဘဲတပ်မတော်ကိုအလွဲသုံးစားလုပ်တယ်ဆိုတာသိပြီး န. ဝ. တခေတ်၊ န. အ. ဖ ခေတ်တွေမှာ စာတွေ တင်ခဲ့ပါတယ်။ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်လက်ထဲကိုကျွန်မတို့ကိုယ်တိုင်သုံးကြိမ်စာထည့်ပေးခဲ့ပါတယ်။ ဝါဝါဝင်းကုမ္ပဏီကအားနည်းနေပြီးပြည်သူဘက်ကမှန်ကန်တဲ့အတွက်ဖြေရှင်းပေးဖို့အိုးအိမ်ညွှန်ချုပ်ထံညွှန်ကြားခဲ့ပေမဲ့ ညွှန်ချုပ်ဦးအုံ့ကျော်နဲ့ဦးစီးအရာရှိဒေါ်ဝင်းမြင့်တို့ကတိုင်ကြားစာကိုဖျောက်ပစ်ခဲ့ကြပါတယ်"ဟု ဆန္ဒထုတ်ဖော်သူတို့က ရှင်းလင်းပြောကြားခဲ့သည်။

၎င်းဆန္ဒထုတ်ဖော်တောင်းဆိုမှုများနှင့်ပတ်သက်၍ ဇန်နဝါရီ (၃၁) ရက်ညနေ(၄) နာရီတွင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမြေယာဌာနမှဒုတိယညွှန်ကြားရေးမှူးဦးဟန်ချိုဦး နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများအဖွဲ့ကဆန္ဒထုတ်ဖော်သူကိုယ်စားလှယ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌တွေ့ဆုံပြီး ရပ်ကွက်ဖျက်သိမ်းစဉ်ကဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်တို့ကိုမေးမြန်းစုံစမ်းပြီးလက်ရှိတောင်းဆိုချက်များနေပြည်တော်သို့ အမြန်ဆုံးတင်ပြပေးသွားမည်ဟု ပြောကြားခဲ့ကြောင်းတွေ့ဆုံညှိနှိုင်းသူတစ်ဦးထံမှသိရပြီး၊ဆန္ဒဖော်ထုတ်ပွဲသို့နိုင်ငံရေးနှင့်လူ့အခွင့်အရေးများဆောင်ရွက်နေသူများ၊ လူမှုအဖွဲ့အစည်းများမှအဖွဲ့ခေါင်းဆောင်များလာရောက် ကူညီအားပေးလျက်ရှိပြီး (၅)ရက်မြောက်နေ့အထိတောင်းဆိုမှုများအပေါ် သက်ဆိုင်ရာကတရားဝင်ပြန်ကြားခြင်း တစ်စုံတစ်ရာမရှိသလို သပိတ်စခန်း ပိတ်သိမ်းရန် ဖိအားပေးဆောင်ရွက်ခြင်းမရှိကြောင်းသိရသည်။ **ထူးလွင်**

Vol - 4, No - 178, Feb 7 - 13, 2014

# 2015 (ATF) အိမ်ရှင်(သို့မဟုတ်)အနှိုင်းမဲ့နိုင်ငံ

မောင်မောင်



၂၀၁၄ ခုနှစ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ အာဆီယံနိုင်ငံများ၏ ဆွေးနွေးပွဲကြီး Asean Tourism Forum (ATF) ကား အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့ပြီဖြစ်သည်။ အဆိုပါဆွေးနွေးပွဲကြီး ATFကို မလေးရှားနိုင်ငံ၊ ဆာရာဝပ်ပြည်နယ်၏ မြို့တော်ကူချင်းမြို့တွင် ၁၆. ၁. ၂၀၁၄ ရက်မှ ၂၃. ၁. ၂၀၁၄ရက်အထိ (၈)ရက်တိုင်တိုင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ATFကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဒေသတွင်းအာဆီယံနိုင်ငံများတွင် ကမ္ဘာလှည့်ခရီးသွာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ဖြစ်သည်။

၂၀၁၅ခုနှစ်အတွက် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အုပ်ချုပ်ရေးမြို့တော်နေပြည်တော်၌ လက်ခံကျင်းပရမည်ဖြစ်သည်။ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် မဟာအခွင့်အရေးတစ်ရပ်ဖြစ်သည်။ မိမိနိုင်ငံ၏ နှစ်ပေါင်းများစွာ တည်တံ့နေသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ရှုမငြီးဖွယ်ရာ သဘာဝအလှအပရှုခင်းများ၊ သွားရောက်လိုသည့် ခရီးစဉ်ဒေသများကို ဘေးကင်းလုံခြုံစွာ သွားရောက်နိုင်သောတည်ငြိမ်အေးချမ်းမှုများ၊ တိုင်းရင်းသားသွေးချင်းတို့၏ တစ်ဖက်သားကိုရိုင်းပင်းကူညီတတ်ပြီး ဧည့်ဝတ်ကျေပွန်တတ်သော လူနေမှုဘဝပုံစံများ စသည့်အခြားနိုင်ငံများနှင့်မတူ တမူထူးခြားသောခရီးသွားအရင်းအမြစ်များကို ဒေသတွင်းအာဆီယံနိုင်ငံများမှ ဧည့်သည်ကိုယ်စားလှယ်များအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာမီဒီယာတို့ကို သိရှိစေနိုင်မည့် အထူးအခွင့်အလမ်းဖြစ်သည်။

ATFကို ၁၉၈၁ခုနှစ်မှစတင်၍ နှစ်စဉ်နိုင်ငံအလိုက်အလှည့်ကျကျင်းပခဲ့ရာ ယခု ၂၀၁၄ခုနှစ်မှာ (၃၃)ကြိမ်မြောက်ဖြစ်သည်။ ၁၉၈၂ ခုနှစ် တစ်နှစ်တည်းသာလျှင် အခြေအနေအရပ်ရပ်ကြောင့် မကျင်းပဖြစ်ခဲ့ပေ။

နိုင်ငံအလိုက်အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခဲ့သည့် အကြိမ်အရေအတွက်များမှာ မလေးရှား(၆)ကြိမ်၊ ထိုင်း(၅)ကြိမ်၊ စင်ကာပူ(၅)ကြိမ်၊ အင်ဒိုနီးရှား (၅)ကြိမ်၊ ဖိလစ်ပိုင် (၅)ကြိမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဘရူနိုင်း(၂)ကြိမ်စီနှင့် ဗီယက်နမ် (၁)ကြိမ်တို့ဖြစ်သည်။ မြန်မာနိုင်ငံမှာမူကား တစ်ကြိမ်မျှအိမ်ရှင်အဖြစ်ကျင်းပခွင့်မရရှိဘဲ ၂၀၁၅ခုနှစ်မှသာလျှင် အိမ်ရှင်အဖြစ်ကျင်းပခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် အိမ်ရှင်အဖြစ်ကျင်းပခွင့် ရရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖိလစ်ပိုင်နိုင်ငံအား ကျင်းပခွင့်ကိုလွှဲပြောင်းပေးခဲ့ရသည်။

ယခုလာမည့် ၂၀၁၅ခုနှစ်တွင် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်နှင့်အညီ ကြီးမားသောစိန်ခေါ်မှုများကလည်း အသင့်စောင့်ကြိုနေသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းရပ်ဝန်းရှိဒေသတွင်းအာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်နိုင်ငံတကာမှကိုယ်စားလှယ်များ၊ မီဒီယာများ၏နေရေး၊ ထိုင်ရေးအတွက် ဟိုတယ်အခန်းများစီစဉ်ပေးရခြင်း၊ သွားရေးလာရေးအတွက် မော်တော်ယာဉ်များစီစဉ်ပေးရခြင်း Buyer နှင့် Seller ဆွေးနွေးတွေ့ဆုံနိုင်ရန် Appointment များ စီစဉ်ပေးရခြင်းစသည်များကို စနစ်တကျအဆင်ပြေချောမွေ့နိုင်စေရန် ဆောင်ရွက်ပေးနိုင်ရေးသည်လွယ်ကူသောကိစ္စရပ်များမဟုတ်ချေ။

အဓိကအရေးကြီးဆုံးအချက်မှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်နေပြည်တော်တွင် နိုင်ငံတကာမှလေယာဉ်ကြီးများ တိုက်ရိုက်ဆင်းသက်နိုင်ရန် အချိန်မီဆောင်ရွက်ရေးဖြစ်သည်။ Bangkok Airway နှင့် Thai Air Asia တို့နေပြည်တော်သို့ တိုက်ရိုက်စတင်ပျံသန်းနေပြီဖြစ်သည်။ အာဆီယံနိုင်ငံများမှလေကြောင်းလိုင်းများလည်း နေပြည်တော်သို့အချိန်မီတိုက်ရိုက်ပျံသန်းနိုင်ရန် ဆောင်ရွက်သင့်သည်။

ကမ္ဘာ့အဆင့်မီကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာအခြေခံအဆောက်အအုံလိုအပ်ချက်များကို အလျင်အမြန်ဖြည့်ဆည်းတည်ဆောက်ရန် အချိန်တန်ပြီဖြစ်သည်။

မည်သို့ဆိုစေ ၂၇ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး (Sea Game) ကိုအောင်မြင်စွာကျင်းပနိုင်ခဲ့သည့်ဂုဏ်သတင်းကလည်းအာဆီယံနိုင်ငံများအကြား မွှေးပျံ့နေခြင်း၊ ကမ္ဘာ့အဆင့်စီးပွားရေးဆိုင်ရာလူထုဆွေးနွေးပွဲကြီး (World Economic Forum) ကိုလည်း ပြီးခဲ့သည့်နှစ်တွင် ခမ်းခမ်းနားနားအောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း စသည့်အတွေ့အကြုံကောင်းများကလည်း ATF ၂၀၁၅ ကို အိမ်ရှင်အဖြစ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယုံကြည်မှုများကိုတိုးပွားစေသည်မှာ အမှန်ဖြစ်သည်။ စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်ရန်အသင့်။

သို့ရာတွင် မြန်မာနိုင်ငံတွင် ၂၀၁၂-၂၀၁၃ ခရီးသွားရာသီတွင် နိုင်ငံတကာကမ္ဘာလှည့်ခရီးသွား ဝင်ရောက်မှုနှုန်း International Tourist Arrival (ITA) (၂) သန်းကျော်ကျော်မျှသည်ဒေသတွင်းအာဆီယံနိုင်ငံများ၏ ITA နှင့်ယှဉ်လျှင် အနည်းဆုံး (ဘရူနိုင်းနိုင်ငံမှအပ)ဖြစ်နေသည်။

မလေးရှားနိုင်ငံ၏ ၂၀၁၂-၂၀၁၃ ITA မှာ ၂၅ သန်းခန့်ရှိပြီး အာဆီယံနိုင်ငံများအတွင်း ဦးဆောင်နိုင်ငံဖြစ်သကဲ့သို့ ကမ္ဘာ့အဆင့် ITAအမြင့်ဆုံးထိပ်တန်း(၁၀) နိုင်ငံတွင် တစ်နိုင်ငံ အပါအဝင်ဖြစ်သည်။ မလေးရှားနိုင်ငံ၏ITA မှာ၁၉၉၈ခုနှစ်တွင် ၅. ၅သန်းရှိခဲ့ရာမှ ၂၀၁၃ခုနှစ်တွင်၂၅သန်းခန့်အထိ အဆမတန် တိုးတက်များပြားလာသည်မှာ မယုံနိုင်စရာ ဖြစ်သည်။ နိုင်ငံတကာခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေ (International Tourism Receipt (ITR))မှာအခြားသော ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း၊ စားအုန်းဆီလုပ်ငန်း၊ရာဘာစိုက်ပျိုးရေး လုပ်ငန်း၊ သစ်လုပ်ငန်းများထက်သာ လွန်နေပြီး တိုင်းပြည်စီးပွားရေးကို အဓိက ကျားကန် ပေးထား သည်။

ကုလသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့ကြီး (United Nation World Tourism Organization (UNWTO) မှ မလေးရှား နိုင်ငံကို ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကဏ္ဍ (Global Tourism Industry) တွင် လင်းလက်တောက်ပနေသော ကြယ်တစ်ပွင့်အဖြစ် ဂုဏ်ပြုတင်စားထားသည်။

UNWTO ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူTaleb Rifai ကလည်းမလေးရှားနိုင်ငံ၏ စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးနေသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အခြားသော နိုင်ငံများအနေဖြင့် အတုယူလေ့လာသင်ယူသင့်သည်ဟု ATF ၂၀၁၄ အဖွင့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အမှန်တကယ်ဆိုရလျှင် မလေးရှားနိုင်ငံသည် မိမိတို့မြန်မာနိုင်ငံလောက် ကမ္ဘာလှည့်ခရီးသွား အရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံမဟုတ်ချေ။ မြန်မာနိုင်ငံတွင် လာရောက်လည်ပတ်သူ ဧည့်သည်တို့၏ စိတ်နှလုံးကို သာယာကြည်နူးချမ်းမြေ့စေရန် ညို့ယူဖမ်းစားနိုင်သော သဘာဝအလှအပများ (Natural Amenities) ကို နေရာဒေသမရွေး တွေ့ရှိနိုင်သော်လည်း မလေးရှားနိုင်ငံ၌မူ ခေတ်မီနည်းပညာများဖြင့် ဖန်တီးထားသော ဆွဲဆောင်မှုများ (Man made Amenities) များကိုသာ တွေ့ရှိရသည်။

ကြီးကျယ်ခမ်းနားထည်ဝါသော မှတ်တမ်းများဖြင့် ဂုဏ်တင့်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ ITA နှစ်သန်းကျော်မျှသည် မြန်မာနိုင်ငံနှင့် ထိုက်တန်မှုမရှိသော ပမာဏဖြစ်သည်။

ကမ္ဘာကျော် အင်္ဂလိပ်လူမျိုး စာရေးဆရာ Rudyard Kipling ၏ "Letter from the East 1889" စာအုပ်တွင် မြန်မာပြည်အကြောင်းကို ယခုကဲ့သို့ မှတ်ချက်ပြုထားသည်။

"This is Burma and it will be quite unlike any land you know about:"

ပြင်သစ်ဘာသာဖြင့် ဖော်ပြရလျှင် "Un Pays a nul autre pareil." "အနှိုင်းမဲ့ နိုင်ငံ" ဟု အဓိပ္ပာယ်ရသည်။

ကမ္ဘာလှည့် ခရီးသွားကဏ္ဍတွင် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ဆွဲဆောင်မှုအပြည့်ရှိသော အနှိုင်းမဲ့နိုင်ငံဟု ဆိုလိုရင်းဖြစ်သည်။

မိမိနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့လှည့်ခရီးသွား အရင်းအမြစ်များကို အထူးကြော်ငြာရန် မလိုဘဲ အာဆီယံနိုင်ငံများသာမက ကမ္ဘာအနှံ့အပြားရှိ Tourism အဝန်းအဝိုင်းမှ ကိုယ်စားလှယ်များနှင့် မီဒီယာများကို သိရှိစေနိုင်မည့် အထူးအခွင့်အရေးကြီးဖြစ်သော ၂၀၁၅ ခုနှစ် ATF ကို အိမ်ရှင်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပနိုင်တော့မည်ဖြစ်သည်။

ရလဒ်အနေဖြင့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်လည်ပတ်မှုနှုန်း အဆမတန် တိုးတက်မြင့်မားလာမည်မှာ ဧကန်မုချဖြစ်ပြီး ယင်းလုပ်ငန်းမှ ဝင်ငွေ ITR မှာလည်း နိုင်ငံ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှထောက်ပံ့ပေးနိုင်မည်ဟု ယုံကြည်မိသည်။



The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014



# လက်ညှိုးထောင်ပြီး ပြေးနေရှာသူများ

**ကျော်ဝင်းနိုင်**

သက်ဆိုင်ရာတို့အနေနှင့် ဥပဒေများ၊အမိန့်များ၊ စည်းကမ်းချက်များကို ထုတ်ပြန်ပြီးလျှင်တာဝန်ကျေပြီဟုမယူဆသင့်ပါ။ ထိုကဲ့သို့ ထုတ်ပြန်လိုက်သောအချက်များကို ပြည်သူလူထု အနေနှင့် လိုက်နာ အောင်ကြီးကြပ်ဖို့တာဝန်လည်း ရှိသည်ဟု ဆိုပါရစေ။ ဥပမာအနေနှင့် တင်ပြရလျှင် ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း ဆိုင်ကယ် မစီးရဟု သတ်မှတ်ချက် စည်းကမ်းထုတ်ပြန်ခဲ့သည်မှာကြာခဲ့ပါပြီ။ သို့သော် ယနေ့တိုင်ဆိုင်ကယ်များမြို့နယ်တိုင်းတွင်စီးနင်း သွားလာနေကြပြီး ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများလည်းရှိနေပါသည်။

ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း လိုင်စင်ရှိ ဆိုင်ကယ်ကို စီးပါက ဖမ်းမိလျှင်ထောင် (၁) နှစ်၊ လိုင်စင်မဲ့ဆိုင်ကယ်ကိုစီးပါကထောင်(၃) နှစ်အပြင်ဆိုင်ကယ်ကိုပါ သွင်းကုန်ထုတ်ကုန် ဥပဒေဖြင့် အရေးယူမည်ဟု ကြေညာထားသည်။ သို့သော် ဆိုင်ကယ်များကို စီးမြဲစီးနေကြသည်ကို တွေ့နေရသည်။ ဤကဲ့သို့ဖြစ်နေရခြင်းမှာ သက်ဆိုင်ရာက ထိထိရောက်ရောက် အရေးမယူလို့လား၊ ပြစ်ဒဏ်ကပဲ ပျော့နေလို့လား၊ ပြည်သူတွေကပဲ စည်းကမ်း မလိုက်နာတာလား၊ ဥပဒေကိုမကြောက်လို့လား၊ တာဝန်ရှိသူတွေက မကြီးကြပ်လို့လားဆိုတာ တွေးစရာ ဖြစ်လာပါသည်၊ ဘာကြောင့် ယခုကဲ့သို့ ဖြစ်နေသည်ကို စုံစမ်းထောက်လှမ်းပြီး ပြုပြင်ဖို့ အချိန်တန်နေပါပြီ။

စာရေးသူ မြင်တွေ့ရသည်အတိုင်း တင်ပြရလျှင်ဥပဒေတွေ၊ စည်းကမ်းတွေ၊ တားမြစ်ချက်တွေထုတ်ပြန်လိုက် စဉ်ခဏမှာတော့ ရုတ်တရက် တန့်သွားသည်။ ငြိမ်သွားသည်။ တာဝန်ရှိသူတွေကလည်း မလိုက်နာသူများကို စစ်ဆေး အရေးယူသည်။ ကာလနည်း နည်းကြာလာတော့ ယခင်အတိုင်း ပြန်ဖြစ်သွားသည်မှာ ကျွန်တော်တို့ နိုင်ငံ၏ ယဉ်ကျေးမှုလို ဖြစ်နေပါသည်။ ထိထိရောက်ရောက် အရေးယူမှုအပိုင်းတွင် အားနည်းသလို၊ ရေရှည်ဆက်ပြီး မလုပ်ကြခြင်းသည် အဓိက အားနည်းချက်ဖြစ်နေသည်ကိုတွေ့ရသည်။ ကောက်ရိုးမီးလို ဟုန်းကနဲ တစ်ချက်ထတောက်ပြီး ပြာဖြစ်သွားသည့် သဘောပင်။

ကျွန်တော့်တင်ပြချက်မှန်/မမှန်ကို အောက်ပါဥပမာများဖြင့်တင်ပြပါမည်။ ဟုတ်/မဟုတ်ဆန်းစစ်ကြစေလိုပါသည်။ (၁) လွန်ခဲ့သောနှစ်က တက္ကစီများတွင် မီတာတပ်ဆင်ရမည်၊ ခရီးသည်များအနေဖြင့် မီတာဖြင့်မှတ်ပြီး ငွေမတောင်းသောယာဉ်မောင်း၊ မီတာတပ်ဆင်ထားခြင်းမရှိသောတက္ကစီကားကိုအရေးယူမည်ဟုဆိုသည်။ ယနေ့တက္ကစီများမီတာလည်းမရှိ၊ ခရီးသည်နှင့် ဈေးညှိပြီးပြေးဆွဲနေကြသည်။ ထုတ်ပြန်ထားသောအမိန့်ဘယ်ရောက်သွားသည်မသိ။ (၂) ဘတ်စ်ကားမှတ်တိုင်များတွင်ဘတ်စ်ကားများအချိန်ကြာကြာမရပ်ရ။ ခရီးသည်စောင့်ရင်းမရပ်ရ။ ချ၊ တင်၊ ထွက်စနစ်ကျင့်သုံးရမည်ဟုသတ်မှတ်သည်။ အစပိုင်းတော့ဟုတ်မလိုလို၊ အခုတော့ယခင်အတိုင်း၊ စည်းကမ်းထိန်းမည့်သူများဘယ်ရောက်သွားသည်မသိ။ (၃) မီးပွိုင့်များ၌ကွေ့ကားများတစ်ဖက်ယာဉ်ကြောသို့ပြောင်းပြန်ဝင်ပြီးရပ်မစောင့်ရ။ အစပိုင်းတော့ဟုတ်မလိုလို၊ အခုတော့ယာဉ်ကြောပြောင်းပြန်မောင်းပြီးရပ်နေဆဲ၊ တားမည့်ဆီးမည့်အရေးယူမည့်သူမရှိ။ (၄)ကားများ မောင်းနှင်ရာတွင် လက်ညှိုးထောင်ပြီး၊ အခြားကားရှေ့မှဖြတ်မဝင်ရ။ ယာဉ်တိုက်မှုဖြစ်လျှင် လက်ညှိုးထောင်ပြီး ဖြတ်ဝင်သူကိုအရေးယူမည်။ လက်ညှိုးမထောင်ရဟု အမိန့်ထုတ်သည်။အစတွင်တော့ ဟုတ်သလိုလို ရှိသည်။ ကြာလာတော့ အခုဆိုဒရိုင်ဘာကသာ လက်ညှိုးထောင်သည် မဟုတ်၊ ဘေးကထိုင်နေတဲ့ ခရီးသည်ကပါ လက်ကာပြီးတားသည်။ တစ်ကားတည်းစီးပြီး၊ တစ်ခရီးတည်းသွားနေကြတာကိုး။ စည်းကမ်းထိန်းမည့်သူများ ဘယ်ရောက်နေသည်မသိ။ ဤသည်မှာ လက်လှမ်းမီသမျှတင်ပြရခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်၏ လမ်းများပေါ်တွင် ပြောင်းလဲကျင့်သုံးလာသော စီးပွားရေးစနစ် ကြောင့်ကားများ ပြည့်ကျပ်နေပြီး ယာဉ်ကြော ပိတ်ဆို့မှုများ ဖြစ်နေသည်။ ထို့ကြောင့် သွားလိုသည့် နေရာသို့အချိန်မီ မရောက်နိုင်ဖြစ်ကာ နှောင့်နှေးကြန့်ကြာကြသည်။ ထို့ကြောင့် လမ်းကြောင်း ရှင်းသွားသည်နှင့် စောင့်ဆိုင်းကုန်ဆုံးခဲ့သည့်အချိန်များကို အစားထိုးရယူရန် အရှိန်မြှင့်ပြီး မောင်းကြသည်။ အရေးကြီး နေကြသည်။ ကားကြောကလည်း ရှည်လျားလှသည်။ ဤနေရာတွင် အကြောင်းကိစ္စများစွာဖြင့် သွားလာကြရင်း ကားလမ်းကို ဖြတ်ကူးမည့် ပြည်သူများအခက်ကြုံတော့သည်။ (ထိုင်း) နိုင်ငံမှာလို ကားလမ်းကူး ခုံးကျော်တံတား ရှိလျှင်တံတားပေါ်ကဖြတ်လျှောက် သွားလို့ရသေးသည်။ ရန်ကုန်မှာက မြို့လယ်ကောင်တစ်ပိုက်မှာသာ လက်ချိုးရေလျှင်ရသောခုံးကျော်တံတား အနည်းငယ်သာရှိပါသည်။ နေရာတော်တော်များများမှာ ခုံး ကျော်တံတားမရှိ။ ထို့ကြောင့် ကားလမ်းကို ခြေထောက်ဖြင့် ဖြတ်ကူးဖို့သာရှိသည်။

မောင်းနေသည့်ကားတန်းကြီးကိုရပ်စောင့်သည်။ လမ်းဖြတ်ကူးဖို့အခွင့်အရေးကမရ။ ကိုယ့်ကိစ္စကလည်း လုပ်စရာရှိသေးသည်။ ကားတိုက်ခံရမှာတော့ကြောက်ကြပါသည်။ စောင့်ရင်းစောင့်ရင်းနှင့် စိတ်က မရှည်ချင်တော့။ ထို့ကြောင့် အကြံထုတ်သည်။ ဖျတ်ခနဲ ကားဒရိုင်ဘာတွေလုပ်နေကျလှုပ်ရှားမှု တစ်ခုကို သတိရပြီး ခေါင်းထဲဝင်လာသည်။ ကားတွေအခြား ကားတွေရှေ့ကဖြတ်ဝင်ချင်ရင် လက်ညှိုးထောင်ပြီး ဝင်တာကို သတိရသည်။ ငါလည်း အဲသည်လို လုပ်ကြည့်ရင်ကောင်း မှာပဲဟုတွေးမိသည်။

နောက်ဆုံးတော့ ကားလမ်းပေါ်ကို တက်အရှိန်ဖြင့် မောင်းလာသော ကားရှေ့ကို ဝင်ပြီးလက်ညှိုး ထောင်ကာကားလမ်းကို ဖြတ်ကူးလိုက်သည်။ ကားဒရိုင်ဘာကလည်း သူလည်း လက်ညှိုးထောင်ခဲ့ဖူးသူဖြစ်တော့အလိုက်သိသည်။ သဘောပေါက်သည်။ ကားကိုဘရိတ်နင်းပြီးအရှိန်လျှော့လိုက်သည်။ ထိုအခါ အခြေအနေကိုစောင့်ကြည့်နေသော အခြားလမ်းကူးသူများလည်း လက်ညှိုးကိုယ်စီ ထောင်ကာလမ်းကိုဖြတ်ကူးသွားကြသည်။ ဘာပဲပြောပြော လတ်တလောကတော့ လမ်းဖြတ်ကူးလို့ ရသွားသည်။ ရည်ရွယ်ချက်အောင်မြင်သွားသည်။ သို့သော် တစ်လှမ်းချင်း မလျှောက်ဘဲ ပြေးပြီးသွားနိုင်လျှင်တော့ ပိုပြီးစိတ်ချရပါလိမ့်မည်။

ဤသို့ဖြင့် ယနေ့ရန်ကုန်မြို့တော်ရှိ လမ်းများပေါ်တွင်လက်ညှိုးထောင်ပြီးပြေးနေရသူများကိုတွေ့နေရပြီးအရေအတွက် တိုးတက်များပြားလာနေပြီဖြစ်ပါသည်။ နောက်ဆိုလျှင်ဤသတင်းပေါက်ကြားသွားခဲ့ပါက လမ်းဖြတ်ကူးသူများလက်ညှိုးမထောင်ရဆိုသောအမိန့်ထွက်လာဦးမလားဆိုတာမပြောနိုင်သေးပါ။ လူကူးမျဉ်းဝါကြားရောက်လျှင် ကားအရှိန်ကို လျှော့မောင်းပါဟု သတ်မှတ်ထားသော်လည်း အရှိန်မလျှော့ဘဲ မောင်းနေခြင်း၊ တားဆီးကာကွယ်ပေးမည့်သူများလည်း မရှိခြင်းကြောင့်၊ လက်ညှိုးလေးတော့ ထောင်ခွင့်ပြုပါဟု ပြည်သူများကိုယ်စား တာဝန်ရှိသူများကို မေတ္တာရပ်ခံလိုက်ရပါတော့သည်ခင်ဗျား။

---

# စက္ကူဘူးကလေးထဲက ကင်ဆာရောဂါ

**မအေးဆေး**

ဆေးလိပ်သောက်ခြင်းနဲ့ အဆုတ်ကင်ဆာ ဘယ်လိုဆက်သွယ်သလဲဆိုတာကို လွန်ခဲ့တဲ့ အနှစ် ၆၀ ကျော်ကတည်းက စာဖတ်သူသန်းပေါင်းများစွာကို သတိပေး ဆောင်းပါးတွေစီမံထည့်ပေးခဲ့ပါတယ်။ ငြင်းခုံဖွယ် အရေးကြီး အစိတ်အပိုင်းတွေကို စာဖတ်သူတွေရဲ့ ကျန်းမာရေးအလို့ငှာ အများသိစေဖို့ဖြစ်ပါတယ်။

ဆေးလိပ်သောက်ခြင်းနဲ့ပတ်သက်လို့ ဆေးဘက်ဆိုင်ရာ အငြင်းပွားမှုတွေ အနှစ် ၃၀ လောက်ဖြစ်ပေါ်ခဲ့ပါတယ်။ ဆေးလိပ်သောက်ခြင်း တိုးပွားလာတာနဲ့ အမျှချောင်းဆိုးရင်ကျပ်တွေဖြစ်လာပြီး ကင်ဆာဖြစ်လာတော့တာပဲ။ သိသာထင်ရှားလာတာကတော့ အဆုတ်ကင်ဆာပါပဲ။ နောက်တိုးဖြစ်ပေါ်လာတဲ့အခါမှာတော့ လူသိရှင်ကြားသတိပြုလာပါတော့တယ်။ လွန်ခဲ့တဲ့ ၂၆ နှစ်ကဆိုရင် ရောဂါဗေဒပညာရှင် ဒေါက်တာ James Ewing ဂျိန်းအီဝင်က ခွဲခြားတတ်လာပါတယ်။ ကင်ဆာသုတေသန အမေရိကန်အသင်းအဖွဲ့ကနေ ပညာပေးလှုံ့ဆော်မှုတွေ လုပ်ပါတယ်။

ဆေးလိပ်ဖြတ်ဖို့ အကျင့်ကိုကူညီရတာတော်တော်လေးခက်ခဲပါတယ်။သူဟာ သူ့ရဲ့ ကျော်ကြားတဲ့ အက်ဆေးမှာ ကင်ဆာကာကွယ်ရေးအကြောင်းရေး ထားပါတယ်။ သို့သော်လည်း ကင်ဆာနဲ့ပတ်သက်လို့ အန္တရာယ်ရှိကြောင်း အလေးပေးပြီးဝါဒဖြန့်ရပါတယ်။

ဆေးရွက်ကြီးနဲ့ ပတ်သက်လို့ မေး ခွန်းထုတ်သူမရှိသလောက်ပါပဲ။ ဆေးလိပ်သောက်တဲ့အခါမှာ ပါးစပ်မှာ၊ နှာခေါင်းမှာ၊ လည်ချောင်းမှာ ပိုမိုဆိုးဝါးတဲ့အဖြစ်တွေဖြစ်ပေါ်ပါလိမ့်မယ်။ ချောင်းဆိုးပြီးအသံပြာမယ်။ လေပြွန်ရောင်မယ်။ ပသိလည်းရောင်မယ်။ ဒါတွေဖြစ်နိုင်ပါတယ်။ အငြင်းပွားစရာ မလိုဘဲ လက်ခံရမှာတွေကတော့ အူသိမ်နာ၊ ဖက်ခွက်နာ၊ အစာအိမ် အချဉ်ပေါက်တာတွေဖြစ်လာမှာမို့ ဆေးလိပ်သောက်ခြင်းကို တားမြစ်ရတာဖြစ်ပါတယ်။

ဆေးလိပ်သောက်တာဟာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးကြောတွေကို ကျုံ့သွားစေပါတယ်။ နှလုံးရောဂါဖြစ်ဖို့များသလို သွေးပေါင်ချိန်ကိုလည်း မြင့်စေပါတယ်။ နှလုံးရောဂါဖြစ်ဖို့ အခြေအနေတွေအများကြီးပေးပါတယ်။ ဆရာဝန်ဆီကိုသွားမယ်ဆိုရင် သင့်ကိုဆရာဝန်က ဆေးလိပ်အမြန်ဖြတ်ခိုင်းမှာဖြစ်ပါတယ်။

စီးကရက်သောက်တဲ့အတွက် ဆိုးဝါးစွာ ပတ်သက်လာမှာကတော့ ကင်ဆာရောဂါနဲ့သေခြင်းပါပဲ။ တော်တော်များများတိုးပွားလာတဲ့ ချောင်းဆိုးသွေးပါရောဂါကတော့ စီးကရက်သောက်ခြင်းကြောင့် အကြီးအကျယ်ဖြစ်နေပါတယ်။ အခုအခါမှာဆိုရင် အမေရိကန် ပြည်ထောင်စုမှာ လူတစ်ယောက်ကို တစ်နှစ် မှာ စီးကရက် ၂၅၀၀ သောက်ကြပါတယ်။

နောက်ဆုံးတွေ့ရှိချက်ကတော့ အမေရိကန်ဆေးနဲ့ပတ်သက်တဲ့ ဂျာနယ်အသင်းအဖွဲ့ရဲ့ထုတ်ပြန်ချက်ကတော့သိပ်မကောင်းလှပါဘူး။ အမေရိကန်ကင်ဆာအသင်းအဖွဲ့ရဲ့ဥက္ကဋ္ဌ Dr Allton Ochsner ဆရာဝန် အော်လ်တန်အော့ချ်နာ ဖွင့်ပြောတာကတော့ ၁၉၂၀ မှ ၁၉၄၈ အတွင်း လေပြွန်ကင်ဆာနဲ့ သေ တဲ့သူ ပိုများလာတာတွေ့ရပါတယ်။ လူတစ်သိန်းမှာ ၁၁. ၃ ဖြစ်တယ်။ ၁၉၃၈ မှ ၁၉၄၈ အဆုတ်ကင်ဆာနဲ့သေတာ ၁၄၄ ရာခိုင်နှုန်း ဖြစ်တယ်။ အခုလောလောဆယ် အချိန်မှာတော့ ပါးစပ်နဲ့ အသက်ရှုလမ်းကြောင်းကင်ဆာသေနှုန်း အမေရိကန်မှာ တစ်နှစ်ကို ယောကျ်ား ၁၉၀၀၀ မိန်းမက ၅၀၀၀ ဖြစ်တယ်။

ဆေးလိပ်သောက်ခြင်းကြောင့် ကင်ဆာဖြစ်နိုင်ခြေများတာကတော့ ကိုယ်ခန္ဓာရဲ့ တခြားနေရာတွေထက် အသက်ရှုလမ်းကြောင်းမှာဖြစ်တာများပါတယ်။ စီးကရက် သောက်သုံးသူတွေဟာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ကင်ဆာရောဂါရစေပါတယ်။ ဆယ်စုနှစ် နှစ်ခုဖြစ်တဲ့ ၁၉၃၀-၁၉၅၀ မှာ အဆိုးဝါးဆုံးပဲလို့ ဆိုပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ လေ့လာသုံးသပ်ချက်ကို ကိုးကားရရင် အသက် ၄၅ နှစ်အထက် သောက်သုံးသူတွေဟာ အခုအခါမှာ ရောဂါဖြစ်မှုတိုးပွားလာတယ်လို့ဆိုပါတယ်။ တစ်နေ့ကို စီးကရက် ၂၅လိပ်သောက်သူတွေဟာလည်းရောဂါဖြစ်မှုသေချာပါတယ်။ ဆေးရွက်ကြီးကိုတာရှည်သုံးတဲ့လူ အထူးသဖြင့် စီးကရက် စွဲစွဲမြဲမြဲ သောက်တဲ့လူတွေဟာ အသက် ရှုလမ်းကြောင်းလေပြွန်ကင်ဆာဖြစ်ဖို့များပါတယ်။

မကြာသေးခင်ကဆိုရင် Ernest Wynder အားနက်စ်ဝိုင်ဒါက နယူးယော့မှာ ကင်ဆာအထိမ်းအမှတ်စင်တာကို တိုးချဲ့လိုက်ပါတယ်။ လူတွေပိုပြီး စီးကရက်ကို သောက်ကြမယ်ဆိုရင် ကင်ဆာအန္တရာယ်ဟာ ပိုပြီးမြင့်မားလာမှာဖြစ်ပါတယ်။ ကင်ဆာမှာ ဆေးရွက်ကြီးရဲ့ အန္တရာယ်ဟာ အဓိကပဲလို့ဆိုပါတယ်။ စီးကရက်သောက်လို့ အများဆုံးဖြစ်တတ် တဲ့နေရာတွေကတော့ လည်ချောင်းထဲမှာရှိတဲ့ အသံအိုး၊ လည်ချောင်းဝ၊ အစာပြွန်နဲ့ ပါးစပ်ခေါင်းပေါက်တို့ဖြစ်တတ်ပါတယ်။ ဒါတွေဟာ တကယ်ပဲ ဒီကနေ့အထိ ဖြစ်ပွားနေပါတယ်။

ဆေးဘက်ဆိုင်ရာ လေ့လာချက်တွေကို ကမ္ဘာနဲ့အဝန်း ထင်မြင်ချက်တွေ ပေးနေကြပါတယ်။ ပညာရှင်တွေရဲ့ လေ့လာချက်ကတော့ စီးကရက်သောက်ခြင်းဟာအဆုတ်ကင်ဆာဖြစ်ဖို့ သေချာတယ်လို့ ဆိုပါတယ်။ ကင်ဆာဌာနမှာလုပ်ကိုင်နေတဲ့လူတွေဟာ တစ်ခုခုလုပ်ဖို့လိုတယ်။ လောလောဆယ်ကို လုပ်ဖို့လိုတယ်။ ဆေးလိပ်သောက်တဲ့လူတွေကို ဗဟုသုတအနေနဲ့ အခြေခံဆေးပညာကို လက်တွေ့သင်ကြားပို့ချခြင်းဖြင့် ဆေးလိပ်သောက်တဲ့လူတွေ နိုးကြားလာကြမှာဖြစ်ပါတယ်။

Ref : RD

# လော်ခီးလာညီလာခံတွင် 'ဝ'နှင့်မိုင်းလားအဖွဲ့ ဘာလို့မတက်ရောက်တာလဲ RCSS/ SSAတို့ ဘာလို့ လက်မှတ်မထိုးတာလဲ

ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ "United Nationalities Federal Council" (UNFC) က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ "Nationwide Ceasefire Coordination Team" (NCCT) အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ၂၀၁၄ ဇန်နဝါရီလ ၃၀ ရက်က ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ ကျင်းပခဲ့သည်။အစည်းအဝေးတွင် သဘာပတိများအဖြစ် UNFC ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ၊ ဒုတိယဥက္ကဋ္ဌ (၁)ခူးအေဘယ်တွီး၊ဒုတိယဥက္ကဋ္ဌ (၂) ဒေးဗစ်တာကပေါ်တို့က ဆောင်ရွက်ကြပြီး အကျိုးတော်ဆောင်များအဖြစ် အထွေထွေအတွင်းရေးမှူးချုပ် နိုင်ဟံသာနှင့် တွဲဖက်အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ခွန်ဥက္ကာတို့က ဆောင်ရွက်ကြသည်။



အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဌာနမှ တာဝန်ခံ ဗမော်လရကျော်နှင့်ဒုတိယတာဝန်ခံ ဒေါက်တာခင်မောင်၊ စည်းရုံးရေးနှင့် ပြန်ကြားရေးဌာနမှ နိုင်ခွာဟောင်မွန်၊ ကေအိုင်အိုမှ ဒေါက်တာလဂျာ၊ ဗိုလ်မှူးကြီး ဂျီနောင်၊ SSA/SSPP မှ ဗိုလ်မှူးကြီး ပိန်ဖ၊ WNO မှ ဒုတိယဥက္ကဋ္ဌ တာအိုက်ညွန့်၊ PSLF ပလောင်အဖွဲ့ဥက္ကဋ္ဌ တာအိုက်မုန်း၊ ANC အတွင်းရေးမှူး ဦးထွန်းဇော်တို့ တက်ရောက်ခဲ့ကြသည်။အဆိုပါအစည်းအဝေးမှ လိုင်ဇာ၊ မြစ်ကြီးနား၊ လော်ခီးလာမှ NCCT တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စကို အထူးအလေးထား သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**လော်ခီးလာတွင် 'ဝ' နှင့် မိုင်းလားကို ဖိတ်ကြားရာ၌ ဥက္ကဋ္ဌနှင့် စစ်ဦးစီးချုပ်တို့ကိုသာ ဖိတ်ကြားသဖြင့် ၎င်းတို့က စကားပြန်နှင့် ရုံးအဖွဲ့တို့ ပါဝင်တက်ရောက်နိုင်ခြင်း မရှိသဖြင့် ဘာသာစကား အခက်အခဲကြောင့် တက်ရောက်နိုင်ခြင်း မရှိခဲ့ကြောင်း၊** တိုင်းရင်းသားညီလာခံဖြစ်သဖြင့်တိုင်းရင်းသားတို့၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေးရည်ရွယ်ချက်ဖြင့် ညီလာခံကျင်းပရေးကိုအားပေးထောက်ခံကြောင်း ဆွေးနွေးခဲ့ကြသည်ဟု သတင်းရရှိသည်။

လော်ခီးလာ တိုင်းရင်းသား ညီလာခံကို မူလက ဇန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်ထိ ၃ ရက် သာ ကျင်းပရန် သတ်မှတ်ခဲ့သော်လည်း လက်တွေ့တွင်မူ ဇန်နဝါရီလ ၂၅ ရက်ထိ မပြတ်ဘဲ ဇန်နဝါရီလ ၂၆ ရက်ထိ စုစုပေါင်း ၅ ရက်တိတိ ကြာမြင့်ခဲ့သည်။ သို့ဖြစ်၍ **RCSS/ SSA တို့ အနေဖြင့် အခြားခရီးစဉ်ကြောင့် အဆိုပါ အစည်းအဝေး ပြီးဆုံးသည်အထိ တက်ရောက်နိုင်ခြင်း မရှိဘဲ လက်မှတ်ရေးထိုးချိန်ထိ မစောင့်နိုင်တော့သဖြင့်** NCCT **ညီလာခံတွင် လက်မှတ်ရေးထိုးနိုင်ခြင်း မရှိခဲ့ကြောင်း** သတင်းရရှိသည်။

လော်ခီးလာညီလာခံတွင် မြန်မာပြည်၌ဖက်ဒရယ်ဒီမိုကရေစီသစ် နိုင်ငံတော်တွင် ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းခွင့်ကို နိုင်ငံရေးဆွေးနွေးပွဲတွင် လက်တွေ့ဆွေးနွေးနိုင်ကြောင်း၊ UPWC-MPC ဦးအောင်မင်းတို့ သဘောရှိ၍ NCCT ၏ ရှေ့လုပ်ငန်းစဉ် အခြေအနေအလားအလာကောင်းမွန်ကြောင်း UNFC ၏ နောက်ဆုံးအစည်းအဝေးက သုံးသပ်ခဲ့ကြောင်း သတင်းရရှိသည်။

ရာမန်

# ထာဝရငြိမ်းချမ်းရေးဆိုတဲ့မှတ်မှာ သွေးရင်းညီအစ်ကိုတွေအားလုံး တစ်စိတ်တစ်ဝမ်းတည်းနဲ့ လက်တွဲနိုင်ဖို့ကသမ္မတကြီးရဲ့ဆန္ဒကျွန်တော်တို့အားလုံးရဲ့ဆန္ဒပါ

**နယ်စပ်ဒေသအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိ တပ်ဖွဲ့ဝင်များ၏ရင်သွေးများ ပညာသင်ကြားရေးပိုင်းအခက်အခဲများစွာရှိနေခြင်း၊ သက်ဆိုင်ရာတပ်ဖွဲ့များမှ ခေါင်းဆောင်ပိုင်းအချို့၏ သားသမီးများသာ တစ်ဖက်နိုင်ငံများသို့ သွားရောက်ပညာသင်ကြားနိုင်ခြင်း၊ လက်ရှိပွင့်လင်းလာမှုနှင့်အတူ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နေချိန်၌ အထက်ပါတိုင်းရင်းသားဒေသများရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများပညာရေးအတွက် အစိုးရပိုင်းမှကူညီဆောင်ရွက်ပေးမည့် အစန်းကဏ္ဍများအပေါ် တိုင်းရင်းသားရေးရာဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းကိုသီးသန့်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**



**ဗိုလ်ချုပ်ခင်ဗျာ။ တိုင်းရင်းသား လူမျိုးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကနေပြီးတော့ လက်ရှိသွားနေတဲ့ နိုင်ငံတော်တည်ဆောက်ရေးပိုင်းမှာ ပူးပေါင်းပါဝင်နိုင်စေဖို့ နိုင်ငံတော်အနေနဲ့လမ်းဖွင့်ပေးနေတယ်ဆိုသော်ငြားလည်းနယ်စပ်အခြေချလက်နက်ကိုင် အဖွဲ့အစည်းတွေမှာဆိုရင် ခေါင်းဆောင်ပိုင်းအချို့ရဲ့ သားသမီးတွေသာ တစ်ဖက်နိုင်ငံကို သွားရောက်ပညာသင်နိုင်ပြီး အများစုသော ကလေးငယ်တွေကတော့ ပညာသင်ဖို့ အရမ်းအခက်အခဲရှိနေပါတယ်။ ဒီကွာဟမှုကိုအစိုးရအနေနဲ့ ဘယ်လို မူဝါဒတွေနဲ့ ဇေစပ်အကောင်အထည်ဖော်မလဲ သိပါရစေ။**

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှာ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာလေ့ကျင့်ရေးဦးစီးဌာနဆိုပြီး ဦးစီးဌာနတွေရှိတယ်။ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတော့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပေးတဲ့ ဌာနပေါ့နော်။ ပညာလေ့ကျင့်ရေး ဦးစီးဌာနကတော့ လူစွမ်းအားအရင်းအမြစ်တွေဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပေးတဲ့ဌာနပေ့ါနော်။ ခုနက တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ရင်သွေးငယ်တွေ ပညာရေးကိုဘယ်လိုဆောင်ရွက်ပေးသလဲဆိုတော့ ပညာလေ့ကျင့်ရေးဦးစီးဌာနမှာဆို တိုင်းရင်းသားတွေအတွက် ရည်ရွယ်ပြီးတော့ လူငယ်သင်တန်းကျောင်း ၂၉ ကျောင်းဖွင့်ထားတာရှိတယ်။ နောက်ထပ်လည်း ၄ ကျောင်းတိုးချဲ့ဖွင့်ဖို့ရှိတော့ စုစုပေါင်း ၃၃ ကျောင်းရှိမယ်။ နောက်ပြီးတော့ အိမ်တွင်းအပ်ချုပ်မှုသင်တန်းကျောင်း ၃၆ ကျောင်းရှိတယ်။ စက်မှုသင်တန်းကျောင်း ၄ ကျောင်းရှိတယ်။ ဒီဂရီကောလိပ် ၂ခု ရှိတယ်။ ဒါတွေဟာဆိုရင် နယ်စပ်ဒေသက တိုင်းရင်းသားတွေအပြင်မိဘမဲ့ဆင်းရဲတဲ့တိုင်းရင်းသားကလေးငယ်တွေအတွက် ရည်ရွယ်ပြီး သီးသန့်ဖွင့်ထားတာဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်ပေးပြီးတော့ ဒီတိုင်းရင်းသားကလေးငယ်တွေပညာသင်ကြားပြီး နိုင်ငံတည်ဆောက်ရေးမှာပါဝင်ဖို့အတွက် လမ်းတွေဖွင့်ထားပေးပါတယ်။

**ဒီလိုမျိုး ဝန်ကြီးဌာနတစ်နည်းအားဖြင့် နိုင်ငံတော်က ကျောင်းတွေဖွင့်ပြီး အခွင့်အလမ်းတွေ ဖန်တီးပေးထားတယ်ဆိုသော်လည်း ငွေကြေးမတတ်နိုင်မှုအပေါ် အခြေခံပြီး ဖြစ်လာတဲ့ တိုင်းရင်းသား ရင်သွေးငယ်တွေရဲ့ ပညာရေးပိုင်း အခက်အခဲတွေကိုရော ဘယ်လိုဖြေရှင်းပေးမလဲ သိပါရစေ။**

ခုနကပြောတဲ့ ကျောင်းတွေ၊ သင်တန်းကျောင်းတွေ၊ ဒီဂရီကောလိပ်တွေမှာ တိုင်းရင်းသားရင်သွေးငယ် ကလေးတွေ ပညာသင်ကြားဖို့ လမ်းတွေ ဖွင့်ပေးထားတယ်လို့ ဆိုတဲ့အခါမှာ အခမဲ့ပညာသင်ပေးတယ်။ ၅ တန်းကနေပြီးတော့ ၁၀ တန်းထိ ကျောင်းထားပေးတယ်။ ပြီးရင် ဆယ်တန်းအောင်ပြီးရင်လည်း သက်ဆိုင်ရာ ဒီဂရီကောလိပ်တွေမှာ ပညာသင်ယူပြီး ဘွဲ့ရတဲ့အထိကို နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကနေပြီးတော့ ထောက်ပံ့ကူညီထားပါတယ်။ ဘွဲ့ရပြီးသွားရင်လည်း ဝန်ကြီးဌာနတွေမှာ အလုပ်အကိုင်ရရှိသည်အထိ ကူညီလမ်းဖွင့်ပေးထားတယ်။ ဒီလိုနည်းအားဖြင့် တိုင်းရင်းသားရင်သွေးငယ်တွေရဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်လာနိုင်စေရေးအတွက်ကို နည်းလမ်းဖွင့်ပေးရာ ရောက်သွားတာပေ့ါ။ အားလုံးက နိုင်ငံတော် ဘတ်ဂျက်ကနေပြီးတော့ အခမဲ့သင်ပေးနေတာပါ။ ဒီလိုနည်းလမ်းတွေနဲ့ တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတွေဖွင့်ပေးနေပါတယ်။

**အထူးသဖြင့် နိုင်ငံတော်ပိုင်းက ဒီလို ဆောင်ရွက်ပေးနေသော်ငြားလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက အများစုသော ကလေးငယ်တွေအနေနဲ့ ပညာသင်ကြားဖို့ထက် ကြီးလာရင် စစ်သားလုပ်မယ်။ သူတို့ရဲ့တပ်ဖွဲ့ထဲပဲ ဝင်မယ်ဆိုတဲ့ ဦးတည်တွေးခေါ်မှုတွေရှိကြတာများတယ်။ ပညာသင်ကြားပြီး တိုင်းပြည်တည်ဆောက်ရေးမှာ ပါဝင်ဖို့ဆိုတဲ့ ယူဆချက်တွေကနည်းတယ်။ဒီလိုယူဆချက်တွေက ပညာသင်ဖို့အတွက် အဓိကကျတဲ့ အတားအဆီးသဖွယ်ဖြစ်နေတဲ့အတွက် ဒီအပေါ်မှာရော ဘယ်လိုစီမံသွားဖို့ရှိပါသလဲခင်ဗျာ။**

ကျွန်တော်က သမ္မတကြီးခန့်တဲ့ တိုင်းရင်းသားရေးရာ ဆပ်ကော်မတီမှာ ဥက္ကဋ္ဌဖြစ်ပါတယ်။ နောက်ပြီးတော့ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့မှာလည်း အဖွဲ့ဝင်ဖြစ်ပါတယ်။ ဒီလိုတိုင်းရင်းသားရေးရာကိစ္စတွေကို ထဲထဲဝင်ဝင် ဆောင်ရွက်ရင်းနဲ့ သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးတဲ့အခါမှာ သူတို့ရဲ့ သားသမီးတွေပေ့ါနော်။ အပစ်အခတ်ရပ်စဲပြီးတဲ့အချိန်ကျလို့ရှိရင် ခုနက ပြောတဲ့ကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ပေးဖို့ သူတို့ရဲ့ သားသမီးတွေကို ဥပဒေဘောင်တွင်းမှာနေခဲ့တဲ့ တိုင်းရင်းသားများရဲ့ သားသမီးများနည်းတူ တန်းတူအခွင့်အရေးရရှိဖို့ ခေတ်နဲ့အညီလိုက်နိုင်အောင် ပံ့ပိုးပေးဖို့ စီမံထားတာရှိတယ်။ အပစ်အခတ်ရပ်စဲရေးမလုပ်ခင် ခုလိုအချိန်မှာလည်း သူတို့အနေနဲ့ လာတင်ပြရင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးတာရှိတယ်။ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးဦးစီးတဲ့ KNU ကဆိုရင်လည်း စစ်ကိုင်းမှာ ကျွန်တော်တို့ဝန်ကြီးဌာနက ဖွင့်ထားတဲ့ ရွာသစ်ကြီးက ဒီဂရီ ကောလိပ်မှာလည်း သမီးနှစ်ယောက်ကို သင်ကြားစေပြီးတော့ ဒီနှစ်မှာ စတက်ခွင့်ပေးပြီးတော့ ဆောင်ရွက်ပေးထားတာလည်းရှိပါတယ်။

*ဆက်လက်ဖော်ပြပါမည်။*

The HOT NEWS

Vol - 4, No - 178, Feb 7 - 13, 2014

# ဗီယက်နမ်သမ္မတဟိုချီမင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ သမ္မတမန်းဝင်းမောင်၊ ဝန်ကြီးချုပ်ဦးနု









အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ငွေရောင်မုတ်ဆိတ်ကျင်စွယ်နှင့် စကားပြောလျှင် နူးညံ့သိမ်မွေ့သူ၊ အသက်အရွယ်ခုနစ်ဆယ်နားနီး၍ လမ်းလျှောက်လျှင်ဖေးကူတွဲခေါ်ရသူ။ အနေအထိုင် ရိုးစင်း၍ အဝတ်အစားကိုပင်မရွေးချယ်ဘဲခန္ဓာကိုယ် လုံခြုံရုံမျှဝတ်ဆင်၍သွား လာတတ်သူ။ ရုပ်ရည်သွင်ပြင်မှာဗေဒင်ဆရာလေလား။ တရားဟောဆရာလေလားထင်မှတ်ရသူ။

ဤအသွင်သဏ္ဌာန်သည် ဗီယက်နမ်သမ္မတဟိုချီမင်း၏ ရုပ်ပုံလွှာပင်ဖြစ်တော့သည်။ အမေရိကနယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွင် အောင်ပွဲခံခဲ့သူဖြစ်၍စစ်ပွဲပြီးဆုံးအခါ ဗီယက်နမ်ပြည်သူတို့၏သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ပြောရလျှင် ဗီယက်နမ်ပြည်သူတို့၏အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲပြီးဆုံး၍ နိုင်ငံ၏ခေါင်းဆောင်ကိုတင်မြှောက်ရန်ဗီယက်နမ်ပြည်သူ့တပ်မတော်က 'ဟိုချီမင်း'ကို ရှာဖွေရသည်မှာ ခေါင်းခဲစရာပြဿနာတစ်ခုရင်ဆိုင်နေရသည်။

'ဟိုချီမင်း'ဘယ်မှာလဲ၊ ဘယ်ရောက်နေသလဲ၊ သေဆုံးသွားပြီလားစသည်ဖြင့်ဗီယက်နမ်တပ်မတော်ခေါင်းဆောင်များဝေခွဲမရဖြစ်နေသည်။

ဗီယက်နမ်နိုင်ငံအနှံ့ရှာဖွေသော်လည်းမတွေ့။ သတင်းအစအနပင်မရ။

သို့နှင့် 'ဟိုချီမင်း'၏ မွေးဖွားရာဇာတိကျေးရွာတွင် လိုက်လံရှာဖွေစုံစမ်းလေရာ။

ဟော တွေ့ပါပြီ။ ပျဉ်ထောင်သွပ်မိုးနှစ်ထပ်အိမ်ရှေ့မျက်နှာစာ၌ တင်ပလ္လင်ခွေထိုင်လျက် ဝါးခမောက်တစ်လုံးကိုကြိမ်ထိုး၍ ယက်နေသည့် 'ဟိုချီမင်း'။

"ဦးလေးဟို။ ကျွန်တော်တို့ဗီယက်နမ်ပြည်သူ့တပ်မတော်သားတွေပါ။ ခေါင်းဆောင်ကြီးကိုလိုက်ရှာနေတာ။ တွေ့ရလို့ဝမ်းသာလိုက်တာဗျာ"။

"မင်းတို့ငါ့ကိုတွေ့ချင်တာ ဘာကိစ္စတုန်း" "ခေါင်းဆောင်ကြီးခင်ဗျာ။ ကျွန်တော်တို့ကခေါင်းဆောင်ကြီးကိုလာ ခေါ်တာပါ"

"ဟ မင်းတို့ကငါ့ကိုလာခေါ်တာ။ ဘာလုပ်မှာမို့လဲကွ"

"ဒီလိုပါ ခေါင်းဆောင်ကြီးခင်ဗျာ။ အခုစစ်ပွဲပြီးဆုံးတော့ နိုင်ငံမှာခေါင်းဆောင်ကြီးကိုသမ္မတအဖြစ်တင်မြှောက်ဖို့ဆုံးဖြတ်ထားပါတယ်။ ဒီကိစ္စအတွက်လာခေါ်တာပါ"

"ဟာ ငါသမ္မတလုပ်လို့ ဖြစ်မလားကွ။ အသက်လည်းကြီးတယ်။ မင်းတို့လူတွေထဲက ရွေးလိုက်လို့မဖြစ်ဘူးလားကွာ"

"မဖြစ်ဘူး ခေါင်းဆောင်ကြီး။ လုံးဝမဖြစ်နိုင်ဘူး။ ကျွန်တော်တို့တောင်းပန်ပါတယ်။ ဟန္နိုင်ကိုလိုက်ခဲ့ပါ"

အရှေ့တောင်အာရှတွင်ရှားမှုရှားသောနိုင်ငံရေးသမား၊ အမျိုးသားခေါင်းဆောင်ဗီယက်နမ်သမ္မတ ဟိုချီမင်းသည် အနေအထိုင်အစားအသောက်ဇိမ်ခံကြောင်သူမဟုတ်။ သမ္မတအိမ်တော်၌လည်းနေသည်မဟုတ်။ အိမ်တော် အနီးအနားတည်ဆောက်ထားသော အိမ်ငယ်တစ်လုံးတွင်သာနေလေ့ရှိသည်။ နိုင်ငံ၏ အဓိပတိခေါင်းဆောင်ဖြစ်သော်လည်း ဟိတ်ကြီးဟန်ကြီးနှင့်မနေတတ်။ ဇာတိကျေးရွာမှငယ်သူငယ်ချင်းများလာလည်သောအခါထမင်းအတူစားသည်။ သူကြိုက်နှစ်သက်သော ရေနွေးကြမ်းလက်ဖက်ရည်ခါးခါးဖြင့် ဧည့်ခံသည်။

သို့သော်နိုင်ငံတကာခေါင်းဆောင်များလာရောက်တွေ့ဆုံသောအခါ သမ္မတနန်းတော်၌တွေ့ဆုံဧည့်ခံသည်။

သတင်းစာဆရာဝီလျံဘားချက်သည် "ဟိုချီမင်း"ကို ဤသို့မှတ်ချက်ပြုသည်။

ကျွန်တော်တွေ့ဖူးမြင်ဖူးသော နိုင်ငံ့ခေါင်းဆောင်များတွင် 'ဟိုချီမင်း'ကဲ့သို့အပြောအဆိုအနေအထိုင်ရိုးသားသောခေါင်းဆောင်မျိုးတစ်သက်တာတွင်တစ်ခါမျှမကြုံဖူးပါ။

အဆောင်အယောင်တွေ၊ အခြွေအရံတွေနှင့် ခမ်းခမ်းနားနားနေထိုင်ကြသည့် ခေါင်းဆောင်များသာတွေ့ဖူးမြင်ဖူးပါသည်။ 'ဟိုချီမင်း'သည် သမ္မတလုပ်ရတာကိုပင် စိတ်၌လွတ်လပ်မှုမရှိမွန်းကျပ်လွန်းသည်ဟု ယူဆပုံရပါသည်။ စည်းစိမ်ဥစ္စာဟူ၍ ဘာမျှတပ်မက်မောခြင်းရှိပုံမရ။ သားသမီးတွေဘယ်နှယောက်ရှိသလဲဟုသူ့ကိုမေးသောအခါ ဗီယက်နမ်တစ်နိုင်ငံလုံးဟာ ကျုပ်ရဲ့သားသမီးတွေပေါ့ဗျာဟုလှိုက်လှိုက်လှဲလှဲရယ်မောလျက်ပြောပါသည်။

## ဘီလူးကျွန်းစိုးမြင့်

ဆိုလိုသည်မှာ 'ဟိုချီမင်း'သည် တစ်ကိုယ်တည်းလူပျိုကြီးဖြစ်၍ ဗီယက်နမ်နိုင်ငံသားများသည် မိမိ၏သားသမီးများသာဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။

ထူးခြားသည်မှာ 'ဟိုချီမင်း'သည်ဗီယက်နမ်စစ်ပြီးဆုံးလျှင် မိမိသမ္မတဖြစ်ရမည်ဟု စဉ်းစားမိပုံမပေါ်။ ဇာတိကျေးရွာသို့ပြန်၍နေသည်မှာ ရိုးသား၍ခေါင်းဆောင်ပီသသော 'ဂုဏ်'ရည်ပင်ဖြစ်တော့သည်ဟု 'သတင်းစာဆရာဝီလျံဘားချက်' ရေးခဲ့ပါသည်။

ပြောရလျှင် ယနေ့မြန်မာနိုင်ငံ၏ခေါင်းဆောင်များသည် 'ဟိုချီမင်း'ကဲ့သို့ရိုးရိုးကျင့်၍ မြင့်မြင့်ကြဲသူတွေပေါ်ထွက်လာပါစေဟု ဆုတောင်းရမည်လားမသိ။

သို့သော် 'ဟိုချီမင်း' အလားတူခေါင်းဆောင်တစ်ဦးမြန်မာနိုင်ငံတွင် တစ်ခါကရှိခဲ့ဖူးပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှု'ဂုဏ်'ကား ပြည်သူလူထုသိရှိပြီးဖြစ်၍အကျယ်ချဲ့၍မရေးသားလိုတော့ပါ။

ရေးချင်သည်မှာ လွတ်လပ်ရေး၏အရသာကိုမခံစားလိုက်ရရှာသော ဗိုလ်ချုပ်အောင်ဆန်းသာ ယနေ့မြန်မာနိုင်ငံ၏အခြေအနေကိုသက်ရှိထင်ရှားမြင်တွေ့ရလျှင် အာဏာနိုင်ငံရေးမနှစ်သက်မလိုလားသော ဗိုလ်ချုပ်ခမျာစာရေးဆရာဘဝဖြင့် ဘာတွေဘယ်လိုရေးမည်လဲဟုမေးစမ်းချင်ပါသည်။

"လွတ်လပ်ရေးရပြီးရင် ငါတို့ဆရာတပည့်နှစ်ယောက်စာရေးစားကြမယ်"ဟုဗိုလ်ထွန်းလှ(စာရေးဆရာတက္ကသိုလ်နေဝင်း)ကို ပြောခဲ့ဖူးသည်မှာ ယနေ့တိုင်ကြားယောင်နေဘိသို့။

ပြောရဦးမည်။ သန့်ရှင်းဖ. ဆ. ပ. လအစိုးရခေတ်က ကရင်အမျိုးသားခေါင်းဆောင်သမ္မတကြီးမန်းဝင်းမောင်သည်ဝင်ဒါမီယာနေအိမ်၌နေခဲ့စဉ် တစ်နေ့သ၌အိုးဝေဦးညိုမြနှင့် ကျွန်တော်သူ့အိမ်သို့ရောက်သွားခဲ့ရာ သမ္မတကြီးသည် စွပ်ကျယ်လက်ပြတ်နှင့်ဘောင်းဘီတိုကလေးဝတ်လျက် အိမ်ခြံဝ၌ဆီးကြိုသည်။

ဤတွင်ဦးညိုမြသည် ပြုံးရယ်လျက်"သမ္မတကြီးပုံစံကတစ်မျိုးကြီးပါလား။ ဘာတွေလုပ်နေတာလဲ"ဟု မေးလိုက်ရာ။

သမ္မတကြီးသည် ဟဲ ဟဲ ဟဲဟု ရယ်မောလျက် "ကျုပ်ဝက်စာကျွေးနေတာလေ။ အိမ်နောက်ဖေးဘက်မှာလိုက်ကြည့်ပါလား။ ဝက်သားပေါက်ကလေးတွေလှလိုက်တာဗျာ။ မွေးကင်းစကလေးတွေ"

သို့နှင့်ဦးညိုမြနှင့်ကျွန်တော်သမ္မတကြီးခေါ်ရာသို့လိုက်ပါသွားသည်။ ဝက်မကြီးတစ်ကောင်သည်ဝက်သားလေးတွေကိုမတ်တတ်ရပ်လျက် နို့ချိုတိုက်ကျွေးနေသည်မှာ ကလေးငါးယောက်ခန့်ရှိလေသည်။ သမ္မတကြီးသည် မီးလင်းဖိုပေါ်၌ကြိုချက်နေသော ပိန်းရိုးနှင့်ဖွဲနုကိုယောင်းမဖြင့် မွှေလျက်။

ဦးညိုမြသည် သမ္မတကြီးလုပ်ပုံကိုင်ပုံကိုကြည့်၍ ခေါင်းတညိတ်ညိတ်နှင့်။ ကျွန်တော်ကားမရမ်းပင်အောက်၌ မရမ်းသီးမှည့်ကြွေနေသည်ကိုလိုက်ကောက်နေပါသည်။

ထိုစဉ်အိမ်တော်၏မီးဖိုဆောင်ဘက်မှခေါ်သံကြား၍လှည့်ကြည့်လိုက်ရာသမ္မတကြီး၏ သားဖြစ်ဟန်တူပါသည်။

ကရင်လိုစကားပြောနေသဖြင့်မသိလိုက်ရ။ သို့သော် သမ္မတကြီးကပြောပြပါသည်။ မေမြို့ကတယ်လီဖုန်းလာနေတယ်။ ကဲ လာ။ အိမ်ထဲဝင်ကြရအောင်။

"အိမ်ထဲမှာပူအိုက်ပါတယ် သမ္မတကြီး။ အပြင်မှာပဲထိုင်ကြမယ်" သို့နှင့်ဦးညိုမြသည် မရမ်းပင်အောက်ကွပ်ပျစ်ပေါ်၌ထိုင်လျက်။ ကျွန်တော်ကိုပြုံး၍ကြည့်ရင်း "ကိုယ့်လူသမ္မတကြီးကိုအခုလိုတွေ့ရတာ စိတ်ပျက်စရာမကောင်းဘူးလား"ဟု မေးပါသည်။

သို့နှင့်ကျွန်တော်က သမ္မတကြီးရဲ့ပင်ကိုသဘာဝကိုသဘောကျတယ်ဆရာဟု ဖြေလိုက်ပါသည်။

ကျွန်တော်နှင့်ဦးညိုမြသည်ဝန်ကြီးချုပ်ဦးနုအိမ်သို့လည်းရောက်ခဲ့ပါသည်။ ဝန်ကြီးချုပ်သည်မွန်ဘာသာစကားပြောတတ်နေပြီ။ ဘီလူးကျွန်း၊ ရွာလွတ်ကျေးရွာမှ မွန်စာပြဆရာမဒေါ်ငွေကျင်ကိုခေါ်ယူပြီး လစာပေး၍ မွန်စာပေနှင့်မွန်စကားကို ဦးနုသင်ယူခဲ့သည်မှာ မွန်အမျိုးသားဓာတုဗေဒမင်းကြီးဦးချစ်သောင်း၏အကြံပေးတိုက်တွန်းမှုကြောင့်ဖြစ်သည်။

ဦးချစ်သောင်းသည် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်ကစက်မှုလက်မှုဝန်ကြီးအဖြစ်တာဝန်ထမ်းရွက်ခဲ့သူပင်ဖြစ်ပါသည်။

ပြောရလျှင် ဖ. ဆ. ပ. လခေတ်နိုင်ငံရေးခေါင်းဆောင်များသည် အာဏာရှိကြသော်လည်း အာဏာကိုအလွဲသုံးစားမပြု။ ရိုးသားပွင့်လင်းကြသည်။ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသောအစိုးရဖြစ်၍ ပြည်သူမကြိုက်လျှင် ရာဇပလ္လင်ပေါ်ကဆင်းပေးဖို့ဝန်မလေးကြ။ စည်းစိမ်ဥစ္စာလည်းမမက်မောကြ။ ပြည်သူလူထု၏ကြည်ညိုမှုကိုခံယူ၍ ဂုဏ်ယူလိုကြသည်။

တော်လှန်ရေးကောင်စီအာဏာသိမ်းခဲ့စဉ်က ဝန်ကြီးချုပ်ဦးနုသည်ထောင်သွင်းအကျဉ်းချခြင်းခံရသည်မှပြန်လည်၍လွတ်မြောက်လာသောအခါ နေစရာအိမ်ပိုင်ပင်မရှိခဲ့။ ညီမတော်စပ်သူ၊ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းရွက်ခဲ့ဖူးသူစာရေးဆရာမကြီး ဒေါ်ခင်နှင်းယုအိမ်တွင် ခေတ္တနေခဲ့ရသည်။

သို့သော် စစ်အာဏာရှင်အစိုးရလက်ထက်မှသည် ယနေ့တက်ရောက်လာသော သမ္မတဦးသိန်းစိန်၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည်ကား စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာလိုက်ကြသည်မှာ မတွေးဝံ့စရာပင်။

# ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်၏ ပြောစကားလွန်ကျူးမှုရှိသော်လည်း ကျေးရွာလူထု၏လိုအပ်ချက်အတွက် အကူအညီပေးလိုသောရည်ရွယ်ချက်ဟုသာယူဆရမည်



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝန်ကြီးဦးအုန်းမြင့်နှင့် တနင်္သာရီ တိုင်းဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးတို့၌အတွင်းရှိ ဒေသခံ များတွေ့ဆုံခဲ့စဉ် ဝန်ကြီး ဦးအုန်း မြင့်မှ "မည်သည့်နိုင်ငံရေးသမားမှ ဂရုစိုက်ရန်မလိုကြောင်း၊ နယ် တကာလှည့်ပါးရိုက်ခဲ့သည်"ဟု ဆိုခဲ့ခြင်းနှင့်ပတ်သက်၍ ဝေဖန်မှု များ၊ ဆန့်ကျင်ထုတ်ဖော်မှုများရှိလာ သည့်အပြင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမောင်စိုးက ယင်း အပေါ် လွှတ်တော်၌ အရေးကြီး အဆိုတင်ရာ ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ယင်းအဆို အပေါ် "ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ပြောစကားများ လွန်လွန်ကျူးကျူးရှိပါသော်လည်း တွေ့ဆုံခဲ့သည့် ကျေးရွာများမှ ပြည်သူလူထု၏ လိုအပ်ချက်၊ အခက်အခဲများကို အကူအညီ ပေးလိုသော ရည်ရွယ်ချက်ဖြင့် ပြောဆိုခြင်းဟုသာ ယူဆရမည် ဖြစ်ကြောင်း" လွှတ်တော်၌ ဖြေ ကြားခဲ့သည်။

"ပြည်ထောင်စုဝန်ကြီးဦးအုန်း မြင့်ရဲ့ ပြောစကားအချို့နဲ့ပတ် သက်ပြီး ဝေဖန်မှုတွေ ထွက်နေ တာ၊ ကျွန်တော်တို့အားလုံး အသိ ပါပဲ။ သူ့အနေနဲ့ မပြောသင့်တဲ့ စကားလုံးတွေ စကားထဲမှာ လွန် လွန်ကျူးကျူးပါတာ မှန်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ရည်ရွယ်ချက် က တွေ့ခဲ့တဲ့ ကျေးရွာလူထု လို အပ်ချက်တွေ၊ အခက်အခဲတွေကို အကူအညီပေးဖို့ ရည်ရွယ်တာပဲ ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ ဘာလို့ဆိုရင် လမ်းလေးလက်ဖက် ရည်ဆိုင်က လူ ၁၅ ယောက် လောက် ထွက်လာပြီး ပြည် ထောင်စုဝန်ကြီးရဲ့ ကားကို တား တာဖြစ်ပါတယ်။ ပြည်ထောင်စု ဝန်ကြီးဦးအုန်းမြင့်ကလည်း လိုလို လားလားပဲ ကားကိုရပ်ပေးပြီး သူ့ အနေနဲ့ ဒေသခံတွေမှာ ဘာ အခက်အခဲတွေရှိလဲ၊ သူဘယ်လို ကူညီရမလဲ မေးတဲ့စကားတွေကို လည်း ကြားရမှာဖြစ်ပါတယ်။ အကူအညီ မပေးချင်ဘူးဆိုရင် ကားကိုတောင် ရပ်ပေးစရာ မလို ပါဘူး။ အဲဒီမှာ ကားရပ်ပေးပြီး ဒေသခံပြည်သူတွေနဲ့ တွေ့တော့ လည်း ရင်းရင်းနှီးနှီးကို ပြောခဲ့ကြ တာပါ။ နောက်ပြီးတော့ ဒီဒေသ မှာ ဦးအုန်းမြင့်အနေနဲ့ (၅)နှစ် လောက် တာဝန်ထမ်းဆောင်ခဲ့ဖူး တဲ့အခါကျတော့ သူ့ရဲ့ခံစားမှု အရ တစ်ဖက်ကို ဆွေမျိုးအရင်း အချာလို သဘောထားပြီး ပွင့်ပွင့် လင်းလင်းဘာသဘောမှမထားဘဲ ပြောတာပဲဖြစ်ပါတယ်။ ပြောဆို တဲ့အခါမှာလည်း သူ့ရဲ့ ကိုယ်ပိုင် ခံစားချက်ကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုခွင့်အရ ထုတ် ဖော်ပြောဆိုမိခဲ့တယ်လို့ ယူဆလို့ ရနိုင်တဲ့အနေအထားမှာရှိပါတယ်။ အဲဒီမှာ ညွှန်ကြားရေးမှူးချုပ် ဟောင်းတစ်ယောက်ကို ထားခဲ့ တယ်။ ကျေးရွာတွေနဲ့ပတ်သက် ပြီးတော့ လိုအပ်တာတွေကို ဆက် လက်ကူညီပေးနိုင်အောင်လို့ဆိုပြီး နောက်ကျောင်းသားတွေအတွက် လည်း စားပွဲကုလားထိုင်အစုံ ၃၀ ပေးခဲ့တယ်။ ဒီအချက်တွေကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစား သင့်တယ်လို့ ထင်ပါတယ်။ ပလုံး တုံတုန်းရွာက ရွာသားတွေနဲ့တွေ့ တဲ့အခါမှာလည်း ရွာသားတွေက ဝန်ကြီးနဲ့တွေ့ဖို့ လာခေါ်ကြပါ တယ်။ ဆုံတဲ့အခါမှာလည်း စကား လုံးအသုံးအနှုန်း လွဲမှားမှုတွေ ပါ သွားနိုင်ပါတယ်။ ကျွန်တော်တို့ ကတော့ သေသေချာချာ မသိရ ပါဘူး။ ဒီရွာဟာ လွန်ခဲ့တဲ့ ၁၀နှစ် လောက်က သူ နယ်မြေခံအရာရှိ ကြီးတစ်ယောက်အနေနဲ့ ရွာသား တွေနဲ့အတူလက်တွဲပြီး သဲသောင် တွေ၊ ပင်လယ်ဝ စတာတွေကို ဖြတ်ပြီး ဒီပုလုံးတုံးနဲ့ ကော့သောင်း ကိုဆက်သွယ်တဲ့ တံတားကိုထိုးဖို့ စွန့်စွန့်စားစား လုပ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလိုကိုယ်ထူကိုယ်ထ တံတားတစ်ခုဖြစ်လာဖို့ ဒေသခံ လူထုနဲ့ အချိန်ပေးပြီး ရင်းရင်းနှီးနှီး လုပ်လာတဲ့သူတစ်ဦးလည်းဖြစ်ပါ တယ်။ ဒါတွေရဲ့ အကျိုးဆက် တွေကို ကြည့်မယ်ဆိုရင် အဲဒီရွာ နဲ့ဆိပ်ကမ်းဟာ သာတောင့်သာ ယာဖြစ်နေတဲ့အပြင် ဦးအုန်းမြင့် တာဝန်ယူတဲ့ ဝန်ကြီးဌာနဟာ လည်း အဲဒီရွာတံတားချင်းကပ် လမ်းအတွက် လိုအပ်တဲ့လမ်းခင်း ပေးဖို့ ဒီဘတ်ဂျက်ကို လွှတ်တော် မှာ တင်ပြထားပြီးလည်း ဖြစ်ပါ တယ်။ ဒီလိုလည်း ထည့်သွင်းစဉ်း စားရပါမယ်။ ဒါတင်မကပါဘူး။ ကျေးရွာမီးလင်းရေးအတွက် ဆို လာမီးတွေ တပ်ဆင်ဖို့အတွက်ပါ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒါတွေ ကိုကြည့်ခြင်းအားဖြင့် ဝန်ကြီး ဦးအုန်းမြင့်ရဲ့ စေတနာကိုလည်း ကိုယ်စားလှယ်တော်ကြီးများအနေ နဲ့ မှန်းစလို့တွေ့နိုင်ကြောင်း တင် ပြလိုပါတယ်"ဟု ဦးမောင်စိုး၏ အရေးကြီးအဆိုတင်သွင်းမှုကို ပြန်ကြားရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးအောင်ကြည် က ဖြေကြားခဲ့သည်။





ဆက်လက်၍ ဝန်ကြီးဦးအုန်း မြင့်၏ပြောစကားအပေါ် လေ့လာ သုံးသပ်မည့်ကိစ္စ၌ တရားမျှတစွာ ဖြစ်ရေးအတွက် ဦးအောင်ကြည် က ပြောကြားရာတွင် ဦးအုန်းမြင့် အနေဖြင့် သဘောရိုးဖြင့် ပြောခဲ့ ခြင်း(သို့) စေတနာမသန့်ဘဲ ပြော ခဲ့ခြင်း စသဖြင့် ကိစ္စသည် အရေး တကြီး ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့ အနေဖြင့် ယင်းကိစ္စကို လေ့လာ သုံးသပ်ရာ၌ ဖြစ်နိုင်သမျှ တရား မျှတမှုရှိနိုင်ရေးအတွက် အပေါ်ယံ လေ့လာမှုများကို မပြုလုပ်ချင် ကြောင်း၊ နယ်မြေခံပြည်သူများရဲ့ စိတ်နေ သဘောထားများကိုပါ ထည့်သွင်းစဉ်းစားရမှာဖြစ်သည့် အတွက် အချိန်လုံလောက်စွာပေး ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး အား တင်ပြလိုပါကြောင်း၊ လွှတ် တော်၌ ထပ်ဆင့်ပြောကြားတင် ပြသွားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဦးအောင်စိုးက အရေးကြီး အဆိုတင်ရာ၌ Unity မှ ဂျာနယ် ပါ ဝန်ကြီး ဦးအုန်းမြင့်၏ ပြော စကားမှာ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများအား စော်ကား ရာရောက်ကြောင်း၊ ပြည်သူလူထု က ခြိမ်းခြောက်သည့် သဘော တွေ့ရကြောင်း၊ အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြား ချက်ဖြစ်သဖြင့် အံ့ဩတုန်လှုပ်ရ ပါကြောင်း၊ ကိုယ်စားလှယ်တစ်ဦး ပင် တုန်လှုပ်ပါက ပြည်သူများ အတွက် ပို၍ပင်တုန်လှုပ်စေမည် ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စား လှယ်ကြီးများအနက် အများစု မှာ ပါတီများကို ကိုယ်စားပြု၍ တက်ရောက်နေသော နိုင်ငံရေး သမားများသာဖြစ်ကြောင်း၊ တစ် သီးပုဂ္ဂလ ကိုယ်စားလှယ်များ အလွန်နည်းပါကြောင်း၊ ဦးအုန်း မြင့်၏ စကားမှာ ပါတီများကို ကိုယ်စားပြုတက်ရောက်နေသော ကိုယ်စားလှယ်များအပြင် လွှတ် တော်ကြီးကိုလည်း စော်ကားရာ ရောက်ကြောင်း၊ ယင်း၏ စကား များမှာ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးကာလအတွက် ငြိမ်း ချမ်းစွာ လုပ်ဆောင်နေမှုကို ထိ ခိုက်စေနိုင်ကြောင်း စသဖြင့် လွှတ်တော်သို့ တင်ပြခဲ့သည့်အပြင် ဦးအုန်းမြင့်၏ ပြောကြားချက်များ နှင့်စပ်လျဉ်း၍ အမြန်ဆုံး တာဝန် ယူဖြေရှင်းပေးရန် ပြည်ထောင်စု အစိုးရသို့တိုက်တွန်းကြောင်း ပြည်သူ့လွှတ်တော်မှတစ်ဆင့် အရေးကြီးအဆို တင်သွင်းခဲ့ ကြောင်း သိရသည်။

**ခန့်ခန့်(ဒဿနိက)**

# ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်၏ ပြောစကားအပေါ် သမ္မတဦးသိန်းစိန် အလွန်စိတ်ဆိုးလျက်ရှိကြောင်း နီးစပ်သူအချို့ဆို




မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်၏ မကြာသေး မီရက်ပိုင်းအတွင်း မကွေးတိုင်း ဒေသကြီးအတွင်းရှိကျေးရွာအချို့ ရှိ ရွာသူရွာသားများနှင့် တွေ့ဆုံ စဉ် ပြောကြားသွားခဲ့သော ပြော စကားများ ဂျာနယ်အချို့၌ ဖော် ပြပါရှိပြီးနောက်နိုင်ငံတော်သမ္မတ မှ ဝန်ကြီးဦးအုန်းမြင့်ကို ခရီးမှ ပြန် ရောက်စဉ် ခေါ်ယူတွေ့ဆုံခဲ့ ကြောင်းနှင့် ပြည်ပ၌ သတင်းနှင့် ဝေဖန်မှုများထွက်ပေါ်နေရာ ဦးအုန်းမြင့်၏ ပြောစကားများ အပေါ် လွန်စွာစိတ်ဆိုးလျက်ရှိ ကြောင်း သမ္မတနှင့် နီးစပ်သူတစ် ဦး ပြောကြားချက်ကို မီဒီယာ အချို့ဖော်ပြချက်များအရ သိရ သည်။

နိုင်ငံတော်သမ္မတ၏ ပြော ရေးဆိုခွင့်ရှိသူ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲ ထွဋ်က ပြည်တွင်းသတင်းစာ တစ်စောင်၏ ဦးအုန်းမြင့်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်ကို ဖြေ ကြားရာ၌ ဖေဖော်ဝါရီ ၃ ရက် တွင် သမ္မတဦးသိန်းစိန်က ပြည် ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကို ခေါ်ယူတွေ့ဆုံခဲ့ကြောင်း မည် သည့်အကြောင်းပေါ် မူတည်၍ သီးသန့်ခေါ်ယူတွေ့ဆုံခဲ့ခြင်းကို မည်သူမျှ သိရှိခြင်းမရှိကြောင်း ဖြေကြားခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နီးစပ်သောသမ္မတ အကြံပေးတစ်ဦးကမူ ဝန်ကြီး ဦးအုန်းမြင့်၏ ပြောကြားချက်များ မီဒီယာအချို့၌ ဖော်ပြဝေဖန်ခံရ ပြီး ယင်းအပေါ် မကျေနပ်မှုများ များစွာရှိနေသည့်အတွက် ယင်း သို့ ပြောကြားခဲ့သောပြည်ထောင် စုဝန်ကြီး ဦးအုန်းမြင့်အပေါ် နိုင်ငံ တော်သမ္မတမှ လွန်စွာစိတ်ဆိုး လျက်ရှိကြောင်း မီဒီယာအချို့၌ ပြောကြားခဲ့သည်။

လွှတ်တော်၏ အခန်းကဏ္ဍ အနေဖြင့်မူ NLD မှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဦးအုန်း မြင့်၏ ပြောစကားနှင့် စပ်လျဉ်း ၍ ပြည်သူ့လွှတ်တော် နဝမ ပုံမှန် အစည်းအဝေး၌ အရေးကြီး အဆို တင်သွင်းခဲ့ပြီး ယင်းအဆို အပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင် ကြည်က ပြန်လည်ရှင်းလင်း ဖြေ ကြားခဲ့သည်။

**ခန့်ခန့်(ဒဿနိက)**

The HOT NEWS

Vol - 4, No - 178, Feb 7 - 13, 2014

# မြန်မာရယ်. . . ထိုင်းရယ်. . . ဒီမိုကရေစီရယ်. . . မိုဘိုကရေစီရယ်. . .






**ကြည်စင်ဟန်**

ထိုင်းနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲကို ၂-၂-၂၀၁၄ က ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ သမားရိုးကျသဘောအချိန်အခါနှင့် ပုံမှန်ကျင်းပသည့် ရွေးကောက်ပွဲမျိုးကားမဟုတ်၊ ကြီးမားသောပြဿနာများ၊ အငြင်းပွားစိန်ခေါ်မှုများ၊ သွေးထွက်သံယိုများကို ရင်းနှီးဖြတ်သန်းခဲ့ရသည့် ရွေးကောက်ပွဲဖြစ်လေသည်။

ယခုလက်ရှိ ထိုင်းနိုင်ငံကို အိမ်စောင့်အစိုးရအဖြစ်အုပ်ချုပ်နေသော ဝန်ကြီးချုပ်ယင်လပ်အစိုးရသည် တင်းကျပ်ပြည့်အစိုးရကြီးအဖြစ် ရပ်တည်နေစဉ် **'လွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေ'**တစ်ခုကို အောက်လွှတ်တော်တွင် တင်သွင်းခဲ့၏။ ထိုဥပဒေသည် ထောင်ဒဏ်အပြစ်ပေးခံထားရပြီး နိုင်ငံခြားတွင် တိမ်းရှောင်နေထိုင်လျက်ရှိသူယင်လပ်၏အစ်ကို မစ္စတာသက်ဆင်ကို ပြစ်ဒဏ်မှလွတ်ငြိမ်းစေကာ ထိုင်းနိုင်ငံထဲ ပြန်လာနိုင်စေရန် အဓိကရည်မှန်းလုပ်ဆောင်သည့်ဥပဒေဟု အတိုက်အခံဒီမိုကရက်တစ်ပါတီက အပြင်းအထန်ဝေဖန်သလို ၎င်းတို့ကိုလိုလားသည့် ရှပ်ဝါဝတ် နိုင်ငံရေးအုပ်စုကလည်း ထိုဥပဒေအတည်ဖြစ်မည်ကို ကန့်ကွက်သည့်အနေဖြင့် ၎င်းတို့အားကောင်းရာ ဗန်ကောက်နှင့် အခြားမြို့ကြီးတချို့တို့တွင် ဆန္ဒပြမည်ဟု ခြိမ်းခြောက်ခဲ့၏။ ထိုဥပဒေကို ယင်လပ်၏ ပွေထိုင်းပါတီအမတ်အများစုရှိနေသည့် ထိုင်းအောက်လွှတ်တော်က မဲအပြတ်ဖြင့် အတည်ပြုပေးခဲ့သည်။ ထိုင်းဖွဲ့စည်းပုံနှင့်အညီ ထိုဥပဒေကို အထက်လွှတ်တော်သို့ တင်ပို့ခဲ့ရာ အထက်လွှတ်တော်က ပယ်ချခဲ့သည်။ ထိုအခါ ၎င်းဥပဒေသည် ထိုင်းဖွဲ့စည်းပုံအရ အတည်မဖြစ်တော့။ ဝန်ကြီးချုပ်ယင်လပ်ကလည်း အထက်လွှတ်တော်၏ဆုံးဖြတ်ချက်ကို လေးစားလိုက်နာပါမည်၊ ယင်းဥပဒေအတည်ဖြစ်ရေး ဆက်လက်ဆောင်ရွက်မည်မဟုတ်ဟု ကြေညာလိုက်၏။ သို့ဆိုလျှင် ထိုဥပဒေနှင့်ပတ်သက်၍ နောက်ထပ် ဘာပြဿနာကြီးကြီးကျယ်ကျယ်မျှ မရှိနိုင်တော့ဟု လမ်းရိုးအတိုင်းဆိုလျှင် တွေးစရာဖြစ်သည်။ သို့သော် ထိုင်းနိုင်ငံရေးကား ထိုသို့မဟုတ်၊ ထိုဥပဒေကို ထုတ်ဖော် လွှတ်တော်တင်လာမှုကို အကြောင်းပြု၍ ရှပ်ဝါဝတ် အတိုက်အခံဒီမိုကရက်ပါတီအင်အားစုတို့က ဗန်ကောက်စသည့်မြို့ကြီးများတွင် 'ယင်လပ်အစိုးရဆင်းပေးရမည်. . . ၎င်းတို့ဖွဲ့စည်းထားသည့် ပြည်သူ့အဖွဲ့အစည်းသို့ အာဏာလွှဲပေးရမည်'ဟု တောင်းဆိုလာသည်။ ထိုတောင်းဆိုမှုကို အကျယ်လောင်ဆုံးဟစ်ကြွေးကာ ယင်လပ်အစိုးရ မဆင်းမချင်း ဆန္ဒပြပွဲများဖြင့် အစိုးရယန္တရားရပ်ဆိုင်းသွားအောင် ဆောင်ရွက်မည်ဟုဆိုလာသည်။ ၂၀၁၃ နိုဝင်ဘာမှ စလိုက်သော ၎င်းတို့၏ ဗန်ကောက်ဆန္ဒပြပွဲများရေချိန်မြင့်လာသည်တွင် ဝန်ကြီးချုပ်ယင်လပ်က လွှတ်တော်ကို ဖျက်သိမ်း၍ ၂-၂-၂၀၁၄ ရက်နေ့တွင် ရွေးကောက်ပွဲတစ်ရပ်ကျင်းပမည်။ ထိုရွေးကောက်ပွဲဖြင့် ထိုင်းပြည်သူလူထု၏အဆုံးအဖြတ်ကို နိုင်ငံရေးပါတီများ ခံယူကြပါစို့ဟု ကြေညာလိုက်လေသည်။

ထိုအခါ ရှပ်ဝါဆန္ဒပြသမားတို့က ယင်လပ်အစိုးရ ထွက်ပေးရမည်၊ ရွေးကောက်ပွဲလုပ်လျှင်လည်း ယင်လပ်တို့ပွေထိုင်းပါတီပဲနိုင်ဦးမည်. . . သက်ဆင်၊ ယင်လပ်တို့မျိုးဆက်တွေကိုထိုင်းအာဏာအဝန်းအဝိုင်းသို့ နောက်ထပ် ရောက်မလာအောင် အပြီးအပိုင် ဖယ်ရှားရမည်. . . ဒါကြောင့် ရွေးကောက်ပွဲကို သပိတ်မှောက်မည်. . . ဟုဆိုလာသည်။ လက်တွေ့တွင်လည်း 'ဗန်ကောက်ပိတ်ဆို့ရေး' 'ယင်လပ်အစိုးရဖြုတ်ချရေး' 'အစိုးရဌာနအဆောက်အအုံများ လူအုပ်ဖြင့်ဝင်သိမ်းရေး'လုပ်ဆောင်လာသည်။ ထိုအခါ ထိုင်းလူထုကြီး အထိတ်ထိတ်အလန့်လန့်ဖြစ်လာရသည်။ လက်နက်ကိုင် ပဋိပက္ခများမှသည် ပြည်တွင်းစစ်အထိ ဖြစ်လာလေမည်လား၊ သို့လောသို့လော ပူပန်လာကြရသည်။ ထိုင်းစစ်တပ်က အာဏာသိမ်းမည်လောဟု သောကရောက်လာကြရသည်။ လက်တွေ့၌ နိုင်ငံတကာမျက်နှာစာ၌ ထိုင်းတို့ ရုပ်ပျက်ဆင်းပျက်ဖြစ်ရ၏။ ထိုင်းစီးပွားရေးလည်း အကြီးအကျယ် ထိခိုက်ခံရလေသည်။

စာရေးသူသည် ထိုင်းနိုင်ငံ ဗန်ကောက်နှင့် အခြားမြို့ရွာအချို့တို့တွင် နှစ်အတန်ကြာ လှည့်လည်နေထိုင်ခဲ့ဖူး၏။ ကျေးလက်ရော မြို့ပြများမှ ထိုင်းလူထုသဘောထားနှင့် ထိုင်းနိုင်ငံရေးကို အသင့်အတင့် လေ့လာဆဝါးကြည့်ခဲ့ဖူးပါသည်။ သူတို့သည် သူတို့ဘုရင်စနစ်ကို ထဲထဲဝင်ဝင် သိကြသူများမဟုတ်၊ သို့ငြား သူတို့ဘုရင်ကို အလွန်အမင်း ကြည်ညိုဦးထိပ်ထားကြ၏။ ထိုင်းစစ်တပ်ကို လေးစားကြ၏။ သို့ငြား ထိုင်းစစ်တပ်၏ အတွင်းသရုပ်ကိုမူ ရေလည်ပတ်လည် သိကြသည်မဟုတ်၊ မည်သို့ဆိုစေ ထိုင်းနိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ကား ဘယ်ပါတီက သူတို့အကျိုးအတွက် အခြေပြုဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေသည်ကိုမူ ရုပ်ဘဝအတွေ့အကြုံအရသူတို့ကောင်းစွာဆဝါးမိထားကြ၏။ ထိုအသိဖြင့် ထိုင်းနိုင်ငံ၏ လွန်ခဲ့သော ၁၀ စုနှစ်တစ်ခုအတွင်း ယေဘုယျအားဖြင့် ၁၉၉၂-၉၃၊ ၂၀၁၂-၁၃ကာလအတွင်း ရွေးကောက်ပွဲများကို တုံ့ပြန်အဖြေပေးခဲ့ကြလေသည်။ ထိုရွေးကောက်ပွဲများတွင် မသမာမှုများရှိတန်သလောက် ရှိပါ၏။ သို့သော် ယေဘုယျအားဖြင့် လွတ်လပ်တရားမျှတ မြင်သာထင်ရှားသည့် ရွေးကောက်ပွဲများအဖြစ် ကမ္ဘာက အသိအမှတ်ပြုခံရပါသည်။

သို့ဆိုလျှင် ထိုင်းလူထုသည် သူတို့နှစ်သက်သော နိုင်ငံရေးပါတီတို့ကို လွတ်လပ်တရားမျှတ မြင်သာထင်ရှားသည့် ရွေးကောက်ပွဲများမှတစ်ဆင့် သူတို့ကိုယ်စားလှယ်အစိုးရအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း ကောင်းစွာထင်ရှားလေပြီ။

သို့ဆိုလျှင် ထိုင်းမှ 'ရွေးကောက်ပွဲသပိတ်မှောက်ကြ. . !' 'ယင်လပ်အစိုးရနုတ်ထွက်ပေး. . !' 'ပြည်သူ့ကော်မတီကို အာဏာအပ်. . !'ဆိုသော ကြွေးကြော်သံများဟစ်ကြွေးကာရွေးကောက်ပွဲမှတစ်ဆင့် ရွေးကောက်တင်မြှောက်ခံ အစိုးရတစ်ရပ်ကို လမ်းပေါ်မှာလူစု၍ ဟစ်အော်၊ မြို့တော်လမ်းများပိတ်ဆို့၊ ရွေးကောက်ပွဲသပိတ်မှောက်၊ မဲရုံများသို့ မဲပုံးနှင့်မဲပြားများမရောက်အောင်တားဆီး စသည့်လုပ်ရပ်များကို တွေ့မြင်ကြားသိရသောအခါ စာရေးသူသည်. . .

၁၉၄၇ ခုနှစ်ဆီက မြန်မာနိုင်ငံ၌ ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးကျင်းပခဲ့သည့် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကိုသပိတ်မှောက်ခဲ့ကြသည့်၊ သူပုန်ထရန်လှုံ့ဆော်ခဲ့ကြသည့် ဗကပ၊ အလံနီကွန်မြူနစ်ပါတီများကိုလည်းကောင်း၊ ၂၀၁၀ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည့် မြန်မာနိုင်ငံမှ နိုင်ငံရေးပါတီအချို့ကိုလည်းကောင်း သတိရလိုက်မိပါသည်။ ခါးသီးနာကြည်းနာကျင်စရာကောင်းသည့် သမိုင်းသင်ခန်းစာများပင်မဟုတ်ပါလော။

မြန်မာမှာရော ထိုင်းမှာပါ- **ဒီမိုကရေစီနှင့်မိုဘိုကရေစီ (Mob-ocracy)** တိုက်ပွဲတွေ ဖြစ်ထွန်းနေတုန်းပါလားဟု တွေးမိပါကြောင်း၊ နှလုံးစိတ်ဝမ်း မချမ်းသာရပါကြောင်း. . .။

## ငွေမပါတဲ့ ဂျပ်ဖာခွံကိုအရင်ယူခဲ့ရပြီး နောက်မှသုံးရစ်ခွဲရမယ့် ဒေသဖွံ့ဖြိုးတိုးတက်ရေး သိန်းတစ်ထောင်

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့တွင် ၁၅-၁-၂၀၁၄ ရက်က ငွေမပါဘဲ ဂျပ်ဖာပေါ်တွင်ငွေအရေအတွက်ရေး၍ ငွေလက်ခံရရှိကြောင်းပေးအပ်ပွဲပြုလုပ်ခဲ့သည်ဟု သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲ၊ မိုင်းဒိုင်းကျေးရွာအုပ်စု၊ ဥသျှစ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ဌေး၏ ပြောကြားချက်အရ သိရသည်။

ယင်းပေးအပ်ပွဲကို ၁၅-၁-၂၀၁၄ ရက်က သပိတ်ကျင်းမြို့၊ ရွှေဝါဝင်းခန်းမ၌ ပြုလုပ်ခဲ့ပြီး သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသန်းအောင်နှင့် ဦးတင်ထွန်း၊ တကောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးအောင်ဟုန်သန်းနှင့် သပိတ်ကျင်းမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်ခဲ့ကြောင်း သိရသည်။

ဥသျှစ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဌေး၏ပြောကြားချက်အရ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချထားငွေ သိန်း ၁၀၀၀ ထဲမှ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲအတွက်သိန်း ၄၀၀ ချထားပေးသည်ဟု သိရပြီး ဥသျှစ်ကုန်းကျေးရွာအတွက်သိန်း ၃၀ နှင့် ရင်ခွင်ကျေးရွာအတွက် ၃၅ သိန်းပါကြောင်းနှင့် အခြားဒေသများအတွက် ရရှိငွေကိုပါ ကျေးရွာ၊ ရပ်ကွက်အုပ်စုများမှ လက်ခံပေးရသော ပူးတွဲပါ စာရွက်အရ သိရသည်။

ထို့အပြင် ယခုကဲ့သို့ ချထားပေးရာတွင် ဥသျှစ်ကုန်းကျေးရွာအတွက် ရရှိငွေ ၃၀ သိန်း၌ တကောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးအောင်ဟုန်သန်းက "တိုင်းဒေသကြီး ရန်ပုံငွေမှ သုံးရစ်ခွဲပေးသည်" ဟု ပြောကြားကာ ၂၃-၁-၂၀၁၄ ရက်တွင် ဥသျှစ်ကုန်းကျေးရွာအတွက် ရရှိငွေသိန်း ၃၀ ကို ပထမအရစ်အဖြစ် ၇၇၄၀၀၀ ကျပ် ပေးခဲ့ပြီး ရင်ခွင်ကျေးရွာရရှိငွေ ၃၅သိန်းအတွက် ၁၂၁၂၅၀၀ ကျပ်ပေးကာ မိုင်းဒိုင်းကျေးရွာ (ရရှိငွေမသိရ)အတွက်၁၂၅၀၀၀၀ ကျပ် ပေးအပ်ခဲ့သည်ဟု ဦးမောင်ဌေး၏ ပြောကြားချက်အရ သိရသည်။

ဥသျှစ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဌေးက "ဘာကြောင့် သုံးရစ်ခွဲပေးမှန်းတော့ မသိဘူး။ ဆက်ပြီးရ/မရကိုတော့ စောင့်ကြည့်ရမှာပဲ။ ဒီလိုမျိုးအလီလီစိတ်ပြီးမှ ရမှာ ဘာအကြောင်းရှိလို့လဲမှ မသိတာ" ဟု ပြောသည်။

**ထိန်ထိန်လင်း(တကောင်း)**




**"ဘယ်ကောင်မှလည်း စောက်ဂရု မစိုက်ဘူး။ ခင်ဗျားတို့ မှတ်ထားကြ။ ကျွန်တော့် နာမည် ဗိုလ်ချုပ်အုန်းမြင့်။ ဗိုလ်ချုပ်အုန်းမြင့်ဆိုပြီး နယ်တကာလှည့်ပြီး ပါးရိုက်ရဲတယ်ကွာဆိုပြီး မိန့်ခွန်းပြောလာတာ ရှင်းတယ်နော်"တဲ့။ ကျေးရွာသားတွေကို ဗိုလ်ချုပ်အဝတ်ချွတ်ထားတဲ့ ပြည်ထောင်စုဝန်ကြီးပြောစကား။ ဆက်သွယ်ရေးကောင်းမှုနဲ့ ဖေ့စ်ဘွတ်ခ်ပေါ်ပြန့်။ တိုင်းပြည် ကောင်းကျိုးလုပ်မယ်ဆိုတဲ့ ဝန်ကြီးတစ်ယောက်ရဲ့ အယုတ္တအနတ္တစိတ်ရိုင်းကို သိလိုက်ရတဲ့အတွက် ဒီတစ်ခါ** MPT **ကို ကျေးဇူးတင်မိပါကြောင်းပြောပေးပါ။**

**ကိုသန်းထိုက်၊ ဖျာပုံ။**

ဝန်ကြီးရဲ့ အဲဒီစကားတွေက ပြည် သူ့မေတ္တာခံယူလိုက်ရသလို အဲဒီစကားတွေ သယ်ဆောင်ပေးတဲ့ မြန်မာ့ဆက်သွယ်ရေး ခမျာလည်း စက်ကွင်းမလွတ်ရှာပါဘူးကွယ်။ Myanmar Daily.net မှာ တင်ထားတာလေးဖတ်ကြည့်။ သူခမိုင် နမူနာရေးပြလိုက်မယ်။ 'ဘယ် User ကိုမှ သောက်ဂရုမစိုက်ဘူး။ ခင်ဗျားတို့မှတ်ထားကြ။ ကျုပ်နာမည် အမ်ပီတီ။ အမ်ပီတီဆိုပြီး နယ်တကာလှည့်ပြီး ခေါ်မကြားအော်မကြားနဲ့ လုပ်စားလာတာ ရှင်းတယ်နော်' တဲ့။ အပြည့်အစုံဖတ်ချင်ရင်တော့ အပိုင်းလည်တာကြီးကို သည်းခံပြီး ဖွင့်ကြည့်ပေတော့ကွယ်။ (ဝန်ကြီးက စောက်နဲ့ပြောတယ်။ Fb ပေါ်တင်တဲ့သူ ကတော့ သောက်လို့ပဲသုံးတယ်)

**မူလတန်းအဆင့်မှာကတည်းက ပြည်သူ့နီတိတို့ယဉ်ကျေးလိမ္မာတို့ကို စဉ်ဆက်မပြတ် သင်ကြားပေးမယ်ဆိုရင် ယဉ်ကျေးချိုသာတဲ့ လူကြီးလူကောင်းတွေ ပေါ်ထွက်လာမှာပေါ့နော်။ အခြေခံ ပညာသင်ရိုးများမှာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ ပြောပေးပါ။**

အံမယ်၊ ကိုယ့်ဘာသာသွားပြောပါလား။ တော်ကြာ စောက်ကောင်၊ စောက်ဂရု မစိုက်ဘူးဆိုပြီး ပါးရိုက်လွှတ်လိုက်မှ ရှုံးရောက်၊ ဂါတ်ရောက် အမှုတွေဖြစ်၊ နောက်ဆုံးတော့ မင်းသမီးထက်ထက်မိုးဦးနဲ့ စာနယ်ဇင်းသမား စီရင်ထုံးလို ဒဏ်ငွေ တစ်ထောင်ကျပ်နဲ့ပြီးစေ။ စောက်ကျိုးတွေ နည်းကုန်ပါ့မယ်မောင်ရင်ရေ။

**ဟေ့ သူခမိုန်။ ကျုပ်က ရုပ်ရှင် ဒါရိုက်တာဗျ။ ကျုပ်တို့ ရုပ်ရှင်ဗီဒီယိုတွေမှာ စောက်ဆိုတဲ့ စကားလုံးပါသွားရင် ဆင်ဆာဖြတ်တယ်ဗျ။ ခင်ဗျားတို့ စာပေမှာလည်း ရုန့်ရင်းကြမ်းတမ်း၊ ဟီရိဩတ္တပ္ပတရားကင်းတဲ့ အဲဒီလိုအသုံးမျိုးကို သူတို့ စစ်ဝတ်စုံနဲ့ အုပ်ချုပ်စဉ်တုန်းကဆင်ဆာဖြတ်တယ်မဟုတ်လား။ အခုတော့ ပြည်ထောင်စုဝန်ကြီးတစ်ဦးကကိုယ့်ရှေ့မှာကြီးသူရောငယ်သူတွေပါရှိနေတဲ့ ပြည်သူအများရှေ့ စောက်ဂရုမစိုက်တာတွေရော၊ ပုဆိုးလှန်ပြတာတွေရော စုံလှချည်လားဗျာ။ ဘာများဖြစ်ရတာပါလိမ့်။**

အဲဒီ ကျေးလက်ဒေသရဲ့ လူအများရှေ့မှာ မည်သို့သောအကြောင်းကြောင့်ကြဲ့ သူရဲ့တုံ့ပြန်မှုက သူ့ရဲ့စိတ်ရင်းအမှန်ကို ဖော်ပြလိုက်တာပါပဲ။ ပြည်သူလူထုကို မိဘလို သဘောထားရိုး တကယ်မှန်ရင် ဖြင့်ဘယ်သားသမီးမှ ဖအေ၊ မအေကို စောက်နဲ့ မပြောသလို ပုဆိုးလှန်ပြဖို့ လည်း စိတ်မကူးရဲပါဘူးကွယ်။ အဲ. . အဲ။ ဒါပေမဲ့ခေတ်ကြီးကိုက ဖအေရင်းက သမီးကို အဓမ္မကျင့်၊ အရက်မူးနေတဲ့သားက မအေကိုမုဒိမ်းကျင့်တွေ ကြားနေမြင်ရဆိုတော့လည်း မိဘအပေါ် ရိုင်းပျတဲ့ သားသမီးဆိုတာ မရှိဘူးလို့တော့ ကျွန်တော်မျိုးကြီး သေချာပေါက် မဆိုဝံ့ပါကြောင်း။

**ဦးအုန်းမြင့်က'အစိုးရကို စော်ကားတဲ့အကောင်တွယ်မှာပဲ။ ပါးစပ်နဲ့တွယ်လို့မရရင် အချုပ်ထဲထည့်မှာပဲ'တဲ့။ ပြည်သူအပေါ်စော်ကားတဲ့ ဝန်ကြီးကိုကျတော့ ကျွန်တော်တို့ပြည်သူတွေက ဘယ်လိုပြန်တွယ်ရမလဲ။**

သမ္မတကြီးကတော့ သူ့အမိအဖနဲ့ သူ့ပြည်သူကိုတစ်ဂိုဏ်းတည်း သဘောထားပြီး မိဘပြည်သူလို့ တင်စားခေါ်ဝေါ်တယ်လို့ ပြည်သူတစ်ဦး အနေနဲ့ နွေးထွေးစွာ ခံစားရပါတယ်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးကများ သမ္မတကြီးရဲ့ မိဘပြည်သူကိုစော်ကားခဲ့ရင် ကိုယ့်လူကိုယ်ဆုံးမဖို့ သမ္မတကြီးစီမံမှာပေါ့။ ခင်ဗျားကိုယ်တိုင်တွယ်ချင်သပဆိုရင်လည်း လွယ်လွယ်ကလေးပါ။ ၂၀၁၅ရွေးကောက်ပွဲကျမှ ပယ်ပယ်နယ်နယ်သာတွယ်ဗျာ။ အားရပါးရတွယ်ဗျာ။ ဘယ်ပြန်ညာပြန်တွယ်ဗျာ။ ခုတော့ ခန္တီစသည်းခံ. . . သည်းခံ။

**'သူတို့အစိုးရက စက်စက်ခဲခဲနဲ့ မနိုင်ပြီး နေရာရလာတာ'လို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆိုလာပါကလား။ အာဏာရစစ်အစိုးရရဲ့ ကျောထောက်နောက်ခံပြုမှုနဲ့ ကိုယ့်ဖဲကိုယ်ရိုးပြီး အရပ်သားအစိုးရလို့ အမည်ခံအုပ်ချုပ်နေသူတွေက သူပြောသလို စက်စက်ခဲခဲ ဟုတ်လို့လားဗျာ။ ငှက်ပျောသီး အခွံနွှာရတာကမှ ခက်ဦးမယ်ထင်တယ်။**

ကိုယ်ချင်းမစာတဲ့စိတ်နဲ့အလွယ်မှတ် ချက်မပြုပါနဲ့မောင်ရင်။ ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးကိုဖြိုခွင်းပြီးအာဏာ အရယူစဉ်ကစပြီး ၂၀၁၀ ရွေးကောက်ပွဲပြီးတဲ့အထိ သူတို့ခမျာ ဆူးခင်းတဲ့ခရောင်းလမ်းကြီးကို ကျော်ဖြတ်ခဲ့ရတာပါ။ အမေစုကသူ့အိမ်မှာ အကျယ်ချုပ်၊ ၈၈ ကျောင်းသားအုပ်စုက ထောင်ထဲမှာ နေကြရပေမဲ့ ချစ်ခင်အားပေးသူအဝန်းအဝိုင်းနဲ့ ကဲ့ရဲ့ရှုတ်ချသူအဝန်းအဝိုင်းအကြား ဘယ်သူကပိုခက်ခဲမလဲကိုယ်ချင်းစာကြည့် ပါ။ ၁၉၉၀ ရွေးကောက်ပွဲ၊ ၁၉၉၃ကစပြီး နှစ်လရှည်စွာ ကျင်းပခဲ့ရတဲ့ အမျိုးသားညီလာခံဆိုတာကြီး၊ ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဆိုတာကြီး၊ ၂၀၁၀ ရွေးကောက်ပွဲဆိုတာကြီး အဲဒီသမိုင်းမှတ်တိုင် တွေက ပြည်ထောင်စုဝန်ကြီးပြောတဲ့စကား အမှန်ပဲဆိုတာ သက်သေပြနေတာပါပဲကွယ်။

ပြောရတာကိုလည်း အားနာတယ်။ ပြောခွင့်ပေး တာကိုလည်း ကျေးဇူးတင်တယ်။

သမ္မတကြီးက ပြည်သူကို သူ့အမိ သူ့အဖလို ရည်ရွယ်ပြီး ပြည်သူနဲ့ မိဘကို တစ်ဂိုဏ်းတည်းထားပေမဲ့ မြန်မာပြည်သူကတော့ ကိုယ့်အုပ်စိုးတဲ့အစိုးရလို သားသမီးလို မှတ်ယူဖို့ဝေးစွ။ မော်တောင်မကြည့်ရဲသူက ခပ်များများရယ်။ သားသမီး မှားရင် မိဘကပြောဆိုဆုံးမရတဲ့ ဝတ္တရားရှိသော်ငြားအစိုးရနဲ့ ပြည်သူအကြားမှာ အဲဒီဝတ်ကပျက်ခဲ့တာ ကြာပြီပေါ့။

အခုတော့ ပြောခွင့်ကလေးပေးလာ တော့ ဟိုနည်းနည်းပြော၊ ဒီနည်းနည်းပြောနဲ့ လွဲတာလေးတွေ၊ လွဲတာကြီးတွေ ထောက်ပြသူတွေ ပေါ်လာတယ်။ ဒါလည်း သမ္မတကြီးစကား ငှားသုံးရရင် မြန်မာ့နိုင်ငံရေးသမိုင်းမှာ ယဉ်ကျေးမှုအသစ် မဟုတ်ဘူးလား။

Sky Nest ရဲ့ လွှတ်တော်ချုန်နယ်ကို ဇန်နဝါရီ ၂၈ ရက်နေ့ညက ကြည့်ဖြစ်တယ်။ သယ်န်းကျွန်းမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ဆင်းရဲနွမ်းပါးတဲ့ အခြေခံလူတန်းစားတွေအကြား အတိုးကြီးနဲ့ ငွေချေးစားနေကြသူများ ထိုသို့အတိုးကြီးခြင်းကြောင့် ပို၍ပို၍ ဆင်းရဲကျပ်တည်းလာမှုများ စားဝတ်နေရေးအတွက် ကြုံသလိုဖြေရှင်းနေရတဲ့ လူတန်းစားတွေဟာ အတိုးကြီးမှန်းသိပေမဲ့ ရှောင်လွှဲမရနိုင်ဘဲနောက်ဆုံးအိုးမဲ့ အိမ်မဲ့မိသားစု

တွဲလုံးဝလုံးဝမရှိပါကြောင်း ဖြေကြားလိုက်တာကိုကြားလိုက်ရပါ တယ်။

ပြန်လည်ဖြေကြားသူရဲ့ စကားအပေါ် နားတစ်ရာ မှတ်ချက်တစ်စုံတစ်ရာ မပေးလိုတော့ပါ။ အဲဒီလိုကိစ္စတွေ ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်တွေမှာ ရှိနေသေးသလား၊ ပပျောက်သွားပြီလား၊ ထုတ်ပြန်ခဲ့တဲ့ ဥပဒေ၊ ပုဒ်မတွေက သက်ရောက်မှုရှိရဲ့လားဆိုတာ ပြည်သူတွေအထိ ဖြစ်ပါလိမ့်မယ်။

နားတစ်ရာကတော့ ဝမ်းတွင်းမြို့၊ အမှတ် (၃) ရပ်ကွက် (လုပ်သားရပ်ကွက် လို့လည်းခေါ်တဲ့) ဆီက ပြည်သူတစ်ဦး ဖုန်းဆက်ပြောလာတာလေး တင်ပြလိုက်ပါတယ်။

'နားတစ်ရာလားခင်ဗျာ။ ကျွန်တော် တို့ဝမ်းတွင်းက ငွေတိုးချေးစားနေတာ ပြောချင်လို့ပါ'

'ငွေကို အတိုးကြီးကြီးနဲ့ လိုင်စင်မဲ့ ချေးတာက ဝမ်းတွင်းတင်မဟုတ်ဘူး။ ကျုပ်တို့ ရန်ကုန်မြို့ပြမှာတောင်ရှိပါတယ်ဗျာ။ ငွေရင်းက နည်းနည်း၊ အတိုးက များများ။ ပြန်မဆပ်နိုင်တော့ စကားများ၊ အငြင်းပွား၊ ရပ်ကွက်ရုံးရောက်။ ရပ်ကွက်ရုံးက တရားမဝင်တဲ့အဲဒီလုပ်ရပ်တွေအပေါ် ထိထိရောက်ရောက်မကိုင်တွယ်၊ တချို့ဆို ငွေရှင်ဘက်ကတောင် ရပ်တည်လိုက်သေးတယ်။ ဥပဒေအတိုင်း ထိထိရောက်ရောက်မကိုင်တွယ်သမျှ ဝမ်းတွင်းတင်မက မြန်မာတစ်ပြည်လုံးရှိနေမှာပဲ'

'ခဏလေးဗျ။ ကျွန်တော်ပြောတာ နားထောင်ပေးပါဦး။ ကျွန်တော်တို့ဆီမှာ ၅ ရက် တစ်ဈေး




ဘဝပျက်ကြရကြောင်းများ စသည် စသည်ဖြင့် ရပ်ကွက်ထဲက နေ့ပြန်တိုးများအကြောင်း ဥပမာပေးရှင်းလင်းပြောဆိုပြီး လိုင်စင်မဲ့ အမြတ်ကြီးစား၊ နိုင်ငံတော်အတွက်လည်း အခွန်ငွေနစ်နာ စေသော၊ အခြေခံလူတန်းစားကိုလည်း ပို၍ပို၍ ဆင်းရဲစေသော ထိုသူ ထိုလူများကို မည်သို့အရေးယူဆောင်ရွက်သွားပါမည်လဲလို့ မေးမြန်းတင်ပြသွားပါတယ်။

အုပ်ချုပ်ရေးမဏ္ဍိုင်က သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက အဲဒီလိုကိစ္စရပ်များအတွက် မည်သို့မည်ပုံဆောင်ရွက်၍ မည်သို့သော ဥပဒေ၊ ပုဒ်မများထုတ်ပြန်ခဲ့ပါကြောင်း၊ အဲဒီလိုဥပဒေထုတ်ပြန်ပြီးကတည်းက အဲဒီလိုကိစ္စတွေ တိုင်ကြား လာတဲ့အမှု

ရှိတယ်။ အဲဒီမှာ ဥပမာ ဆိုပါတော့ ငွေတစ်သောင်းချေးရင်ဈေး နေ့ရောက်တိုင်း ၃၀၀၀ ကျပ် ပြန်သွင်းရ တယ်။ တစ်လရက် ၃၀ ဆိုတော့ တစ်ကြိမ် ၃၀၀၀ နှုန်းနဲ့ ၆ ကြိမ် ၁၈၀၀၀ ကျပ် တစ်သောင်းရှစ်ထောင်ဖြစ်သွားရော။ အတိုးက ၈၀ တိုးဖြစ်နေတာပေ့ါ'

'ဗျာ ၈၀ တိုး'

'ဟုတ်တယ် ၈၀ တိုး။ နားတစ်ရာ ရေ ဆင်းရဲသားတွေကို ကူညီပါဦးဗျာ။ မလွဲသာတော့လည်း မတရားမှန်း သိလျက်နဲ့ ချေးရင်ငှားရင်း ဘဝတွေပျက်နေရပြီ။'

နားတစ်ရာပြည်သူ့ဆန္ဒထုတ်ဖော်ပေးသည်။ ဖော်ချင်သူများဆက်သွယ်ကြပါ။
ဖုန်း၀၁-၇၀၃၃၁၇၊ ၀၁-၅၀၄၂၉၃၁၊ ၀၉-၄၂၁၅၁၁၁၀

## ယာဉ်စီးခပိုတောင်းနေတဲ့ လိုင်းကားများရှိနေ

ရန်ကုန်တိုင်းဒေသကြီးမော် တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(မ. ထ. သ) လက်အောက်ရှိခရီးသည်တင်ယာဉ်များသည် သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုကောက်ခံနေကြောင်း သိရသည်။ ယင်းကဲ့သို့ယာဉ်စီးခပိုမို ကောက်ခံနေခြင်းနှင့်ပတ်သက်ပြီး "ယာဉ်လိုင်းတွေအများကြီးရှိတဲ့အထဲမှာ (မ. ထ. သ)ယာဉ်စပယ်ယာတွေက ကိုယ်အမူအရာ၊ နှုတ်အမူအရာ အရိုင်းဆုံးပဲ။ ယာဉ်စီးခဆိုရင်လည်း အတိအကျဆောင်ထားရတယ်။ အမ်းစရာရှိတာမအမ်းဘဲ မေ့ချင်ယောင်ဆောင်နေတတ်တယ်"ဟု ကုမ္ပဏီဝန်ထမ်း မနီနီကပြောပါသည်။

(မ. ထ. သ)ယာဉ်လိုင်းအောက်တွင် ရိုးရိုးနှင့်အထူးကား များပြေးဆွဲနေပြီးရိုးရိုးယာဉ်များကို ခရီးစဉ်တစ်ဖြတ်(၅၀)ကျပ်သာယူရန် သတ်မှတ်ထားသည်။ ယင်းကဲ့သို့လုပ်ဆောင်နေမှုနှင့်ပတ်သက်ပြီး "(မ. ထ. သ) ကတော့ သူ့လက်အောက်ကယာဉ်လိုင်းတွေကို စည်းကမ်းတွေသတ်မှတ်ထားတာ မနည်းဘူး။ လိုက်နာသလားဆိုတော့ မလိုက်နာဘူး။ တာမွေဗလီမှတ်တိုင်မှာပဲကြည့်၊ ၄၆၊ ၁၀၇၊ ၂၁၆ ကားတွေ စုပြုံနေတယ်။ အဲဒီကနေ သာကေတကို ဆွဲတယ်။ တစ်မှတ်တိုင်စီးလည်း ၂၀၀ ကျပ် ပေးရတယ်။ တစ်နေ့ က ၂၁၆လိုင်းက ၅ခ/၁၃၃၁ ကို ညနေ ၅ နာရီခွဲလောက်မှာ တက်စီးတယ်။ တစ်ရာပေးတာမရဘူး။ တစ်မှတ်တိုင်စီးလည်း ၂၀၀ဆိုလို့ စကားမများချင်တာနဲ့ပေးလိုက်ရတယ်။ ဒါတွေကို(မ. ထ. သ) ကမထိန်းချုပ်နိုင်သလိုဖြစ်နေတယ်"ဟု ခရီးသည် ကိုညီညီကပြောသည်။

HNT

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# လွှတ်လပ်ရေးဆိုတာ အသက်သွေးချွေးတွေပေးပြီးမှ ရလာခဲ့တာ။ ၅၉ (စ) ပြင်စရာ မလိုဘူး

***၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း (၃)ပုဒ်မ ၅၉ ပါပြဋ္ဌာန်းချက်များ ထောက်ခံပွဲအားပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂ရက် နေ့လယ် ၅နာရီတွင် ဗိုလ်စိန်မှန်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပြီးယင်း ပုဒ်မ ၅၉ ထောက်ခံပွဲသို့တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးနယ်ပယ်မှထင်ရှားသူများကို ပုဒ်မ ၅၉(စ) ထောက်ခံပွဲသို့ တက်ရောက်အားပေးခဲ့ခြင်းနှင့် ယင်းပုဒ်မပြင်ဆင် သင့်/မသင့် အပေါ် သဘောထားအမြင်များ၊ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များစုစည်းရေးသားတင်ပြလိုက်ပါသည်။***

**ဦးအောင်သိန်းလင်း (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)**

ဒီပုဒ်မ ၅၉ ထောက်ခံတဲ့ပွဲလုပ်တဲ့ဟာကို တက်ရောက်လာတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါပုဒ်မ ၅၉ ကိုထောက်ခံတယ်ဆိုတဲ့သဘောပါ။ ပုဒ်မ ၅၉ မှာပါတဲ့ ၅၉ (စ) ဆိုတာကလည်း ရေရှည်တိုင်းပြည်အကျိုးအတွက်ရည်မျှော်ပြီး မပြင့်သင့်ပါဘူး။ ဒီ ၅၉ (စ)ဆိုတာက ခုမှ ဆွဲပြီးရေးထည့်ထားတာမဟုတ်ဘူး။ ဟိုအရင် ၁၉၄၇ ခုနှစ်နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၄ မှာလည်းပါတာပဲလေ။ဆိုလိုတာက နိုင်ငံခြားရဲ့ ဩဇာလွှမ်းမိုးခံနိုင်စရာရှိရင် အဲဒီသူဟာ လွှတ်တော်အမတ်တောင်ဖြစ်ခွင့်မရှိဘူးဆိုပြီးပါတာလေ။ ၂၀၀၈ ဖွဲ့စည်းပုံ


ဦးအောင်သိန်းလင်း

အခြေ ခံဥပဒေမှာ ဖော်ပြထားသလို တိုက်ရိုက်အားဖြင့် မပါဝင်သော်လည်း ၄၇ ဥပဒေမှာတော့ ပုဒ်မ ၇၄ မှာ ပြဋ္ဌာန်းထားတာ ပဲ။ ၁၉၇၄ ဥပဒေကကျတော့ အဲဒီအချိန် နိုင်ငံရေးက တစ်ပါတီစနစ်ဖြစ်နေတယ်။ ပါတီစုံစနစ်ချင်းအတူတူဆိုရင်တော့ ၁၉၄၇ နဲ့ ဒီ ၂၀၀၈ ပါ ပြဋ္ဌာန်းချက်က ဆိုလိုချက်ရည်ရွယ်ချက်ချင်းတူပါတယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းလိုလိုမှာ ကိုယ့်အမျိုးသား အကျိုးစီးပွားအတွက် နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်းအစဉ်တစိုက်ကြိုးပမ်းနေကြတာပဲလေ။ အဲဒီတော့ သူတို့ဩဇာလွှမ်းမိုးဖို့ လမ်းဖွင့်ပေးသလိုဖြစ်စေမယ့်အချက်တွေကို ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မပါမှဖြစ်မှာလေ။ ဒါတောင်မှ မြန်မာနိုင်ငံအပေါ် ပြည်ပဖိအားတွေက အမျိုးမျိုးရှိနေတာလေ။ ကျွန်တော်တို့ နိုင်ငံကလည်း ခုမှ ဖွံ့ဖြိုးတိုး တက်မှုကိုဦးတည်နေတာဆိုတော့ တိုင်းတစ်ပါးဩဇာခံမဖြစ်ဖို့တော်တော်ကို သတိလည်းထားနေရတာလေ။ ယခင်တိုင်းတစ်ပါးလက်အောက်နှစ် ၁၀၀ ကျော်ကျခဲ့တဲ့ ဆိုးမွေတွေကလည်း ခုထက်ထိ ခံနေရတုန်းပဲလေ။ ဒါကြောင့် ဒါကို အများကြီး သတိထားရမယ်။

**ဒေါ်ခင်ဝိုင်းကြည် (အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)**

ခု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ။ ပုဒ်မ ၅၉ (စ) ရဲ့ ရေရှည်သက်ရောက်မှုနဲ့ လားရာကပြောရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ တစ်ဦးတစ်ယောက်အတွက်ရည်ရွယ်ပြီးဆွဲတာမဟုတ်ဘူး။ တစ်နိုင်ငံလုံးအတွက်၊ အမျိုးသားအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ဖို့အတွက် ရေရှည်ကိုမျှော်ပြီး ဆွဲရတာဖြစ်တယ်။ တိုင်းပြည်ရဲ့ အကျိုးစီးပွားရေရှည်အခွင့်ရှည်ဖို့ အတိတ်မှာဖြစ်ပြီးခဲ့တာတွေထဲက အားနည်းချက်၊ အားသာချက်တွေကို သင်ခန်းစာယူပြီး တိုင်းပြည်အကျိုးအတွက်လိုအပ်လို့ထည့်သွင်းရေးဆွဲထားတဲ့ ဥပဒေဖြစ်တယ်။ တစ်စုံတစ်ယောက်အတွက်ဆိုရင် အဲဒီအတွက်သက်တမ်းဆိုတာ တိုတိုလေး။အရှည်ကြီးကိုရည်ရွယ်ပြီး ဆွဲရတဲ့ အခန်းကဏ္ဍမှာ တစ်စုံတစ်ယောက်အတွက်၊ သက်တမ်းတိုလေးတစ်ခုအတွက် လုပ်လို့မရဘူး။ ၅၉ (စ) ဆိုတာ ဘယ်နိုင်ငံမှာမဆို ကိုယ့်နိုင်ငံကိုရေရှည်အကျိုးစီးပွားအတွက်လုပ်ကြသလို ကာကွယ်ကြသလိုမျိုးပါပဲ။ နိုင်ငံရေးဆိုတာ နိုင်ငံရဲ့


ဒေါ်ခင်ဝိုင်းကြည်

အရေးပဲ။ တလောက မြန်မာပြည်ကို အလည်လာတဲ့ အင်္ဂလန်ကအာရှရေးရာဝန်ကြီးက ၂၀၀၈ ဖွဲ့စည်းပုံပါ ၅၉ (စ) ဆိုတာ ၄၇ ဥပဒေမှာရော၊ ၇၄ ဥပဒေမှာရော မပါဘူးလို့ပြောတယ်။ ခုနကပြောသလို တစ်နိုင်ငံရဲ့အရေးနဲ့ တစ်နိုင်ငံရဲ့ အရေးက မတူဘူး။ တစ်နိုင်ငံရဲ့ဖြစ်စဉ်နဲ့ တစ်နိုင်ငံရဲ့ ဖြစ်စဉ်နဲ့က တူတာမဟုတ်ဘူး။ တစ်နိုင်ငံရဲ့ ဥပဒေနဲ့ တစ်နိုင်ငံရဲ့ ဥပဒေနဲ့ကလည်း ထပ်တူကျဖို့ဆိုတာမဖြစ်နိုင်ဘူး။ နိုင်ငံတစ်နိုင်ငံရဲ့သိက္ခာဆိုတာက အဲဒီနိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှုပဲ။ အချုပ်အခြာအာဏာဆိုတာ နာမည်ပဲရှိကြီးသူများခိုင်းသမျှလုပ်သူများဩဇာဖြစ်နေရင် နိုင်ငံတစ်နိုင်ငံအနေနဲ့ အလွန်ပဲသိက္ခာကျဆင်းတယ်။ ဒါကြောင့် ၅၉ (စ) ဆိုတာပြင်စရာမလိုဘူး။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဆိုတာ အသက်သွေးချွေးတွေပေးပြီးမှရလာခဲ့တာလေ။ ဒီတော့ ဒီလွတ်လပ်ရေး အခွန့်ရှည်ဖို့အတွက် လုပ်သင့်လုပ်ထိုက်တာ လုပ်ရမယ်။ ဒီအတွက်အားလုံးမှာ တာဝန်ရှိတယ်။

**ဦးနေမျိုးဝေ (ဥက္ကဋ္ဌ၊ မတူကွဲပြားရေးနဲ့ ငြိမ်းချမ်းရေးပါတီ)**

နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ကျင့်သုံးတဲ့ ဥပဒေတွေကို ဘယ်ဥပဒေတွေကိုထောက်ခံတယ်။ ဘယ်ဥပဒေတွေကို ကန့်ကွက်တယ်ဆိုတာ အဲဒီနိုင်ငံကပြည်သူတွေပဲလုပ်တယ်။လူထုရဲ့ ပြဋ္ဌာန်းခွင့်ကပဲအဓိကကျတယ်။ အဲဒီလူထုကို ကျွန်တော်တို့ဘာကြောင့် ပြဋ္ဌာန်းချင်လဲဆိုတာရှင်းပြရမှာ ကျွန်တော်တို့အလုပ်ပဲ။ ရလဒ်ကအဲဒီမှာပဲ။ ၅၉ (စ) ပြင်ချင်တဲ့သူတွေလည်း ပြိုင်ကြပါ။ မပြင်ချင်တဲ့

## ခန့်ခန့်(ဒဿနိက)

ကျွန်တော်နဲ့ ပြိုင်မယ်။ ဒီပုဒ်မက လူတစ်ဦးတစ်ယောက်ကိုရည်ရွယ်ပိတ်ဆို့ထားတယ်ဆိုရင် ဒီအချက်နဲ့ ညီသမျှ ဒီဓားနဲ့ ခုတ်ခံရမှာပဲလေ။ ငြိတဲ့သူကတစ်ယောက်ထဲကအများကြီးလား။ မိမယ့်သူကအများကြီးပဲ။ ဒီလိုမျိုးငြိမယ့်သူတွေတစ်နိုင်ငံလုံးမှာ အများကြီးပဲ။ ဒီဓားနဲ့ အခုတ်မခံရဲဘူးလား။ နိုင်ငံတော်သမ္မတနဲ့ အရည်အချင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ အရည်အချင်းနဲ့တူသလား။ ဘယ်သူကိုပိုတင်းကျပ်ထားသလဲ။ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကို ကျွန်တော်လုပ်လာတာကြာပြီ။ နိုင်ငံတစ်ခုမှာ ပြဋ္ဌာန်းထားတဲ့


ဦးနေမျိုးဝေ

ဥပဒေတွေဟာ ဘယ်နိုင်ငံပဲကြည့်ကြည့် လိုတိုးပို့လျှော့လိုမျိုးသွားနေတာသတိထားမိလား။ တင်းကျပ်လိုက် ပြန်ကျယ်ပြန့်လိုက်နဲ့ သွားနေတာပဲ။ နောက်ဥပဒေတစ်ခုပြဋ္ဌာန်းပြီးရင် အဲဒီမှာပဲ တည်တံ့နေတာမျိုးရှိသလား။ ဟန်မူရာဘီရဲ့ကိုခဥပဒေမျက်လုံးတစ်လုံးဖောက်ရင်မျက်လုံးတစ်လုံးပြန်ဖောက်ခံရတဲ့ ဥပဒေမျိုးခုခေတ်ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှာ သုံးသေးလား။ အဲဒီလိုပဲ။ ၄၇ တုန်းက လျှော့ပေါ့ထားရင်တောင် ၂၀၀၈ မှာ တင်းကျပ် လိုက်လို့ရတယ်။ တင်းကျပ်ထားရင်တောင်မကြာခင်လျှော့ လိုက်လို့ရတယ်။ လက်ရှိအမြင်အရ ၂၀၀၈ ဟာ ပျော့လွန်းနေသေးတယ်။ အမတ်အရည်အချင်းကိုတောင် သမ္မတ အရည်အချင်းလို ချဖို့ဆန္ဒပြုမှာ။ မကြာခင် အဲဒီလို သဘောထားတွေ ထွက်လာပါလိမ့်မယ်။

**ဦးတင်မောင်ဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ဒီ ၅၉ (စ)နဲ့ ပတ်သက်ပြီး ရေရှည်ဖြစ်လာမယ့်အကျိုးဆက်တွေက အများကြီးပဲ။ တလောက ကျွန်တော်လွှတ်တော်မှာ ဒီကိစ္စပြောတယ်။ မြန်မာနိုင်ငံကို နည်းမျိုးစုံနဲ့ စိမ့်ဝင်နေတဲ့ နိုင်ငံခြားငွေတွေက စနစ်တကျထိန်းကျောင်းဖို့လိုတယ်ဆိုပြီးတော့ ပြောခဲ့တယ်။ နည်းပေါင်းစုံနဲ့ပြည်တွင်းကိုနိုင်ငံခြားငွေတွေဝင်နေတယ်။ မြန်မာနိုင်ငံအတွက် ဘာလုပ်မှာလဲ။ဒါတွေကိုလေ့လာသုံးသပ်ပြီးတော့ဒီအချက်တွေကို မပြင်သင့်ဘူးလို့ မြင်တယ်။ တကယ်လို့ ပြောရရင် ပုဒ်မ ၅၉ (စ)မှာ အဆင့်က (၅) ဆင့်ရှိတယ်။ ကိုယ်ကိုယ်တိုင်၊ ကိုယ့်ရဲ့မိဘ၊ ကိုယ့်ရဲ့ ဇနီး၊ ခင်ပွန်း၊ ကိုယ့်ရဲ့သား၊ သမီးပြီးရင် ဇနီး၊ ချွေးမ စသဖြင့်ပေါ့နော်။ အဲဒီမှာ နံပါတ် (၅) ကို ပြင်ရင်ဘာဖြစ်မလဲ။ နံပါတ် (၄) ကို ပြင်လိုက်ရင်ဘာဖြစ်မလဲ။ ဒီ (၅) ဆင့်ကို ပြင်မယ်ဆိုရင် ကျွန်တော့်အမြင်အရတော့ ရိုးရိုးသားသားပြောရမယ်ဆိုရင် နံပါတ် (၅) အဆင့်ဖြစ်တဲ့ သမက်၊ ချွေးမ ဒီလောက်တော့ ပြင်ကောင်းပြင်လို့ရရင်ရမယ်။ ကျန်တာတွေ ပြင်လိုက်မယ်ဆိုရင်တော့ တိုင်းပြည်အတွက်ရင်လေးဖွယ်ရာအခြေအနေတွေ ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် မပြင်သင့်ဘူးလို့ ထင်တယ်။ ကမ္ဘာကြီးကို Globelize ဖြစ်နေတာကို လက်ခံပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကူးပြောင်းဆက်ဆံမှုတွေ မြန်ဆန်နေတာ


ဦးတင်မောင်ဦး

လည်း ဝမ်းသာစရာပါပဲ။ သို့သော်ဒီလိုပြောင်းလဲနေခြင်းသည် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီက အမေရိကန်ကိုသွားအတုယူလို့မရဘူး။ ကိုယ့်အမျိုး၊ ကိုယ့်ဇာတိမာန်နဲ့ပဲသွားနေကြရတာ။ အမျိုးသားယဉ်ကျေးမှုလည်း ပျောက်လို့မရဘူး။ ဒါကြောင့်ပြောချင်တာ တလောကလာတဲ့ အင်္ဂလန် အာရှရေးရာဝန်ကြီးက ၂၀၀၈ ဖွဲ့စည်းပုံမှာပါတဲ့ ပုဒ်မ ၅၉ (စ) က ၄၇ ဥပဒေမှာရော၊ ၇၄ ဥပဒေမှာရော မပါဘူးလို့ပြောတယ်။ သူ့အနေနဲ့ မြန်မာနိုင်ငံအကြောင်း ဘယ်လောက်သိသလဲ။ မြန်မာနိုင်ငံမှာ ဘယ်နှရက်နေဖူးသလဲ။ သူမြင်ပြီး သူပြောသွားတာက သူ့ရဲ့လိုလားချက်အတွက် မြင်တာ။ မြန်မာနိုင်ငံကို ယနေ့ တရုတ်၊ အိန္ဒိယစသဖြင့်ဘယ်နိုင်ငံပဲဖြစ်ဖြစ်ချစ်လွန်းလို့တော့ လာကူနေတာမဟုတ်ဘူး။ သူ့အကျိုးစီးပွားအတွက် ခံစားလာကူကြတာ အခုအာဆီယံဖွဲ့တာကောင်းတယ်။ ကုလသမဂ္ဂဖွဲ့ထားတာကောင်းတယ်။ သူတို့တွေဒီလိုပြောတာဟာ မြန်မာ့သယံဇာတတွေလိုချင်လို့လား။ နောက်ဆုံးမြန်မာပြည်ရဲ့ အချုပ်အခြာအာဏာကိုလိုချင်လို့လား။ ဒီ ၅၉ (စ) ပြင်ဖို့ ဖိအားပေးနေတာတွေက ဒါတွေကို ကျွန်တော်တို့စဉ်းစားထားရမယ်။ ပြောရရင် ကျွန်တော်တို့ငယ်ငယ်ကသင်ရတဲ့ မဟော်သဓာဇာတ်တော်ထဲက အမေရင်းနဲ့ ဘီလူးမလိုပဲ။ ကျွန်တော်တို့ကအမေရင်း။ ခုဝေဖန်နေတဲ့ ပြည်ပနိုင်ငံတွေက ဘီလူးမပဲ။ သူတို့က အကျိုးကိုမျှော်ပြီး အမေယောင်ဆောင်နေတာ။သူတို့တွေကတော့ လက်ပြုတ်ပြုတ်ခြေပြုတ်ပြုတ်ဆွဲမှာပဲ။ အမေအစစ်မှ မဟုတ်တာလေ။ ပြည်ပနိုင်ငံတွေအားလုံးကိုတော့မဆိုလိုပါဘူး။ ၅၉ (စ) ဟာ တစ်ဦးတစ်ယောက်ကိုရည်ရွယ်ပြီးလုပ်တာမဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံ ဥပဒေကြီးဟာ နိုင်ငံတော်အကျိုးအတွက် ရေရှည်ကိုမျှော်ပြီးရေးဆွဲထားတာ။ ဘယ်သူ့ကိုမှ ပိတ်ဆို့ဖို့ ရည်ရွယ်ထားတဲ့ဥပဒေလည်းမဟုတ်ပါဘူး။ ဒီ ၅၉ (စ) ကို နိုင်ငံတော်အကျိုးအတွက် ပြင်မယ်ဆိုရင်လက်ခံမယ်။ လူတစ်ဦးတစ်ယောက်အကျိုး၊ အဖွဲ့အစည်းတစ်ခုအကျိုးအတွက်ကိုတော့လုံးဝမထောက်ခံဘူး။

**ဦးလွင်ဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့အနေနဲ့က ပုဒ်မ ၅၉ (စ) ပြင်သင့်၊ မပြင်သင့်ဆိုတဲ့ အပိုင်းမှာ


ဦးလွင်ဦး

ပြင်ပေးလို့ရတဲ့ အပိုင်းရှိတယ်။ ပြင်ပေးလို့ရတဲ့ အပိုင်းသည်သမက်တွေချွေးမတွေဆိုတဲ့နေရာအပိုင်းလောက်အထိတော့ပြင်ပေးလို့ရတယ်။ သားသမီး၊ ခင်ပွန်းမပါရဘူးဆိုတာကတော့ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့ သမ္မတသည် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သလို နိုင်ငံတော်ရဲ့ အထွတ်အထိပ်မှာရှိနေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒီလိုမျိုးပုဂ္ဂိုလ်အတွက်ရွေးချယ်မှုစံနှုန်းတွေမှာ စံမီလိုက်မီဖို့တော့လိုလိမ့်မယ်။ စံမမီတဲ့ ပေတံတွေနဲ့ တိုင်းပြီးတော့ အလုပ်လုပ်တာမျိုးတော့မဖြစ်စေချင်ဘူး။ ဒါအဓိကပဲ။ နောက်တစ်ခုကတော့ ယခင်ဖွဲ့စည်းပုံတွေမှာမပါဘူးဆိုပြီး ၅၉ (စ)ကို ဝေဖန်နေတဲ့သူတွေအနေနဲ့ရော ၄၇ ဥပဒေ ပုဒ်မ ၇၄ ကို သေသေချာချာ ရောဖတ်ပြီးပြီလားလို့မေးချင်တယ်။ အဲဒီတုန်းက ပုဒ်မ ၇၄ ဆိုတာလွှတ်တော်အမတ်ဖြစ်ရမယ့်အရည်အချင်းဆိုင်ရာပြဋ္ဌာန်းချက်နော်။ နိုင်ငံတော်သမ္မတအရည်အချင်းတောင် မပါသေးဘူး။ အမတ်တစ်ယောက်ဖြစ်ဖို့လိုတဲ့ ကန့်သတ်ချက်ကိုတောင်သေသေချာချာဖတ်ရဲ့လားလို့။ မျက်စိစုံမှိတ်ပြီးပြင်မယ်။ ပြင်မယ်ပဲလုပ်နေလို့တော့မရဘူး။ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့မြေပုံပေါ်မှာ တည်တံ့ခိုင်မြဲစေချင်သလား။ ဖွဲ့စည်းပုံအရ ကျင်းပတဲ့ (၅) နှစ်တစ်ကြိမ်ရွေးကောက်ပွဲတွေမှာ မြန်မာ့သွေးစစ်စစ်ရှိတဲ့ ပုဂ္ဂိုလ်တွေကို တိုင်းပြည်ရဲ့ အထွတ်အထိပ်ပုဂ္ဂိုလ်ဖြစ်စေချင်သလား။ အဲဒါဆိုရင်တော့ ဒီပုဒ်မ ၅၉ (စ) မပြင်ရေးကိုဘဲ ထောက်ခံသင့်တယ်။

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014



# NLD နာယက ဦးတင်ဦး၏ ၅၉(စ)နဲ့ တပ်မတော်အပေါ်အမြင်



မျိုးကျော်

**ယခင်တစ်ပတ်မှ အဆက်**

**ပြည်သူအများစုက ၅၉ (စ) ကို ပြင်ဖို့တောင်းဆိုနေကြတယ်။ တချို့လူတွေက ပြင်ဆင်ဖို့မလိုဘူးလို့ ပြောနေကြပါတယ်။ အဲဒီအပေါ်ကို အဘအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

၅၉ (စ) က ပြင်ရုံတင်မဟုတ်ဘူး။ ဖျက်ကိုဖျက်ပစ်ရမှာဖြစ်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဖေလုပ်တဲ့သူကလည်း တိုင်းရင်းသား/အမေလုပ်တဲ့ သူကလည်း တိုင်းရင်းသား။ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးပါတီထဲပါဝင်ခွင့်မရအောင်ပိတ်ပင်ခဲ့တာ၊ တားဆီးတာတွေက အများကြီးဖြစ်ခဲ့တာပဲ။ အခုလည်း ဒါနဲ့ပတ်သက်လို့ လုပ်ခဲ့တယ်ဆိုတာ ဘယ်သူကလုပ်ခဲ့တာလဲ ဒီဖွဲ့စည်းပုံကို အရင်ပြီးခဲ့တဲ့စစ်တပ်က ပုဂ္ဂိုလ်ကြီးက လုပ်သွားတာပဲ။ အဲဒီပုဂ္ဂိုလ်ကြီးလုပ်သွားတာကို အောက်က လူတွေက ဝိုင်းပြီးအကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြတာပဲ။ အကောင်အထည်ဖော်တဲ့နေရာမှာလည်း ညီလာခံခေါ်တဲ့အခါမှာ သူတို့ခေါင်းခေါက်ပြီး ရွေးထားတဲ့လူတွေကို ခေါ်ခဲ့တာပဲ။ အဓိပ္ပာယ်ကတော့ အရွေးချယ်ခံရတဲ့ လူတွေကို ပတ်သက်တဲ့၊ ထောက်ပြထားတဲ့၊ နိုင်ငံတော်မှာပြုလုပ်ထားတဲ့ (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲကော်မရှင်ဥပဒေအရဆိုရင် ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ အဖွဲ့တွေကို လွှတ်တော်ခေါ်ပေးရမယ်ဆိုပြီး တိတိကျကျပြောထားတယ်။ ပြီးခဲ့တဲ့ ကာကွယ်ရေးဦးစီးချုပ်လည်း ဒီလိုပဲပြောသွားတာပဲ။ ဒါပေမဲ့ ၁/၉၀ ဆိုပြီး ညီလာခံကဆုံးဖြတ်တဲ့ဟာ သူတို့ခေါင်းခေါက်ပြီးရွေးထားတဲ့ လူတွေအများစုဆုံးဖြတ်ထားတဲ့ တစ်ရာတစ်ဆယ့်သုံးချက်ကို အတည်ပြုပြီးတော့ သူတို့ကပြုတာမဟုတ်ဘူး။ ပထမအကြိမ်ညီလာခံပြီးတဲ့ အချိန်မှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းတည်ထောင်ပြီးတော့ ဒီလူမှုရေးအသင်းကထောက်ခံအတည်ပြုခဲ့တာ။နောက်ထပ်ဒုတိယအကြိမ်ကျိုက္ကဆံကြတော့မှ အတည်ပြုပြီးတယ်။ လုပ်ပုံလုပ်နည်းအရအခြေခံကစပြီးတော့ ရွေးကောက်ပွဲလုပ်ပေးမယ်ဆိုကတည်းက အချက်တစ်ချက်ထဲမှာ ဒါနဲ့ ပတ်သက်ပြီးတော့ ညီလာခံက လူတွေကို တိုင်ပင်ပြီးရေးဆွဲတာ မဟုတ်ဘူး။ ဒါတွေကို စာရွက်ထဲမှာ ဒီ ၆ ချက်ကိုလိုက်နာရမယ်ဆိုပြီးပြောတယ်။ ဒီထဲမှာပါတဲ့ ငါးချက်ကတော့ထားလိုက်ပါတော့။ အောက်ဆုံးတစ်ချက်က နိုင်ငံတော်နဲ့ ပတ်သက်ပြီးတော့ စီမံခံခွဲမှုအပိုင်းမှာ တပ်မတော်က ဦးဆောင်မှုအခန်းမှာ ပါရမယ်ဆိုတာ တပ်မတော်က ပြည်သူလူထုကိုဦးဆောင်ရမယ်ဆိုတာမဟုတ်ဘူးလေ။ ပြည်သူလူထုဦးဆောင်တဲ့နောက်ကိုတပ်မတော်က လိုက်ရမှာပဲလေ။ ဘာဖြစ်လို့လည်းဆိုတော့ ပြည်သူသာအမိပြည်သူကအဖပဲ။ဒါကြောင့်မလို့စတင်အကောင်အထည်ဖော်ကတည်းက အမှားကိုဖော်ဆောင်တယ်။ ဒါနဲ့ပတ်သက်ပြီတော့ ဆက်လက်ပြီးအဖွဲ့ချုပ်က ညောင်နှစ်ပင်ညီလာခံမှာဝင်ရောက်လုပ်ဆောင်ဖို့အတွက်ကို မလုပ်နိုင်အောင်တားဆီးတယ်။ ပိတ်ပင်တယ်။ ပယ်ပစ်ခဲ့တာတွေကမလုပ်ကောင်းဘူး။ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း သူကိုယ်တိုင်ကလည်း တိုင်းရင်းသား စစ်စစ်ပဲလေ။ ဟုတ်တယ် မဟုတ်လား။ ဒီလိုတိုင်းရင်းသားစစ်စစ်ဖြစ်ရဲသားနဲ့ တိုင်းရင်းသားအခွင့်ရေးမရဘူးဆိုတာက အင်မတန်မှ မလုပ်ကောင်းတဲ့ကိစ္စ၊ အင်မတန်မှသိသာလွန်းတဲ့ကိစ္စ၊ မပါစေချင်တာပေါ်လွင်နေတယ်။ ဒါနဲ့ ပတ်သက်လို့ပြည်သူလူထုရဲ့ ဆန္ဒက အဓိကဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ ဆန္ဒကိုအကောင်အထည်ဖော်ဆောင်ရမှာဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကိုပြင်ဆင်တာနဲ့ ပတ်သက်ပြီး သိဖို့ရန်အတွက် အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်အပင်ပန်းခံပြီး လိုက်လံဟောပြောနေတယ်။ ဟိုတုန်းစကတည်းကိုက အဖွဲ့ချုပ်စတင်တည်ထောင်ကတည်းက ပြည်သူတွေနဲ့ ပတ်သက်ပြီး လွတ်လပ်မှုဒီမိုကရေစီရဖို့ ဆိုတာကို ပင်လုံညီလာခံလိုကိစ္စမျိုးတွေ အတွက် ဟိုတုန်းကတည်းက တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး သဘောထားကြေညာချက်တွေနဲ့ ပတ်သက်ပြီး (၉၅) ခု ပြန်လွှတ်လာတယ်။ (၉၆) ခုနှစ်မှာ ကျင်းပခဲ့တဲ့ပြည်ထောင်စုနေ့အခမ်းအနားမှာ တိုင်းရင်းသားတွေအနေနဲ့ ယုံကြည်ကိုးစားရအောင်ဆိုပြီးတော့ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းချင်တဲ့ အုပ်တွေက ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ထောင်ရေးဆိုတာဆိုတာ အာမခံပေးပြီးပြီလေ၊ ဒါတွင်မကဘူး။ လုပ်ရမဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီးပညာရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေးစသဖြင့် အားလုံး ပါဝင်တဲ့ ဩဇာအာဏာရှိသူ စစ်တပ်ကရော၊ အတိုက်ခံဖြစ်တဲ့ အဖွဲ့ချုပ်နဲ့ အခြားသော အဖွဲ့စည်းတွေရော၊ တိုင်းရင်းသားအားလုံးက သူတို့ရဲ့ သဘောထားဆန္ဒတွေကို လာရောက်တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဖြင့် လုပ်ရင်ကောင်းမယ်။ အောင်မြင်သွားမယ်ဆိုတာကို မှူချထားတာပဲ။ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့ အဖေ၊ အမေတွေကတိုင်းရင်းသားဖြစ်တဲ့အတွက် ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဘာမှအရွေးချယ်ပိုင်ခွင့်မခံရဘူးဆိုတာ မဖြစ်စေရဘူးလေ။ ဥပမာပြောရရင် သူတို့ခေါင်းဆောင်နေတဲ့ သူတွေက သူတို့ကလည်း တိုင်းရင်းသား၊ မိဘကလည်း တိုင်းရင်းသား၊ မိဘတွေကလည်း တိုင်းရင်းသားက မွေးပါတယ်။ မွေးပင်မွေးငြားသော်လည်း ခေါင်းမြီးခြုံပြီးတော့ နိုင်ငံတော်မှာရှိတဲ့ ချမ်းသာသမျှ၊ ပစ္စည်းတွေကို ပြည်သူပြည်သားတွေသုံးရမဲ့ ဖြုန်းရမဲ့ဟာတွေကို အားလုံးအခွင့်ရေးနဲ့ ပတ်သက်တာတွေကို ခေါင်းမြီးခြုံပြီး သူတို့ကို ကိုယ်ကျိုးအတွက်သုံးပြီးတော့ တိုင်းပြည်ကို ရောင်းစားနေတာ။ ဘယ်လိုလုပ်မလဲ။ အဲဒါတွေပြောရရင် အများကြီး ပြောနိုင်ဆိုနိုင်မယ်ဆိုတာ။ ဒီမိုကရေစီ အခြေခံအရပြောနိုင်တာတွေဆိုနိုင်တာတွေ အခွင့်ရေးအများကြီးရှိတာပဲ။ ဒီလိုပြောနိုင် ဆိုနိုင်တာတွေနဲ့ ပတ်သတ်ပြီး မီဒီယာလောကနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင်လည်း မီဒီယာလောကနဲ့ ပတ်သက်ပြီး ရေးခွင့်ပေးလိုက်တယ်။ တင်လိုက်တာနဲ့ ဟိုအရင် မဆလခေတ်တုန်းက မီဒီယာကို ချုပ်ကိုင်တဲ့ ဥပဒေကို အောက်ကနေပြန်ထည့်လိုက်တာက မီဒီယာမှာလည်း ပြဿနာဖြစ်နေတာပဲ။ မီဒီယာလောကမှာ လွတ်လွတ်လပ်လပ်ရေးရသော်လည်း၊ တချို့အရေးကြီးတဲ့ အပိုင်းမှာရေးခွင့်မရှိတာတွေ အများကြီးဖြစ်လာပါတယ်။ အဲဒီအခါကြတော့ မီဒီယာ လောကရေးနိုင်သားနိုင်တဲ့အတွက် တိုင်းပြည်ကို ဘယ်သူရောင်းစားနေသလဲ တိုင်းပြည်ကို ရောင်းစားနေတာကိုသိရင်ပြည်သူလူထုကခံမှာမှမဟုတ်ဘဲနဲ့ ပြည်သူဆန္ဒမပါရင် ဘာမှလုပ်လို့ရမှာမှ မဟုတ်ဘဲနဲ့ ဒါဟာ ဒီမိုကရေစီနည်းအရတင်မြှောက်ထားတဲ့ အဖွဲ့အစည်း ဆောင်ရွက်ခွင့်ပေးရမယ်။ အကယ်၍ မိမိတို့က ဆောင်ရွက်ပေးခြင်း မရှိဘူးဆိုရင် မိမိတို့ကိုယ်တိုင်က ဒီမိုကရေစီစနစ်ကို မယုံကြည်လို့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီပြောနေပေမယ့် နှစ်ဆယ်ငါးရာခိုင်နှုန်းကိုထည့်ရေးလိုက်တာက အများပြည်သူနဲ့ မတိုင်ပင်ဘဲထည့်ရေးလိုက်တာ ကစည်းကမ်းရှိသော ဒီမိုကရေစီဖြစ်နိုင်မှာလား။ စဉ်စားစရာတွေ အများကြီးရှိတယ်။ ပြောရမယ်ဆိုရင်အများကြီးပါ။ ၅၉ (စ) နဲ့ ၅၉ (ပ) ဟာ သူတို့သဘောကို ထည့်ပြီးရေးလိုက်တဲ့ နဂိုမူလ ရည်ရွယ်ချက်ကို သူတို့စတင်ကတည်းကိုက ရွေးကောက်ပွဲတွေလုပ်မယ်ဆိုကတည်းက အချက် ၆ ချက်ထုတ်ထားတဲ့ ညီလာခံခေါ်ယူစဉ်ကတည်းက သူတို့စစ်တပ်ကဦးဆောင်ရမယ်ဆိုတဲ့ မူကြီးကိုမကြိုက်တဲ့အတွက် ဖျက်ပစ်ဖို့အတွက်လုံးပန်းနေတဲ့သဘောဖြစ်ပါတယ်။

**လက်ရှိတပ်မတော်အပေါ်ကို အဘဘယ်လိုမြင်သလဲဆိုတာကိုပြောပေးပါ။**

တပ်မတော်သားတွေ အားလုံးက ကောင်းပါတယ်။ တပ်မတော်သားတွေကို အပုပ်ချတာအပြစ်တင်တာဘာမှ မပြောပါဘူး။ သို့သော်မူအရပြောရရင် သူတို့ဟာလည်း ဝန်ထမ်းပဲ။တစ်ခုတော့ရှိတယ်။ ဘယ်လိုဝန်ထမ်းလည်းဆိုတော့ အခြားသော ဝန်ထမ်းတွေနဲ့ ကွာခြားတယ်။အသက်ပေးစွန့်ရမယ်။ ဆုံးရှုံးနစ်နာမှုတွေကို ခံနိုင်ရမယ်။ ပင်ပန်းမယ်။ကြိုးစားရမယ်။ ဟုတ်တယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ဝန်ထမ်းပါ။ အထူးဝန်ထမ်းဖြစ်တယ်။ အထူးဝန်ထမ်းဖြစ်တဲ့အတွက် အထူးတာဝန်ထမ်းဆောင်ရမယ်ဝန်ထမ်းပဲ။ အခုဟာက နိုင်ငံတော်နဲ့ ပတ်သတ်တဲ့ တိုင်းပြည်အချုပ်အခြာအာဏာနဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားတွေ အားလုံးအတွက် လုံခြုံမှုကိုပေးရမယ်ဆိုတဲ့ တာဝန်ထမ်းဆောင်ရမယ်။ သူတို့တာဝန်ကအဲဒါပဲ။ သူတို့တာဝန်ထမ်းဆောင်ရတာကကြီးမားလေးလံတဲ့အတွက် ဒီတာဝန်ကိုတာဝန်ကျေပွန်စွာထမ်းဆောင်ရင် အထူးတပ်မတော်ပုံပေါက်တယ်။ ဘဘတို့က သူတို့ကိုဆန့်ကျင်ခဲ့တာမရှိပါဘူး။ သဘောအရမူအရပြောရင် ပြောမယ်ဆိုရင်ဆိုမယ်။ ဘဘတို့မူအရငြိမ်းငြိမ်းချမ်းချမ်းအစစအရာရာတစ်ယောက်နဲ့တစ်ယောက်အပေးအယူမှန်ကန်ပြီသဟဇာတဖြစ်ဖို့တစ်ယောက်နဲ့ တစ်ယောက်နားလည်းမှုရှိပြီးတော့ အမြဲတမ်းငြိမ်းချမ်းတဲ့ လမ်းကိုရွေးမယ်။ အဃာတတွေဖယ်ရှားပြီးတော့ စီစဉ်ဆောင်ရွက်တဲ့ အခါမှာသဟဇာတဖြစ်အောင်ဆောင်ရွက်မယ်ဆိုတဲ့ မူတွေကို ယနေ့အထိပိုက်ထားတဲ့အတွက်ကြောင့်မလို့ဒီတပ်မတော်အပေါ်မှာရော၊ ပြည်သူပြည်သားတွေအားလုံးပေါ်မှာရော၊ တပ်မတော်သားအားလုံးအပေါ်မှာ တကယ်ကိုထက်မြတ်တဲ့ တကယ်ကို အပင်ပန်းခံကြိုးစားထက်မြက်ပြီး ပြည်သူလူထုချစ်တဲ့ ပြည်သူလူထုလက်ခံတဲ့ ပျိုတိုင်းကြိုက်တဲ့နှင်ဆီးခိုင်လိုဖြစ်တဲ့ တပ်မတော်ကြီးကိုအမြန်ဆုံးပြန်ဖြစ်စေချင်ပါတယ်။ တပ်မတော်ကလည်း ဗိုလ်ချုပ်အောင်ဆန်းတို့လက်ထက်တုန်းက အစဉ်အလာကောင်းတွေကို ဆက်လက်ပြီး ထိန်းသိမ်းသွားမယ်။ ဆောင်ရွက်သွားလို့ရှိရင်ပြည်သူလူထုတွေက တပ်မတော်အပေါ်အမြင်ပြန်ကြည်ပြီးတော့ တပ်မတော်မှာရှိနေတဲ့ အပေါ်ကနေအောက်အထိရှေ့ဆက်ပြီးတော့ သွားမဲ့ခရီးမှာနားလည်းသဘောပေါက်ပြီးတော့ ပြည်သူသာလျှင်အမိ ပြည်သူသာလျှင်အဖဆိုတဲ့ပြည်သူထဲက မွေးလာတဲ့ ပြည်သူ့သားကောင်းတစ်ယောက်အနေနဲ့ ပြည်သူကို ခေါင်းဆောင်ရမဲ့အနေထားမှာမနေဘဲနဲ့ ပြည်သူပြည်သားနဲ့ အတူတကွပူးတွဲဆောင်ရွက်တတ်တဲ့ ဝန်ထမ်းမျိုးတွေဖြစ်မယ်ဆိုရင်ပြည်သူလူထုအားလုံးကလေးစားချစ်ခင်တဲ့မြန်မာတပ်မတော်ဖြစ်လာမှာဖြစ်ပါတယ်။

**အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လေးပွင့်ဆိုင်တောင်းဆိုနေတာရှိပါတယ်။ ဒီလိုတောင်းဆိုနေတဲ့အပေါ်အဘအမြင်ကိုပြောပေးပါ။**

ဒီလိုတွေ့ခွင့်တောင်းနေတာကို ဘယ်လိုပဲဖြစ်ဖြစ်တွေ့ခွင့်ပေးသင့်တာပေါ့။ လေးပွင့်ဆိုင်တောင်းနေတာက အမှန်ကတော့ အရင်တုန်းကလည်းတောင်းနေတာပဲလေ။ တပ်မတော်နဲ့ NLD နဲ့ ဆွေးနွေးရင်တောင်းရတယ်။ အခု ဒီလိုတောင်းနေတာက အစိုးရရော၊ အတိုက်ခံပါတီရော၊ လက်နက်ကိုင်တွေရော၊ ပဋိပက္ခဖြစ်နေတာနေရာတွေရော၊ တပ်မတော်က လူတွေရော၊ သူတို့ဖွဲ့စည်းထားတဲ့ ကြံ့ခိုင်ရေးက လူတွေရော၊ အဲဒါတွေ ဆွေးနွေးမဲ့ကိစ္စ၊ ဆွေးနွေးမှုတွေ အားလုံးကိုအထိရောက်ဆုံးသောထိရောက်မှုရှိသောစတင်ဆွေးနွေးတာဖြစ်တဲ့အတွက် နှစ်ဖက်စလုံးနစ်နာမှုမရှိအောင်ဆောင်ရွက်တာဖြစ်တဲ့အတွက် သူတို့ဘက်ကလည်း ရှေ့ပြေးအားဖြင့် ဆွေးနွေးမယ်ဆိုရင်တော့ကောင်းတာပေါ့။ ဒီလိုဆွေးနွေးတာကကောင်းပါတယ်။

**အနာဂတ်တပ်မတော်ကိုဘယ်လိုပုံသဏ္ဌာန်မျိုးချင်ပါသလဲ အဘ။ အဘ အမြင်ကိုပြောပေးပါ။**

အနာဂတ်တပ်မတော်မှာ ပြည်သူလူထုအားလုံးကချစ်မြတ်နိုးတဲ့၊ ပြည်သူ့လူထုအားလုံးကအားကိုးတဲ့၊ ပြည်သူလူထုက ယုံကြည်ရတဲ့ တပ်မတော်နဲ့လည်း စွမ်းအင်ထက်မြက်ပြီးတော့ နိုင်ငံတော်မှာကျရောက်လာတဲ့ တိုင်းပြည်မှာကျရောက်လာမဲ့ ရန်မှန်သမျှကို ပြည်သူပြည်သားများနဲ့ အတူလက်တွဲပြီးတော့ အတူပြောတာနော်။ နိုင်ငံတော်ကိုကာကွယ်တာနဲ့ ပတ်သက်ပြီး တပ်မတော်ကြီးရဲ့ ကိစ္စပဲမဟုတ်ဘူး။ ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားလုံးတာဝန်ဖြစ်တယ်။ ပြည်သူလူထုအားမပါဘဲနဲ့ ဘယ်လိုတိုင်းပြည်ကိုမှ မကာကွယ်နိုင်ပါဘူး။ စစ်သားတစ်ယောက်စစ်တိုက်ဖို့ရာကို ပြည်သူလူထုကထောက်ပံ့ပေးရတယ်။ စားဖိုး သောက်ဖို့ နေဖို့၊ လက်နက်ခဲယမ်းမီးကျောက်တွေကိုပြည်သူလူထုကထောက်ပံ့ပေးတယ်။ သူတို့ဟာ ပြည်သူထဲကပြည်သူဖြစ်တဲ့အတွက်ပြည်သူလူထုနဲ့ တစ်သားတည်း တစ်ထပ်တည်းကျဖို့ အရေးကြီးတယ်။ ပြည်သူလူထုရဲ့ ကံကြမ္မာကို တပ်မတော်က ဦးဆောင်ပြီးဆုံးဖြတ်တယ်ဆိုတာကို အရင်ကတည်းက မူအရ မဖြစ်ရဘူး။ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်ကတည်းက ဆုံးမဩဝါဒတွေပေးပြီး ကာကွယ်ခဲ့တယ်။ဒီလိုကာကွယ်ခဲ့တဲ့တပ်မတော်ရဲ့အစဉ်လာကောင်းတွေကို ထိန်းသိမ်းတဲ့ တပ်မတော်ကြီးလိုဖြစ်စေချင်တယ်။

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# အကြမ်းဖက်တယ်ဆိုတာ ကိုယ်ကျင့်တရားအနိမ့်ကျဆုံးလူတွေရဲ့လုပ်ရပ်ပါ

အမေရိကန်နိုင်ငံသားကမ္ဘာ့တီထွင်ပါရဂူကြီးသောမတ်အဲလ်ဖာအက်ဒီဆင်က "Non-violence leads to the hightest ethics which is the goal of all evolution "ဆိုတဲ့ စကားတစ်ခွန်းကိုမရပ်မနားပြောခဲ့ဖူးပါတယ်။ "အကြမ်းမဖက်ခြင်းက ကိုယ်ကျင့်တရားအမြင့်ဆုံးဆီကိုဦးတည်စေပါတယ်။ ဒါကဆင့်ကဲဖြစ်စဉ်(ပြုပြင်ပြောင်းလဲရေး)အားလုံးရဲ့ပန်းတိုင်ပါပဲလို့ အဓိပ္ပာယ်ရပါတယ်။ ၁၉၁၇ ခုနှစ်မှစတင်ခဲ့တဲ့ ပထမကမ္ဘာစစ်ကိုမျက်ဝါးထင်ထင်ကြုံတွေ့ခဲ့ရတဲ့ အက်ဒီဆင်ကစစ်ပွဲတွေရဲ့ဆိုးကျိုးတွေကောင်းကောင်းသိခဲ့တယ်။ စစ်ပွဲတွေက ကမ္ဘာကြီးကိုပြုပြင်ပြောင်းလဲရေးလမ်းကြောင်းတစ်ခုပေါ်ကိုတင်ပေးခဲ့တယ်။ ခေတ်မီသထက်ခေတ်မီအောင်နဲ့ နည်းပညာအသစ်အဆန်းတွေကိုတစ်ခုပြီးတစ်ခုမွေးထုတ်ပေးနေတာက စစ်ပွဲတွေပါပဲ။ စစ်ပွဲတွေကအကြမ်းဖက်မှုတွေကိုထွေးပွေ့ထားတယ်။ ရက်စက်မှုတွေကိုဆုပ်ကိုင်ထားတယ်။ လူသားချင်းမစာနာမှုတွေကိုမွေးထုတ်နေတယ်။ အမှိုင်းစိုင်းဆုံးသောအသွင်သဏ္ဌာန်တွေကို လက်ယက်ခေါ်ယူနေခဲ့တယ်။ အက်ဒီဆင်ဟာ သူ့ဘဝရဲ့နောက်ပိုင်းအချိန်တွေရဲ့ ဟောပြောပွဲတိုင်းမှာ အကြမ်းဖက်မှုတွေကို တောက်လျှောက်ရှုတ်ချဝေဖန်ခဲ့ပါတယ်။ လူသားတွေရဲ့ကိုယ်ကျင့်တရား၊ လူသားပီသဖို့နဲ့ ကိုယ်ချင်းစာတရားတွေနဲ့ပတ်သက်ပြီး အထက်ပါစကားကိုပွဲတိုင်းနီးပါးဟောပြောခဲ့ပါတယ်။

တကယ်လည်းဟုတ်ပါတယ်၊ အကြမ်းဖက်မှုဟာလူသားတွေအတွက် အနိမ့်ကျဆုံးလုပ်ရပ်တစ်ခုပါပဲ။ လူ့ယဉ်ကျေးမှုအသိုင်းအဝိုင်းအပြင်ကလူတွေရဲ့ရန်လိုတဲ့ အပြုအမူတစ်ရပ်ပါ။ ဒီကနေ့ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတဲ့ မြန်မာနိုင်ငံမှာ သဘောထား မတိုက်ဆိုင်မှုတွေ စနစ်ဟောင်းရဲ့ဆိုးမွေတွေ၊ ကျုံ့နေတဲ့ခရိုနီများရဲ့ လက်ဝါးကြီးအုပ်စိုးထားမှုတွေ၊ ငါသာငါဆိုတဲ့အတ္တစွဲတွေ၊ ပါတီစွဲ၊ အဖွဲ့အစည်းစွဲတွေနဲ့အစစအရာရာနိမ့်ကျမှုတွေ ထုံမွှမ်းနေတယ်။ ဒီလိုဝိဝါဒကွဲပြားမှုတွေကိုဖြေရှင်းဖို့အတွက် အကောင်းဆုံးနည်းလမ်းကတော့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့ပါပဲ။ တိုင်းပြည်ရဲ့အနာဂတ်အကျိုးကျေးဇူးသက်ရောက်မှုကို ရှေ့ရှုပြီးအတိုက်အခံဖြစ်နေတဲ့နှစ်ဖက်နောက်ဆုတ်သင့်သလောက်နောက်ဆုတ်ပြီး ညှိနှိုင်းသင့်ပါတယ်။ ငါတို့လက်ထဲမှာနိုင်ငံတော်အာဏာရှိတယ်ဆိုပြီး ငါတို့သဘောအတိုင်း




**မောင်ယသသ**

မင်းတို့သွားရမယ်ဆိုတဲ့ အယူအဆတွေလက်လျှော့သင့်ပါပြီ။

ကျေးလက်နေပြည်သူတွေက မြို့ပေါ်လူတန်းစားတွေလောက်အတွေးအခေါ်၊ အမြင်စူးရှမှုမရှိနိုင်ပါဘူး။ မြို့ပေါ်နေလူတန်းစားတွေမှာတောင် အစိုးရဝန်ကြီးဌာနတွေက ကြီးကြီးပိုင်းတာဝန်တွေကိုထမ်းဆောင်နေတဲ့သူတွေက တိုင်းရေးပြည်ရာကိစ္စတွေကိုသာမန်မြို့နေလူတန်းစားတွေထက်ပိုပြီး စူးရှတဲ့အမြင်ရှိပါတယ်။ ပြန်တမ်းဝင်အရာရှိဆိုတဲ့ ပုဂ္ဂိုလ်တွေက တိုင်းပြည်ရဲ့လျှို့ဝှက်ချက်တွေကို သူ့အဆင့်နဲ့ သူသိခွင့်ရှိထားပါတယ်။ ဒီတော့သူတို့တွေနဲ့ကျေးလက်နေပြည်သူတွေကြားမှာ အကြောင်းအရာတစ်ခုပေါ်မှာအမြင်နဲ့ သုံးသပ်မှုက ဘယ်လိုမှတူနိုင်စရာအကြောင်းမရှိပါဘူး။

ဥပမာဆိုကြပါစို့ဗျာ။ သီလဝါမှာ ရေနက်ဆိပ်ကမ်းလုပ်တယ်။ မြစ်ရဲ့ဒီဘက် ကမ်းဖြစ်တဲ့ သောင်ခုံရွာမှာအစိုးရပိုင်းက ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဖို့ ကြိုးစားနေကြတယ်။ ကောင်းမြတ်သော မြေကုမ္ပဏီကမြေတွေဝယ်တယ်။ ဧက ၄၀၀လောက်ရှိမယ်ထင်တယ်။ ကုမ္ပဏီကမြေဝယ်တဲ့အခါမှာ စစချင်း တစ်ဧကကို ၇သိန်း၊ ၈သိန်းလောက် ပေးဝယ်တယ်။ နောက်ပိုင်း ၁၈သိန်း၊ ၁၉ သိန်းကနေ သိန်း ၃၀၊ ၄၀၊ ၅၀အထိပေးဝယ်ခဲ့တယ်။ ဒေသခံပြည်သူတွေက တစ်ခါကမှမမြင်ဖူးခဲ့တဲ့ ပိုက်ဆံတွေကို မြင်ရတော့ ထိုးရောင်းတာပေါ့။ အရင်ဆုံး ရောင်းမိတဲ့သူတွေက နောင်တတွေ ရလိုရပေါ့။ မရောင်းတဲ့ လယ်ကွက်တွေကလည်း ရှိသေးတယ်။ ပြီးတော့မှဒေသခံတွေနဲ့ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ ဆောက်မယ်ဆိုပြီး ပြည်သူကိုအသိပေးတယ်။ ဒေသခံတွေနဲ့ တွေ့ဆုံ ဆွေးနွေးပွဲ ဆိုပြီးလုပ်တယ်။ အဲဒီမှာ ဘာသွားတွေ့လဲ ဆိုတော့ မြေဈေးကစားတာသွားတွေ့ရတယ်။ ဒါက မဖြစ်သင့်ပါဘူး။ ဒေသခံတွေထဲမှာ စာတတ်ပေတတ်တွေရှိတော့သူတို့ကသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုပြီး ခေါင်းစဉ်တက်လာတယ်။ သူတို့က ဒေသခံတွေဆိုတော့ သူတို့ရဲ့ စကားကိုဒေသခံတွေက ပိုပြီး နားယောင်လွယ်တယ်။ အဲဒါနဲ့ မကျေမနပ်တွေဖြစ်ပြီး ကျေးရွာလူထုနဲ့ ကုမ္ပဏီကြားမှာ အဆင် မပြေမှုလေးတွေရှိခဲ့တယ်။ လတ်တလောအခြေအနေမှာ လိပ်ခဲတည်းလည်း ဖြစ်နေကြတယ်။ ကုမ္ပဏီနဲ့ဝန်ကြီးဌာနကတော့ ဒေသခံပြည်သူတွေ တိုးတက်ဖို့ဆိုပြီး အကြောင်းပြတယ်။ သူတို့ပြောတာကလည်း မှန်ပါတယ်။ လျှပ်စစ်မီးရမယ်ဆိုရင်တော့ ဒေသဖွံ့ဖြိုးတိုးတက်မှာအမှန်ပါပဲ။ ဒါပေမဲ့ဘယ်လိုစနစ်နဲ့ဓာတ်အားပေးမှာလဲ။ အများစုကသီလဝါကိုရောက်သွားမှာလား။

ကျောက်မီးသွေးစက်ရုံကထွက်လာတဲ့ကာဗွန်ဒိုင်အောက်ဆိုက်တွေကိုဘယ်လိုစနစ်နဲ့ထိန်းသိမ်းမှာလဲ။ ဂျပန်နည်းပညာကရောဘယ်လောက်ထိစိတ်ချရမှာလဲ။ အစရှိတဲ့လားပေါင်းများစွာသောမေးခွန်းတွေနောက်မှာမြေဝယ်ထားတဲ့သူကတော့ ဝယ်ပြီးပြီ။ ဝန်ကြီးဌာနကိုသိန်းပေါင်းများစွာရင်းထားတဲ့ကုမ္ပဏီကဖိအားမပေးရင်တောင်ဘာဘာညာညာတွေတော့လုပ်ထားမှာပဲ။ ဒီတော့ဝန်ကြီးဌာနကလည်း အစိုးရအာဏာ၊ပါဝါ၊လုပ်ပိုင်ခွင့်အစရှိတဲ့ အခွင့်အရေးတွေအပြင် ဥပဒေဆိုတဲ့လက်တစ်လုံးခြားလုပ်နိုင်တဲ့အရာကြီးကိုကိုင်ဝင်လာနိုင်ပါတယ်။

အဲဒီလိုဖြစ်စဉ်တွေက ထားဝယ်မှာလည်းဖြစ်ခဲ့တယ်။ တီကျစ်မှာလည်းဖြစ်ခဲ့တယ်။ မြန်မာပြည်အနှံ့မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကွန်ရက်တွေနဲ့ အစိုးရစီမံကိန်းတွေ ပြဿနာတက်နေတဲ့ ကိစ္စတွေက မဆန်းသလိုတောင်ဖြစ်နေပြီ။ အစိုးရပိုင်းလိုအပ်ချက်က စီမံကိန်းလျာထားပြီဆိုတာနဲ့ ဒေသခံတွေကို ချပြဖို့လိုတာပါ။ အစိုးရဟောင်းတို့က အာဏာနဲ့မင်းမူပြီး သိမ်းကောင်းတိုင်းသိမ်းခဲ့လို့ ပြည်သူတွေက စီမံကိန်းဆိုရင်ကြောက်နေကြပြီ။ စီမံကိန်းတစ်ခုခုဝင်လာရင် တို့ရွာလေးပျက်ရချည်ရဲ့။ တို့မှာ နေစရာပျောက်ပြီဆိုတဲ့ အသိကစွဲနေတယ်။ ဒါမျိုးမဖြစ်အောင်လည်း အောက်ခြေအုပ်ချုပ်သူလူတန်းစားတွေက ပြည်သူတွေစိတ်ညစ်အောင်ဒုက္ခမပေးပါနဲ့တော့။ ခဏခဏဧည့်စာရင်းစစ်တာတို့၊ သန်းခေါင်စာရင်းစစ်တာတို့နဲ့ပြည်သူကို အကြောက်တရားပြပြီးအုပ်ချုပ်မှုမပြုဖို့လိုပါတယ်။

လက်ရှိအခြေအနေမှာ ပြည်သူကကြောက်ကန်ကန်နေတယ်။ ဘယ်လိုပုံစံမျိုးနဲ့ဝင်လာမလဲဆိုတာကို မသိဘူး။ ဒီဒေသမှာ စီမံကိန်းလုပ်မယ်ဆိုရင်ဒေသခံပြည်သူနဲ့အကျွမ်းတဝင်ရှိတဲ့ပုဂ္ဂိုလ်တွေကို အခုအခံလုပ်ပြီးဝင်လာရမှာကိုခပ်တည်တည်နဲ့ကားကြီးကားကောင်းတွေစီးပြီး ဘုရင်တွေတိုင်းခန်းလှည့်တဲ့ပုံစံနဲ့ဒေသကိုဝင်လာ၊ ဒေသခံတွေကိုဘာပြောပြောသူတို့ကရာဇမာန်နဲ့ဆိုတော့ဘယ်လိုလုပ်ပြီးအများပြည်သူကခေါင်းညိတ်မလဲ။ အဲဒီလိုခေါင်းမညိတ်ရင် အာဏာပိုင်တွေက အကြမ်းဖက်ဖို့ကြိုးစားခဲ့ကြတာပေါ့။

လူ့အဖွဲ့အစည်းမှာ အုပ်ချုပ်သူခေတ္တိယတွေကယဉ်ကျေးမှုအဆင့်အတန်း၊ ကိုယ်ကျင့်တရားပိုမြင့်မားတယ်လို့လက်ခံယုံကြည်ခဲ့ကြတယ်။ စာရိတ္တမဏ္ဍိုင်မြင့်မားတဲ့အဖွဲ့အစည်းမို့လို့ ကိုယ့်ကိုအုပ်ချုပ်ပေးပါဆိုပြီးပြည်သူကတင်မြှောက်ထားတာပါ။ အဲဒီမှာအုပ်ချုပ်သူအဖွဲ့အစည်းကအကြမ်းဖက်လာပြီဆိုရင် ဒါဟာကိုယ်ကျင့်တရားစံချိန်မမီဘူးလို့သုံးသပ်ရတော့မယ်။ ဒီလိုအကြမ်းဖက်တတ်တဲ့အစိုးရအဖွဲ့မျိုးကိုတော့ ၂၀၁၅ ရွေးကောက်ပွဲမှာမတင်မြှောက်မိဖို့ ပြည်သူတို့သတိထားရပါလိမ့်မယ်။

ကိုယ်ကျင့်တရားအနိမ့်ကျဆုံးလူတွေသာအကြမ်းဖက်ကြတာပါ။

# အဂတိလိုက်တဲ့ တရားသူကြီးတွေကို ဖမ်းမယ်တဲ့

**နောင်တင်စိုး**

အခုရက်ပိုင်းမှာ သတင်း ၂ ပုဒ်ရဲ့ အကြောင်းအရာကို မိတ်ဆွေတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ကြားသိခဲ့ရပါတယ်။ တစ်ခုကတော့'အဂတိလိုက်စားတဲ့ တရားသူကြီးတွေကို ပြည်သူတွေက ဖမ်းမယ်' ဆိုတဲ့အကြောင်းနဲ့ နောက်တစ်ခုကတော့ 'သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာသူကို နယ်မြေရဲစခန်းက တစ်ပတ်တစ်ကြိမ် ရဲစခန်းကိုလာပြီး လက်မှတ်ထိုးခိုင်းနေ' တဲ့ကိစ္စပါပဲ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မိတ်ဆွေတွေနဲ့ ဆွေးနွေးတဲ့အခါ အမြင်တူသူတွေ ရှိသလို၊ အမြင်မတူသူတွေလည်း ရှိပါတယ်။

**သဘောရိုးရင် ကင်းလွတ်ခွင့်ရ**

အရင်ဆုံးဆွေးနွေးဖြစ်တဲ့အကြောင်းက အဂတိလိုက်စားတဲ့ တရားသူကြီးတွေကို ပြည်သူတွေ ဖမ်းမယ်ဆိုတဲ့ အကြောင်းပါပဲ။ တကယ်ကော ဖမ်းလို့ရရဲ့လားလို့ မေးတဲ့အခါ တိတိကျကျ မဖြေနိုင်ပါဘူး။ ဖမ်းလို့ရရင်တော့ ဖမ်းချင်တယ်လို့ ပြောကြပါတယ်။ တကယ်ဆိုရင် ပြည်သူ့ဝန်ထမ်းတွေ အဂတိလိုက်စားတာပဲဖြစ်ဖြစ်၊ လာဘ်ပေးလာဘ်ယူလုပ်တာပဲဖြစ်ဖြစ် ပြည်သူတွေက ဖမ်းလို့မရပါဘူး။ အထောက်အထား တိတိကျကျနဲ့ တိုင်ကြားလို့ပဲ ရပါတယ်။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁ အရ တရားသူကြီးတွေဟာလည်း ပြည်သူ့ဝန်ထမ်းတွေဖြစ်သလိုဥပဒေအရပြုလုပ်ဖို့တာဝန်ရှိသူက ဥပဒေကို အယူအဆလွဲလို့ မဟုတ်ဘဲ အကြောင်းချင်းရာကို အယူအဆလွဲလို့ သဘောရိုးနဲ့ ယုံကြည်ပြီး ပြုလုပ်ရင် ပြစ်မှုမမြောက်ဘူးလို့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၇၆ အရ ကင်းလွတ်ခွင့်ပြုထားပါတယ်။ ဆိုလိုတာက ရဲအရာရှိက တရားခံဆီက ဖြောင့်ချက်ရဖို့ လက်အောက်က ရဲတပ်ကြပ်ကို ရိုက်စစ်ခိုင်းတယ်။ တရားခံသေတော့မှ အရာရှိခိုင်းလို့ပါဆိုပြီး ရှောင်လွှဲလို့မရပါဘူး။ အရာရှိနဲ့ ကင်းလှည့်နေတုန်း နေဝင်ချိန်မှာ တောထဲက တူရွှင်းထမ်းပြီး ထွက်လာတဲ့သူကို သောင်းကျန်းသူထင်ပြီး အရာရှိက သေနတ်နဲ့ ပစ်ခိုင်းလို့ တူရွှင်းထမ်းလာတဲ့သူသေရင်တော့ အဲဒီရဲတပ်ကြပ်အဖို့ ကင်းလွတ်ချက်ရနိုင်ပါတယ်။ အယူအဆလွဲတဲ့အတွက်ကြောင့်ပါ။ ဥပဒေအရ ပြုပိုင်သူက ဥပဒေကို အယူအဆလွဲလို့ မဟုတ်ဘဲ အကြောင်းချင်းရာကို အယူအဆလွဲလို့ ဥပဒေအရ ပြုပိုင်တယ်လို့ သဘောရိုးနဲ့ ယုံကြည်ပြီးပြုလုပ်ရင်လည်း ပြစ်မှုမမြောက်ပါဘူး။ ဒါ့အပြင် တရားသူကြီးတွေဟာလည်း ဥပဒေအရ မိမိရရှိတယ်လို့သဘောရိုးနဲ့ယုံကြည်တဲ့အာဏာကို တရားစီရင်မှုဆောင်ရွက်ရာမှာ သုံးစွဲရင်လည်း ပြစ်မှုမမြောက်ဘူးလို့ ပုဒ်မ ၇၇ အရ ကင်းလွတ်ခွင့်ပြုထားသလို တရားရုံးတစ်ခုရဲ့ စီရင်ချက်အရဖြစ်စေ၊ ထုတ်ဆင့်တဲ့ ရုံးရဲ့ အာဏာမပိုင်သော်လည်း အာဏာပိုင်တယ်လို့ သဘောရိုးနဲ့ ယုံကြည်ပြီး ပြုလုပ်ရင်လည်း ပြစ်မှုမမြောက်ဘူးလို့ ပုဒ်မ ၇၈ အရ ကင်းလွတ်ခွင့်ပြုထားပါတယ်။ ဒါကြောင့် တရားသူကြီးတွေရဲ့ ပြုလုပ်မှုဟာ ချစ်လို့၊ မုန်းလို့၊ ကြောက်လို့၊ တွေဝေလို့ ဆိုပြီး တရားလိုနဲ့ တရားခံတွေအပေါ် အဂတိတရား ၄ ပါး လိုက်စားပြီးလုပ်တယ်၊ မလုပ်ဖူးဆိုတာ ပြည်သူတွေ ဆုံးဖြတ်ရ ခက်ပါတယ်။ တိုင်ကြားရင်တောင်မှ လာဘ်ပေးလာဘ်ယူလုပ်တာမဟုတ်ဘဲသဘောရိုးနဲ့အဂတိဖြစ်သွားတာပါဆိုရင် အဲဒီတရားသူကြီးကို ထောင်ချလို့မရပါဘူး။ ဒီတော့ပြည်သူတွေအနေနဲ့ အဂတိလိုက်စားတဲ့ တရားသူကြီးတွေကို ဖမ်းဖို့နေနေသာသာ လာဘ်ပေးလာဘ်ယူ လုပ်တယ်ဆိုရင်တောင် ဖမ်းဖို့မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့ဝန်ထမ်းတွေ တာဝန်

**ပြည်သူ့ဝန်ထမ်းတွေ တာဝန်ချိန်မှာ ကျူးလွန်တဲ့ အမှုနဲ့ပတ်သက်ပြီး တရားစွဲဆိုခွင့်ပြုမိန့်ကို အစိုးရဆီက ခွင့်ပြုချက်ရမှသာ တရားစွဲဆိုလို့ရမှာဖြစ်တာကြောင့်ပါပဲ။**

စာမျက်နှာ (၃၃) သို့

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014


# နိုင်ငံရေးပါတီတစ်ခု၏လမ်းစဉ် အမှားအမှန်အဆုံးအဖြတ်ပြုရာသည် ပြည်သူ



စည်သူမြသန်း

**(နိဒါန်း)**

ပြောရလျှင် နိုင်ငံရေးပါတီ၏လမ်းစဉ်တစ်ခုခု လူထုဘဝနှင့်မဟပ်မိသည့်အခါ လူထုတိုက်ပွဲနှင့် မချိတ်ဆက်မိသည့်အခါ အောက်ထပ်ခေါင်းဆောင်ပိုင်းမှာ လက်တွေ့အခန်းအကျပ်အတည်းနှင့် ရင်ဆိုင်ရတတ်၏။ မတတ်နိုင်သည့်အဆုံးအထက်ကို ပြန်လှန်ဝေဖန်ရသည်အထိဖြစ်လာတတ်၏။

ယင်းအခါအထက်မှ ဗျူရိုကရေစီနှင့် ထိန်းတတ်၏။ အဆုံးမှာပါတီတွင်းတိုက်ပွဲသည် ထိန်းမရတော့ဘဲ ပွင့်လျှံပေါက်ကွဲလာတတ်၏။ ဆိုကြစို့။ လမ်းစဉ်တစ်ခုမှားလျှင် လူထုနယ်မှစပြီး ပါတီအထိ ယင်းဒဏ်ချက်ကို မရှုမလှခံရ၏။ ပို၍မရှုမလှခံရသူများကား အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသားလူတန်းစား။

၁၉၅၂ ခုနှစ်၊ ဇူလိုင်လထုတ်စာပေသစ်မဂ္ဂဇင်းပါ စာနီနှစ်စောင်အမည်ရှိ ရွှေဘိုနယ် လယ်သမားထုကြီး၏မွန်းကျပ်သော ဘဝသရုပ်ကို ကွင်းဆင်းရေးသားထားသည့် စာပိုဒ်တချို့ကို ကျွန်တော်ရေးသားဖော်ပြလိုသည်။ ရေးသူက ထိုအချိန်ကအတိုက်အခံနိုင်ငံရေးသမားကျွန်တော့်ဖခင်။ လယ်သမားတစ်ယောက်က ပြောတယ်။ "ဟောဟိုမှာမြင်ရတဲ့ တောင်ယာထဲမှာသံခြေချင်းတွေနဲ့ အလုပ်လုပ်နေကြတဲ့ ထောင်သားတွေဟာ ကျုပ်တို့လယ်သမားတွေပေါ့"တဲ့။

သူတို့တစ်တွေပေါက်ပြားပေါက်ပြီး မြေတူးနေရတာ၊ သံခြေချင်းတွေနဲ့သွားလာနေကြရတာတွေဟာ ဘာအပြစ်ကြောင့်လဲ။ သူတို့ရဲ့လက်ငုတ်လယ်တွေကို ထွန်ယက်မိတဲ့အဖြစ်ကြောင့် ကိုယ့်လက်ငုတ်လယ် ကိုယ်ထွန်တာရာဇဝတ်ဘေးသင့်ရှာကြရတယ်။ အနောက်တောင်ဆီကညိုပြီးရှာတော့မယ့်မိုးရိပ်တွေကိုကြည့်လိုက်မိတဲ့အခါ လယ်သမား၊ လယ်သူမနဲ့၊ သူတို့ကို မှီခိုသမျှလူအားလုံးမျက်ရည်စို့လာကြတယ်။

သူတို့မှာလယ်လုပ်နိုင်ဖို့က မသေချာ၊ မရေရာ။ စားစရာကမရှိ လင်သားတွေကထောင်ထဲမှာ။ အဘိုးအို၊ အမယ်အိုကြီးတွေရဲ့ ဝမ်းထဲဝင်ဖို့ထမင်းလုတ်တွေ၊ ကလေးသူငယ်လူမမယ်ကလေးတွေကို ခွံ့ဖို့ထမင်းလုတ်တွေကို ဖဆဆိုရှယ်တွေက ပုတ်ချပြီး ခြေနဲ့နင်းပစ်တယ်။ အဘိုးအို၊ အမယ်အိုမျက်နှာတွေမသာယာ။ ယောက်ျား၊ မိန်းမတွေရဲ့မျက်နှာညိုလို့၊ အိုလို့။ ကလေးတွေမှာငိုလို့။ ခါတိုင်းစိမ်းစိုစပြုနေတဲ့ လယ်ကွင်းတွေဟာသူတို့အဖို့ ပျော်ရွှင်ကြည်နူးစရာဖြစ်ခဲ့တယ်။

ရွှေဘိုနယ်လယ်သမားထုကြီးဟာ သူတို့ရဲ့တရားမျှတတဲ့အခွင့်အရေးကို တောင်းဆိုကြရာမှာ အဲဒီခေတ်ကာလ ဖဆဆိုရှယ်အာဏာလက်ဝယ်ရှိသူတွေက အကြင်နာကင်းမဲ့စွာနှိပ်စက်ပစ်လိုက်ကြတယ်။ ဒါကအတိတ်ကာလ။

ခုကာလမှာလည်း ပြောရလျှင်တိုင်းပြည်၏ အဓိကအရေးကြီးလှစွာသော အခြေခံကျသောလယ်သမားလူတန်းစား၏ အရေးအခင်းပြဿနာသည်ကြီးမားစွာဖြစ်ပေါ်လှုပ်ခတ်နေဆဲပင်။ ဒီမိုကရေစီကို သွားနေသည်ဆိုသော်လည်း ဒီမိုကရေစီမကျသော ဖိနှိပ်ထုထောင်းမှုဖြင့် လယ်သမားထုပြဿနာကို နှိပ်ကွပ်နေဆဲပင်။

လယ်ယာမြေများမတရားသိမ်းဆည်းခံရခြင်း၊ မူလလက်ငုတ်လက်ရင်းလယ်သမားများတရားစွဲဆို အမှုရင်ဆိုင်ကာထောင်ဒဏ်ကျခံရမှုများရှိခြင်း၊ လယ်သမားများရှိသမျှထုခွဲရောင်းချကာ ပစ္စည်းကုန် လူပန်းဖြင့် နောက်ဆုံးထောင်ဆိုသော အရပ်ဆီသို့သာသွားကာ ထောင်ကျခံရခြင်း၊ မိသားစုများစားရမဲ့သောက်ရမဲ့များဖြစ်ခြင်း၊ အားကိုးရာမဲ့ဖြစ်ရခြင်း။ ပြော်များလှစွာသော မြို့နေလူတန်းစားနှင့် ကျောတစ်ခင်းစာနေစရာမဲ့၊ စားစရာမဲ့ဖြစ်ရသော အခြေခံလူတန်းစား၏ ဘဝဒုက္ခပြဿနာ။

ထိုအခါကျွန်တော်သည် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၏လမ်းစရိတ်များဆိုင်ရာအခန်းကိုစဉ်းစားဖြစ်သည်။

စင်စစ်ခေါင်းဆောင်နှင့် လူထုသည် ရေနှင့်ကြာလိုပင်။ ရေသည်ခေါင်းဆောင်၊ ကြာသည်လူထု။ ရေမြင့်လျှင်ကြာမြင့်မည်၊ ရေနိမ့်လျှင်ကြာနိမ့်မည်။ ဆိုရလျှင် နိုင်ငံရေးပါတီမှာ မှန်ကန်သည့်လမ်းစဉ်ရှိဖို့လိုသည်။ ယင်းမှန်ကန်သည့်လမ်းစဉ်ကို စည်းရုံးရေးအစွမ်းဖြင့်အကောင်အထည်ဖော်ဆောင်ပေးနိုင်ရမည်။ ဘာ့ကြောင့်ဆိုလျှင် လမ်းစဉ်ကို စည်းရုံးရေးကသာလျှင် ဆုံးဖြတ်နိုင်စွမ်းရှိသောကြောင့် နိုင်ငံရေးပါတီဆိုရာမှာတိကျပြတ်သားသည့် လမ်းစဉ်မရှိခဲ့လျှင်ဖြစ်စေ၊ ချထားသည့်လမ်းစဉ်က လူထုနှင့်မဟပ်မိလျှင်ဖြစ်စေ၊ ယင်းဘဝမျိုးဖြင့်လူထုနယ်၊ လူထုကြားဆင်းသွားလျှင် ထိုပါတီသည်တကယ့်အကျပ်အတည်းနှင့် ရင်ဆိုင်ရတတ်၏။

နိုင်ငံရေးပါတီက မပြတ်မသားဖြစ်နေလျှင် တွေတွေဝေဝေဖြစ်နေလျှင် မလုပ်တတ်၊ မကိုင်တတ်ဖြစ်နေလျှင် ထိုအဖြစ်သည် မည်မျှသနားစရာကောင်းသည့် အဖြစ်ပါနည်း။ တပ်ဦးမှသွားသူသည် တပ်ဦးခေါင်းဆောင်အရည်အချင်းရှိဖို့လို၏။ တပ်ဦးခေါင်းဆောင်သည်လူထုမလိုက်နိုင်အောင် ရှေ့လွန်မသွားဖို့အရေးကြီးသလို လူထုနောက်မှာကျန်မနေရစ်ဖို့လည်းလိုအပ်၏။

လွယ်လွယ်ပြောစတမ်းဆိုလျှင် လူထုခေါင်းဆောင်သည်စိတ်ဓာတ်တက်ကြွမှုရှိသလို တည်ငြိမ်မှုလည်းရှိရမည်။ ရှေ့လောမကြီးရန်နှင့်နောက်မှာမကျန်ရစ်စေရန်လည်း အချိုးကျရမည်။ ဆိုလိုသည်ကား လူထုနှင့်တစ်သားတည်းအမြဲတမ်းပေါင်းစပ်နေရမည်ဆိုခြင်းပင်။

တပ်ဦးခေါင်းဆောင်ကား အရာခပ်သိမ်းကိုကြည့်ရှုသည့်အခါ (မပို၊ မလို) ခြင်းကို လက်တွေ့ကျကျကြည့်ရှုဖို့လိုအပ်၏။ ပြည်တွင်းစစ်မဖြစ်ရင်ကောင်းမယ်ဆိုပြီး ပြည်တွင်းစစ်ရပ်စဲပါအော်လို့မရ၊ နိုင်ငံရေးဖြစ်စဉ်တစ်ခုမှာ ဆန္ဒပိုင်းတစ်ခုတည်းဖြင့်မလုံလောက်။ တကယ့်အခြေအနေနှင့်ကိုက်ညီဖို့နှင့် အကောင်အထည်လည်း ဖော်နိုင်ဖို့လိုအပ်၏။ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်တွင်းညီညွတ်ရေးအားပြည်သူများအာသာပြင်းပြင်းတပ်မက်စွာလိုချင်နေကြသည်မှာ အထူးပြောစရာမလို။ ပြောစရာလိုသည်မှာ ဘယ်လိုရအောင်လုပ်မလဲဆိုသည့်လက်တွေ့ခန်း။ ထိုလက်တွေ့ခန်းမှာ နည်းပရိယာယ်အရဟုပြောစရာရှိ၏။ နည်းပရိယာယ်အရဆိုလျှင် သေနင်္ဂဗျူဟာအရေးကိုဆန့်ကျင်၍မရ၊ အဘယ့်ကြောင့်ဆိုသော် နည်းပရိယာယ်ခန်းသည် သေနင်္ဂဗျူဟာ၏ လက်အောက်ခံဖြစ်သောကြောင့်။

ပြောရလျှင်နိုင်ငံရေးပါတီတစ်ခု၏ လမ်းစဉ်သည်လူထုဘဝနှင့် မဟပ်မိသည့်အခါ လူထုတိုက်ပွဲနှင့်မချိတ်ဆက်မိသည့်အခါပါတီမှသည်လူထုနယ်အထိနိုင်ငံရေးပါတီ၏အမှားကိုခံရ၏။ဘာပဲဖြစ်ဖြစ်ပြည်သူသည်နိုင်ငံရေးပါတီ၏ လမ်းစဉ်အမှားအမှန်ကိုမှတ်ကျောက်တင်ရာအဆုံးအဖြတ်ပြုရာဖြစ်သည်ဟု မြင်ပါသတည်း။

---

# ခွပ်ဒေါင်းဆိုတာပြည်သူတွေဘက်ကနေ အာဏာရှင်တွေကိုတိုက်ထုတ်တဲ့တံဆိပ်ဖြစ်တယ်

မျိုးကျော်

> "ကျွန်တော်တို့ကျောင်းသားတွေရဲ့ ခွပ်ဒေါင်းအမှတ်အသားဟာ အမှန်တကယ်သမိုင်းကြီးခဲ့တဲ့အတွက် တကယ်တမ်းပြောရရင် ပြင်ပအင်အားစုတွေက ပါတီရဲ့တံဆိပ်အနေနဲ့ရော၊ သူတို့ပါတီရဲ့စည်းရုံးရေးအနေနဲ့ရော အသုံးချတာကိုမဖြစ်စေချင်ပါဘူး"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတံဆိပ်ကို စီးပွားရေးသမားများထုတ်လုပ်သော ထုတ်ကုန်အချို့တွင် အမှတ်တံဆိပ်ထည့်သွင်း ဖြန့်ဖြူးလျက်ရှိခြင်းကို ပြည်သူများ အကြားဝေဖန်သုံးသပ်မှုများရှိနေကြောင်း ကြားသိရသည်။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ကိုမင်းသွေးသစ်က "ကျွန်တော်တို့ကျောင်းသားတွေရဲ့ ခွပ်ဒေါင်းအမှတ်အသားဆိုတာက ဟိုအရင်ကတည်းကခေတ်အဆက်ဆက် အင်္ဂလိပ်အစိုးရကိုရော မတရား မှုတွေဖြစ်လာရင် ပြည်သူတွေ ဘက်ကနေအာဏာရှင်တွေကို တိုက်ထုတ်တဲ့တံဆိပ်ဖြစ်တယ်။ အဲဒီအတွက်ကို NLD ပါတီကရှစ်ဆယ့်ရှစ်တုန်းက ဒီအမှတ်သားကိုယူသုံးခဲ့တာကလည်း ရှစ်ဆယ့်ရှစ်လူထုအရေးတော်ပုံကြီးဟာ ပြည်သူတွေ ကိုကိုယ်စားပြုပြီး ကျောင်းသားတွေကဦးဆောင်ခဲ့မှုဖြင့် လူထုအရေးတော်ပုံကြီးဖြစ်လာတဲ့အတွက် ကျောင်းသားတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ယူသုံးခဲ့တာလို့သိရပါတယ်"ဟု ဆိုသည်။

"ကျွန်တော်တို့ကျောင်းသားတွေရဲ့ ခွပ်ဒေါင်းအမှတ်အသားဟာအမှန်တကယ်သမိုင်းကြီးခဲ့တဲ့အတွက် တကယ်တမ်းပြောရရင် ပြင်ပအင်အားစုတွေက ပါတီရဲ့တံဆိပ်အနေနဲ့ရော၊ သူတို့ပါတီရဲ့စည်းရုံးရေးအနေနဲ့ရော အသုံးချတာကိုမဖြစ်စေချင်ပါဘူး။ တကယ်ကို သန့်သန့်စင်စင်နဲ့ အမျိုးသားနိုင်ငံရေးကို ပြည်သူလူထုဘက်က ရပ်တည်တဲ့အမျိုးသားနိုင်ငံရေးကို ဦးဆောင်တဲ့တံဆိပ်မျိုးပဲဖြစ်စေချင်ပါတယ်။ ဒီဘက်ခေတ်မှာ ပိုဆိုးလာတာက စီးပွားရေးလုပ်ငန်းတွေမှာယူသုံးလာကြတာက မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ပြည်သူများလက်ခံထားတဲ့ ပြည်သူချစ်တဲ့တံဆိပ်ကို ကိုယ့်ရဲ့အကျိုးစီးပွားအတွက်အသုံးချတာကို ကျွန်တော်တို့ ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ ဒါမျိုးမဖြစ် အောင် ကျွန်တော်တို့ကျောင်းသားထုတစ်ရပ်လုံးရော၊ နိုင်ငံရေးသမားတွေရော၊ ဒီကိစ္စကိုဝိုင်းဝန်းတားဆီးသင့်တယ်လို့မြင်ပါတယ်" ဟု ထပ်မံပြောသည်။

အဆိုပါကိစ္စရပ်များနှင့် ပတ် သက်၍ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တစ်ဦးက "ပါတီရဲ့ရန်ပုံငွေရှာဖွေနေတာတော့မှန်ပါတယ်။ အခုဆိုရင် တချို့နေရာ တွေမှာတွေ့နေရတာတွေကမဖြစ်သင့်တာတွေ တွေ့နေရပါတယ်။ ဟိုနေရာဆိုလည်း ကျွန်တော်တို့ပါတီအမှတ်တံဆိပ်နဲ့ ဒီနေရာမှာဆိုလည်းပါတီအမှတ်တံဆိပ်တွေနဲ့တွေ့နေရပါတယ်။ ပါတီရန်ပုံငွေလိုရင်တော့လုပ်ကြပါ။ အလွန်အကြူးတော့မဖြစ်သင့်ပါဘူး။ ပါတီအမှတ်တံဆိပ်ယူသုံး မှုတွေကိုလည်း ပါတီကနေတင်း တင်းကျပ်ကျပ်စည်းမျဉ်းစည်းကမ်းတွေချမှတ်ပြီး တင်းကျပ်သင့်ပါပြီ" ဟု ဆိုသည်။

စီးပွားရေးသမားများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမှတ်တံဆိပ်ကို စားသောက်ကုန် နှင့် ကစားစရာပစ္စည်းအချို့တွင် အမှတ်တံဆိပ်အဖြစ်အသုံးပြုနေ ခြင်းကို ယင်းသို့ဝေဖန်သုံးသပ်မှုများရှိနေခြင်းဖြစ်သည်။

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014



# ပလ္လင်ပေါ်မျောက်တင်လို့ သင့်တော်ရော့သလား

ဆရာဒေါင်း(၈၈)

ဆရာဒေါင်းတို့ တိုင်းပြည်မှာလည်း လုပ်လိုက်မှဖြင့်တလွဲချည်းပါလားဗျာ။

ပြီးခဲ့တဲ့လတွေက တက္ကသိုလ်ပေါင်း စုံဘောလုံးပြိုင်ပွဲကြီးကျင်းပပေးတော့ ဝမ်းသာကြည်နူးမိသဗျ။ ဆရာဒေါင်းတို့ တက္ကသိုလ်တက်နေစဉ်က တက္ကသိုလ်ပေါင်း စုံဘောလုံးပြိုင်ပွဲတွေကျင်းပခဲ့တာတွေကို ပြန်မြင်ယောင်ပြီးစစ်ဝတ်လဲအရပ်သား တစ်ပိုင်း အစိုးရလုပ်ပုံကိုင်ပုံလေးကိုလည်း ချီးကျူးနေမိခဲ့ပါတယ်။

ဟိုတုန်းကပညာရေးဝန်ကြီးဒိုင်း၊ အဆင့်မြင့်ပညာ (သို့မဟုတ်)အထက်တန်း ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒိုင်း လို့ကိုယ်စားပြုဌာနရဲ့ အကြီးအကဲကိုဂုဏ်ပြုခေါ် ဝေါ် သတ်မှတ်ပေးခဲ့တာကိုးဗျ။

တက္ကသိုလ်ပေါင်းစုံအကြီးအကဲရဲ့ ဂုဏ်ဒြပ်နဲ့အညီ အမည်သညာခေါ် ဝေါ် သတ်မှတ်ခဲ့တာမို့ တန်ဖိုးလည်းရှိ ဂုဏ် လည်းရှိ လေးစားဖို့လည်းအလွန်ကောင်း တာမို့ ကြည်ညိုလေးစားစိတ်နဲ့ပြိုင်လိုက် ကြတာပျော်စရာလည်းကောင်း၊ တက္ကသိုလ် အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှုလည်း ရ ကြည်နူးပျော်ရွှင်ခဲ့လိုက်ရတာများဗျာ။

စစ်အစိုးရလက်ထက် ပျောက်ကွယ်နေခဲ့တဲ့ တက္ကသိုလ်ပေါင်းစုံဘောလုံးပွဲ ကြီးကို အခုနှစ်ကျင်းပတော့ဖွင့်ပွဲနေ့ကတည်းက အစကတည်းကယဉ်သကို ဆိုသ လို၊ အမြင်မတော်ဆင်တော်နဲ့ခလောက်ဆိုသလို သွားတွေ့ရသဗျ။ အဆင့်မြင့်ပြိုင် ကားကြီးနဲ့လာပြီး မိုးစက်ပိုင်လေးဆင်းလာတော့ ကျောင်းသားလေးတစ်ယောက် ကအနောက် တိုင်းဝတ်စုံကြီးနဲ့ကြွကြွကြွကြွနဲ့တွေ့လိုက်ရရောဗျာ။

အဲဒီအထိကျောင်းသားတစ်ယောက်က သူ့ကိုယ်ပိုင်အဖိုးတန်ကားကြီးနဲ့လိုက် ပို့ပေးတာ၊ သာမန်ကူညီတာမျိုးဆိုတဲ့ သဘောနဲ့လက်ခံနိုင်ပါတယ်။ ဖွင့်ပွဲလုပ် လို့ထိုင်တော့ ရှေ့ဆုံးတန်းအစိုးရအကြီး အကဲတွေ၊ ပါမောက္ခချုပ်တွေနဲ့တစ်တန်း တည်းထိုင်နေတာတွေ့ရတော့ အစိုးရအကြီးအကဲတွေ၊ ပါမောက္ခချုပ်ကြီးတွေ နဲ့တစ်တန်းတည်းကျောင်းသားတစ်ယောက်ကိုနေရာပေးထိုင်ထားတာ အင်မတန် အရုပ်ဆိုးတာကို သတိထားမိတယ်ဗျ။ အချို့ဆရာ၊ ဆရာမကြီးတွေ၊ အစိုး ရအဖွဲ့ အကြီးအကဲတွေက နောက်တန်းတွေမှာကုပ်ကုပ်ကလေးတွေထိုင်ကြလို့ဗျာ။ ဆရာဒေါင်းတို့တက္ကသိုလ်နေစဉ်တစ်လျှောက်ဆရာကြီး၊ ဆရာမကြီးတွေကို တစ်တန်းတည်းထိုင်ဖို့မဝံ့ရဲခဲ့ပါဘူးဗျာ။ ဆရာတို့ကိုချစ်ကြောက်ရိုသေပြီး တစ်ဆင့် နိမ့်နောက် တန်းထိုင်ဖို့တောင် မဝံ့ရဲကြပါဘူး။ ချစ်ကြောက်ရိုသေပြီး လေးစားတန် ဖိုးထားဂါရဝထားကြတာဗျ။

နောက်ဆုံးနေ့ဆုရတက္ကသိုလ်အသင်းတွေဆုပေးကြတော့ ဆရာကြီး၊ ဆရာမ ကြီးတွေကသာမန်ဆုတွေပေးကြရပြီး အဓိကဒိုင်းဆုကြီးကိုတော့ အဲဒီ ကျောင်းသားလေးကပေးတာကို သွားတွေ့လိုက်ရတော့ ပညာရေးဝန်ကြီးဘယ် လို ဖြစ်တာလဲဗျာ။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဘယ်လိုဖြစ်တာလဲဗျာ။ အဆင့်မြင့်ပညာညွှန်ကြားရေးမှူးချုပ်ကြီး ဘယ် လိုဖြစ်တာလဲဗျာ။ ပါမောက္ခချုပ် ဆရာ/ မကြီးများဘယ်လိုဖြစ်တာလဲဗျာ။ အနိုင်ရတက္ကသိုလ်အသင်းကို ကျောင်း သားတစ်ယောက်က ဒိုင်းဆုကြီးပေးတာသင့်တော်ရဲ့လားဗျာ။ သူလေးကလူကြီး မင်း တို့ထက်ပညာလား၊ ရာထူးလား။ ဘယ်ဟာသာတာလဲဗျ။ ဝန်ကြီးဌာနတစ် ခုရဲ့ ပြိုင်ပွဲကြီးမှာ အစဉ်အဆက်အရှိန်အဝါရှိတဲ့ ပုဂ္ဂိုလ်ကြီးရဲ့မြေးတော်မို့ပေး ခွင့်ပြုတာလား။ ဒါမှမဟုတ် ကုန်ကျစရိတ်တစ်ခုလုံးကို တာဝန်ယူသူမို့ ပေးခွင့်ပြု တာလား။ ဒါဆိုလည်း အဲဒီပုဂ္ဂိုလ်လေးရဲ့ "မြေးတော်လေးရဲ့ဒိုင်း" လို့အစက တည်းကကြေညာ ဖို့မသင့်ပေဘူးလား။ အစိုးရအဖွဲ့တာဝန်ရှိသူတွေကော၊ ဆရာ/မကြီးတွေကကော ဘာတွေကြောက်ပြီးအဲဒီလိုခွင့်ပြုစီစဉ်ခဲ့တာပါလဲ။

သူလေးရဲ့မွေးနေ့ပွဲအဖြစ် ဆီဒိုးနားဟိုတယ်မှာ ခရိုနီကြီးတစ်ယောက်က ဂျပန်ကတာနာကာကိုပါခေါ်ပြီးကျင်းပပေးခဲ့တာ၊ မန်ယူအသင်းပဲဝယ်မလိုသတင်း ထွက်ခဲ့တာတွေသိထားတော့ ခမျာလေးဘောလုံးခရေဇီဖြစ်တာတော့လက်ခံပါ တယ်။ အတော်ဆုံးလူတွေရွေးပြီး အခြားနိုင်ငံတွေသွားကန်နိုင်အောင် သူစီစဉ်ပေး ဦးမယ်လို့ပြောလေတော့ ကျေးဇူးတင်ပါတယ် အမောင်ကျောင်းသားရေ။ ပညာ ရေးဝန်ကြီးဌာနမှာ ငွေမရှိရှာဘူးနဲ့ တူပါရဲ့နော်။ ငါ့တူကိုယ်ပိုင်ငွေတွေနဲ့ ပုံ့ပိုးပုံ့ပိုး၊ ဦးလေးဒေါင်းတို့ငွေတွေကို ရယူထားပြီး ပုံ့ပိုးပုံ့ပိုးလုပ်တော်မူပါကွယ်။

ဒါပေမဲ့ ဦးလေးဒေါင်းတို့ တက္ကသိုလ်နယ်မြေဟာအင်မတန်သန့်စင်ပြီး ဂါရဝတရား၊ နိဝါတတရားများနဲ့ မွေ့နဲ့ အမွေ၊ တရားမှုနဲ့မတရားမှု၊ အမှန် တရားနဲ့အမှားတရား ဘက်နှစ်ဖက်ရှိလေရာတိုင်းမှာ မွေ့ဘက်မှာ၊ တရားတဲ့ဘက် မှာ၊ မှန်တဲ့ဘက်မှာ ခေတ်အဆက်ဆက်ရပ်တည်ခဲ့တာမို့ အရောင်လာမဆိုးပါနဲ့ ကွယ်။ အစိုးရတာဝန်ရှိသူတွေနဲ့ဆရာ/မ ကြီးတို့ကိုလည်းတောင်းပန်ပါရစေ ပလ္လင်ပေါ်ကိုမျောက်မတက်ပါစေနဲ့။ သူနဲ့တန်ရာတန်ရာမှာထားပေးကြပါလို့ တပည့်ဆရာဒေါင်းကမေတ္တာရပ်ခံပါရစေဗျာ။




# ဦးနေအေးရဲ့ဆရာများ တိုက်ပုံနဲ့ယူနီဖောင်းတွေကို ဒိုဘီပေးလိုက်ကြပါ

လှတင့်ဆွေ (ပိန်းဇလုပ်)

"နေအေးလိမ်နည်း"ဆိုတဲ့ စာအုပ် တစ်အုပ်ကိုဖတ်ဖူးပါတယ်။ လိမ်တတ်တဲ့ အကျင့်စာရိတ္တကိုမကြိုက်ပေမဲ့လိမ်တာ ကျွမ်းကျင်ပိရိတယ်ဆိုပြီး ချီးကျူးမိပါ တယ်။ နေအေးကတိုင်းပြည်ကိုမလိမ်ပါ ဘူး။ အချင်းချင်းသာလိမ်တာပါ။ ဒါပေမဲ့ ခေတ်အဆက်ဆက်တိုင်းပြည်ခေါင်းဆောင် များ၊ ဝန်ကြီး၊ ဒုဝန်ကြီးများ၊ ညွှန်ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများအပါအဝင် အဆင့်ဆင့်သောဌာနဆိုင်ရာများ၊ အုပ် ချုပ်မှုဘက်ဆိုင်ရာမှ ရပ်ကျေးအဆင့်မှ သည် နိုင်ငံတော်အဆင့်အထိတာဝန်ယူ အုပ်ချုပ်နေသူများက နေအေးထက်အဆ များစွာလိမ်တတ်ခဲ့ကြလို့ ယနေ့တိုင်းပြည် အခြေအနေဤမျှအထိ ဆိုးဆိုးဝါးဝါးဖြစ် သွားခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ထိုသူများ သည် နေအေးထက်လိမ်နည်းကျွမ်းကျင် သော ဦးနေအေးရဲ့ဆရာများလို့ ကင်ပွန်း တပ်ချင်ပါတယ်။

ယခင်ခေတ်အဆက်ဆက် အစိုးရ အဆက်ဆက်မှာ တိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်ခဲ့ကြတဲ့ နိုင်ငံ့ခေါင်းဆောင်များ အလိမ်ခံခဲ့ဖူးတယ်လို့ ဆိုပါတယ်။ တိုင်း ပြည်တွင်းမှာ အမှန်တကယ်ဖြစ်နေတဲ့ အခြေအနေမှန်တွေကို ခေါင်းဆောင်တွေ မသိတာဟာ အလိမ်ခံနေရလို့ပဲဖြစ်ပါ တယ်။ အလိမ်ခံရတယ်ဆိုကတည်းက ခေါင်းဆောင်မှုအရည်အချင်းညံ့ဖျင်းတယ် လို့ ယူဆနိုင်ပါတယ်။ ခေါင်းဆောင်ဆို တာ အောက်ခြေကသတင်းအမှန်တွေကို စုံစွာရယူပြီးအလိမ်မခံရဖို့လိုပါတယ်။ တိုင်းပြည်ခေါင်းဆောင်တစ်ယောက်အလိမ် ခံရပြီး ဆုံးဖြတ်ချက်တွေမှားယွင်းစွာချခဲ့ မိရင် ဆင်းရဲသားလူတန်းစားများအထိ နာပါတယ်။ ကျွန်တော်တို့မြန်မာပြည် မှာက ကိန်းဂဏန်းတွေကိုလိမ်ပြပါတယ်။ သီးနှံအထွက်နှုန်းနဲ့ စိုက်ဧကတွေကို တိုး ပြီးလိမ်ပြပါတယ်။ စာရင်းအလိမ်တွေပြ ပြီး စက်ရုံကြီးတွေဆောက်တတ်ကြပါ တယ်။ GDP, GNP တွေကိုလိမ်ပြခဲ့ကြ ပါတယ်။ လိမ်၍ရသလောက်လိမ်ပါတယ်။ တချို့သောခေါင်းဆောင်များကလည်း အလိမ်ခံနေရမှန်းသိပေမဲ့လည်း မိမိအာ ပတ်လွတ်ရင်ပြီးရောဆိုပြီး တာဝန်နဲ့ဝတ္တ ရားကိုရှောင်လွှဲပြီး နှစ်မြိုက်စွာအလိမ်ခံ နေတတ်ကြပါတယ်။

မဆလခေတ်က နိုင်ငံတော်သမ္မတ ကြီးက စိုက်ပျိုးမွေးမြူရေးလုပ်တာသဘော ကျတော့ လယ်ထွန်မင်္ဂလာဆင်းပွဲတွေ လုပ်ပြီးလိမ်ပါတယ်။ မွေးမြူရေးကိုစစ် ဆေးတော့ ဝက်မျိုးကောင်းမျိုးသန့် အကောင်ထွားထွား(၁၀)ကောင်လောက်ကို သမ္မတကြီးသွားမယ့်နေရာကိုကြိုကြိုပြီးပို့ ထားတတ်ပါတယ်။ ကြာလာတော့ သမ္မတကြီးကရိပ်မိသွားပြီး "ဒီဝက်တွေ ကလည်း ငါသွားတဲ့နောက်လိုက်လိုက်နေ ရတာပါလားကွာ"လို့ ပြောယူရပါတယ် တဲ့။ ဒါပေမဲ့အဲဒီလိုသိတဲ့အချိန်မှာ တိုင်း ပြည်အတွက်တော်တော်နောက်ကျသွားခဲ့ ပါပြီ။

နဝတ၊ နယကခေတ်မှာ လိမ်တာ တွေပိုဆိုးလာတယ်ထင်ပါတယ်။ အဲဒီခေတ် ဝန်ထမ်းအဆင့်ဆင့်က ပိုပြီးလိမ်တတ်၊ ညိုပြီးခိုင်းတတ်၊ အလိုက်တသိဖားတတ် ကြလို့ပါပဲ။ လုပ်ဖော်ကိုင်ဖက်အပေါင်း အသင်းတစ်ယောက် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်ရဲ့ ဆန်ဖူလုံမှုကို စာရင်းဇယားအတိအကျတွက်ချက်ပြီး မြို့ နယ်ရှိ လူဦးရေနဲ့ဆန်အထွက်မလောက်ငှ၊ မဖူလုံကြောင်းကို အဲဒီခေတ်နိုင်ငံတော် အကြီးအကဲတစ်ဦးခရီးစဉ်မှာ အမှန် အတိုင်းတင်ပြခဲ့လို့ အစစ်ဆေးခံခဲ့ရဖူး ပါတယ်။ မှန်တာကို တချို့လူကြီးတွေက မနှစ်မြို့ပါဘူး။ လူကြီးတွေကလိမ်တတ် တဲ့သူ၊ ဖားတတ်တဲ့သူ၊ မြှောက်ပင့်ပြော တတ်တဲ့သူကိုမှ အသိအမှတ်ပြုတဲ့ခေတ် တစ်ခေတ်ရှိခဲ့ဖူးလို့ပါပဲ။

နိုင်ငံကျော်ဟာသ သရုပ်ဆောင် လူရွှင်တော်တစ်ဦး နိုင်ငံခြားသွားခါနီး လေယာဉ်ကွင်းမှာအနီးအနားက လူတွေ က မသွားခင်ဟာသတစ်ပုဒ်လောက်မှတ် မှတ်ရရလုပ်ခဲ့ပါဦးလို့ တောင်းဆိုလို့ အဲဒီ လူရွှင်တော်ကြီးက လေယာဉ်ကွင်းဧည့် ခန်းထဲမှာ ကာထားတဲ့မှန်ကိုခြေထောက် နဲ့(ဟန်ပြ)ကန်ပြပြီး "မှန်ကန်ရင်ကွဲတတ် တယ်။ မှန်ကန်တဲ့သူတော့ သွားပြီဗျို့"လို့ ဆိုပြီး ပြက်လုံးထုတ်ခဲ့ပါတယ်တဲ့။

တချို့လူရွှင်တော်တွေက ဇာတ်ထဲ မှာ သေနတ်ပစ်ချင်ယောင်ဆောင်ပြီး "မှန်တဲ့ကောင်တွေကျကုန်ပြီ၊ မမှန်တဲ့ ကောင်တွေရှေ့တက်ကြ"ဆိုပြီးတော့လည်း မှန်ကန်တဲ့သူတွေကွဲပြဲတဲ့ခေတ်ရှိခဲ့ ကြောင်းလည်း ပြက်လုံးထုတ်ခဲ့ကြပါ တယ်။ ဒါတွေဟာခေတ်တစ်ခေတ်ရဲ့ ကြေးမုံတစ်ချပ်ပါပဲ။

သီတဂူဆရာတော်ဘုရားကြီးရဲ့ တရားပွဲမှာ "လူသည်ရည်းစားထားတတ် တဲ့ အရွယ်ဟာအလိမ်ဆုံးအရွယ်"ဖြစ် တယ်လို့ မိန့်ကြားဖူးပါတယ်။ ကျွန်တော် တွေးမိတာကတော့ ဝန်ထမ်းလောက အတွင်းတာဝန်ထမ်းဆောင်နေစဉ်အချိန် သည်အလိမ်တတ်ဆုံးအချိန်ဖြစ်မယ်ထင် ပါတယ်။

အမှန်တကယ်မဖြစ်နိုင်တဲ့ စပါး အထွက်နှုန်းတွေ၊ မြေပြင်မှာမရှိတဲ့စပါး စိုက်ဧကတွေ၊ စိုက်ပျိုးလို့မဖြစ်တဲ့ ဒေသက ကြက်ဆူစိုက်ခင်းဖြစ်ထွန်းပုံတွေ၊ အမှန် တကယ် ခုတ်လှဲတဲ့စာရင်းထက်လျှော့ နည်းပြတတ်တဲ့သစ်ကွက်တွေ၊ တောင်သူ လယ်သမားများစိုက်ပျိုးထားလို့ ဖြစ်ထွန်း အောင်မြင်နေတဲ့ စပါး၊ ပဲ၊ ကြံ၊ ဝါး၊ ပြောင်း၊ နေကြာခင်းတွေမှာ ဌာနဆိုင်ရာ ဆိုင်းဘုတ်တွေသွားထောင်ပြီး ပြတာက လည်း လိမ်ခဲ့တာတွေပါပဲ။ အဲဒီလိုလိမ် တာတွေကိုလည်း စစ်ဆေးသူအရာရှိကြီး များက လိမ်နေမှန်းသိသိကြီးနဲ့ ဘီယာ၊ ဝီစကီ၊ ဒရိုင်းဂျင်လေးမော့လိုက်၊ ဆတ် သားခြောက်လေးဝါးလိုက်နဲ့ ပြုံးပြုံးကြီး အလိမ်ခံတတ်ကြပါတယ်။

ယခင်အစိုးရလက်ထက်က မပြတ် မသားလုပ်ခဲ့တဲ့ လက်ပံတောင်းတောင်၊ မြစ်ဆုံကိစ္စ၊ သံလွင်မြစ်တစ်လျှောက်ရေ ကာတာများ၊ မြွေတောင်ဖားတောင်၊ ခရို နီနှင့်အစိုးရများ၏ မြေသိမ်းမှုပြဿနာ များလို့ဆိုနိုင်ပါတယ်။ ပွင့်လင်းမြင်သာမှု မရှိဘူးဆိုတာ စာအနေဖြင့်ယဉ်ကျေးစွာ သုံးနှုန်းခြင်းဖြစ်ပြီး အမှန်တော့ပြည်သူကို လိမ်တာပါပဲ။ လိမ်ဖို့ကြိုးစားခဲ့ကြတာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့လူသားများ ငါးပါးသီ လ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ အာဇီဝ ဋ္ဌမကသီလတွေတည်ဆောက်ကြတဲ့အခါမှာ "မုသာဝါဒါဝေရမဏီသိက္ခာပဒံသမာဒိ ယာမိ"ဆိုပြီး လိမ်ညာ၍လည်းမပြောဘဲ အမြဲရှောင်ကြဉ်မည်"ဟု တည်ဆောက် တတ်ကြပြီး အလွယ်ကူဆုံးနှင့်အများဆုံး ဖောက်ဖျက်တတ်ကြသည်မှာလည်း မု သာဝါဒပင်ဖြစ်ပါတယ်။

ယခင် နယကခေတ်က နိုင်ငံတော် အကြီးအကဲတစ်ဦးရဲ့ ကိုယ်ရေးအရာရှိက ပြောပါတယ်။ သူ့လူကြီးယူနီဖောင်းတွေ မီးပူတိုက်တာကောင်းကောင်းမပြန့်တော့ ပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ကာ ဝန်ကြီး၊ ဒုဝန်ကြီးတွေကလာလိမ်လိုက်၊ ဒေသဆိုင်ရာအာဏာပိုင်တွေက လာ လိမ်လိုက်၊ ဌာနဆိုင်ရာအကြီးအကဲတွေ က လာလိမ်လိုက်နဲ့အလိမ်တွေများလွန်း လို့ မပြန့်တာပါလို့ဟာသနှောသလိုလို ပြောခဲ့ဖူးပါတယ်။

အမှန်တော့ အလိမ်ခံတဲ့သူမှာလည်း တာဝန်မကင်းပါဘူး။ မောင်တင့်ဝန်ထမ်း ဘဝကလိမ်မိရင်အထက်က ဆရာလုပ်သူ ဆုံးမတာက "မလိမ်နဲ့၊ မညာနဲ့၊ ဖြီးရှော မရိုက်နဲ့။ ဘယ်မှာလဲဆရာ။ သွားခေါ် အရာရှိ"ဆိုပြီး တာဝန်ရှိသူကိုပါ ခေါ်ဆုံးမတတ်ပါတယ်။

ယခုခေတ်ဒီမိုကရေစီတိုင်းပြည်ရဲ့ ဖွဲ့စည်းပုံကပိုမိုကျယ်ပြန့်ပါတယ်။ အုပ် ချုပ်စီမံတဲ့လူတွေပိုများပါတယ်။ တိုက်ပုံ ဝတ်တွေရော၊ ယူနီဖောင်းဝတ်တွေရော ကိုယ်တိုင်အလိမ်မခံရဖို့နဲ့ ပြည်သူကို မလိမ်မိဖို့အရေးကြီးပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပါအဝင် ယခင့် ယခင်အလိမ်ဇာတ်လမ်းတွေလက် ကျန်ရှိသေးတယ်ဆိုရင်လည်း ဦးနေအေး ရဲ့ ဆရာများခင်ဗျား၊ ပြည်သူများ၏ မျက်နှာကိုထောက်ရှုပြီး အလိမ်တွေပြန့် သွားအောင် သာမန်လျှပ်စစ်မီးပူနဲ့မှမရရင် ဒိုဘီကိုသာအပ်ပြီး မီးပူကြီးကြီးနဲ့အမြန် ဆုံးပြန့်အောင်တိုက်ပေးကြပါလို့ ပြည်သူ များကိုယ်စားတောင်းဆိုအပ်ပါကြောင်း။

# Entertainment

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014



## နန်းမြတ်ဖြိုးသင်း ကြိုးစားတဲ့

ဆေးကျောင်းသူ နန်းမြတ်ဖြိုးသင်းက တစ်နေ့မှာ ဖော်လံတီယာ ဆရာဝန်တစ်ယောက် ဖြစ်အောင် ကြိုးစားမယ်လို့ပြောပါတယ်။ နန်းသူဇာနဲ့ နှစ်ယောက်တွဲထွက်ခဲ့တဲ့ "သူငယ်ချင်း" တေးစုက သူတို့ နှစ်ယောက်ကို ပရိသတ်ပိုသိစေခဲ့တယ်လို့လည်းဆိုပါတယ်။ ဒါရိုက်တာ ညီညီထွန်းလွင်နဲ့ "ဝါစိမ်းနီကမ္ဘာ သိမ်းမည်"ဇာတ်ကား၊ ညီမြင်းလွင်နဲ့အပျိုစင် နနထွက်ထွက်ဇာတ်ကားများ ရိုက်ကူးနေကြောင်း၊ စာနယ်ဇင်းတချို့တွင်နန်းမြတ်ဟု ရေးနေကြကြောင်း၊ သူမနာမည်နန်းမြတ်ဖြိုးသင်းသာဖြစ်ပါကြောင်းဆိုပါတယ်။



## ဦးတည်ချက်အတွက် ဂုဏ်ယူနေကြသူတွေ

အနုပညာလောကမှာ ဖြတ်သန်းလာတဲ့ ကာလတစ်လျှောက် မကြုံစဖူးအမှတ်တရအဖြစ်ဆုံးအတွက် ဂုဏ်ယူနေကြတဲ့ သူတွေကတော့ ဆယ်ကျော်သက်တေးဂီတအဖွဲ့ One Direction အဖွဲ့မှ ကောင်ချောလေးတွေပါ။ အကြောင်းရင်းကတော့ အမေရိကန် Billboard ရဲ့ ၂၀၁၃ ခုနှစ်အကောင်းဆုံး တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့တာပါ။ One Direction အဖွဲ့ဟာပြီးခဲ့တဲ့ နှစ်နိုဝင်ဘာလအတွင်း ထွက်ရှိခဲ့သည့် တေးအယ်လ်ဘမ်သစ် Middight Memories ဖြင့် အောင်မြင်မှုရဲ့ ထိပ်ဆုံးကိုရောက်ရှိနိုင်ခဲ့တာပါ။

လင်းထွန်းမြင့်
Ref : Hollywood Reporter



## သဉ္ဇာဝင့်ကျော်ရဲ့ ပုံပြင်ဖြစ်သွားသော

ဒါရိုက်တာညီမြင်းလွင်နဲ့ "အိုး" အမည်ရ ဇာတ်ကားကို ရိုက်ကူးနေတဲ့သဉ္ဇာဝင့်ကျော်က လွန်လေပြီးသောအခါက ချစ်သူများနေ့ဟူသည်ကို ချစ်သူနှင့် အတူဖြတ်သန်းခဲ့ပါကြောင်း၊ ယခုအခါ သမယတွင်တော့ အလုပ်ကို ကြိုးစားလုပ်ကိုင်ရင်းဖြင့်သာ အရာရာကိုကျော်ဖြတ်နေပါကြောင်း၊မိသားစုအချစ်၊ သူငယ်ချင်းအချစ်များဖြင့် ဘဝသည် လုံလောက်နေပြီဖြစ်ပါကြောင်း ပြောလာပါတယ်။



## စန္ဒီမြင့်လွင်ရဲ့ ကလီယိုပက်ထရာ

ဗီဒီယိုခေတ်ဦးတုန်းက ခင်သီတာထွန်းရဲ့ ကလီယိုပက်ထရာက မြန်မာ့လူမှုဝန်းကျင်မှာ ဝုန်းဒိုင်းကြဲဖြစ်ခဲ့ဖူးရဲ့။ အခုစန္ဒီမြင့်လွင်က "ကလီယိုပက်ထရာ"လို့ အမည်ပေးထားတဲ့တေးစုကို လာမယ့်ကမ္ဘာ့အလုပ်သမားနေ့မှာ ထွက်နိုင်ဖို့စီစဉ်နေတယ်ဆိုပါတယ်။ ခင်သီတာထွန်းကသရုပ်ဆောင်ကောင်းခဲ့ပြီးအယ်ခွန်းရှိအဆိုကောင်းခဲ့တဲ့ ကလီယိုပက်ထရာကို စန္ဒီမြင့်လွင် ဘယ်လိုအစွမ်းပြသီဆိုမလဲ။ ဗီစီဒီမှာ သူကိုယ်တိုင် ပဲသရုပ်ဆောင်မှာလား။ စိတ်ဝင်စားစရာဖြစ်ပါကြောင်း။



## မေမှာ ပြန်ဆုံမယ်လို့ဆိုတဲ့ အမ္မာစတုန်း

လာမည့်မေလအတွင်း ပရိသတ်ရှေ့မှောက်ကို အကောင်းဆုံးရောက်ရှိလာမယ်လို့ဆိုလာသူလေးကတော့ ဟောလီဝုဒ်ရဲ့နုပျိုတဲ့အလှပိုင်ရှင်လေး အမ္မာစတုန်းရယ်ပါ။ သိပ္ပံဆန်းကြယ်ဇာတ်ကားကောင်းတွေထဲမှာ ဟောလီဝုဒ်ရဲ့ဝင်ငွေအကောင်းဆုံးဆိုတဲ့ စံချိန်ရရှိထားတဲ့ Amazing Spider-man 1 ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ သူက နောက်ဆက်တွဲဇာတ်ကားသစ် Amazing Spider-man 2 ကို ရှုစားခွင့်ရတော့မယ်လို့ ဆိုလာပါတယ်။ အဆိုပါဇာတ်ကားသစ်မှာတော့ ပထမဇာတ်ကားရဲ့ အဓိကသရုပ်ဆောင်တွေအားလုံး နီးပါးပြန်လည်ပါဝင်ထားတယ်လို့ သိရပါတယ်။ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ဖြင့် တင်ထားတဲ့ ပထမဇာတ်ကားရဲ့စံချိန်ကို ကျော်ဖြတ်သွားနိုင်စွမ်းရှိတယ်ဆိုတာကို ပါဝင်ထားတဲ့ သရုပ်ဆောင်တစ်ယောက်အနေဖြင့် ယုံကြည်မှုရှိတယ်လို့ သူက ထပ်လောင်းဆိုသွားပါသေးတယ်။

လင်းထွန်းမြင့်
Ref : Hollywood Reporter



# သေဒဏ်ထက်ဆိုးတဲ့ပြစ်ဒဏ်(အပိုင်း ၂၂)

**ဂျော်လီထွန်း (၈၈)**

စာရေးသူအကျဉ်းထောင်ထဲက အတွေ့အကြုံတွေကိုရေးသားခဲ့ရာမှာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စတွေ၊ မဖွယ်မရာကိစ္စတွေကို ပြည်သူတွေသိရှိအောင် ရေးသားတင်ပြခဲ့ပါတယ်။ ဒါပေမဲ့ အကျဉ်းထောင်ဆိုတာမရှိကောင်းတဲ့အရာ တော့မဟုတ်ပါဘူးဆိုတာကိုလည်း ဝန်ခံရမှာပါဗျာ။ လူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြရမယ့် လူတိုင်းကို သူ့မိဘသူ့အသိုင်းအဝိုင်းက ငယ်စဉ်ကတည်းက သင်ကြားလေ့ကျင့်ပေးခဲ့လို့ လူသားအများစုဟာတစ်ဖက်သားမနစ်နာအောင်၊ မထိခိုက်အောင် နေတတ်ထိုင်တတ်ကြပေမဲ့ အချို့သော လူသားတွေကိုတော့ ဆုံးမလေ့ကျင့်ပေးရန်လိုအပ်နေဆဲရှိနေကြပါတယ်။ အချို့ကိုနှုတ်နဲ့ ပြောဆိုဆုံးမ လေ့ကျင့်ပေးရပါတယ်။ အချို့ဆိုနှုတ်နဲ့အကြိမ်ကြိမ်ဆိုဆုံးမနေတဲ့ကြားက တစ်ဖက်သားနစ်နာအောင်၊ ထိခိုက်အောင်ပြုနေဆဲဆိုရင်တော့ ငယ်စဉ်ကာလကလေးဘဝမှာဆိုရင် မိဘဖြစ်သူက တုတ်ကိုင်ရတော့တာပါပဲ။ ဒီလိုပါပဲ။ အရွယ်ရောက်လာတဲ့သူများမှာ ပညာပေးအဆင့်ကိုစည်းကျော်လာတဲ့ အမှုအခင်းများကအမြဲဖြစ်ပွားနေပါတယ်။ လူ့အဖွဲ့အစည်းမှာ အေးချမ်းစွာနေထိုင်လိုကြပြီး လူတွေကို ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိတဲ့ အစိုးရအဖွဲ့တွေဟာ ကောင်းတဲ့ရည်ရွယ်ချက်နဲ့အကျဉ်းထောင်တွေကို ထားရှိပေးရမှာပါ။ ကောင်းသောရည်ရွယ်ချက်ဆိုတာကတော့ ရာဇဝတ်မှုကျူးလွန်ခဲ့သူတွေကို ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေပေးဖို့နဲ့ လူ့အဖွဲ့အစည်းကိုရာဇဝတ်မှုတွေက ကာကွယ်ပေးဖို့ "ထောင်ဆိုတာ" လိုအပ်ပါတယ်။ ပြန်လည်ကလဲ့စားချေတဲ့သဘောနဲ့ အကျဉ်းထောင်ကို ထားရှိတာတော့မဟုတ်ဘူးပေါ့ဗျာ။ အထူးသဖြင့် ဒီမိုကရေစီ နိုင်ငံတွေမှာတော့ အကျဉ်းထောင်ကို နိုင်ငံရေးအရ အသုံးချ လက်နက် ဖြစ်မသွားဖို့ကိုလည်း သတိထားရမှာပါ။ အာဏာရှင် နိုင်ငံတွေမှာဆိုရင် တော့တစ်မျိုးပေါ့ဗျာ။

အကျဉ်းထောင် အတွင်းမှာမဖြစ်သင့်မဖြစ်ထိုက်တဲ့မဖွယ်မရာကိစ္စတွေ မဖြစ်ပေါ်ဖို့ကတော့ အကျဉ်းထောင်များကိုစီမံခန့်ခွဲအုပ်ချုပ်နေရသူတွေကိုသာ တာဝန်ရှိတယ်လို့ သတ်မှတ်မယ်ဆိုရင်တော့ မှားယွင်းသွားပါလိမ့်မယ်။ သက်ဆိုင်ရာအထက်ဌာနများနဲ့နိုင်ငံတော်အစိုးရဘက်ကလည်းလုံလောက်တဲ့အထောက်အပံ့တွေ ချမှတ်ပေးဖို့နဲ့ အမှန်တကယ်ထောက်ပံ့ပေးသွားဖို့လည်းအရေးကြီးလှပါတယ်။ အကျဉ်းသားတွေရဲ့ စားရေးသောက်ရေးကိစ္စ၊ ကျန်းမာရေးကိစ္စတွေအတွက် လုံလောက်အောင်ဆောင်ရွက်ပေးရမှာပါ။ စားရေးသောက်ရေးကိစ္စအတွက်ဆိုရင်တော့"သင့်တော်သလောက်" ဆိုတဲ့ အသုံးအနှုန်းကိုသုံးစွဲနိုင်ပေမဲ့ ကျန်းမာရေးအတွက်ကတော့ "လုံလောက်အောင်" ဆိုတဲ့ အသုံးအနှုန်းကိုသုံးစွဲရမှာပါ။မကြည်ညိုမသဒ္ဓါထိုက်တဲ့ရာဇဝတ်မှုကျူးလွန်ထားခဲ့သူတွေ ဆိုသော်လည်း တရားဥပဒေအရအရေးယူထားစဉ်ကာလအတွင်း သူတို့ကိုအစိုးရကသာ တာဝန်ယူထားရတဲ့အတွက် ဆီပြန်ထမင်း ဟင်းမကျွေးမွေးထိုက်သော်လည်း အာဟာရဖြစ်အောင်၊ မချို့တဲ့အောင်ကတော့ ကျွေးမွေးပေးရမှာပါ။ ဒါကြောင့် သင့်တော်သလောက်လို့ ဆိုလိုတာပါဗျာ။ ကျန်းမာရေးကိစ္စမှာတော့ အပြင်လောကကသူတွေတောင် လူတိုင်းမတတ်နိုင်ကြတဲ့ငွေကုန်ကြေးကျများတဲ့ ခွဲစိတ်ကုသမှုမျိုးမှအပ ဆေးကျွေး/ဆေးထိုးကုသပေးရန်လောက်အတွက်တော့ "သင့်တော်သလောက်"သာမက အလုံအလောက်ထောက်ပံ့ပေးရန် လိုအပ်ပါတယ်။ ရာဇဝတ်မှုမကျူးလွန်ခင်ဖမ်းဆီးမခံရခင်အချိန်က သူ့ဘာသာ ကုကု၊ မကုကု၊ တတ်နိုင်နိုင်၊ မတတ်နိုင်နိုင်အစိုးရတာဝန်မဟုတ်သော်လည်း တရားဥပဒေဘောင်အတွင်းမှာ အစိုးရကဖမ်းဆီးထားပြီဆိုရင်တော့ လုံလောက်အောင်ဆေးဝါးကုသပေးရမှာပါ။ ခေတ်မမီတော့တဲ့ အင်္ဂလိပ်ခေတ်ကထောင်ဥပဒေများမှာတောင် အကျဉ်းသားတစ်ဦးထောင်အတွင်းသို့ရောက်ရှိကာစအချိန်မှာ ချိန်တွယ်မှတ်သားထားတဲ့ ကိုယ်အလေးချိန် လျော့သွားခဲ့လျှင် အကျဉ်းထောင်နံပါတ်ကြီးခေါ် အကျဉ်းသားမှတ်ပုံတင်ကျောဘက်မှာ မှတ်တမ်းတင်ထားရပါတယ်။ စစ်ဆေးရန်တာဝန်ရှိသူက စစ်ဆေးတွေ့ရှိပါက လုံလောက်အောင် ရှင်းလင်းထုချေရပါတယ်။

သေဒဏ်၊ အပြစ်ဒဏ်ချမှတ်ခံထားရသူတွေအတွက် ခေတ်မမီတော့တဲ့ အင်္ဂလိပ်ထောင် ဥပဒေများမှာ နေ့စဉ်အသားငါးဟင်းတစ်ခွက် ကျွေးမွေးရန်သတ်မှတ်ထားပါတယ်။ ဒါတွေကို နဂိုကရှိပြီးသားထောင်လက်စွဲဥပဒေတွေသာဖြစ်ပါတယ်။ အခုကမ္ဘာကြီးက ဖွံ့ဖြိုးတိုးတက်နေပြီဆိုတော့ပိုကောင်းမွန်လာရန်သာရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ကျော်က ဆွဲမြေ့နေတဲ့ ဥပဒေကိုတောင် ပြည့်မီအောင်မလိုက်နာနိုင်ဘူးဆိုရင်တော့ ကြားလို့မကောင်းတော့ဘူးပေါ့ဗျာ။ လုပ်ပေးကြမယ်ဆိုရင်တော့ စာရေးသူတို့လိုအကျဉ်းထောင်များထဲမှာ နှစ်ပေါင်းများစွာနေထိုင်လာခဲ့ကြရသူတွေကို အကြံဉာဏ်တောင်းခံခဲ့မယ်ဆိုရင်ကောင်းပါမယ်ဗျာ။ တကယ်လည်းငွေကြေးကုန်ကျမှုနည်းနည်းပါးပါးနဲ့ လုပ်ပေးနိုင်တာတွေအများကြီးရှိပါတယ်။ ဥပမာ-စာရေးသူနေထိုင်ခဲ့ရတဲ့ အကျဉ်းထောင်ကြီးသုံးခုဟာရာသီဥတုချမ်းအေးတဲ့ ဒေသများမှာမရှိတာတောင် ရေနွေး(ဆူပွက်ပြီးရေ)ရှားပါးလှပါတယ်။ လိုအပ်သူရဲ့တစ်ဝက်လောက်က ကျန်းမာရေးကိစ္စအတွက်ပါ။ ချမ်းအေးတဲ့ဒေသတွေမှာရှိနေတဲ့ အကျဉ်းထောင်တွေမှာဆိုရင် ရေနွေးပိုပြီးလိုအပ်ကြမှာအသေအချာပါပဲ ဒီတော့အကျဉ်းသားဘက်ကမရှိမဖြစ်ရေနွေးကိစ္စကိုမမှန်မကန်နည်းလမ်းတွေနဲ့ ကြံစည်ကြတဲ့အခါမှာစည်းကမ်းချိုးဖောက်ကြဖို့တိုက်တွန်းနေကြသလိုဖြစ်နေတော့တာပေါ့ဗျာ။ ဒီတော့ကျန်းမာရေးကိစ္စနဲ့ဆက်နွယ်နေတဲ့အခုလိုရေနွေးကိစ္စလိုဟာမျိုးကို အကျဉ်းထောင်တွေမှာမလုပ်မဖြစ်ဆောင်ရွက်ပေးရမှာပါ။ပြီးတော့ခြင်ထောင်။ ကိုယ့်သဘောနဲ့ကိုယ်ထောင်ထဲကိုရောက်လာကြတဲ့ အကျဉ်းသားများအတွက် ညအိပ်ရင်ခြင်ထောင်လိုအပ်ပါတယ်။ လုံလောက်အောင်ထုတ်ပေးရမှာပါ။ ခြင်ပေါတဲ့ဒေသများအတွက်လည်း ခြင်ထောင်ထုတ်ပေးသင့်ပါတယ်။ ဒါပေမဲ့အကျဉ်းထောင်တွေမှာ ခြင်ထောင်ထုတ်ပေးလိုက်ရင် လိင်ကိစ္စရှုပ်ထွေးမှုတွေဖြစ်ပွားမှာစိုးရိမ်တဲ့အတွက် ခြင်ထောင်ကိုတားမြစ်ထားပါတယ်။ လုံခြုံရေးအရ ဆိတ်ကွယ်ရာမဖြစ်အောင်လည်း ခြင်ထောင်ကိုတားမြစ်ထားပါတယ်။ ဒါပေမဲ့ အခုခေတ်လိုဈေးပေါတဲ့နိုင်လွန်ခြင်ထောင်တွေဟာ ထွင်းဖောက်မြင်ရတဲ့အတွက် ခြင်ထောင်ကိုခွင့်ပြုပေးနိုင်ပါတယ်ဗျာ။ တစ်နေကုန်အလုပ်လုပ်ထားကြရတဲ့ လူသားတွေကောင်းမွန်စွာအိပ်စက်နိုင်ကြဖို့ ခြင်ထောင်ထုတ်ပေးသင့်ပါတယ်။ စာရေးသူအခုတင်ပြတာတွေကို အကျဉ်းထောင်တွေက တာဝန်ရှိသူတွေက ဆောင်ရွက်မပေးနိုင်/ဆောင်ရွက်ပေးခွင့်မရှိတာကိုလည်း သတိချပ်သင့်ပါတယ်။ အစိုးရကခွင့်ပြုမှုဥပဒေပြဋ္ဌာန်းပေးမှ အကျဉ်းထောင်တာဝန်ရှိသူတွေကဆောင်ရွက်ပေးနိုင်မှာပါ။ အရေးကြီးဆုံးက ခွင့်ပြုထားတဲ့ဘတ်ဂျက်ပါ။ အင်္ဂလိပ်ခေတ်က ပြည်တွင်းပေါက်ဈေးနဲ့တွက်ချက်ပြီးတော့ အကျဉ်းသားကိုကျွေးမွေးပေးတဲ့အသားတုံးအလေးချိန် ၆ကျပ်သားခန့်ကို အင်္ဂလိပ်ခေတ်က ခွင့်ပြုငွေကြေးနဲ့ ယခုခေတ်အဲဒီအလေးချိန်အတိုင်းကျွေးမွေးနေရတဲ့ အကျဉ်းထောင်တာဝန်ရှိသူတွေရဲ့ဒုက္ခကလည်းမသေးလှပါဘူး။ နောက်ပြီးတော့ ကြံဖန်ကျွေးမွေးရပါတယ်ဆိုပြီးတော့ အထက်ကဥပဒေမဲ့မသိချင်ယောင်ဆောင်လိုက်တဲ့အဖြစ်က အကျဉ်းထောင်အရာရှိများကိုစည်းကမ်းချိုးဖောက်ဖို့လေ့ကျင့်ပေးသလိုဖြစ်နေပါတယ်ဗျာ။ ဘယ်နဲ့လဲဗျာ။ အချုပ်သားတစ်ယောက်အတွက် ယနေ့အထိထမင်းဟင်းဖိုးတရားဝင်ခွင့်ပြုငွေက ငါးကျပ်မကျော်တာကိုလွှတ်တော်မှာဆွေးနွေးတင်ပြတာကိုကြည့်ဖူးလိုက်ပါတယ်။ ဒီတော့ အကျဉ်းသားကိုကျွေးရမယ့်ဆီကိုလျှော့၊ လက်ဖက်ခြောက်ကိုလျှော့၊ တံမြက်စည်းကိုလျှော့၊ ဘာကိုလျှော့ ညာကိုလျှော့နဲ့ နောက်ဆုံးတော့ခေတ်မီတိုးတက်နေတဲ့ခေတ်ကြီးမှာ ခေတ်ဟောင်းဥပဒေတုန်းကသတ်မှတ်ပေးထားတဲ့ အကျဉ်းသားရပိုင်ခွင့်တွေအားလုံးဆုံးရှုံးကုန်ကြတော့တာပေါ့။

*စာမျက်နှာ (၂၆) မှ*

ချိန်မှာ ကျူးလွန်တဲ့ အမှုနဲ့ ပတ်သက်ပြီး တရားစွဲဆိုခွင့်ပြုမိန့်ကို အစိုးရဆီက ခွင့်ပြုချက်ရမှသာ တရားစွဲဆိုလို့ရမှာဖြစ်တာကြောင့်ပါပဲ။ဒါကြောင့်သူများယောင်တိုင်းသံယောင်လိုက်ယောင်ရင်ကိုယ်ပါတရားခံဖြစ်နိုင်တယ်ဆိုတာသတိပြုသင့်ပါတယ်။

**စည်းကမ်းချက်နဲ့လွှတ်သူတွေ**

နောက်ကိစ္စတစ်ခုဖြစ်တဲ့ သမ္မတရဲ့လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာသူကို နယ်မြေရဲစခန်းက တစ်ပတ်တစ်ကြိမ် လက်မှတ်လာထိုးခိုင်းတဲ့ကိစ္စပါ။ နိုင်ငံတော်သမ္မတက ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ (၁) အရ အကျဉ်းသားတွေကို လွှတ်ပေးခဲ့တာအကြိမ်ပေါင်း မနည်းပါဘူး။ ပုဒ်မ ၄၀၁ (၁) ဆိုတာက ပြစ်မှုတစ်စုံတစ်ရာအတွက်တစ်ဦးတစ်ယောက်ကို ပြစ်ဒဏ်ချမှတ်ပြီးတဲ့အခါ နိုင်ငံတော်သမ္မတက မည်သည့်အခါမဆိုစည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခံရသူ သဘောတူတဲ့ စည်းကမ်းချက်တစ်ခုခုထားပြီးဖြစ်စေ ၎င်းအပေါ်ချမှတ်တဲ့ ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်တယ်။ ဒါမှမဟုတ် ၎င်းကို စီရင်တဲ့ ပြစ်ဒဏ်အားလုံး (သို့) တစ်စိတ်တစ်ပိုင်း တစ်စုံတစ်ရာကို လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်တယ်လို့ ဆိုလိုတာပါ။ ဒီတော့ ၄၀၁ (၁) နဲ့ လွတ်တဲ့သူကို ရဲက ဘာကြောင့် လက်မှတ်ခေါ်ထိုးခိုင်းတာလဲ။ ရဲကတော့ ရဲလက်စွဲ စာအုပ်အရ စောင့်ကြပ်ကြည့်ရှုဖို့လိုတဲ့အတွက် စခန်းခေါ်ပြီး လက်မှတ်ထိုးခိုင်းတာလို့ ပြောမှာပါ။ ရဲလက်စွဲအရ စည်းကမ်းသတ်မှတ်ပြီး လွှတ်ပေးလိုက်တဲ့ အမိန့်စာကို အစိုးရက ခရိုင်တရားသူကြီးဆီပို့တယ်။ တရားသူကြီးက ခရိုင်ရဲမှူးဆီပို့တယ်။ ခရိုင်ရဲမှူးက သက်ဆိုင်ရာစခန်းမှူးတွေဆီ ပို့ပါတယ်။ အဲဒီလို ပို့ပေးတဲ့အခါ စခန်းက ပြစ်မှုပုံစံ ၁၀၀ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ဆောင်ရွက်ရပါတယ်။ အဲဒီပုံစံမှာ စည်းကမ်းသတ်မှတ်ချက်တွေ ကုန်ဆုံးမယ့် နေ့ရက်တွေ ပါပါတယ်။ စည်းကမ်းသတ်မှတ်ချက်နဲ့ လွှတ်ပေးလိုက်သူကို စောင့်ကြပ်ကြည့်ရှုဖို့ လိုအပ်တယ်ဆိုရင် တင်းကျပ်စွာ ဆောင်ရွက်ရပါတယ်။

အကျဉ်းသားတစ်ယောက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ စည်းကမ်းချက်တွေထားပြီး လွှတ်တဲ့အခါ အဲဒီအကျဉ်းသားဟာ စည်းကမ်းချက်တွေကို တသဝေမတိမ်းလိုက်နာဖို့ တာဝန်ရှိပါတယ်။ ရဲလက်စွဲအပိုဒ် ၁၅၂၃ (ဂ) မှာ တည်ဆဲဥပဒေအရ ပြစ်ဒဏ်စီရင်နိုင်တဲ့ပစ္စည်းနဲ့ ပတ်သက်တဲ့ ပြစ်မှု (သို့) အကြမ်းဖက်တဲ့ပြစ်မှု (သို့) အများပြည်သူတို့ ငြိမ်ဝပ်ပိပြားစေရေး (သို့) တိုင်းရေးပြည်မှုနဲ့ ပတ်သက်တဲ့ မည်သည့်ပြစ်မှုကိုမှ ကျူးလွန်ခြင်းမရှိစေရလို့ စည်းကမ်းသတ်မှတ်ထားပါတယ်။ စည်းကမ်းချက်နဲ့ လွှတ်လာသူဟာ မိမိနေထိုင်ရာ ဒေသမှာ မနေထိုင်တာတို့၊ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်တာတို့ လုပ်ရင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၉၀ အရ ဖမ်းဝရမ်း ထုတ်မယ်။ မရှိရင် ကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ဝရမ်းပြေးအဖြစ် ကြေညာလို့ရပါတယ်။ မိရင်တော့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၂၇ အရ အရေးယူခံရမှာဖြစ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တဲ့ မူလပြစ်ဒဏ်မှ ကျန်နေသေးတဲ့ ပြစ်ဒဏ်အပြင် နောက်ထပ်တစ်နှစ်အထိ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ကျခံစေဖို့ တရားသူကြီးက အမိန့်ချမှတ်နိုင်ပါတယ်။ ဒါကြောင့် ကျင့် ၄၀၁ နဲ့ လွတ်လာသူတွေထဲက စောင့်ကြည့်ဖို့ လိုအပ်တဲ့သူကို ရဲကလည်း အမြဲတမ်းစောင့်ကြည့်မနေနိုင်တာကြောင့် တစ်ပတ်တစ်ခါလက်မှတ်လာထိုးခိုင်းတာဖြစ်ပါလိမ့်မယ်။ ဒီလိုလာထိုးမှသာရက်ရှည်ခရီးသွားတာတို့၊အခြားဒေသကို ပြောင်းရွှေ့သွားတာတို့ လုပ်လို့မရမှာပါ။ လုပ်ခဲ့ရင်လည်း ရဲကသိပြီး အရေးယူဆောင်ရွက်လို့ရမှာပါ။

နိဂုံးချုပ်အနေနဲ့ ရေးချင်တာကတော့ ပြည်သူတွေအနေနဲ့ တာဝန်ထမ်းဆောင်နေတဲ့ ပြည်သူ့ဝန်ထမ်းတွေကို သူများမြှောက်ပေးတိုင်း အမှန်ထင်ပြီး ဖမ်းဖို့ မကြိုးစားပါနဲ့။ ဥပဒေတွေလေ့လာပြီး ဘောင်အတွင်းက ဆောင်ရွက်ဖို့ တိုက်တွန်းချင်ပါတယ်။ တရားသူကြီးဆိုတာကလည်း ဥပဒေတွေကို နားလည်ပြီးသားပါ။ သူကိုယ်တိုင်အမှုသည်ဆီက လာဘ်လာဘ တိုက်ရိုက်ယူတယ်ဆိုရင် တော်တော်ညံ့တဲ့ တရားသူကြီးဖြစ်မှာပါ။ရှောင်ကွက်၊ ထွက်ကွက်တွေကို နားမလည်ဘဲ ဥပဒေကို မချိုးဖောက်ရဲပါဘူး။ ဒါ့အပြင် ကျင့်၄၀၁နဲ့လွှတ်လို့လွှတ်လာသူကလည်း စည်းကမ်းသတ်မှတ်ချက်နဲ့ပတ်သက်ပြီး နားမလည်ရင် ရဲစခန်းကိုမေးပါ။ ရဲစခန်းက ကျေနပ်လောက်အောင် မရှင်းပြရင် မြို့နယ်ဥပဒေရုံးကိုသွားပြီးမေးပါ။ ဥပဒေကျွမ်းကျင်တဲ့ရှေ့နေဆီမှာ အကူအညီတောင်းပါ။ ကိုယ့်ဘက်က အားလုံးနားလည်မှသာ ရဲစခန်းမှာ သွားပြီးလက်မှတ်ထိုးဖို့လို၊ မလိုသိမှာ ဖြစ်ပါတယ်။ မလိုအပ်ဘဲ ခေါ်ထိုးခိုင်းနေရင်တော့ ကိုယ့်ဘက်က လုပ်စရာရှိတာ ဆက်လုပ်ဖို့လိုကြောင်းတိုက်တွန်းလိုက်ပါတယ်။

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# ဟန်ချက်ပဟိုထိန်းညှိမှုနဲ့ ဆက်ဆံလာမည့် အမေရိကန်နှင့် မြန်မာစစ်တပ်တို့ရဲ့အနာဂတ်



မျိုးရန်နောင်သိမ်း

အမေရိကန်စစ်တပ်က မြန်မာနိုင်ငံစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်တော့မည်။ အမေရိကန်စစ်တပ်နှင့် မြန်မာနိုင်ငံစစ်တပ် ပူးပေါင်းရန်ဆောင်ရွက်တာစူနေသည်မှာ ကာလအတော်ကြာပါပြီ။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်ထဲမှာ အမေရိကန်စစ်တပ်ရဲ့ အရာရှိကြီးတွေနှင့် စစ်ဥပဒေပိုင်းဆိုင်ရာအကြီးအကဲတွေပညာရှင်တွေ ပါဝင်တဲ့ အဖွဲ့ဟာ မြန်မာနိုင်ငံကို နှစ်ခေါက်လာရောက်ခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင်စစ်ဘက်ဆိုင်ရာခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သလိုကျွန်တော်အပါအဝင်အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီမြန်မာပြည်သို့လာရောက်ခဲ့တဲ့အဖွဲ့ဟာ DILLS ဆိုတဲ့ အမေရိကန်နိုင်ငံရဲ့ စစ်ဘက်ဆိုင်ရာဥပဒေရေးရာအဖွဲ့ဖြစ်ပါတယ်။ အဲဒီအဖွဲ့မြန်မာနိုင်ငံကို နှစ်ကြိမ်လာရောက်စဉ်မှာ ကျွန်တော်တို့နဲ့ အဓိကဆွေးနွေးဖြစ်တဲ့ အကြောင်းအရာတွေကတော့ မြန်မာနိုင်ငံစစ်တပ်ကို လူ့အခွင့်အရေးသင်တန်းတွေ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာဥပဒေသင်တန်းတွေ၊ အရေးပေါ်ကယ်တင်ရေးဆိုင်ရာသင်တန်းတွေ ပေးဖို့ကိစ္စတွေပဲဖြစ်ပါတယ်။ အမေရိကန်စစ်တပ်ဟာ မြန်မာနိုင်ငံစစ်တပ်ကို လူ့အခွင့်အရေးကိုလေးစားလိုက်နာတဲ့၊ Rule of Law လို့ခေါ်တဲ့ ဥပဒေစိုးမိုးရေးကို အလေးထားတဲ့၊ ပြည်သူတွေကိုမနှိပ်စက်မညှဉ်းပန်းတဲ့ တပ်မတော်ဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံစစ်တပ်ကို တကယ်ပရော်ဖက်ရှင်နယ်စစ်တပ်ဖြစ်အောင်ပြုလုပ်ပေးဖို့အတွက် အမေရိကန်အစိုးရကဆန္ဒရှိပါတယ်။ သည်နေရာမှာ ပရော်ဖက်ရှင်နယ်ဆိုတဲ့စကားကို ရှင်းပြရမှာဖြစ်ပါတယ်။ ပရော်ဖက်ရှင်နယ်ဆိုတာကိုယ့်အလုပ်ကိုသာကိုယ်လုပ်ပြီး တခြားကိုယ်နဲ့ မဆိုင်တဲ့အလုပ်ကို ဝင်မရှုပ်တာပရော်ဖယ်ရှင်နယ်ပါ။ ကိုယ်လုပ်ရမယ့်အလုပ်ကို သေသေချာချာသိရှိနားလည်ပြီး ဂုဏ်သိက္ခာအပြည့်နဲ့ တာဝန်ထမ်းဆောင်နိုင်မှာ ပရော်ဖယ်ရှင်နယ်ပါ။ စစ်တပ်ရဲ့ အဓိကအလုပ်က ပြည်သူတွေကို ကာကွယ်ဖို့ပါ။ နှိပ်စက်ဖို့ လူ့အခွင့်အရေးချိုးဖောက်ဖို့မဟုတ်ပါဘူး။ မြန်မာနိုင်ငံစစ်တပ်ကို ပရော်ဖက်ရှင်နယ်ဖြစ်အောင်လုပ်ပေးမယ်လို့ပြောလိုက်ရင် အများစုမြင်သွားမှာက အမေရိကန်စစ်တပ်က မြန်မာနိုင်ငံစစ်တပ်ကို စစ်သင်တန်းတွေပေးမယ်၊ စစ်လက်နက်အကူအညီတွေပေးမယ်အစရှိတာတွေဖြစ်ပါတယ်။ အမေရိကန်စစ်တပ်က မြန်မာနိုင်ငံစစ်တပ်ကို စစ်သင်တန်းလည်းမပေးပါဘူး။ စစ်လက်နက်အကူအညီလည်းပေးမှာမဟုတ်ပါဘူး။ ပြည်သူတွေက ကြောက်နေရတဲ့ ပြည်သူကို နှိပ်စက်တဲ့ စစ်တပ်ဘဝကနေ ပြည်သူကလေးစားရတဲ့ ပြည်သူချစ်တဲ့ တပ်မတော်ဖြစ်အောင် အသွင်ပြောင်းပေးဖို့ ကြိုးစားပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံစစ်တပ်ဟာတရုတ်နိုင်ငံစစ်တပ်၊ရုရှားနိုင်ငံစစ်တပ်တွေနဲ့ အဓိကပူးပေါင်းဆောင်ရွက်နေသော်လည်း အဲဒီနိုင်ငံတွေဟာ မြန်မာနိုင်ငံစစ်တပ်ကို လူ့အခွင့်အရေးကိုလေးစားလိုက်နာဖို့သင်ကြားပေးနေတာမဟုတ်ပါဘူး။ စစ်ပညာတွေပဲ သင်ကြားပေးနေတာဖြစ်ပါတယ်။ နိုင်ငံတစ်ခုမှာရှိတဲ့ တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံကို ပြင်ပရန်မှ ကာကွယ်ရေးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရေး၊ နိုင်ငံသားများကို ကာကွယ်ရေးဟာ နိုင်ငံစစ်တပ်ရဲ့ အဓိကတာဝန်တွေပါ။ နိုင်ငံကို ကာကွယ်ရေးဆိုတဲ့ အကြောင်းပြချက်နဲ့ နိုင်ငံတော်တော်များများမှာရှိတဲ့ စစ်တပ်တွေဟာ ကိုယ့်နိုင်ငံသားတွေကို ပြန်လည်ထိခိုက်တဲ့ကိစ္စတွေ၊ လူ့အခွင့်အရေးချိုးဖောက်တဲ့ကိစ္စတွေလုပ်လေ့ရှိပါတယ်။ နိုင်ငံတော်လုံခြုံရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုတာတိုက်ရိုက်ပတ်သက်နေတဲ့ကိစ္စတွေ၊ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီနိုင်ငံတွေရဲ့ စစ်တပ်တွေတောင် နိုင်ငံတော်လုံခြုံရေးဆိုတဲ့အောက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်နေတတ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဆိုရင် ၉/၁၁ ကိစ္စအပြီး နိုင်ငံတော်လုံခြုံရေးနဲ့ပတ်သက်ပြီး ပိုမိုဂရုစိုက်လာတဲ့အခါဂွါတာနာမိုစတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး စွပ်စွဲခံရမှုတွေရှိလာပါတယ်။ ဒါတောင် ဒီမိုရေစီနိုင်ငံကြီးတစ်ခုပါ။ မြန်မာနိုင်ငံစစ်တပ်လိုအစဉ်အလာအားဖြင့် လူပုဂ္ဂိုလ်တစ်ဦး၊ တစ်စုတစ်ဖွဲ့ရဲ့ အမိန့်ကိုသာ တစိုက်မတ်မတ်နာခံခဲ့ရတဲ့ စစ်တပ်မျိုးဆိုရင်အဲဒီလူပုဂ္ဂိုလ်တစ်ဦး၊ တစ်စုတစ်ဖွဲ့ရဲ့ လုံခြုံရေးနဲ့ အကျိုးစီးပွားကို ကာကွယ်ရေးဟာသူ့ရဲ့ အဓိကတာဝန်ဖြစ်နေတတ်ပါတယ်။ အဲဒီလို စစ်တပ်မျိုးဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ တရားမဲ့ပြုကျင့်မှုတွေကို အများအပြားအလွန်အကျွံပြုလုပ်လေ့ရှိပါတယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလိုစစ်တပ်ရဲ့ အထက်ပိုင်းခေါင်းဆောင်တွေဟာ အလယ်အလတ်ပိုင်းခေါင်းဆောင်တွေရဲ့ သစ္စာရှိမှုကိုလိုအပ်ပါတယ်။ အလယ်အလတ်ပိုင်းခေါင်းဆောင်တွေဟာလည်း အောက်ခြေစစ်ဗိုလ်၊ စစ်သားတွေရဲ့ သစ္စာရှိမှုကို လိုအပ်ပါတယ်။ ဒီလိုနဲ့ စစ်တပ်ရဲ့ ထိပ်ပိုင်းကနေအောက်ဆုံးအထိ လူ့အခွင့်အရေးချိုးဖောက်မှုတွေ တရားမဲ့ ပြုကျင့်မှုတွေ တစ်သီကြီးဖြစ်တော့တာပါပဲ။ မြန်မာနိုင်ငံစစ်တပ်ရဲ့ လွန်ခဲ့တဲ့နှစ် နှစ်ဆယ်အတွင်းက ကျူးလွန်ခဲ့တဲ့ လယ်ယာမြေသိမ်းကိစ္စတွေကို ကြည့်မယ်ဆိုရင် အထက်ပိုင်း ဗိုလ်ချုပ်ကြီးတွေသာ ကျူးလွန်ခဲ့တာမဟုတ်ဘဲ အလယ်အလတ်အဆင့်နှင့် အောက်ခြေစစ်ဗိုလ်တွေက ကျူးလွန်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား အမျိုးသမီးတွေအပေါ် ကျူးလွန်ခဲ့တဲ့ 'Lincense to Rape' လို ကိစ္စမျိုးတွေဆိုရင်အောက်ခြေအဆင့်စစ်ဗိုလ်၊ စစ်သားတွေက ကျူးလွန်တာပါ။

အခုအချိန်မှာ မြန်မာနိုင်ငံဟာ အသွင်ကူးပြောင်းရေးကာလတစ်ခုကို ဖြတ်သန်းနေရပါတယ်။ အခုလို အသွင်ကူးပြောင်းနေချိန်မှာ စစ်တပ်ရဲ့ အခန်းကဏ္ဍဟာအလွန်ကို အရေးကြီးပါတယ်။ စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်ပိုင်းကနေ အောက်ခြေ အဆင့်အထိ Attitude Change လို့ခေါ်တဲ့အတွေးအခေါ်ပြောင်းဖို့ လိုပါတယ်။Behavior Change လို့ခေါ်တဲ့ အမူအကျင့်တွေ ပြောင်းဖို့ လိုပါတယ်။ အဲဒီလိုပြောင်းလဲဖို့အတွက် အမေရိကန်နိုင်ငံလိုဒီမိုကရက်တစ် စစ်တပ်ကြီးတစ်ခုက ကူညီဆောင် ရွက်ပေးမယ်ဆိုရင် ကြိုဆိုရမှာဖြစ်ပါတယ်။ ကျွန်တော် ၂၀၁၂ နိုဝင်ဘာလမှာအမေရိကန် ပြည်ထောင်စုရွေးကောက်ပွဲကို သွားရောက်လေ့လာခဲ့ရပါတယ်။ ၂၀၁၃ ဇန်နဝါရီလ မှာ IVLP လို့ခေါ်တဲ့ International Visitor Leadership Program နဲ့ အမေရိကန်အစိုးရအဖွဲ့ အဆင့်ဆင့်ရဲ့ Accountability လို့ခေါ်တဲ့ တာဝန်ခံမှုကိုသွားရောက်လေ့လာခဲ့ရပါတယ်။ ကျွန်တော့်အတွက် အသိအမြင်အသစ်တွေနဲ့အတွေးအခေါ် အပြောင်းအလဲ (Attitude Change) တွေ အများကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ နိစ္စဓူဝ နေမှုထိုင်မှု ပုံစံတွေလည်း ပြောင်းလဲခဲ့ပါတယ်။ ဥပမာအမေရိကန်ပြည်ထောင်စုမှာ နေထိုင်စဉ်ကာလအတွင်း Public Space လူအများရှိရာနေရာတွေမှာ ဆေးလိပ်သောက်လို့မရပါဘူး။ ဆေးလိပ်သောက်ချင်ရင် အဝေးတစ်နေရာကို သွားပြီး သတ်မှတ်ထားရာ နေရာမှာ သောက်ရပါတယ်။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း၊ စကားပြောရင်း ဆေးလိပ်သောက်လေ့ရှိတဲ့ ကျွန်တော်ဟာအခုဆိုရင် လက်ဖက်ရည်ဆိုင်တွေမှာ ဆေးလိပ်မသောက်ဖြစ်တော့ပါဘူး။

မြန်မာနိုင်ငံရဲ့ စစ်တပ်ခေါင်းဆောင်ကြီး၊ လတ်၊ငယ်တွေဟာလည်းအမေရိကန်စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အတွေးအခေါ်ကောင်းတွေ၊ အမူအကျင့်ကောင်းတွေ ရရှိလာနိုင်ပါတယ်။ "မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ" ဖြစ်လေ့ရှိတာ သဘာဝပါ။ မြန်မာနိုင်ငံရဲ့ စစ်တပ်ဟာ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံစတဲ့လူ့အခွင့်အရေးချိုးဖောက်နေတဲ့ နိုင်ငံတွေရဲ့ စစ်တပ်တွေနဲ့အမြဲထိတွေ့နေခြင်းအားဖြင့် အတွေးအခေါ်၊ အမူအကျင့်တွေမပြောင်းနိုင်ပါဘူး။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၆ ရက်နေ့က အမေရိကန်နိုင်ငံ အထက်လွှတ်တော် စစ်ဘက်ဆိုင်ရာ ကော်မတီဟာ မြန်မာနိုင်ငံစစ်တပ်နဲ့ပူးပေါင်းဆောင်ရွက်ဖို့အတွက် မြန်မာနိုင်ငံကိုလာရောက်ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ကျွန်တော်တို့အရပ်ဘက်လူမှုအဖွဲ့အစည်းတွေထဲမှာ နိုင်ငံရေးနောက်ခံအားကောင်းပြီးနိုင်ငံရေးဩဇာရှိတဲ့ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ကျွန်တော်တို့ BAYDA Institute အဖွဲ့အစည်းနှစ်ခုနဲ့အဓိကဆွေးနွေးခဲ့ပါတယ်။ အမေရိကန်အထက်လွှတ်တော် စစ်ဘက်ဆိုင်ရာကော်မတီက ဆွေးနွေးရာမှာ မြန်မာနိုင်ငံစစ်တပ်ကို ပရော်ဖက်ရှင်နယ်ဖြစ်အောင်ပြုလုပ်ပေးဖို့လိုတယ်။ စစ်သင်တန်းပေးဖို့မဟုတ်ဘူး။ လူ့အခွင့်အရေးသင်တန်းတွေ၊ (Rule of Law)ဥပဒေအောက်မှာအားလုံးရှိရမည်ဆိုတဲ့ တရားဥပဒေစိုးမိုးရေးသင်တန်းတွေ၊ ပြည်သူတွေကိုအရေးပေါ်ကယ်ဆယ်တဲ့ သင်တန်းတွေ၊ ဥပဒေရေးရာသင်တန်းတွေပေးလိုတယ်လို့ပြောပါတယ်။ မြန်မာနိုင်ငံက စစ်တပ်ထိပ်ပိုင်း(သို့)အလယ်အလတ်ပိုင်း စစ်ဗိုလ်ချုပ်တွေကို အမေရိကန်ပြည်ထောင်စုကို ခေါ်ယူ လည်ပတ်စေပြီး အမေရိကန်စစ်တပ်ရဲ့ ပြည်သူတွေကို ကူညီပေးမှုတွေ၊ နေထိုင်လုပ်ကိုင်ဆောင်ရွက်ပုံတွေကိုလေ့လာစေပြီး လူ့အခွင့်အရေးအစရှိတဲ့ သင်တန်းတွေပေးဖို့လိုတယ်လို့ပြောပါတယ်။ ၈၈မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းကရော ကျွန်တော်တို့ BAYDA Institute နှစ်ဖွဲ့စလုံးက အဲဒီအစီအစဉ်တွေကိုကြိုဆိုပါတယ်။ ဒါပေမဲ့ စစ်တပ်ကကျူးလွန်ထားတဲ့ လယ်ယာမြေသိမ်းကိစ္စတွေ၊ အမျိုးသမီးများအဓမ္မပြုကျင့်ခံရမှုတွေ၊ မြေမြှုပ်မိုင်းအစရှိတဲ့ကိစ္စတွေကိုပြေလည်အောင်ဖြေရှင်းပေးဖို့ အမေရိကန်စစ်တပ်အနေနှင့် မြန်မာနိုင်ငံအစိုးရကိုဖိအားပေးပြောဆိုသင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒါပေမဲ့ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံစစ်တပ်ကို တရုတ်စစ်တပ်၊ ရုရှားစစ်တပ်နဲ့ လွှတ်ထားမည့်အစား အမေရိကန်စစ်တပ်ရဲ့ အမူအကျင့်ကောင်းတွေရအောင် ပူးပေါင်းဆောင်ရွက်တာကိုကြိုဆိုပါတယ်။ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုဟာ စစ်ရေးအရပုံစံမဟုတ်ဘဲ လူ့အခွင့်အရေး၊ ဥပဒေရေးရာအရပိုမိုစည်းကမ်းစနစ်တကျဖြစ်အောင် ပူးပေါင်းဆောင်ရွက်တာဖြစ်လို့ပိုပြီး ကြိုဆိုပါတယ်။ မြင်းရိုင်းကိုမြင်းယဉ်နဲ့ လေ့ကျင့်ပေးရပါတယ်။ ဆင်ရိုင်းကိုဆင်လိမ္မာနဲ့ လေ့ကျင့်ပေးရပါတယ်။ ဒါဟာသဘာဝပါပဲ။

ကျွန်တော်တို့နိုင်ငံရဲ့လုံခြုံရေးအကျိုးစီးပွားနဲ့ကြည့်မယ်ဆိုရင်လည်း မြန်မာနိုင်ငံအစိုးရနှင့် စစ်တပ်အပေါ်တရုတ်အစိုးရနှင့် စစ်တပ်ရဲ့ဩဇာလွှမ်းမိုးမှုအလွန်ကိုကြီးမားနေပါတယ်။ ဒါကိုအင်အားချိန်ခွင်လျှာညီဖို့လိုပါတယ်။ အမေရိကန်စစ်တပ်အနေဖြင့် မြန်မာနိုင်ငံမှာ ပူးပေါင်းဆောင်ရွက်ခြင်းဟာ တရုတ်လွှမ်းမိုးမှုကိုအနည်းနဲ့အများ ထိန်းချုပ်နိုင်ပါလိမ့်မယ်။

ကျွန်တော့်အနေနဲ့ကတော့ အမေရိကန်အထက်လွှတ်တော်စစ်ဘက်ရေးရာကော်မတီနဲ့ဆွေးနွေးရာမှာအမေရိကန်စစ်တပ်အနေနှင့် မြန်မာနိုင်ငံစစ်တပ်နဲ့ ပူးပေါင်းဆောင်ရွက်တာကိုကြိုဆိုကြောင်း အထက်လွှတ်တော်ကော်မတီကိုပြောကြားခဲ့ပါတယ်။ ဒါပေမဲ့စစ်တပ်ရဲ့ အတိတ်ကာလကကျူးလွန်ခဲ့မှုတွေကိုဖြေရှင်းပေးဖို့ နောက်နောင်မကျူးလွန်အောင်တားဆီးပေးဖို့ အမေရိကန်စစ်တပ်အနေနဲ့ မြန်မာစစ်တပ်ကိုဖိအားပေးရမယ်လို့ပြောခဲ့ပါတယ်။

ဒါ့အပြင် စစ်တပ်အထက်ပိုင်းခေါင်းဆောင်တွေ၊ အလယ်အလတ်ပိုင်းခေါင်းဆောင်တွေနဲ့အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကြား တွေ့ဆုံဆွေးနွေးဖို့၊အပြန်အလှန်ယုံကြည်မှုတည်ဆောက်ဖို့အခင်းအကျင်း Mechanism တစ်ခုဖန်တီးပေးဖို့ အမေရိကန်စစ်တပ်ကိုပြောဆိုခဲ့ပါတယ်။ ဒါမှသာစစ်တပ်နဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကြားအပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေရှိလာမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်ရင်သားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အရေးပါတဲ့ ခြေလှမ်းဖြစ်နိုင်ပါတယ်။

နောက်ဆုံးအနေနဲ့ နိဂုံးချုပ်ဆိုရရင် ကျွန်တော့်အနေနဲ့ အမေရိကန်စစ်တပ်က မြန်မာနိုင်ငံ စစ်တပ်နဲ့ ပူးပေါင်းဆောင်ရွက်တာကိုကြိုဆိုပါတယ်။ ဒါမှသာ မြန်မာနိုင်ငံစစ်တပ်ဟာ အရိုင်းဆန်တဲ့ စစ်တပ်ကနေ ယဉ်ကျေးသိမ်မွေ့ပြီး လူကြီးလူကောင်းဆန်တဲ့ စစ်တပ်အဖြစ် အသွင်ကူးပြောင်းလာမယ်လို့ ယုံကြည်မိပါတယ်။

# မြန်မာ့လွတ်လပ်ရေးစာချုပ်များ၊ ပြည်တွင်းစစ်နှင့် ပြည်တွင်းငြိမ်းချမ်းရေး

*(ယခင်အပတ်မှအဆက်)*

မျိုးညွန့်

ဆိုခဲ့ပါခေတ်သစ်နှင့်အတူ (၁၉၇၄-၁၉၈၈) ၁၄ နှစ်တာကာလကား တစ်စစ်တပ်အုပ်စိုးမှုမှသည် တစ်ပါတီအုပ်စိုးမှု၊ တစ်နည်းဆိုသော် တော်လှန်ရေးကောင်စီစစ်အာဏာရှင် အုပ်စိုးမှုစနစ်မှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီအုပ်စိုးမှုစနစ်အောက် နိုင်ငံရေးအရပြောင်းလဲကျရောက်သွားသော ကာလပေတည်း။ ထိုအပြောင်းအလဲနှင့်အတူ ဆိုရှယ်လစ်စီးပွားရေးစနစ်အမည်ခံ 'ဗဟိုကြိုးကိုင်မှု အစီအမံစီးပွားရေး' (Centralized, Planned Economy) (ဝါ) 'အမိန့်ပေးအမိန့်နာခံအကောင်ဖော်စီးပွားရေး'(Command Economy)စနစ်လည်း ကံမကောင်းအကြောင်းမလှစွာ ကပ်လျက်ပါလာလေသည်။ ထိုကာလအတွင်း ပြည်တွင်းစစ်မီးလျှံများကား ဟိုနေရာတစ်ကွက်၊သည်နေရာတစ်ကွက် တောက်လောင်ဆဲဖြစ်သည်။ နိုင်ငံလုံးအနှံ့ စစ်မီးတောက် မီးလျှံများ ကြီးကြီးမားမားလောင်မြိုက်သည်ကား မရှိလေတော့။ ယေဘုယျအားဖြင့် ပြည်တွင်းစစ်အရှိန်လျော့တန်သမျှ လျော့ချိန်ဖြစ်လေသည်။ ထိုအတောအတွင်း ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဆလပအစိုးရတို့သည် ပြည်တွင်းစစ် အဆုံးသတ်ရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်များရှိသည်။

၁၉၈၀ ပြည့်နှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် မဆလပအစိုးရကိုယ်စားလှယ်အဖွဲ့များသည် တရုတ်ပြည်တွင် ပထမအကြိမ်၊ လားရှိုးတွင်ဒုတိယအကြိမ်၊ ဆွေးနွေးပွဲများ ကျင်းပခဲ့ဖူး၏။ ပထမအကြိမ်တွင် ဗကပဘက်မှ ဥက္ကဋ္ဌ ရဲဘော်ဘသိန်းတင်ဦးဆောင်၍ မဆလပအစိုးရဘက်မှ ဥက္ကဋ္ဌဦးနေဝင်း ဦးဆောင်ခဲ့သည်။ ဒုတိယအကြိမ်တွင် အစိုးရဘက်မှ ဒုဗိုလ်ချုပ်ကြီးအေးကို၊ ဗကပဘက်မှ ဒုဥက္ကဋ္ဌ သခင်ဖေတင့်တို့ အသီးသီး ဦးဆောင်ခဲ့ကြသည်။ အရေးပါသည့်အချက်အလက်အချို့ သဘောတူညီမှုရခဲ့သော်လည်း ထိုစဉ်က ၁၉၇၄ အခြေခံဥပဒေအရ တစ်ပါတီစနစ်ဖြစ်လေရာ ဗကပပါတီဖျက်၍ မဆလပနှင့် ပူးပေါင်းရန်ကိစ္စ၊ ဗကပ၏ ပြည်သူ့တပ်မတော်ကိုဖျက်သိမ်း၍ မြန်မာ့တပ်မတော်ထဲ ပူးပေါင်းပါဝင်ဖွဲ့စည်းရေးကိစ္စများတွင် သဘောတူညီမှုမရဘဲ ဆွေးနွေးပွဲအဆုံးသတ်ခဲ့လေသည်။ ထို့ပြင် မဆလပအစိုးရသည် ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ၁၉၈၀ ပြည့်နှစ်တွင် ပြုလုပ်ခဲ့သေး၏။ သို့သော် နောက်ဆုံးတွင် ညှိနှိုင်းမရဘဲ ဆွေးနွေးပွဲပျက်ခဲ့လေသည်။ ထိုဆွေးနွေးပွဲ (၃)ပွဲသာ ထို(၁၄)နှစ်တာကာလအတွင်း ပြုလုပ်နိုင်ခဲ့ပြီး အခြားလက်နက်ကိုင်အဖွဲ့အစည်းကြီးများဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မွန်ပြည်သစ်ပါတီ(MNSP)၊ ရှမ်းပြည်တပ်မတော်(SSA)တို့နှင့်ကား ငြိမ်းချမ်းရေးဆွေးနွေးမှုများ မပြုနိုင်ခဲ့။ စစ်ပွဲများတွင်သာ ရင်ဆိုင်တိုက်ခိုက်ရင်း စစ်မီးလျှံများကြား ဖြတ်သန်းခဲ့လေတော့သည်။

၁၉၇၄-၁၉၈၈ (၁၄)နှစ်တာကာလ၏ အစအဦးပိုင်းတွင် ပြည်တွင်းစစ်မီးရှိန်လျော့ကျခဲ့သော်လည်း ၁၉၇၉-၈၀ မှသည် ၁၉၈၇-၈၈အထိ ကာလများတွင်မူ စစ်ရှိန်တဖြည်းဖြည်း ပြန်လည်မြင့်တက်လာလေသည်။ ထိုစဉ်က မဆလပအစိုးရသည် ၁၉၇၄ ဖွဲ့စည်းပုံအရ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းထံလက်နက်ချ၊ နိုင်ငံရေးအရ မဆလပတွင် ပူးပေါင်းပါဝင်၊ စစ်ရေးတွင်မူ အလွန်ဆုံးလိုအပ်ချက်ရှိပါလျှင် ဆိုင်ရာဒေသကာကွယ်ရေးအဖွဲ့များအဖြစ်သာ ဆက်လက်တည်ရှိခွင့် ပေးမည်ဖြစ်ရာ တစ်ဖက်နှင့်တစ်ဖက် ဈေးမတည့်နိုင်တော့။ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများကလည်း တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အပေါ် အသေစွဲရပ်တည်ခဲ့ကြသဖြင့် လက်နက်ကိုင်စစ်ပွဲများသာ ဆက်လက်ဖြစ်ပွားနေလေတော့သည်။ ထိုစစ်ပွဲများ၏တစ်ဖက်တွင်လည်း ပြည်သူလူထုကြီးတစ်ရပ်လုံး၊ ပြည်ထောင်စုကြီးတစ်ခုလုံးသည် 'ဆိုရှယ်လစ်'အမည်ခံ ဗဟိုကချုပ်ကိုင်သော အမိန့်ပေးစီမံကိန်းစီးပွားရေးစနစ်ကြောင့် တစ်မျိုးသားလုံးစီးပွားရေးသည် 'မပွားစည်း' 'မမြင့်တက်' 'မကျယ်ပြန့်'ဘဲ ရေဝဲကတော့သဖွယ်ကျယ်ရာမှကျဉ်း၊ တဖြည်းဖြည်း ဝဲလှည့်စုပ်ဆင်းသွားလိုက်သည်မှာ ၁၉၈၇ ခုနှစ်ရောက်သော် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(LDC)အဖြစ် စာရင်းဝင်ခဲ့ရသည့် အဖြစ်ဆိုးနှင့်ပင် တိုးရလေတော့သည်။

ထိုအတောအတွင်း ၁၉၇၆ ခုနှစ်မေလအတွင်း၌ ကေအင်န်ယူ၊ အေအိုင်အို၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီတိုးတက်ရေးပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီတို့ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပါတီ(၁၃)ခု စုစည်းကာ 'မြန်မာနိုင်ငံဒီမိုကရေစီတပ်ပေါင်းစု' (မဒတ)အမည်ဖြင့် တပ်ပေါင်းစုတစ်ခု ဖွဲ့စည်းခဲ့ကြသည်။ ထိုတပ်ပေါင်းစု၏ အဓိကရည်မှန်းချက်မှာ စစ်အာဏာရှင်စနစ်နှင့် ဗမာလူမျိုးကြီးဝါဒချုပ်ငြိမ်းအောင် စုပေါင်းတိုက်ပွဲဆင်သွားရေး၊ ပြည်ထောင်စုဝင် လူမျိုးအားလုံး တန်းတူအခွင့်အရေးရရှိရေးနှင့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟု မူဝါဒချမှတ်ခဲ့ကြသည်။ မည်သို့ဆိုစေ ထိုတပ်ပေါင်းစု စခါစတွင် ဆိုခဲ့ပါ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန် နိုင်ငံရေးစစ်မျက်နှာလည်းဖွင့်၊ တစ်ပြိုင်နက်တည်းမှာပင် စစ်ရေးပူးပေါင်းတိုက်ခိုက်မှုများလည်း အကွက်ဖော်နိုင်ခဲ့ကြသော်လည်း တပ်ပေါင်းစုတွင်း မတူကွဲပြားမှုများပေါ်ပေါက်၊ အုပ်စုများပေါ်လာ၊ ဂိုဏ်းဂဏဆက်ဆံရေးများ ရှေ့တန်းရောက်လာရာမှ လျော့ရဲ အစည်းပြေလာကာ မည်ကာမတ္တတပ်ပေါင်းစုအဖြစ်သို့ တစ်စတစ်စ ပြန်လည်ကျရောက်သွားလေတော့သည်။ တစ်ဖက်က မဆလပအစိုးရကမူ ထိုတပ်ပေါင်းစုအပါအဝင် တောတွင်းလက်နက်ကိုင် ပါတီအဖွဲ့အစည်းများကို ပြည်တွင်းသောင်းကျန်းသူများဟု အမည်တပ်ခေါ်ဆိုပြီး နိုင်ငံရေး၊ သံတမန်ရေးနည်းလမ်းများဖြင့် အပြီးသတ်ဖြေရှင်းသွားမည်ဟု ကမ္ဘာသိကြေညာခဲ့သော်ငြား လက်တွေ့တွင်မူ စစ်ရေးနည်း အဓိကထားလျက် 'သောင်းကျန်းသူ အမြစ်ဖြုတ်ချေမှုန်းရေး' စစ်ဆင်ရေးကြီးများ တစ်ပြည်လုံးဇယားချ တိုက်ခိုက်ဆင်နွှဲခဲ့လေသည်။

အခြားလက်နက်ကိုင် အင်အားစုကြီးတစ်ခုဖြစ်သော ဗကပတို့သည် ထိုအတောအတွင်း ၁၉၇၉ ခုနှစ်တွင် '၇၉ လမ်းစဉ်' ဆိုသည်ကို ချမှတ်ခဲ့ပြန်သည်။ ၎င်းတို့၏ ၁၉၆၄-၆၈ ကြား ပဲခူးရိုးမဖြတ်ထုတ်သတ်လုပ်ရပ်နှင့် ၆၄ စစ်ရေးလမ်းစဉ်တို့ မှားခဲ့ကြောင်း သုံးသပ်သော်လည်း ၇၉ လမ်းစဉ်သည် ၆၄ လမ်းစဉ်နှင့်ကား အနှစ်သာရအားဖြင့် အတူတူပင်၊ စစ်ရေးအဓိကလမ်းစဉ်ပင်ဖြစ်လေသည်။

သို့လျှင် မြန်မာ့တပ်မတော်တပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ ဗကပအရှေ့မြောက်ဒေသတပ်ဖွဲ့များအကြား စစ်ရေးပဋိပက္ခ၊ တစ်နည်းပြည်တွင်းစစ်မီးလျှံသည် ၁၉၇၄-၈၈ (၁၄)နှစ်ကာလအတွင်း၌လည်း အလွန်အမင်း မြင့်မာပြင်းထန်ကာ လောင်ကျွမ်းခဲ့သည်မဟုတ်စေဦး၊ အရှိန်အဟုန်ခပ်မှန်မှန်ဖြင့် အတန်အသင့် တောက်လောင်မြဲတောက်လောင်လျက်ပင် ရှိခဲ့သည်မှာ ပြည်တွင်းစစ်၏ သမိုင်းမှန်တစ်စ၊ တစ်ကဏ္ဍဖြစ်လေသည်။ ထိုအတွင်း အထက်တွင်ဖော်ပြခဲ့သော ဗကပနှင့်နှစ်ကြိမ်၊ ကေအိုင်အိုနှင့်တစ်ကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စုစုပေါင်း (၃)ကြိမ်မျှအပ အခြားမည်သည့်ဆွေးနွေးပွဲမျှ မရှိခဲ့။ ပြည်တွင်းစစ် မီးလျှံများအကြားတွင် မြစ်ဝကျွန်းပေါ် ကေအင်န်ယူအခိုင်အမာစခန်းများ ပြိုကွဲသွားသလို ဗကပတို့၏ အရှေ့မြောက်ဒေသ ခြေကုပ်စခန်းများလည်း အတော်အတန် ကျုံ့ဝင်သွားခဲ့လေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

မင်း
ပြား
မြို့
မှ



ရ
ခိုင်
ဆ
ရာ
ကြီး

ဦးခိုင်ဆန်းလင်း

အကြားအမြင်အင်္ဂဝိဇ္ဇာ ဝမ်းတွင်းပါ အတတ်ပညာဖြင့် တိကျမှန်ကန်စွာ
ဟောကြားပေးသည်။ ယတြာ အထူးပြုလုပ်ပေးသည်။
နေ့စဉ် နံနက်(၉)နာရီမှ (၃)နာရီထိ (ဥပုသ်နေ့တိုင်း ဟောခန်းပိတ်သည်။)
မြောက်ဒဂုံ (မြောက်ပိုင်း)၊ ၅၁ရပ်ကွက်၊ အောင်သစ္စာလမ်း၊ သပြေခြံ
(သံကွင်းစက်လှေဆိပ်အနီးကမ်းနားလမ်း)
ဖုန်းဖြင့်ကြိုတင်ရက်ချိန်းယူပါ။ ဖုန်း- ၀၉ ၄၂၁၀၄၀၃၆၇

Hot News ကာတွန်း



The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014

# အောက်ခြေကပြည်သူ့ဘဝထဲ ကိုယ်မျက်နှာကိုယ်အိုးမဲသုတ်ပြီး တစ်ရက်လောက်ဆင်းကြည့်ပါ

ထိန်ထိန်လင်း(တကောင်း)



အရပ်ကတို့ရေ 'ရေနစ်ရာဝါးကူထိုး' 'မြေနိမ့်ရာလှံစိုက်' 'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ' 'အသက်တစ်ရာမနေရ အမှုတစ်ရာပွေရ' စတဲ့ စကားပုံတွေရှိခဲ့တာဟာ 'ဗမ္မာဒီပါလက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း' ဆိုတဲ့အတိုင်း မြန်မာပြည်ရဲ့ အနာဂတ်အလားအလာကို ညွှန်ပြခဲ့တဲ့ နိမိတ်ဆိုး၊ တဘောင်ဆိုးတွေများ ဖြစ်နေလေရော့သလား။

စားစရာမရှိတော့ ကြံမိကြံရာ ကြံလို့ ခိုး၊ ဆိုး၊ ညစ်ကြရပြီး လူကြားထဲရောက်မှ တက်လာကြတဲ့ ပညာပေါင်းစုံကို လက်ဆင့်ကမ်း လက်ပေးသင်ရင်း ညစ်ချင်လို့ ညစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ စားစရာမရှိလို့ ကြံဖန်စားရတဲ့ ဝန်ထမ်းတွေအပါအဝင် ပေးရမှ အဆင်ပြေမှန်းသိလာတဲ့ သူတွေ၊ စားစရာတကယ်မရှိလို့ 'ရိက္ခာ' ကို 'သိက္ခာ' နဲ့လဲပြီး 'လိပ်ပြာမလုံ' ကြရမှန်းသိပေမဲ့ လုပ်သလို မဖြစ်တော့ ဖြစ်သလိုလုပ်ကြသူတွေ ကြားမှာ တိုင်းပြည်ဟာ မငြိမ်းချမ်းတော့ဘဲ ပိုမိုပျက်စီးလာရတော့တာပါပဲလို့ပြောပြန်ရင်လည်း 'နွားရှေ့ထွန်ကျူး' မိတယ်လို့ ဆိုနိုင်ပါတယ်။

အဲဒီတော့ အဲဒီတော့ ပြည်သူများ ကိုယ်စား ပြည်သူများထဲက တစ်ယောက်ဖြစ်တဲ့ စာရေးသူကပဲ တာဝန်ယူဆဲ၊ တာဝန်ရှိဆဲ ပုဂ္ဂိုလ်တွေကို မေးပါရစေ။ "ပြည်သူတွေရဲ့ ရင်ဘတ်ထဲမှာ လောင်ကျွမ်းနေတဲ့ ဆင်းရဲခြင်းမီးတွေကို ဘယ်အခြေအနေ၊ ဘယ်အချိန်အခါမှာ ဘယ်ဘဝရောက်မှ ဘယ်သူတွေက ငြိမ်းပေးကြမှာပါလဲ" လို့ ပြည်သူကို လူတွေပါလားလို့ သတ်မှတ်ရင် ဖြေတော်မူကြပါ။ ဖြေရှင်းပေးတော်မူကြပါဦး။

တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ရတဲ့ နေ့စားခက ၁၅၀၀၊၂၀၀၀။ ဆန်တစ်ပြည်အညံ့စားက ၇၀၀၊၈၀၀ မက ဟင်းဖိုးအပါအဝင် မီးဖိုချောင်အသုံးစရိတ်နဲ့ ရေလုံပြုတ်စားရမတတ် ဖြစ်ရတဲ့အပြင် နေရေး၊ ထိုင်ရေး၊ သာရေး၊ နာရေးကရှိသေးတယ်။ မိသားစု ၄ ယောက်ရှိရင်တောင် အဖေလုပ်သူ နေ့စားလုပ်တော့ ရလှ ၂၅၀၀/၃၀၀၀။ အမေလုပ်သူမှာ ကလေးငယ်ရှိရင် ကလေးထိန်းရတော့ ငွေမရှာနိုင်။ ဒီနေ့ရတဲ့ နေ့စားခက မနက်ဖြန်အတွက်မဟုတ်။ ငွေ ၃၀၀၀ လောက်နဲ့ တစ်နေ့စာစားဝတ်နေရေးကို တာဝန်ရှိ လူကြီးမင်းများ တစ်ရက်လောက်ဖြေရှင်းကြည့်ကြစမ်းပါဦး။

ဒီလိုမိသားစုတွေမှာ ကျန်းမာရေးအတွက်ဆိုရင်လည်း ဒီငွေလေးထဲကပဲ ကုရတာ။ ဆေးတစ်လုံးထိုးရင် အပြင်ဆေးခန်းပေါက်စတွေတောင် စားဆေး၊ ထိုးဆေး အနည်းလေး ၃၀၀၀ ပေးရပါတယ်။ အစိုးရဆေးရုံဆိုတာမျိုးကလည်း ဒေသတိုင်းမှာ မရှိနိုင်၊ ရှိတဲ့အချို့ဆေးရုံ၊ ဆေးပေးခန်းတွေကလည်း 'ရောင်တော်ပြန် ရောလွှတ်နေကြသေးတုန်း'။ စည်းကမ်းတင်းကျပ်မှု မပြုနိုင်တဲ့ အချို့ဒေသက ဆေးရုံတွေမှာဆိုလည်း တာဝန်ကျပုဂ္ဂိုလ်တွေက ဂျူတီချိန်မှာ အိမ်ပြန်ကုပြီး အလုပ်ဖြစ်နေကြသေးတာ။ ဒီတော့ မရှိရှိတာနဲ့ မဖြစ် ဖြစ်သလို ကုနေကြတော့ ကုန်ပြီပေါ့။ တစ်နေ့စာ တစ်နေ့စား။ ဗိုက်မှောက်နေရတော့မှာလား။

စားစရာမရှိလို့ အတိုးနဲ့ရှာတော့ ငွေမရှိ၊ မျက်နှာမွဲကို ဘယ်သူမှ မယုံစား။ ပေးတဲ့သူရှိတော့လည်း ၁၀၀၀၀ ယူရင် တစ်ရက် ၁၀၀၀ နဲ့ ၁၂ ရက်ပြန်ဆပ်ရတဲ့ အဆီတိုး၊ အသားတိုး ငယ်ထိပ်ထိသွေးတိုးတဲ့ အတိုးတွေ။ ပညာရေးဆိုရင်လည်း အစိုးရက လုပ်ပေးတာကတော့ အခမဲ့ပညာရေးပါပဲ။ ဒါပေမဲ့ ဘယ်စနစ်ကြောင့် အမြစ်တွယ်သွားမှန်း မသိရတဲ့ ကျူရှင်မထားရင်စာမတတ်ဆိုတဲ့သဘောတရားအောက်မှာ ကျောင်းအချို့က စာကောင်းကောင်းမသင်တော့ ကျူရှင်ထားရ၊ ကျူရှင်ဖိုး၊ စာအုပ်ဖိုး၊ မီးနင်းစာအုပ်ဖိုး၊ သင်ထောက်ကူပန်းတိုင်စာအုပ်ဖိုးတွေနဲ့ ကထိန်ကြေး၊ ဆရာကန်တော့ကြေး၊ ဆရာပြောင်းရွှေ့ကြေး၊ ကျောင်းရန်ပုံငွေကံစမ်းမဲ (မဝယ်မနေရ) ကြေးမျိုးတွေက အချို့၊ အချို့သော ကျောင်းတွေမှာ ရှိတတ်တော့ 'အောင်မယ်မင်း' လို့တောင် 'ဟီး' ချင်စရာ မျက်ရည်ပြည်သူတွေမှာ မထွက်နိုင်တော့ပါဘူး သမ္မတကြီးရယ်။

အခုဆိုရင်လည်းမန္တလေးတိုင်းဒေသကြီးထဲက တကောင်းမြို့နယ်ခွဲ၊ ညောင်လေးပင်ကျေးရွာအနီး လှည်းဘီးခွဲအခင်းတောမှာ ၂၈-၁-၂၀၁၄ ရက်က မိခင်ဖြစ်တဲ့သူ အလုပ်သွားတော့ ၂ နှစ်သမီးကလေးကို ၄ နှစ်အရွယ် သားအကြီးနဲ့ အိမ်မှာ ထားပြီး ကလေးတွေ ချမ်းမှာစိုးလို့ မီးဖိုမှာ ထမင်းချက်ပြီး မီးစလေး ချန်ပေးခဲ့ရှာတာ။ ကံမကောင်းလို့ပဲဆိုရတော့ အဲဒီမီးကနေ မီးလောင်လို့ သမီးငယ်လေးခမျာ မီးသွေးတုံးနှယ် ဖြစ်ရရှာပါလေရောလား။

ဘေးနားမှာလည်း တဲနီးနားချင်းတွေရှိပေမဲ့ အလုပ်ကိုယ်စီ ထွက်လုပ်နေကြရတော့ လူကြီးတွေတစ်ယောက်မှ မရှိတာမို့ အချိန်မီ မကယ်တင်နိုင်ခဲ့ကြပါဘူး။ ဘေးပတ်ဝန်းကျင်တွေရဲ့ ပြောကြားချက်အရတော့ ဖခင်ဖြစ်သူက စားဝတ်နေရေးအတွက် တစ်နယ်အဝေးသွားပြီး ငွေရှာနေခဲ့တာမို့ ဇနီးနဲ့ကလေးနှစ်ယောက်ကို အိမ်မှာထားခဲ့သတဲ့။ ဇနီးဖြစ်သူမှာလည်း စားစရာလေး နည်းနည်းမှ ပိုပိုဆိုးပြီး တစ်နေ့နေ့စားခ ၂၅၀၀/၃၀၀၀ နဲ့ကျောက်ခွဲ၊ ကျောက်တင် အလုပ်သွားသတဲ့။ စားစရာ၊ ဝတ်စရာမရှိတဲ့ဘဝမှာ လူမမည်ကလေးငယ်လေးတွေကိုလည်း ဘယ်အခြေအနေရောက်ရောက် ထားခဲ့ရရှာတော့ ဒီလိုအဖြစ်ဆိုး တိုးရတော့တာပါပဲ။

ကိုးလလွယ်၊ ဆယ်လဖွား၊ ရင်နှစ်သည်းချာ သမီးကလေးကို အဖြစ်ဆိုးနဲ့ ဆုံးရှုံးလိုက်ရတဲ့ မိခင်တစ်ယောက်ရဲ့ဘဝဟာ 'အသိဉာဏ်နုံနဲ့လို့ ကလေးတွေကို မီးစနဲ့ ထားခဲ့ရသလား' လို့ အပြစ်ဖို့မလား။ 'စားစရာမရှိအောင် မွဲချာလွန်းလို့ ရင်သွေးတွေကို မထားရက်ရက်နဲ့ ဖြစ်သလို ပစ်ထားခဲ့ရရှာတယ်' ဆိုတဲ့ အမြင်နဲ့ ကြည့်မလား။ 'အသုံးမကျတဲ့ မိခင်' လို့ တွေးမလား။ 'စနစ်ဆိုးတွေအောက်မှာ မီးသင့်ရရှာတဲ့ မိသားစု' လို့ ခေါ်ရလေမလားပါ။

လူမမယ်သမီးတစ်ယောက်လုံး ဆုံးရှုံးရတဲ့ ခံစားချက်ကို အခြားအမေတွေရော ကိုယ်ချင်းစာ ခံစားကြည့်ကြစမ်းပါ။ 'ငါ့သမီးလေး မရှိတော့ဘူး' ဆိုတဲ့အသိ၊ 'သေတာတောင် အဖြစ်ဆိုးနဲ့ သေရရှာတဲ့ဘဝလေး' အလုပ်ကနေ မောမောပန်းပန်းနဲ့ ပြန်လာရင် အမောပြေ 'မေမေ' လို့ ခေါ်မယ့် သမီးကလေးကိုဘယ်အချိန်မှာမှ ပြန်တွေ့ခွင့်မရနိုင်တော့ပါဘူး။ဘေးကကြားရတာတောင် ရင်ဝမချိလောက်အောင်ပါပဲ။ကလေးငယ်လေးခမျာလည်း ဘယ်လောက်ဆိုးရွားတဲ့ အခြေအနေနဲ့ တွေ့သွားရရှာလေမလဲ။ စနစ်ဆိုးတွေအောက်မှာ မီးသင့်ရရှာတဲ့ ဘဝတွေပါလား။

ဒီလို၊ ဒီလိုဘဝတွေ မြန်မာသာမက စနစ်ဆိုးတွေရဲ့ အောက်မှာကျရောက်ရရှာတဲ့ဘဝတွေ ကမ္ဘာမှာအများကြီးပါပဲ။ ဖြစ်စဉ်ခြင်းမတူညီပေမဲ့ အခြေအနေခြင်းတော့ အတူတူပါပဲ။ အခုဖြစ်စဉ်မှာလည်း သမီးတစ်ယောက်လုံးဆုံးရှုံးရတဲ့အပြင် ရှိသမျှ အဝတ်အစားပစ္စည်းတွေနဲ့ အိမ်ပါ မကျန်တော့လို့ ရင်ဝမှာ အပူမီးဆို့နေတဲ့ မိခင်မှာ ဆေးရုံတက်ရောက်ကုသနေရသေးသလို ဖြစ်စဉ်က ဖြစ်စဉ်၊ ဥပဒေက ဥပဒေပဲမို့ ဆေးရုံကဆင်းရင်လည်း ပုဒ်မ ၂၅၈/၃၀၄ တွေနဲ့ အရေးယူခံရပြန်ပါဦးတော့မယ်။ သမီးတစ်ယောက်လုံးလည်း ဆုံးရှုံးရသေးတယ်။ ထောင်ကလည်း ကျဦးမယ်။ ကျန်ခဲ့တဲ့ လူမမယ်သားကလေးနဲ့လည်း ခွဲရဦးမယ်ဆိုတော့ အမေတို့ရေ ကြားကနေတောင် ဆက်မတွေးချင်တော့ပါဘူး။

ဒီဖြစ်စဉ်ကို ကြည့်ပြီး အခြားမိခင်တွေလည်း သတိထားစေချင်ပါတယ်။ စားစရာမရှိတာကတော့ မရှိတာပါပဲ။မိမိရဲ့ ရင်သွေးလေးတွေကိုတော့ လက်လွှတ်စပယ်အိမ်မှာ ပစ်စလက်ခတ်မထားခဲ့ကြပါနဲ့။ လူကြီးမရှိခိုက် ရေအိုးထဲမှာခေါင်းစိုက်ပြီး ရေနစ်သေဆုံးရတဲ့ ကလေးတွေ၊ ခြေကျင်းဝတ်လောက်ရေတိမ်ထဲမှာပြုတ်ကျပြီး ရေတိမ်နစ်ရရှာတဲ့ ကလေးတွေလည်းရှိခဲ့ဖူးတာတွေကြောင့် ကိုယ့်ရင်သွေးတွေကို ဂရုတစိုက်ကလေးနဲ့ ထိန်းသိမ်းကြသင့်ပါတယ်။ မတော်တဆဆိုတာဖြစ်ပြီးမှ နောင်တရတတ်တာပါ။ မဖြစ်ခင်မှာ သတိထားနိုင်မယ်ဆိုရင်တော့ မတော်တဆဆိုတဲ့ ဖြစ်နိုင်ချေတွေ နည်းသွားနိုင်ပါတယ်။

ဒါတွေ ဒါတွေကြောင့် လက်ရှိ သမ္မတကြီးနှင့်တကွ ဖြစ်ဆဲ၊ ဖြစ်အံ့၊ ဖြစ်လတ္တံ့ပုဂ္ဂိုလ်တို့ရေ ဆင်းရဲခြင်းကို မကုစားနိုင်ရင် တိုင်းပြည်ကို ငြိမ်းချမ်းအောင်မလုပ်နိုင်ပါဘူးဆိုတဲ့ စကားကို တာဝန်ယူထားတဲ့ လူကြီးမင်းတို့ လက်တွေ့မကြုံဖူးလို့ မယုံကြည်ရင် အောက်ခြေက ပြည်သူတွေရဲ့ ဘဝထဲကို ကိုယ့်မျက်နှာကိုယ်အိုးမည်းသုတ်ပြီး တစ်ရက်လောက် ဆင်းကြည့်ကြစမ်းပါ။

ဒါမှမဟုတ်ရင်လည်း ပိုက်ဆံ၃၀၀၀ လောက်နဲ့ ၇၀၀၊၈၀၀ တန် ဆန်တစ်ပြည်လောက်ဝယ်ပြီး လူကြီးမင်းတို့ မိသားစုတွေ တစ်ရက်လောက် စားကြည့်ကြစမ်းပါ။ အဲဒီအထဲမှာ ပြည်သူကို လုပ်အားခတိုးမပေးချင်ဘဲ အချိန်ပိုတော့ အလကားခိုင်းချင်တဲ့ ပုဂ္ဂိုလ်တွေလည်း ပါစေချင်ပါတယ်။ ကိုယ်ချင်းစာတရားမထားရှိဘဲ ပြည်သူ့မျက်နှာကို မငဲ့မကွက် ဆက်လုပ်နေကြဦးမယ်ဆိုရင်တော့ ပြည်သူရဲ့ချစ်ဖော်၊ ချစ်ဖက်ဘဝတွေကနေ (အောင့်သီးအောက်သက်နှင့်) ပြည်သူရဲ့ ချဉ်အိုး၊ ချဉ်ဖတ် (အန်ဖတ်ပုံ) ဘဝကို ပိုမိုရောက်ရှိသွားမှာစိုးလို့ စေတနာနဲ့ သတိပေးလိုက်ပါရစေ။

## နယ်စပ်ဂိတ်များ၌ ကုန်သွယ်ရာတွင်

### KNU က ငွေကြေးအဆမတန်ကောက်ခံခြင်းမျိုးမရှိဟု ဗိုလ်ကြီးစောထဲနေဆို



ထိုင်း-မြန်မာ နယ်စပ်မြို့တစ်မြို့ဖြစ်သော ဘုရားသုံးဆူမြို့၌ အစိုးရဂိတ်များအပါအဝင်တိုင်းရင်းသားအဖွဲ့အစည်းများက ထိန်းချုပ်ထားသော ဂိတ်များ၌ အဖွဲ့အစည်းရန်ပုံငွေအတွက်သော်လည်းကောင်း၊ အခွန်အတွက်သော်လည်းကောင်း၊ ကောက်ခံမှုများရှိနေပြီး KNU နှင့် မွန်ပြည်သစ်က ငွေကြေးကောက်ခံမှု အများဆုံးဖြစ်နေကြောင်း ဘုရားသုံးဆူ မြို့ခံပြည်သူများက ပြောဆိုဝေဖန်နေကြခြင်းအပေါ် ဘုရားသုံးဆူမြို့အခြေစိုက် KNU ဆက်ဆံရေးရုံးမှ ဒုတာဝန်ခံဖြစ်သူ ဗိုလ်ကြီးစောထဲနေက KNU အနေဖြင့် ပြည်သူအပေါ် ငွေကြေးအဆမတန်ကောက်ခံမှု လုံးဝမရှိကြောင်းပြောကြားသွားခဲ့သည်။

'KNU အနေနဲ့ ဒီကဂိတ်တွေမှာ ငွေကြေးအဆမတန်ကောက်ခံတာမျိုးလုံးဝမရှိပါဘူး။ လိုင်စင်မဲ့ ကားတွေ သယ်လာရင်လည်း အစီးတစ်ရာသယ်မှ ၆၅စီး အတွက်ပဲကောက်တယ်။ အဲသလို ကောက်တဲ့အခါမှာလည်း တစ်စီး ကို ထိုင်းဘတ်ငွေ ၃၀၀၀ ကျော်ပဲယူတာပါ။ ဒါကလည်းတစ်ဖက်က ကြည်ကြည်ဖြူဖြူပေးလို့ယူတာပါ။ မပေးမနေရဆိုပြီး တောင်းတာကောက်တာမျိုး လုံးဝမရှိပါဘူး။ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့ဝင်မိသားစုတွေရဲ့ စားဝတ်နေရေးလည်း အခက်အခဲရှိတယ်။ နိုင်ငံတော်ဘက်ကလည်း ထောက်ပံ့မှုမရှိဘူး။ ဒါကြောင့်ပါ။ တခြားအဖွဲ့တွေတော့မသိဘူး။ ကျွန်တော်တို့ အနေနဲ့ကတော့ ပြည်သူ့ဆီကနေပြီးတော့ မပေးမနေရပုံစံမျိုးနဲ့ ကောက်တာမျိုး၊ တစ်နည်းအားဖြင့် အနိုင်ကျင့်တာမျိုး လုံးဝမလုပ်ဘူး။ လုပ်လည်းမလုပ်ရက်ပါဘူး'ဟု ဘုရားသုံးဆူမြို့အခြေစိုက် KNU ဆက်ဆံရေးတာဝန်ခံဗိုလ်ကြီးစောထဲနေက ပြောကြားသွားခဲ့သည်။

နယ်စပ်ဒေသမြို့တစ်မြို့ဖြစ် သော ဘုရားသုံးဆူမြို့၌ ထိုင်း- မြန်မာနယ်စပ်လမ်းကြောင်းကို တရားဝင်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းများနှင့် နားလည်မှုသဘောယူ၍သာ ကုန်သွယ်မှုများရှိနေသည်။ ယင်းသို့နားလည်မှုဖြင့် ကုန်သွယ်ရာတွင် KNU နှင့် မွန်ပြည်သစ်တို့က အဆမတန်ကောက်ခံသည်ဟု ဒေသခံများကပြောလျက်ရှိနေကြသည်။ ယင်းအပေါ် KNU ဆက်ဆံရေးတာဝန်ခံက အတိအလင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။ ဒေသခံများ၏ အထူးသဖြင့် ပြောကြားဝေဖန်ရာတွင် မွန်ပြည်သစ်ပါတီထိန်းချုပ်ရာဂိတ်များမှာ ငွေကြေးကောက်ခံမှုအဆမတန်များကြောင်းပြောကြပြီး ပါတီဗဟိုတာဝန်ရှိသူများက အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုသာလျှင် ငွေအဆမတန်တောင်းခံနေမှုများပပျောက်သွားမည်ဖြစ်ကြောင်း အကြံပြုကြသည်။

နန့်စန်း(ဒသသနိက)

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014



# ပနားမားက မြောက်ကိုရီးယားသင်္ဘောသားများကိုပြန်လွှတ်



လွန်ခဲ့သည့် ဇူလိုင်လ ၁၅ ရက်က ပနားမားနိုင်ငံ ရေပြင်ပိုင်နက်အတွင်း မူးယစ်ဆေးဝါးများ တင်ဆောင်လာသည်ဟု သက်သေမကင်းဖြစ်၍ မြောက်ကိုရီးယားနိုင်ငံပိုင် ချုန်ချင်ဂန် (Chong Chaon Gang) သင်္ဘောကိုရပ်တန့်စစ်ဆေးခဲ့ရာ တရားမဝင် လက်နက်များ သယ်ဆောင်လာသည်ကို ပနားမားလုံခြုံရေး အရာရှိများ စိစစ်တွေ့ရှိခဲ့သဖြင့် မြောက်ကိုရီးယား သင်္ဘောနှင့် သင်္ဘောသားများကို ဖမ်းဆီးခဲ့သည်။

အဆိုပါသင်္ဘောတွင်စစ်ဘက်ဆိုင်ရာ လက်နက်ခဲယမ်းတန်ချိန် ၂၄၀ ခန့်ရှိ ကုန်သေတ္တာကြီး ၂၅ လုံးကို တွေ့ရှိခဲ့ပြီး ယခင် ဆိုဗီယက်ပြည်ထောင်စု (ရုရှားသမ္မတနိုင်ငံ) က ထုတ်လုပ်ခဲ့သည့် (MiG-21) ဂျက်တိုက်လေယာဉ်နှစ်စီး၊ လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်များနှင့် စစ်ဆင်ရေးသုံး မော်တော်ယာဉ် (Command and Control Vehicles) များ တွေ့ရှိခဲ့သည်။

သို့ဖြစ်၍ ပနားမားအရာရှိများက သင်္ဘောမာလိန်မှူးနှင့် သင်္ဘောသားများကို ဖမ်းဆီးခဲ့ရာမှ ဇန်နဝါရီ ၃၀ ရက်က သင်္ဘောသား ၃၂ ဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီး မာလိန်မှူးနှင့် သင်္ဘောသား ၂ ဦးကိုမူ ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ကြောင်း သိရသည်။ သင်္ဘောပိုင်ရှင်ကိုမူ အမေရိကန်ဒေါ်လာ ၆၇၀၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်းသိရသည်။

ကျော်စိန် Ref : Reuters




# ဘူရွန်ဒီတွင်မိုးကြိုးပစ် ၇ ဦးသေ

ဘူရွန်ဒီနိုင်ငံတွင် မုန်တိုင်း ဒဏ်ကိုခိုလှုံနေကြသောစာသင်ခန်းတစ်ခန်းအား မိုးကြိုးပစ်ခဲ့သဖြင့် အထက်တန်းကျောင်းသား ၇ဦးသေဆုံးခဲ့ပြီးအခြားကျောင်းသူ/ ကျောင်းသား ၅၁ဦးဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီလ ၂၅ရက် နေ့တွင် အရာရှိများကပြောကြားလိုက်သည်။

ယခုတွေ့ကြုံခဲ့ရသည်မှာ ခြောက်သွေ့ရာသီတွင်ရှိနေရမည့်အချိန်တွင် ထူးခြားသည့်သဘာဝ ဘေးဒဏ်ဖြစ်ပြီး မိမိတို့မြို့တွင်သာမကနိုင်ငံ၏အခြားသောဒေသ များတွင်ပါတွေ့ကြုံခဲ့ကြရကြောင်း ညံဇာလက်ရှိအစိုးရအရာရှိတစ်ဦး ဖြစ်သူမစ္စတာပရူးဒင့်ကာဘူရီက ဇန်နဝါရီလ ၂၄ရက်နေ့တွင် ပြောကြားခဲ့သည်။

သည်းထန်သောမိုးရွာသွန်းမှု ကြောင့် လူနေအိမ်ပေါင်း (၅၀၀) ခန့်ပျက်စီးခဲ့ရပြီး နောက်ဆက် တွဲအနေနှင့် ယခုရက်အတွင်း မိုးကြိုးများဆက်တိုက်ပစ်နေ ကြောင်းလည်း သိရသည်။

ဥက္ကာအောင်

# ဘင်္ဂလားဒေ့ရှ် အစ္စလာမ္မစ် ခေါင်းဆောင်ကို သေဒဏ်ပေး




ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဓိက အတိုက်အခံပါတီဖြစ်သောဂျမတ်-အီ-အစ္စလာမ္မစ်ပါတီခေါင်းဆောင် မော်တီရာမန်နီဇာမီ (Motiur Rahman Nizami) နှင့် နောက်လိုက် ၁၃ဦးကို လက်နက်ခဲယမ်းများမှောင်ခိုတင်ပို့ခြင်းဖြင့် ဇန်နဝါရီလ ၃၀ ရက်က သေဒဏ် ချလိုက်သည်ဟု သိရသည်။

၎င်းတို့သည် ၂၀၀၄ ခုနှစ်က ဘင်္ဂလားဒေ့ရှ်အစိုးရကိုလက်နက်စွဲကိုင်တိုက်ပွဲဝင်လျက်ရှိသည့် အိန္ဒိယအာသံပြည်နယ်ရှိလက်နက်ကိုင်များကိုလက်နက်ခဲယမ်းများ တရားမဝင်တင်ပို့ခဲ့သည်ဟုဆိုသည်။ မော်တီရာမန်သည် ၂၀၀၄ ခုနှစ် က စက်မှုဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး၊ ၁၉၇၁ ခုနှစ်ကဘင်္ဂလားဒေ့ရှ်လွတ်မြောက်ရေးတိုက်ပွဲစဉ်များတွင် စစ်ရာဇဝတ်မှုများကိုကျူးလွန်ခဲ့သူတစ်ယောက်အဖြစ် စွဲချက်တင်ခံထားရသူတစ်ဦးလည်းဖြစ်သည်။

၎င်းနှင့်အပေါင်းအပါများအား သေဒဏ်ချမှတ်ခြင်းကိုဂျမတ်အီအစ္စလာမ္မစ်ပါတီဝင်များက တရားရုံးကိုအကြီးအကျယ်ဆန့်ကျင်ဆန္ဒပြမှုများရှိနေပြီး လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း ဘင်္ဂလားဒေ့ရှ်၏ တရားစီရင်မှုမှာနိုင်ငံတကာတရားဥပဒေစီရင်ထုံးများနှင့်မညီဟုပြောဆိုမှုများရှိသည်ဟု သိရသည်။ မော်တီရာမန်က အယူခံဝင်မည်ဟုဆို သည်။

ကျော်စိန် Ref: BBC(Asia)

# ဖရိုဖရဲဖြစ်သွားတဲ့ ထိုင်း ကြိုတင်မဲပေးပွဲ



ထိုင်းနိုင်ငံရွေးကောက်ပွဲကို ဒီနေ့ ဖေဖော်ဝါရီလ ၂ ရက် မနက်ပိုင်းမှာ ပြုလုပ်မယ်ဖြစ်ပါတယ်။ ဇန်နဝါရီ ၂၆ရက်နေ့က ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲ အတွက်ကြိုတင်မဲပေးရေး မဲကတ်ပြားများ ထုတ် ယူရေး၊ မဲရုံပြင်ဆင်ရေးများ ဆောင် ရွက်နေကြစဉ်မှာရွေး ကောက်ပွဲကိုဆန့်ကျင်သပိတ် မှောက်လိုတဲ့ အစိုးရဆန့်ကျင်ရေးသမားများက ဗန်ကောက်မြို့တစ်ခွင် ချီတက်ဆန္ဒပြကြပြီး မဲပုံးများကို လုယူခြင်း၊ မဲကတ်ပြားများကို လုယက်ခြင်း၊ မဲရုံများကို ဖျက်ဆီးခြင်း အချို့ပြုလုပ်မှုများကြောင့်အစိုးရထောက်ခံသူများနှင့် အစိုးရဆန့်ကျင်သူများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြပါတယ်။

အပြန်အလှန် သေနတ်ပစ်ခတ်မှုများဖြစ်ပြီး လူ ၆ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြပါတယ်။ သေနတ်သမားများက လူအုပ်ထဲကထွက်ပြီးခြောက်လုံးပြူးမောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြကြောင်းသိရပါတယ်။ ဘီဘီစီ၊ စီအင်အင်စတဲ့ ကမ္ဘာ့ရုပ်သံများတွင် စက်ရုပ်သတင်းများအဖြစ် ဗန်ကောက်မှ တိုက်ရိုက်တင်ဆက်ပြသခဲ့ကြရာမှာ ဗန်ကောက်မြို့အခြေအနေမှာ ဖရိုဖရဲဖြစ်ပြီး ကြိုတင်မဲပေးရေးအစီအစဉ်များ ပျက်ပြားခဲ့ရတယ်။ သတင်းထောက်များကလည်း ၎င်းတို့၏ ကင်မရာကြီးများကို ကိုင်ဆောင်ပြီး အသက်လုကာ ဒရောသောပါးပြေးလွှားလျက်ရှိ သည်ကိုလည်းကောင်း၊ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များကလည်းသေနတ် သမားများကို ခုခံကာကွယ်လျက် ရှိသည်ကိုလည်းကောင်း တွေ့ရပါတယ်။ ယင်လပ်၏ အိမ်စောင့်အစိုးရအဖွဲ့က တပ်မတော်နှင့် ရဲများကို လုံခြုံရေးတိုးမြှင့်ချထားပေးလျက်ရှိသော်လည်း ဆန္ဒပြသမားများက မဲရုံအချို့ကို သိမ်းပိုက်ထားဆဲဖြစ်ကြောင်း သိရပါတယ်။

ကျော်စိန်

ကိုးကား - ဗန်ကောက်ပို့စ်

The HOT NEWS
Vol - 4, No - 178, Feb 7 - 13, 2014



# အီဂျစ်ပြည်သူတွေ တောင့်တနေတဲ့ စစ်ခေါင်းဆောင်

ကျော်စိန်

အီဂျစ်နိုင်ငံ အထွေထွေရွေးကောက်ပွဲကို ဧပြီလအတွင်း ကျင်းပမှာဖြစ်ပါတယ်။ သမ္မတရွေးကောက်ပွဲကို လက်ရှိ အီဂျစ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်လ်ဖာထား အယ်လ်စီစီ ဝင်ရောက် အရွေးခံမှာဖြစ်ပါတယ်။ သူဟာ လွန်ခဲ့တဲ့နှစ် ဇူလိုင်လ၃ရက်က သမ္မတမော်စီကို ဖြုတ်ချပြီး၊ ကြားဖြတ်အစိုးရကို ဖွဲ့စည်းကာ ကြားဖြတ်အစိုးရသမ္မတအဖြစ် အယ်ဒ်လီမန်ဆော (Adly Mansour) ကို ခန့်အပ်ပြီးသူကတော့တပ်မတော်ဦးစီးချုပ်အဖြစ်ဆက်လက်တာဝန်ယူထားတာဖြစ်ပါတယ်။

သူဟာမကြာမီကျင်းပတော့မယ့် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်လို့ဖွဲ့စည်းပုံ အခြေခံဥပဒေအရတပ်မတော်ဦးစီးချုပ်ရာထူးကနုတ်ထွက်ရမယ်ဖြစ်ပါတယ်။ သူဟာစစ်ခေါင်းဆောင်တစ်ဦးဖြစ်ပေမဲ့ အီဂျစ်ပြည်သူတွေလိုလားတောင့်တနေတဲ့မာမာချာချာပုဂ္ဂိုလ်တစ်ယောက် (Egyptians want a strong man) ဖြစ်တယ်လို့ ဇန်နဝါ ရီ ၂၉ ရက်ထုတ်နေရှင်းသတင်းစာမှာ ဖော်ပြထားတာကိုလည်းတွေ့ရပါတယ်။သို့သော်လည်း သူဖြုတ်ချခဲ့တဲ့ သမ္မတမော်စီကို ထောက်ခံသူမူဆလင်အုပ်စုတွေကတော့ သူ့ကို အကြီးအကျယ် ကန့်ကွက်ဆန္ဒပြနေကြတယ်။ ဇန်နဝါရီလ ၂၅ ရက်နေ့ကတော့ သမ္မတမူဘာရက်ကို ဖြုတ်ချခဲ့တဲ့ ၃နှစ်မြောက်နှစ်ပတ်လည်နေ့မှာ မော်စီကိုထောက်ခံသူများနဲ့ ဗိုလ်ချုပ်ကြီးစီစီကို ထောက်ခံသူများအကြား ကြီးမားတဲ့ ပဋိပက္ခတွေ ဖြစ်ခဲ့လို့ အစိုးရကတိုင်းဆူပြည်ဖျက်လုပ်သူများကို လိုအပ်တဲ့ အင်အားသုံးနှိမ်နင်းမှုတွေ လုပ်ခဲ့လို့ အစိုးရဆန့်ကျင်ဆန္ဒပြသမား ၅၀ ထက်မနည်း သေဆုံးပြီး လူ ၂၅၀ ခန့် ဒဏ်ရာရရှိတယ်လို့ သိရပါတယ်။

လောလောဆယ် သမ္မတဟောင်း မော်စီကိုလည်း ရုံးတင်စစ်ဆေးနေတာကြောင့် တရားရုံးအပြင်ဘက်မှာမော်စီကိုထောက်ခံသူများ တရားရုံးကို ချိတက်ဆန္ဒပြနေကြတယ်။ မော်စီကလည်း "ငါဟာ တရားဝင်သမ္မတ ဖြစ်တယ်" ဆိုပြီး ရုံးတော်မှာ ပြောကြားလျက်ရှိတယ်။

ဒီအတွင်း ဇန်နဝါရီလ ၂၅ ရက်က အကြမ်းဖမ်သမားများက အီဂျစ်စစ်တပ်ကို တိုက်ခိုက်မှုကြောင့် စစ်သည် ၅ ဦး ကျဆုံးခဲ့ရပြီး စစ်ဘက်သုံး တိုက်ခိုက်ရေးရဟတ်ယာဉ် ၁ စီးလည်း မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်တစ်လုံးထိမှန်ပျက်စီးခဲ့တယ်။ ဇန်နဝါရီလ ၂၄ ရက်ကလည်း ကိုင်ရိုရဲဌာနချုပ် အပြင်ဘက်မှ ဗုံးဖြင့် တိုက်ခိုက်မှုတစ်ရပ်ကြောင့် လူ ၄ ယောက်သေဆုံးခဲ့ပါတယ်။အယ်လ်ကေဒါတွေကတော့သူတို့လက်ချက်ဖြစ်တယ်လို့ ပြောပါတယ်။

အီဂျစ်ပြည်သူများကတော့ "ဗိုလ်ချုပ်ကြီး စီစီကို လိုလိုလားလား ရှိကြပြီး၊ သူဟာ မာမာချာချာနဲ့ နိုင်ငံကို ဦးဆောင်နိုင်မယ့်၊ သူတို့လုံခြုံမှုကို ဆောင်ကြဉ်းနိုင်မယ့် စစ်သည်တော်ကြီးဖြစ်တယ်" စသည်ဖြင့် "people want al-sisi to be candidate, as given their security fears want a strong man to head the country" လို့ ပြောပါတယ်။အမေရိကန်ကတော့ အစိုးရနဲ့စစ်တပ်အပြန်အလှန်ထိန်းကျောင်းမှု(Check and Balance) ဖြစ်ဖို့လိုတယ်လို့ သတိပေးထားပါတယ်။ **Ref : Nation**



# ဒီနေ့ဟာ သိပ်ကိုမင်္ဂလာရှိတဲ့နေ့ပါဟုဆိုလာသူ ယင်လပ်

မစ္စယင်လပ်၏ အိမ်စောင့်အစိုးရအပြီးတိုင်နုတ်ထွက်ရေးဆန္ဒကျင်ဆန္ဒပြမှုများမြင့်တက်နေလင့်ကစား၊ရွေးကောက်ပွဲကော်မရှင်ကတင်းမာနေသည့်နိုင်ငံရေးအခြေအနေများကြောင့်ရွေးကောက်ပွဲကိုရက်ရွှေ့ရန်အကြံပြုမှုများရှိခဲ့လင့်ကစား၊ မစ္စယင်လပ်အနေဖြင့် ၂ လကြိုတင်ရက်သတ်မှတ်ခဲ့သည့်ဖေဖော်ဝါရီလ ၂ ရက်နေ့မှာသတ်မှတ်သည့်ရက် သတ်မှတ်ချိန်အတိုင်းကျင်းပခဲ့သည်။ နိုင်ငံတစ်ဝန်းမဲရုံ ၆၇၀၀ ခန့်ကိုနံနက် ၇ နာရီခန့်မှစ၍ဖွင့်လှစ်ခဲ့သည်။ အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများ၏နှောင့်ယှက်တားဆီးမှုများရှိသဖြင့် မဲရုံ ၅၀ ခန့်ပိတ်ထားခဲ့ရသည်မှအပ မဲဆန္ဒရှင်များအောင်မြင်စွာမဲပေးနိုင်ခဲ့ကြကြောင်းသိရသည်။ နံနက်ပိုင်းမဲရုံများဖွင့်ချိန်တွင် ဗန်ကောက်မြို့တွင်းလမ်းများပိတ်ဆို့ထားမှုကြောင့် မဲပုံးတွေ၊ မဲပြားတွေတော်တော်နှင့်ရောက်မလာကြဘဲ မဲရုံမှူးများကလည်း နောက်ကျရောက်ရှိခဲ့ကြောင်းသိရသည်။

မဲပေးရန်လာရောက်ကြသူများနှင့် အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများအကြားအချင်းများမှုများရှိခဲ့ကြသော်လည်းသွေးထွက်သံယိုမှုများမရှိခဲ့ကြဘဲ မဲရုံ ၉၀ ရာခိုင်နှုန်း၌ မဲပေးမှုများအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ညနေပိုင်းမဲရုံများပိတ်သိမ်းချိန်တွင် မဲရေတွက်မှုများရှိခဲ့သော်လည်း၊ မဲရလဒ်ကိုတော့ တရားဝင်ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကပြောကြားသည်။

ဇန်နဝါရီလ ၂၆ ရက် က ကြိုတင်မဲပေးရေးမအောင်မမြင်ဖြစ်ခဲ့ကြသည့်အတွက်လာမယ့် ဖေဖော်ဝါရီ လ ၂၄ ရက်နေ့မှာ ကြိုတင်မဲမပေးရသူတွေမဲပေးနိုင်အောင်စီစဉ်သွားမှာဖြစ်ကြောင်း၊ မဲပေးမှုလုံးဝမပြုလုပ်ရသည့် ခရိုင်နှင့်မြို့နယ်များတွင်လည်း ရွေးကောက်ပွဲအသစ်များပြုလုပ်သွားရန်ရှိကြောင်းသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင်ပြောကြားသည်။

မစ္စယင်လပ်ကလည်း ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှာနေအိမ်အနီးရှိသတ်မှတ်မဲရုံတွင်သွားရောက်မဲပေးခဲ့ပြီး၊ ၎င်းအားထောက်ခံသည့်မဲဆန္ဒရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်ကို ကမ္ဘာ့ရုပ်သံများတွင်မြင်ရသည်။ သူက "Today is an important day to exercise the right that belong to us and all the Thai people" စသည်ဖြင့် "ဒီနေ့ဟာ ကျွန်မတို့ ထိုင်းပြည်သူတွေရဲ့ လွတ်လပ်မှုနဲ့တရားမျှတမှုများကို လက်တွေ့ပြသကြရမယ့် အလွန်အင်မတန်မင်္ဂလာရှိတဲ့နေ့တစ်နေ့ပါ။ ဒီနေ့ကိုကျွန်မနှင့်တကွ ထိုင်းပြည်သူတွေပိုင်ဆိုင်နေကြတာပါ" ဟု ပြောကြားသွားပါတယ်။

လောလောဆယ်အစိုးရဖွဲ့နိုင်လောက်သည့်အခြေအနေမရှိသေးသဖြင့် မစ္စယင်လပ်အနေဖြင့် အိမ်စောင့်အစိုးရအကြီးအကဲအဖြစ် ၃/၄လခန့်ဆက်လက်တည်ရှိနေဦးမည်ဟုခန့်မှန်းထားကြသည်။ သို့သော်အစိုးရဆန့်ကျင်ဆန္ဒပြမှုများဆက်လက်ပြုလုပ်နေကြဆဲဖြစ်ကြောင်းသိရသည်။ **ကျော်စိန်**

Ref: Reuteus CNN

# ယူကရိန်းကို အမေရိကန် ဒဏ်ခတ်ပိတ်ဆို့မည်




ယူကရိန်းနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသောအစိုးရဆန့်ကျင်ဆန္ဒပြမှုများကို အစိုးရက ကိုင်တွယ်ပုံနှင့် ပတ်သက်၍ အကဲဆတ်လွန်းသည်ဆိုကာ သမ္မတအိုဘားမားက ယူကရိန်းအစိုးရကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ရန် ကွန်ဂရက်သို့ အဆိုတင်သွင်းလိုက်ပြီဖြစ်သည်။

အဆိုပါကိစ္စကို ကွန်ဂရက်အမတ်များက အသေးစိတ်ဆွေးနွေးနေကြကြောင်း အမည်မဖော်လိုသူ လွှတ်တော်အမတ်တစ်ဦးက ပြောသည်။ ယူကရိန်းတွင် လွန်ခဲ့သည့် ၂ လကျော်မှစ၍ အစိုးရနုတ်ထွက်ရေး ဆန္ဒပြမှုများကြောင့် လူ ၆ ဦးသေဆုံးခဲ့ရသည်။ ထိုသို့ ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားရခြင်းမှာ အီးယူနှင့် ကုန်သွယ်စီးပွားလုပ်ငန်းများမလုပ်ဆောင်ရေးကို ရုရှားသမ္မတပူတင်၏ ဖိအားပေးမှုကြောင့် ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်က အီးယူနှင့် ယူကရိန်းစီးပွားရေးစာချုပ်များကို လက်မှတ်ရေးထိုးခြင်းမပြုခြင်းကြောင့် ဖြစ်သည်ဟု အမေရိကန်က ပြောသည်။

အမေရိကန်သည်လောလောဆယ် ယူကရိန်း အစိုးရအရာရှိများကို ပြည်ဝင်ခွင့် ဗီဇာပိတ်ထားကြောင်း သိရသည်။ ယူကရိန်းအစိုးရက ဆန္ဒပြမှုများဖြင့် ဖမ်းဆီးထားသူများကို လွှတ်ပေးရန် အတည်ပြုဥပဒေထုတ်ပြန်ပြီးဖြစ်ခြင်း၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ နုတ်ထွက်ပြီးဖြစ်သော်လည်း ဆန္ဒပြသမားများက ကျေနပ်မှုမရှိဘဲ သမ္မတနုတ်ထွက်ရေး ဖိအားပေးတောင်းဆိုမှုများ ပြုလုပ်နေဆဲဖြစ်သည်။

**ကျော်စိန်** Ref : Reuters

# တာတာအမှုဆောင်အရာရှိချုပ် ဟိုတယ်မှကျသေ




အိန္ဒိယနိုင်ငံတာတာမော်တော်ယာဉ်ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာဖြစ်သူ ကားလ်ဆလင်းသည် ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ဘန်ကောက်မြို့ရှိဟိုတယ်တစ်ခုပေါ်မှကျ၍ ကွယ်လွန်သွားခဲ့ကြောင်း ကုမ္ပဏီကပြောကြားလိုက်သည်။

အသက် (၅၁) နှစ်အရွယ်ရှိ ဆလင်းသည် တာတာကုမ္ပဏီ ထိုင်းနိုင်ငံဌာနခွဲ၏ ဘုတ်အဖွဲ့အစည်းအဝေးသို့တက်ရောက်ခဲ့ကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးကပြောကြားသော်လည်း အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမပြုခဲ့ဘဲ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ရင်ခွဲစစ်ဆေးချက်အဖြေထွက်ပေါ်လာမည်ဟူ၍သာပြောကြားခဲ့သည်။

ဗြိတိန်ဇာတိဖွားဖြစ်သည့် ဆလင်းအား အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးကားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သောတာတာကုမ္ပဏီက အရောင်းထိုင်းနေမှုနှင့် ဈေးကွက်ရှယ်ယာများအားပြန်လည်သုံးသပ်ရန် ၂၀၁၂ ခုနှစ်တွင်ငှားရမ်းခဲ့သည်။ တာတာမော်တော်ယာဉ်ကုမ္ပဏီသည်မကြာသေးမီကခရီးသည်တင်ယာဉ်အတွက် ဓာတ်ဆီအင်ဂျင်အသစ်အားမိတ်ဆက်ခဲ့ပြီးနောက် ဖုံးဖွင့်ကားနှင့်ဆီဒင်ကား အသစ်များ ထုတ်လုပ်ရန်ရှိနေသည်။ မစ္စတာဆလင်း၏သေဆုံးမှုမှာ ၎င်း၏ကြိုးပမ်းခဲ့မှုများအကောင်အထည် မပေါ်မီကလေးတွင် သေဆုံးခဲ့ခြင်းဖြစ်ပြီးလာမည့် (၁) နှစ်သို့မဟုတ် (၂) နှစ်တွင်း ၎င်း၏ကြိုးပမ်းခဲ့မှုအသီးအပွင့်များ ကိုမြင်တွေ့ရတော့မည်ဖြစ်သည်။ဆလင်းသည် မော်တော်ယာဉ် ထုတ်လုပ်မှုနှင့် တောင်ကိုရီးယား၊ ထိုင်း၊ တောင်အာဖရိကအစရှိ သည့်အပြည်ပြည်ဆိုင်ရာဈေးကွက်ကို ဦးဆောင်ခဲ့သူ ဖြစ်သည်။

**ဥက္ကာအောင်**
Source:Reuters

# ပထမတန်းလေယာဉ်လက်မှတ်ဖြင့် တစ်နှစ်နီးပါးအခမဲ့စားသောက်သူ

တရုတ်နိုင်ငံ၊ရှန်းဇီပြည်နယ်၊ ဇီအန်မြို့လေဆိပ်တွင် လေယာဉ်ပထမတန်းလက်မှတ်ဝယ်ယူထားသူတစ်ဦးက လေဆိပ်ရှိဗွီအိုင်ပီခန်းမ၌နှစ်ပတ်လည်နီးပါးအစားအသောက်များကို နေ့စဉ်စားသောက်ခဲ့ကြောင်း ကွမ်းဝါယစ်ပိုးသတင်းစာကရေးသားဖော်ပြလိုက်သည်။

မူလဝယ်ယူထားသည့်လက်မှတ်ကို တစ်နှစ်အတွင်း အကြိမ် (၃၀၀) ကျော်ရက်ပြောင်းရွှေ့ထားခဲ့ပြီး လက်မှတ်ပိုင်ရှင်သည်ဗီအိုင်ပီခန်းမ၏ရပိုင်ခွင့်အားရယူနေခဲ့ခြင်းဖြစ်သည်။

ထိုရှားပါးအမှုကို တရုတ်အရှေ့ပိုင်းလေကြောင်းလိုင်းမှ ဝန်ထမ်းတစ်ဦးကသတိထားမိခဲ့ပြီး




စုံစမ်းစစ်ဆေးကြည့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်လက်မှတ်၏တရားဝင်မှုမှာ သက်တမ်းကုန်ဆုံးခါနီး ပြီဖြစ်ပြီး လက်မှတ်ပိုင်ရှင်က လက်မှတ်ကိုပယ်ဖျက်ပြီးပြန်အမ်း ငွေကိုလည်းထုတ်ယူသွားခဲ့ပြီး လည်းဖြစ်သည်။

လေကြောင်း၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထိုကိစ္စသည်တမင်ရည်ရွယ်၍ လုပ်ခဲ့သည်ဆိုလျှင်ပင်ထိုလုပ်ရပ်ကို တားဆီးရန်နည်းလမ်းမရှိကြောင်းပြောကြားခဲ့ပြီး အင်တာနက်သုံးစွဲသူများကလည်း ထိုလုပ်ရပ်အတွက် အပြစ်မတင်ကြဘဲ ဒီးကျူးထောပနာပင်ပြုကြကြောင်းသိရှိရသည်။

**ဥက္ကာအောင်** Ref:The Star

# ဆိုမာလီစားပြများ ထောင်ဒဏ်သက်သာ



တောင်ကိုရီးယားဓာတုပစ္စည်းတင်သင်္ဘောအမ်ဗွီ ဆမ်ဟို ဂျူဝယ်လရီအား ပြန်ပေးဆွဲခဲ့ပြီးနောက်တွင် ထောင်ဒဏ်ကျခံခဲ့ရ သည့်ဆိုမာလီပင်လယ်ဓားပြ (၅) ဦးတို့သည် ဆိုမာလီ နိုင်ငံသို့ပြန်သွားရမည့်အစား တောင်ကိုရီးယားအကျဉ်းထောင်တွင်း၌ နေထိုင်ရသည်ကိုပိုမိုနှစ်သက်ကြကြောင်း နေ့စဉ်သတင်းစာတစ်စောင်ကရေးသား ဖော်ပြလိုက်သည်။ ၎င်းပင်လယ်ဓားပြများသည် ၂၀၁၁ ခုနှစ်တွင် ထောင်တွင်းသို့ရောက်ရှိလာခဲ့သည့်အချိန်မှစတင်၍ ကိုယ်အလေးချိန်၁၀ ကီလိုဂရမ်ခန့် စီလည်းတိုးတက်လာခဲ့ ကြသည်။

ထိုပင်လယ်ဓားပြများသည် ပြစ်ဒဏ်ပြီးဆုံးသွားပါကဒုက္ခသည်အဖြစ်လျှောက်ထား၍တောင်ကိုရီးယား နိုင်ငံတွင်ပင်ဆက်လက်နေထိုင်လိုကြသည်ဟုပြောကြားကြကြောင်း သတင်းမီဒီယာများကရေးသားဖော်ပြကြသည်။

ဆိုမာလီနိုင်ငံတွင်ထောင်ကြပ် တစ်ဦးအဖြစ်အလုပ်လုပ်ကိုင်ခဲ့သူအကျဉ်းသားတစ်ဦးကဆိုမာလီနိုင်ငံ ၏အကျဉ်းထောင်တွင်၎င်းအလုပ်လုပ်ကိုင်ခဲ့စဉ်ကအကျဉ်းသားများအား လက်သည်းခြေသည်းများညှပ်ခွင့်၊ ဆေးကြောသုတ်သင်ခွင့် များကိုပိတ်ပင်ထားကြောင်း၊ တောင်ကိုရီးယားအကျဉ်းထောင်တွင် နေထိုင်ရသည်မှာ အလွန်ကောင်းမွန်ကြောင်းပြောကြားလိုက်သည်။**ဥက္ကာအောင်** Source:AsiaOne

# ယောကျ်ားတစ်ဦးဖြစ်နေတဲ့ဂျပန်ဖက်ရှင်မယ်



နာမည်ကျော် ဂျပန်ဖက်ရှင်မော်ဒယ်နှင့် Nico video game ကုမ္ပဏီ၏ ဂိမ်းဇာတ်ကောင် သရုပ်ဆောင်တစ်ဦးဖြစ်သူ ကေရိုဆာတို (Kayo Sato) ကသူ၏ဘဝအစစ်အမှန်မှာ အမျိုးသားတစ်ဦးဖြစ်ကြောင်း၊ အသက် ၂၂ နှစ်အရွယ် ရှိ ဂျပန်မော်ဒယ်ကလူအများကို ရှင်းလင်းပြောကြားသင့်သည်ဟု ခံစားရသောကြောင့် ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

သူသည် သူ၏ဇာတိမြို့မှ ထွက်ခွာခဲ့ပြီး နာမည်ပြောင်းကာ အမျိုးသမီးတစ်ဦးအဖြစ်ဇာတ်မြှုပ် နေထိုင်ခဲ့ကြောင်း၊ မော်ဒယ်အေဂျင်စီတစ်ခုကသူ့ကိုရွေးချယ်ခဲ့သောကြောင့် အမျိုးသမီး ကိုယ်ဟန်ပြမယ်တစ်ဦးအဖြစ်စတင်အသက်မွေးခဲ့ခြင်းဖြစ်ကြောင်း၊ အေဂျင်စီ မှမည်သူတစ်ဦးတစ်ယောက်ကမှသူ့ကို သံသယမရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့အဖြစ်မှန်ကိုထုတ်ဖော်ပြောဆိုလိုက်ခြင်းကြောင့် လက်ရှိသူ၏အောင်မြင်မှုအနေအထားကို ထိခိုက်မှုမရှိကြောင်း သိရသည်။ HN-NI

# သားပေးသမီးယူနဲ့ ခရိုနီတွေ တစ်ခေတ်ပေါ်ခဲ့ပြီးပါပြီ

စာ - ၁၆သို့





## ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်၏ ပြောစကားအပေါ် သမ္မတဦးသိန်းစိန် အလွန်စိတ်ဆိုးလျက်ရှိကြောင်းနီးစပ်သူအချို့ဆို

စာ - ၂၁သို့

သမ္မတဦးသိန်းစိန်က ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကို ခေါ်ယူတွေ့ဆုံခဲ့ကြောင်း၊ မည်သည့်အကြောင်းပေါ်မူတည်၍ သီးသန့်ခေါ်ယူတွေ့ဆုံခဲ့ခြင်းကို မည်သူမျှ သိရှိခြင်းမရှိကြောင်း・・・

ဝေဖန်မှုများထွက်ပေါ်နေရာ ဦးအုန်းမြင့်၏ ပြောစကားများအပေါ် လွန်စွာစိတ်ဆိုးလျက်ရှိကြောင်း သမ္မတနှင့် နီးစပ်သူတစ်ဦး ပြောကြားချက်ကို မီဒီယာအချို့ ဖော်ပြချက်များအရ ・・・

ရွာသူရွာသားများနှင့် တွေ့ဆုံစဉ် ပြောကြားသွားခဲ့သော ပြောစကားများ ဂျာနယ်အချို့၌ ဖော်ပြပါရှိပြီးနောက်နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်ကို ခရီးမှပြန်ရောက်စဉ် ခေါ်ယူတွေ့ဆုံခဲ့・・・



## လော်ခီးလာညီလာခံတွင် 'ဝ'နှင့် မိုင်းလားအဖွဲ့ ဘာလို့မတက်ရောက်တာလဲ RCSS/SSA တို့ ဘာလို့လက်မှတ် မထိုးတာလဲ

စာ - ၁၉ သို့

## အတွေးအခေါ်နောက်ကြောင်းပြန်တဲ့သူတွေကို မီဒီယာကလည်း မီးမောင်းထိုးပြပါ သမ္မတကြီးကလည်း အရေးယူပါ

စာ - ၉သို့

## နိုင်ငံရေးပါတီတစ်ခု၏လမ်းစဉ် အမှားအမှန် အဆုံးအဖြတ်ပြုရာသည် ပြည်သူ

စာ - ၂၇သို့

## ငွေမပါတဲ့ဂျပ်ဖာခွံကို အရင်ယူခဲ့ရပြီး နောက်မှသုံးရစ်ခွဲရမယ့် ဒေသဖွံ့ဖြိုးတိုးတက်ရေးသိန်းတစ်ထောင်

စာ - ၂၂သို့

## လွှတ်တော်အတွင်း ဖြိမ်နစ်ခန့်သာ ဆွေးနွေးရန် ကန့်သတ်ချက်အပေါ် ကိုယ်စားလှယ်အများစု မကျေနပ်

စာ - ၃သို့



## သမိုင်းထဲမှာနေရစ်ပါဦးပေါ့ဦး အဘတို့ခေတ်ကိုမလာပါနဲ့

မြန်မာနိုင်ငံကရှိရှိသမျှ သဘာဝ တောတောင်ရေမြေမှန်သမျှ အကုန်ဝယ်ပါတယ်ဘုရား။ ကိုရွှေနဂါးတို့အဖွဲ့က အလကားလူရည်မလည်မဝယ်အူတူတူအတာတာတွေပါဘုရား။ ဒါကြောင့်အရှင်မင်းတရားကြီးကြိုက်တာ အကုန်ထိုးရောင်းပါဘုရား။သေရင်ကိုယ့်နောက်မပါပါဘူးဘုရား။ ကိုရွှေနဂါးကြီးတို့ကသာ လူအတွေမို့သူတို့ သေရင်မပါနိုင်တဲ့ ကျွန်တော်မျိုးကြီးတို့နိုင်ငံ သဘာဝတောတောင်ရေမြေတွေကို လိုက်ဝယ်နေတာပါဘုရား။ အရှင်မင်းကြီး သက်ရှိထင်ရှား

စာ - ၂၈သို့



## မြန်မာပြည်ကြီးကိုရင်ခွဲပြီး တရုတ်ကိုအပ်သလိုဖြစ်နေ

လက်ပံတောင်းတောင်ကိစ္စတွေ၊ မြစ်ဆုံကိစ္စတွေ၊ ရေနံပိုက်လိုင်းဖြတ်သွယ်မယ်ဆိုတဲ့ကိစ္စတွေကို အစိုးရကတရုတ်နဲ့လုပ်တာ ထင်သာမြင်သာလုံးဝမရှိဘူး။ စာချုပ်ထဲမှာ ဘာပါတယ်ဆိုတာလဲ မသိရဘူး။ မြန်မာပြည်ကြီးကိုရင်ခွဲပြီး တရုတ်ကို အပ်သလိုဖြစ်နေတယ်။ နိုင်ငံခြားကလာတဲ့ရေနံတွေကို တရုတ်ကိုတင်ပို့တဲ့ နေရာမှာလည်း မြန်မာပြည်ကိုဖြတ်ပြီးတင်မှာလေ။တခြားဘက်ကဆိုရင် တစ်လျှောက်ကြီးပတ်ရမှာ။ အခုကျတော့ တရုတ်ကမိုင်ပေါင်း တော်တော်များသက်သာသွားတယ်။ တရုတ်ကို ပေးရတာအများ・・・

စာ - ၁၆သို့